www.burmeseclassic.com

နေရီရီစာအုပ်တိုက်

# အမြုတေ ရတနာ
# နှင့်
# ဝတ္ထုတိုများ

BURMESE CLASSIC

လင်္ကာရည်ကျော်

www.burmeseclassic.com

www.burmeseclassic.com

နေရီရီစာအုပ် အမှတ် (၅၄)

# အာမြှုံဘောဂတာနာ

# နှင့်

# ဝတ္ထုတိုများ

လက်ဖက်ရည်ကျော်

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၅၀၀၉၂၅၀၉၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၁၀၈၂၁၀၁၀ |
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ ၂၀၁၀၊ အောက်တိုဘာလ |
| ကွန်ပျူတာစာစီ | နေရီရီ |
| မျက်နှာဖုံးဒီဇိုင်း | စုရည်သန့် |
| ကာလာခွဲ | Star Colour-Repro |
| အတွင်းဖလင် | AZ |
| စာအုပ်ချုပ် | စွယ်တော်(၂) |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | ဒေါ်မြင့်မြင့်တင် (မြင့်သီဂီပုံနှိပ်တိုက်)<br>၂၀၈၊ လမ်း (၃၀)၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဒေါ်နီနီနိုင် (နေရီရီစာအုပ်တိုက်)<br>၂/က၊ အောင်ရတနာလမ်း၊<br>လမ်းမတော်မြို့နယ်၊ ရန်ကုန်။ |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၂၀၀၀ ကျပ် |
| ဖြန့်ချိရေး | နေရီရီ |


BURMESE CLASSIC


လင်္ကာရည်ကျော် ၈၉၅.၈၃
အမြဲတေရတနာနှင့် ဝတ္ထုတိုများ
လင်္ကာရည်ကျော် - ရန်ကုန်၊
နေရီရီစာအုပ်တိုက်၊ ၂၀၁၀။
၂၀၀ - စာ၊ ၁၃.၅ X ၂၀ စင်တီ၊
(၁) အမြဲတေရတနာနှင့် ဝတ္ထုတိုများ


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


စာရေးသူ၏ ကိုယ်ရေးအကျဉ်း . . .

စာရေးသူ၏ အမှာ . . .

၁။ အမြုတေရတနာ ၁

၂။ ပုလဲရိုင်း ၁၃

၃။ အခွံပြပွဲ ၂၄

၄။ စံပယ်တစ်ရုံ ၃၇

၅။ အပြာရောင်သွားနှင့် အပြုံး ၄၇

၆။ ခဲတစ်ပစ်ဘဝ ၅၉

၇။ ငှက်စိမ်းမကလေးကို ချစ်တဲ့သူ ၆၇

၈။ ဆူနာမိ အချက်ပြ ၇၉

၉။ ကြယ်စင်များဆီသို့ ၈၈

၁၀။ ယောနသံမိန်းမပျို ၉၉

၁၁။ နှင်းထဲကလာသည့် မိန်းကလေး ၁၁၁

၁၂။ မလန်းခင်နွမ်း ၁၂၃

၁၃။ နှလုံးသား ကောက်ရိုးမျှင် ၁၃၃

၁၄။ ရင်မှအနှစ် ၁၄၅

၁၅။ မေတ္တာအစူး ၁၅၉


www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

အမည်ရင်းမှာ ပါမောက္ခရဲမြင့်ကျော် ဖြစ်သည်။

၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၀ ရက်နေ့တွင် အဖ ဦးတင်ညွန့်၊ အမိ ဒေါ်မြရီ တို့မှ ဧရာတီတိုင်း၊ မြန်အောင်မြို့နယ်၊ မြို့မတဲကြီးကုန်းကျေးရွာတွင် ဖွားမြင်သည်။

လက်ာရည်ကျော်အမည်ဖြင့် ဆေးတက္ကသိုလ်(၁) ရန်ကုန်နှစ်လည် မဂ္ဂဇင်း များတွင် ၁၉၈၁ ခုနှစ်မှ စ၍ ဝတ္ထု၊ ကဗျာများ ရေးသားခဲ့သော်လည်း ၂၀၀၄ ခုနှစ် ကျမှ နရသုခိ သုခချမ်းသာမဂ္ဂဇင်းတွင် ပါသော 'အချစ်ကို ပင်လျှင် လျှပ်တစ်ပြက် မျှသာ' ဝတ္ထုတိုဖြင့် စာပေလောကသို့ ပြန်ဝင်ရောက် ခဲ့သည်။

၆နှစ်တာ ကာလအတွင်း ဝတ္ထုရှည် သုံးပုဒ်၊ ဝတ္ထုတို အပုဒ် ၉၀ ကျော်၊ ဆောင်းပါးပေါင်း ပုဒ်ရေ ၂၀၀ ကျော် ရေးသားခဲ့ပြီး ပထမဦးဆုံး ဝတ္ထုရှည် 'ကြိုးကြာ တောင်ပံခတ်သံ'မှာ ၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေဆု (လူငယ်စာပေ ကဏ္ဍအတွက်)ချီးမြှင့်ခြင်းခံရပြီး ရုပ်ရှင်ကားကြီးအဖြစ် ရိုက်ကူး ခဲ့ရသည်။

ဆောင်းပါးများ ရေးရာတွင် ဒေါက်တာရဲ (ကလေးအထူးကုဆရာဝန်) ကလောင်ခွဲဖြင့် ရေးသားလေ့ရှိပြီး ကလေးကျန်းမာရေး ပညာပေး စာအုပ်များ လည်း ထုတ်ဝေခဲ့သည်။

ယခုအခါ ဆရာသည် မကွေး ဆေးတက္ကသိုလ်၊ ကလေးကျန်းမာရေး ပညာဌာနတွင် ပါမောက္ခ၊ ဌာနမှူး၊ ကလေးအထူးကု ဆရာဝန်ကြီးအဖြစ် သင်ကြားရေး၊ ကုသရေး တာဝန်များကို ထမ်းဆောင်ရင်း သုတ၊ ရသစာပေများ စဉ်ဆက်မပြတ် ဆက်လက် ရေးသားလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ အမှာ

သမီးကလေး ၁၂ နှစ် အရွယ် အပျိုဖော် စဝင်တော့ ကျွန်တော်က စာရေးဆရာ မဖြစ်တဖြစ်။ မကြာမီ အရွယ်ရောက်တော့မည့် သမီးကလေးကို တစိမ့်စိမ့်ကြည့်ရင်း ကျွန်တော် လွမ်းလာသည်။ အဲသည့် လွမ်းသည့်စိတ်ကို အခြေခံပြီး ထိုစဉ်က ဆရာ မောင်သွေးသစ် စာတည်းချုပ် လုပ်နေသော **Family** မဂ္ဂဇင်းမှာ ထည့်ဖြစ်ခဲ့သည်။

ယခု သမီးက တက္ကသိုလ်ကျောင်းသူ ပေါက်စ။

ဝမ်းကွဲအစ်ကို များစွာနောက်က ပထမဦးဆုံး မွေးလာသော **သမီး** မိန်းကလေးမို့ အားလုံးက ဝိုင်းအလိုလိုက်ထားသဖြင့် နွဲ့နေ၊ ဆိုးနေတုန်း။

"ဖေဖေက သမီးနဲ့ မေမေ ဘယ်သူ့ကို အချစ်ဆုံးလဲ"

သည်လို မေးတတ်နေတုန်း။

အသက် ၄၀ ကျော်သည့်အထိ ဆရာဝန်အလုပ် တစ်ခုတည်းသာ လုပ်နေဖြစ်ခဲ့သော်လည်း ရင်ထဲမှာတော့ ရသစာပေတွေ တစ်သက်လုံး ရေးနေဖြစ်ခဲ့တော့ ကိုယ့်ခံစားချက်ကို ကိုယ်ပြန်ကြည့်ရာတွင်တော့ ကြည်ကြည် လင်လင် မြင်နိုင်စွမ်း ရှိသည်ဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိပါသည်။ အဖြေမှန်ကို တွေ့ပါသည်။ သို့သော် အဲသည့် အဖြေမှန် သမီးကို ပြောမပြခဲ့ပါ။

ယခု ပြောပြပါမည်။

ကျွန်တော် အချစ်ဆုံးသူသည် ကျွန်တော် ကိုယ်တိုင်သာ ဖြစ်ပါသည်။

* * *

ကိုယ့်ကိုယ်ကိုယ် ချစ်တော့ ကိုယ့်ကိုယ်ကိုယ် သာယာသော ခံစားချက် တွေသာ အမြဲရချင်သည်။ နောင်တ ဆိုတာမျိုးနှင့် ဘယ်တော့မှ ပတ်ပင်း မတိုးချင်။

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ခံစားချက် သာယာလှပဖို့ ဘယ်လို ပစ္စည်းဥစ္စာမျိုးက အထောက်အကူ ပြုနိုင်ပါသနည်း ဟု စဉ်းစားကြည့်လိုက်တော့. . .

ဆရာဝန်ပေမင့် ကျွန်တော် သိပ်ဆင်းရဲခဲ့ဖူးပါသည်။ ဆင်းရဲတုန်းက သိပ်စိတ်ညစ်ခဲ့ရသော်လည်း ဆင်းရဲတွင်းက လွတ်ပြီး အသင့်အတင့် စုဆောင်းမိလာသောအခါ ကျွန်တော် ဘာမှ မခံစားရပါ။ အဲသည့်အတွက် မသာယာနိုင်ပါ။

ကျွန်တော် စာသိပ်ညံ့ခဲ့ဖူးပါသည်။ ယုံပါ။ ခပ်ညံ့ညံ့ ဆေးကျောင်းသားဘဝ ကနေ ထူးချွန်သော ဆရာဝန် ဖြစ်လာပြီး ဘွဲ့လွန်တွေ တစ်ခုပြီးတစ်ခု ခဏခဏ ရနေသည့် အခါအခိုက်တွေမှာ ကျွန်တော် နည်းနည်း သာယာပါသည်။ ကြာကြာတော့ မသာယာပါ။

ရာထူးအဆင့် ငယ်ရုံသာမက အဆင့်တူသူတွေ ကြားထဲမှာပင် မျက်နှာမရှိသော ဘဝမှာ ကျွန်တော် အကြာကြီး နေခဲ့ရဖူးပါသည်။ ယခုအခါ သက်တူရွယ်တူ အများစုထက် ရာထူး အဆင့်အတန်း ပိုမြင့်မားလာသောအခါ မသာယာရုံသာမက ပိုမို၍ပင် မွန်းကြပ်ပါသည်။ ရာထူးဆိုတာ ကျွန်တော့်အတွက်တော့ 'ပိုင်ဆိုင်မှု' ဟု မခံစားရပါ။ 'ထမ်းထားရသည့် တာဝန်ယူမှု' တစ်ခုသာ ဖြစ်ပါသည်။

ဇနီးက တစ်၊ သားက တစ်၊ သမီးက တစ်။

သူတို့နှင့် နေရတာတော့ ကျွန်တော် ပျော်ပါသည်။ သူတို့ ကျွန်တော့်နဘေးမှာ ရှိနေတာကိုက ကျွန်တော့်ဘဝ သာယာနေတာဟု ကျွန်တော် ခံစားရပါသည်။ သူတို့ ပျော်နေလည်း ကျွန်တော် ပျော်ပါသည်။ သူတို့ စိတ်ညစ်နေလည်း သူတို့ စိတ်ညစ်စရာကို ပြေလည်အောင် ဖြေရှင်းပေးရတာ ကျွန်တော် ပျော်ပါသည်။ သူတို့ ကျွန်တော့်ကို ဂျီကျနေကြလျှင်တောင်မှ "ငါ သူတို့ကို ချစ်မှန်းသိလို့ သူတို့ ဂျီကျရဲတာပဲ" ဟု တွေးပြီး ကျွန်တော် ပျော်နိုင်ပါသည်။

ကိုယ့်ကိုယ်ကိုယ် အချစ်ဆုံးဖြစ်သည့် ကျွန်တော့်အဖို့ ကိုယ် စိတ်ချမ်းသာ၊ သာယာနိုင်ဖို့အတွက် ပိုင်ဆိုင်သမျှသော ဥစ္စာပစ္စည်းတို့ အထဲတွင် အဲသည့် 'မိသားစု' ဆိုသည့် အရာကလေးက အနှစ်ချုပ်ဟု ထင်မိသည်။

အမြဲတေ ရတနာပါ။

အဲသည့် မိသားစုကလေးကို ကျွန်တော့်လက်နှင့် ပျိုးထောင်ခဲ့တာပါ။

www.burmeseclassic.com

သို့သော် ယခု ၂၁ နှစ် ကြာပြီဖြစ်သော မိသားစုဘဝတွင် အဲသည့် မိသားစုနှင့် ကျွန်တော် အတူတကွ နေရချိန် ၉ နှစ်သာ ရှိဖူးပါသည်။ ယခုလည်း မနေရသေးပါ။ ကျန်သည့် မိသားစုကလေးတွေ၏ ဘဝကလေးတွေ လုံတပတ ဖြစ်ဖို့ လုပ်ပေးရင်းက ကိုယ့်မိသားစု ဘဝကို ပြန်ရင်းနှီးမြှုပ်နှံခဲ့ရပါသည်။

သို့တိုင်အောင်ပင် နေရတုန်း၊ နေရခိုက်ကလေးမှာ သည်မိသားစု ဘဝကလေး အရုပ်ဆိုး အကျည်းတန်သွားဖို့ မပြောနှင့်။ အလှလျော့သွားတာမျိုးပင် မရှိရလေအောင် ကျွန်တော် ကြိုးစားနိုင်ခဲ့ပါသည်။ အဲသလို ကြိုးစားရင်းက ရင်ထဲတွင် ဖြစ်လာသော ပြောချင်သည့် စကားတွေကိုလည်း အများသိရအောင် ဝတ္ထုတိုကလေးတွေ ရေးခဲ့ဖူးပါသည်။

အဲသည့် ဝတ္ထုတို (၁၅)ပုဒ်ကို 'အမြုတေ ရတနာ'အမည်ဖြင့် စုစည်းတင်ပြလိုက်တာပါ။

ဆန္ဒမွန်ဖြင့် . . .
လက်ာရည်ကျော်
(၂၆. ၄. ၁၀)

www.burmeseclassic.com

www.burmeseclassic.com

# အမြုတေရတနာ

## (၁)

မိမိပိုင်ဆိုင်ထားသော ရတနာသည် တန်ဖိုးအနဂ္ဂ ထိုက်တန်သည်ဟုပင် ဆိုစေကာဦးတော့ ထိုရတနာကို ဆုံးရှုံးရမှာကြောက်သောစိတ်ဖြင့် နေ့နေ့ညည နာရီပေါင်းများစွာ စိုက်ကြည့်ရင်း ထိခိုက်ကြေကွဲနေတတ်သည်ဟုဆိုလျှင်တော့ ထိုသူသည် သူရူးတစ်ယောက်သာ ဖြစ်ရမည်ဟု လူတိုင်းတသမုတ်ပေလိမ့်မည်။

ထို့ထက်ပို၍ကား ထိုရတနာသည် အခြားသူများအတွက်တော့ တန်ဖိုး သည်မျှမရှိလှဘဲ သူတစ်ဦးတည်းအတွက်သာ သည်မျှတန်ဖိုး ရှိနေရကြောင်း၊ တစ်နေ့နေ့တွင် ထိုရတနာကို သဘာဝဖြစ်စဉ်အရ သူ ဆုံးရှုံးဖြစ်အောင်လည်း ဆုံးရှုံးရဦးမည် ဖြစ်ကြောင်းနှင့် အလားတူ ဖြစ်စဉ်မျိုးသည် သူသာမက ကမ္ဘာလောကတွင် ရှိရှိသမျှသောသူ အားလုံးတွင်လည်း ဖြစ်မြဲမမွတာဖြစ်ကြောင်း သိရလျှင်တော့ သူ့ကို ပို၍ပင် 'ရူးသည်' ဟု ဆိုကြဖွယ်ရာရှိ၏။

ရူးသည်ဟု ဆိုချင်သလောက် ဆိုကြပါစေ။ ကိုစောချစ်ဦး သူ့ခံစားချက်ကို သူ မပြောင်းပစ်နိုင်ပါ။

သူ တစိမ့်စိမ့်ငေးကြည့်ရင်း နှမြောတသကြေကွဲနေရသည့် ယခုထက်တိုင် သူပိုင်စစ်စစ် ဖြစ်နေသေးသော ရတနာကလေးကတော့ သူ့သမီးကလေး 'ခင်ဦး'ပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(၂)

သည်ခံစားချက် ပထမဦးဆုံးတစ်ခေါက် စပေါ်ဖြစ်သည့်နေ့ကတော့ မှတ်မှတ်ရရ သူ မော်လမြိုင်မှ ပြန်လာသည့်နေ့က ဖြစ်လေသည်။ နာမည်ရ တေးရေး ဆရာတစ်ဦးလည်း ဖြစ်၊ ကီးဘုတ်ပညာရှင်တစ်ဦးလည်း ဖြစ်သော သူသည် သူတို့အဖွဲ့နှင့်အတူ သည်သို့ပင် နယ်ဖျော်ဖြေပွဲများကို ခဏခဏ သွားရသည်။ ဇနီးနှင့်သမီးတို့ ပါသည့်အခေါက်လည်းရှိရဲ့။ မပါသည့်အခေါက် လည်း ရှိရဲ့။ သည်တစ်ခေါက်ကတော့ သမီးကလေးခင်ဦး သတ္တမတန်း ဖြေနေသည့်အချိန်နှင့် တိုက်ဆိုင်နေ၍ ဇနီးရော သမီးပါ ထားခဲ့ရသည်။

ဇနီးဖြစ်သူက လည်ဆွဲ လက်ဝါးကပ်တိုင်ကလေးကို အမြဲမချွတ်ဖို့ မှာပြီး သမီးကလေးကတော့ ဒူးရင်းယိုဝယ်ခဲ့ရန် မှာလေသည်။

သမီးစာမေးပွဲပြီး နောက်တစ်ရက်တွင် ပြန်ရောက်လာသည်မို့ ဇနီးက ပန်း၊ ပွဲကပန်းလင့်ကစား သမီးကလေးကိုခေါ်၍ လျှောက်လည်ပစ်လိုက်ဦးမည် ဟု အားခဲထားခဲ့သည်။ နဂိုကတည်းက အရယ်သန်၍ ပြောင်ချော်ချော် မျက်နှာပေးကလေးကို ထာဝရလုပ်ထားတတ်သော သမီးကလေးမျက်နှာကို မြင်နေရလျှင် အမောတို့က ပြေပျောက်တတ်စမြဲ မဟုတ်လား။

ဒူးရင်းယိုထုပ်ကလေးကိုမြှောက်၍ အိမ်ထဲဝင်လာရင်းက. . .

"သမီးရေ. . . သမီးမှာတာ ပါတယ်ဟေ့"

ဟု အော်သော သူ့ကို ဇနီးက မျက်စောင်းထိုးကြည့်ရင်း. . .

". . . သူ့သမီးပဲသိ၊ တံခါးဖွင့်ပေးတဲ့ မိန်းမတောင် လှည့်မကြည့်ဘူး"

ဟု ခနဲ့သည်။

နည်းနည်းတော့ ထူးခြားနေပြီဟု သတိထားမိသည်။ ခါတိုင်း သူ တံခါးဖွင့် ဝင်လိုက်သည်နှင့် သမီးက တံခါးအကွယ်မှ 'ဝါး'ခနဲ ခြောက်ချင် ခြောက်၊ သို့မဟုတ်ပါက ရှေ့တည့်တည့်မှ ပြေးဝင်လာကာ သူ့ကိုယ်ပေါ် ခုန်တက်လိုတက် ကြိုဆိုတတ်သည်။ ဇနီးကပင် "ဟဲ့ မိန်းကလေးဆိုတာ အဖေကို မခွရဘူး" ဟု ဆူတတ်စမြဲ။

ယခုတော့ သမီးက နောက်ဖေးခန်းမှ ဧည့်ခန်းထဲသို့ ငြိမ်သက်စွာ လမ်းလျှောက်ထွက်လာပြီး. . .

"ဖေဖေ ပြန်လာပြီလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဣန္ဒြေရရကလေး နှုတ်ဆက်ကာ လက်ထဲကအထုပ်များကို ယူသွားသည်။

ကြောင်အမ်းအမ်းဖြစ်နေသော သူ့ကို ဇနီးဖြစ်သူက အပြုံးနှင့် အားပေးရင်း ဧည့်ခန်းကုလားထိုင်တွင် ထိုင်စေသည်။

"ဟော့. . သမီး နေမကောင်းဘူးလား၊ မျက်နှာလည်း မကောင်းဘူး"

"ကောင်းပါတယ်၊ ကို့သမီး ဘာမှမဖြစ်ပါဘူး၊ မော်လမြိုင်ပွဲ အကြောင်းပဲ ပြောပြစမ်းပါဦး၊ ပွဲက အဆင်ရောပြေရဲ့လား"

"ပြေပါတယ်. . . ထုံးစံအတိုင်း ကိုဂျော့ချ်ကြီးပဲ ပွဲထိန်းသွားတာပေါ့ သူ့ပရိသတ်နဲ့ သူနဲ့ တစ်ယောက်တစ်လှည့်ဆိုပြီး မြိုင်နေတာပါ၊ အဲ သားငယ် အလှည့်ပဲ နည်းနည်း 'တိုင်ပင်'အောက်တယ်၊ သူ့ပရိသတ် ကောင်မလေးတွေ က ပန်းကုံးတွေ တက်စွပ်ကြ၊ ပွဲတောင်းကြနဲ့ ပုဒ်ရေပြည့်တာတောင် ဆင်းလို့ မရဘူး၊ နောက်ဆုံး ကိုဂျော့ချ်ကပဲ "သားငယ် ချပါကွာ၊ တို့ အားမနာပါနဲ့၊ ပရိသတ်ပဲ အားနာပါ" လို့ ပြောပြီး နည်းနည်းဆက်ဆို ပေးခိုင်းလိုက်ရတယ်"

ဇနီးက ပြုံးသည်။

"ရုပ်ကလေးကလည်း ချော၊ အသက်ကလေးကလည်း ငယ်၊ အသံ ပါဝါကလည်း ကောင်း၊ အလုပ်လည်း လေးစားတော့ တက်တော့တာပေါ့ သူ့ခေတ်က ရောက်ဦးမှာ"

"သူ့ခေတ်က ရောက်ပြီးနေပါပြီကွာ၊ ကိုဂျော့ချ်က သူ့လိုင်းနဲ့သူ မကျသေးဘူး၊ သားငယ်ကလည်း လိုင်းသစ်တစ်လိုင်းနဲ့ ပေါက်ပြီးနေပါပြီ"

"အံ့ဩစရာကောင်းတာက အဲဒီမတူတဲ့ လိုင်းနှစ်လိုင်းစလုံးကို သီချင်းရေး ဆရာတစ်ယောက်တည်းက ရေးပေးတာနော်"

ဇနီး၏ခေါင်းကို ချစ်စနိုးနှင့် လှမ်းပုတ်လိုက်သည်။

"မြှောက်စရာမရှိ လင်မယားချင်း မြှောက်နေပြန်ပြီ"

ပြောရင်းက နောက်ဖေးဘက်မှ ပြန်ထွက်မလာသော သမီးငယ်ရှိရာ လှမ်းမော့ကြည့်မိပြန်သည်။

"ခင်၊ သမီး တစ်ခုခုပဲနော်၊ ခါတိုင်း အဖေပြန်လာရင် အားတက ခွာတာမှ မဟုတ်တာ၊ ဘာလဲ ခင် ဆူထားလို့ စိတ်ကောက်နေတာလား"

ဇနီးက ပြုံးစေ့စေ့ လုပ်နေမြဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မဖြစ်ပါဘူးဆို၊ ကိုကလည်း"

"ဟ ဘာလဲ၊ သားအမိနှစ်ယောက်ပေါင်းပြီး ဘာလျှို့ဝှက်နေကြတာလဲ"

ဇနီးက လေသံနှိမ့်၍ နားနားကပ်ပြောသည်။

"ကို သွားနေတဲ့ရက်ကပဲ ကို့သမီး အပျိုစဖြစ်တာ ကိုရေ၊ အဲဒါ ရှက်နေတာနဲ့ အဖေ့အနား မလာတာ၊ ဟိုမှာ ဘောင်းဘီတိုနဲ့ အိမ်မှာနေနေကျ သမီးက ခင့်ထဘီ ယူဝတ်ထားတာ မတွေ့ဘူးလား"

မျက်နှာ အနည်းငယ်နွေးသွားသလို ရင်ထဲတွင် လှပ်ခနဲ ဟာသွားသည်။ သူ အိမ်တွင် ရှိနေသမျှ ကာလပတ်လုံး သူ့ပေါင်ပေါ်က ဘယ်တော့မှ မဆင်းသော သမီးက အပျိုဖြစ်သွား၍ အရှက်သည်းကာ ဖခင်အနား မကပ်လိုတော့ ဆိုပါလား။ သည်လိုသာဖြင့် သားသမီး အရွယ်ရောက်တာ ဘယ်မှာ ပျော်စရာ ကောင်းလို့တုန်း။ မိဘနှင့် သားသမီး လက်ပွန်းတတီး ချစ်ခင်နေကြရာက တဖြည်းဖြည်း သူစိမ်းဘဝ ရောက်တော့မည့် နိမိတ်ပါတကား။

လက်ထဲတွင် ရှိနေဆဲ၊ ပိုင်ဆိုင်နေဆဲ အဖိုးတန်ရတနာပစ္စည်းက အချိန်တန်လျှင် ဆုံးရှုံးရမည်ဖြစ်ကြောင်းကို နိမိတ်ပြ သတိပေးလာသကြားရသလို ခံစားလိုက်ရသည်။

သည်ခံစားချက်က ထိုနေ့မှစ၍ နေ့စဉ်နှင့်အမျှ သမီးလေး ခင်ဦး၏ မျက်နှာကို မြင်တိုင်း ခံစားနေရတော့သည်သာ။

(၃)

"ဖြစ်ပါ့မလား သားငယ်ရယ်၊ ခင်ဦးက ၁၄ နှစ်ပဲ ရှိသေးတာ"

"ဖြစ်ပါတယ် ဆရာချစ်ရဲ့၊ ကျွန်တော့်ပရိသတ်ကလည်း ဒီအရွယ်ကလေးတွေက စတာပဲ။ သူတို့လို အရွယ်ကလေးတစ်ယောက်ကို ရက်ပ်ကြောင်းထဲမှာ မယ်လိုဒီ ဝင်ဆိုခိုင်းလိုက်တော့ သူတို့ကလေးတွေနဲ့ ပိုတစ်သားတည်းနေကြောင်း ပြရာလဲကျ၊ နဂိုကတည်းက ကျွန်တော်က ကလေးချစ်တတ်တော့ ကလေးချစ်ကြောင်းလည်း ထင်ရှားတာပေါ့၊ ပြီးတော့ ခင်ဦးကလေးက ကလေးရုပ်ကလေး မပျောက်သေးပေမယ့် အရပ်ရှည်ရှည်ကလေးရဲ့ ဆရာချစ် သီချင်း

www.burmeseclassic.com

www.burmeseclassic.com



နေရင် ဘေးက လိုက်ဝင်ဝင် ဆိုပေးနေတာ ကျွန်တော်တို့လည်း တွေ့နေကျ၊ အသံကောင်းတာ၊ အဆိုတတ်တာ အားလုံး သိပြီးသား၊ ဟာမိုနီဝိုင်းထဲလည်း ဝင်ဝင်နေတာ၊ စင်ရှေ့ဆွဲထုတ်ရုံကလေးပဲ ကျန်တော့တာ၊ ဆရာချစ် ဝန်လေး မနေပါနဲ့၊ ကလေးသာ မေးကြည့်ပါ"

သမီးကို ကလေးလေးလိုသာ ချစ်နေချင်သေးသော ကိုစောချစ်ဦး တစ်ယောက် သမီးကို နာမည်ကြီး အဆိုတော်နှင့်တွဲ၍ စုံတွဲပွဲထုတ်ရမည်ကို ဘယ်လိုမှ စိတ်ကူးကြည့်၍ မရပါ။ နဂိုကတည်းက တူမအရင်းကလေးလို ဝိုင်းချစ်နေကြသော ကိုဂျော့ချ်၊ သားငယ်တို့အပြင် ကိုဂျော့ချ် ညီအငယ်ဆုံး လူပျိုကြီး၊ အဆွေးသီချင်းများ ဆိုရာတွင် ခံစားချက် ပီပြင်လွန်း၍ အောင်မြင်နေသူ 'ဘေလ်'တို့ကပါ ဝိုင်းတိုက်တွန်းသဖြင့် သမီးကို မေးရတော့သည်။

"ဟေး. . . ပွတာပဲ၊ ဒါမှ သမီးရဲ့ ကိုသားငယ်ကွ"

သမီးက ဝမ်းသာအားရ လက်ခံရုံသာမက နှစ်ရက်ခန့် အတွင်းတွင် သူမ နာမည်ကြီး အဆိုတော် သားငယ်နှင့် စုံတွဲ တွဲဆိုမည့်အကြောင်း ရှိသမျှ တစ်ကျောင်းတည်းသား သူငယ်ချင်းအားလုံးကို ကြွားပြီး ဖြစ်လေသည်။

(၄)

"Gentleman အဖွဲ့နဲ့ တွဲဖက် ဖျော်ဖြေခွင့်ရလို့ ကျွန်တော် သိပ် ဂုဏ်ယူပါတယ်၊ Gentleman အဖွဲ့အတွက် လက်ခုပ်သံကလေး ချီးမြှင့် နိုင်မလား ခင်ဗျာ"

ဝေါခနဲ လက်ခုပ်သံများ ဟည်းထွက်လာသည်။ သားငယ်က ရွှင်လန်း တက်ကြွစွာ ပြုံး၍ ကိုစောချစ်ဦး ပခုံးကို လာဖက်သည်။

"ကျွန်တော်ရဲ့ တေးရေးဆရာ၊ ကီးဘုတ်ဆရာ၊ ဆရာချစ် အတွက် ရော"

လက်ခုပ်သံများ ဟည်းထလာပြန်သည်၊ "ဆရာချစ် ဆရာချစ်" ဟု သံပြိုင် အော်ဟစ်သံများ တစ်ချက်တစ်ချက် ထွက်ပေါ်လာသည်။

"Gentleman အဖွဲ့မှာ အမျိုးသမီးအဆိုတော် တစ်ယောက်မှ မပါလို့ အံ့ဩနေကြတဲ့ ပရိသတ်များရှိပါတယ်၊ တကယ်တော့ ကျွန်တော်တို့ အားလုံးက တူမကလေး၊ နှမကလေးလို ချစ်ရတဲ့ သမီးကလေး တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ရှိပါတယ်၊ ကျွန်တော့် အစ်ကိုကြီး ဆရာချစ်ရဲ့ တစ်ဦးတည်းသော သမီးပါ၊ အဖွဲ့သားအားလုံးက အချစ်ဆုံး မိန်းကလေးမို့ ကျွန်တော်တို့က First Lady လို့ ခေါ်ကြပါတယ်"

ရယ်သံများနှင့် လက်ခုပ်သံများ ထွက်လာပြန်သည်။ ကိုစောချစ်ဦးကတော့ ကိုယ့်ရင်ခုန်သံကို ကိုယ်ပြန်ကြားနေရသည်။

"ကျွန်တော် ဒီည အဲဒီ First Lady ကလေးနဲ့ စုံတွဲသီချင်းတစ်ပုဒ်ကို ဆိုချင်လို့ ဆရာချစ်ကို ခွင့်တောင်းထားပါတယ်၊ ကလေးက အသက် ၁၄ နှစ်ပဲရှိသေးလို့ စင်ပေါ်တက်ဖို့ မဝံ့မရဲများ ဖြစ်နေမလားမသိဘူး"

ပြောရင်းက နောက်ပြန်လှည့်အကြည့်တွင်တော့ ဦးထုပ်ပြာကလေးငိုက်စိုက်ဆောင်းရင်းက အညိုရောင် ဂျာကင်၊ အညိုရောင် ဘောင်းဘီရှည်ကလေးနှင့် ခပ်တည်တည်ရပ်နေသော ခင်ဦးကလေးကိုတွေ့လိုက်ပြီး လန့်သွားတန် လုပ်ပြသဖြင့် ပရိသတ်က ရယ်ကြသည်။

"ခင်ဦးပါ ခင်ဗျာ၊ ခင်ဦးကလေးကို ကြိုဆိုလိုက်ကြရအောင်"

တစ်ခဲနက် လက်ခုပ်သံကြီး ပေါ်ထွက်လာပြန်သည်။

လက်ခုပ်သံ တဖြည်းဖြည်း စဲအသွားတွင်တော့ ကိုစောချစ်ဦးက ကီးဘုတ်ကို အင်ထရိုတော့၍ ဝင်လိုက်သည်။

ခင်ဦးကလေးက မယ်လိုဒီအကြောကို ကြည်လင်အေးမြသောအသံကလေး တစ်ကွင်းလုံးပဲ့တင်သံ အုပ်စီးမိလောက်အောင် ချိုသာစွာ ဖွင့်လိုက်သည်။

ဝေါခနဲ လက်ခုပ်သံကြီး ထပ်အဝင်လာတွင်တော့ ကိုသားငယ်က မိုက်ခရိုဖုန်းကို ကိုင်လျက်ကပင် ခင်ဦးအတွက် သူကိုယ်တိုင် လက်ခုပ်ဝင်တီးပေးနေတော့သည်။ ကိုစောချစ်ဦး၏ မျက်လုံးထဲတွင်တော့ မျက်ရည်များလျှံတက်လာသဖြင့် ကီးဘုတ်ကိုပင် ကောင်းကောင်းမမြင်ရတော့ပါ။

သမီးရယ်. . . သမီးကို ပိုင်ဆိုင်သူတွေ ရုတ်တရက် တိုးပွားသွားလိုက်တာ၊ အဖေလုပ်တဲ့လူက ဝမ်းသာဂုဏ်ယူရမှာလား၊ နှမြောတသရမှာလား၊ မခွဲခြားတတ်တော့ပါလားကွယ်။

www.burmeseclassic.com

www.burmeseclassic.com



(၁)

"မေမေရယ်. . . သမီး အဲဒီဖုန်းတွေ ဖြေရတာ မောနေပြီ၊ စာလည်း ကျက်ရဦးမယ်"

နှုတ်ခမ်းကလေးစူ၍ ပြောနေသော သမီးငယ်၏ခေါင်းကလေးကို မိခင်က ချစ်စနိုးနှင့် ဖက်၍ ပွေ့လိုက်သည်။

"ယောကျ်ားကလေးပရိသတ်တွေရဲ့ဖုန်းဆိုရင်တော့ သမီးက ငယ်သေးလို့၊ စကားမပြောတတ်သေးလို့ပါကွယ်ဆိုပြီး မေမေ ဖြတ်လိုက်တယ် မဟုတ်လား သမီးရယ်၊ မိန်းကလေးတွေ၊ ကလေးတွေလောက်တော့လည်း လက်ခံပြောပေါ့၊ တော်ကြာ သမီးကို ငယ်ငယ်ကလေးနဲ့အောင်မြင်လို့ မာနကြီးတယ်လို့ လူအများက ထင်နေဦးမယ်"

"တချို့က မိန်းကလေးကခေါ်ပြီးမှ ယောကျ်ားကလေးပါ ဝင်ပြောတာ မေမေရဲ့"

"ဘာတွေ ပြောလို့လဲ"

"ဘာမှတော့ မဟုတ်ပါဘူး၊ သီချင်းဆိုတာ ကြိုက်ကြောင်း၊ အားပေးနေကြောင်းပါပဲ၊ တခြားဟာတွေလာပြောလည်း သမီးက ဖုန်းချလိုက်မှာပေါ့၊ သမီးက ငယ်ငယ်ကလေးပဲ ရှိသေးတာ"

ကိုစောချစ်ဦးက သီချင်းနုတ်များကို ငုံ့ကြည့်နေရာက မော့၍ဝင်ပြောသည်။

"ဟုတ်သားပဲကွာ. . . သမီးက စာလည်း ကျက်ရဦးမှာ၊ အမေကြီးပဲ ကြည့်ကျက် ဖြေလိုက်တာ မဟုတ်ဘူး"

"အဖေကြီးနော်. . အဖေကြီးငယ်ငယ်တုန်းက ဖုန်းတွေလာတုန်း ကတော့ တစ်ခါမှ အမေကြီးကို မထူးခိုင်းခဲ့ပါလား"

သားအမိ သားအဖသုံးယောက်သား ပြိုင်တူရယ်မောမိကြသည်။

ရယ်မောနေရင်းကပင် ၁၄ နှစ် သမီးကလေးတစ်ဦး၏ ဘဝကို မိဘနှစ်ဦးတည်းနှင့် ဖြည့်ကြက် သိုင်းဝန်းထားလိုသော ကိုစောချစ်ဦး၏ ရင်ထဲတွင် သမီးကလေး ခင်ဦးတစ်ယောက် ဒီအဝန်းအဝိုင်းကလေးမှပြင်ပသို့ တဖြည်းဖြည်းဖောက်ထွက် ဖြန့်ကျက်တော့မည့်အချက်မှာ လွဲရှောင်၍ မရသောအရာ ဖြစ်လာနေပြီကို ဆွေးမြေ့စွာ သတိထားမိနေရပြန်သည်။ အို

www.burmeseclassic.com



အဖဘုရားသခင်၊ ကျွန်တော့်ကို ဘာကြောင့်များ သားသမီးကို ဒီလောက် ချစ်တတ်အောင် ဖန်ဆင်းထားခဲ့ရပါသလဲ။

(၆)

'ဘား' လေး 'ဘား' ဆုံးသည့်အထိ အသံရှည်ကိုအောင်မြင်စွာ ဆွဲငင်သီဆို သွားပြီးမှ 'ဘေလ်'က အဆိုကို ရပ်လိုက်သည်။ ဒရမ်မာပီတာ၏ ဆူညံပေါက်ကွဲသော ဒရမ်သံက လှိမ့်၍ ဝင်ရောက်လာပြီးမှ ရပ်တန့်လိုက်ချိန်တွင်တော့ ပရိသတ်ထံမှ လက်ခုပ်သံများ ဆူညံစွာ မြည်ဟည်းလာသည်။

"ကျေးဇူးတင်ပါတယ်"

'ဘေလ်'က ဦးညွှတ်သည်။

"ကျွန်တော့်ရဲ့ ခံစားချက်၊ ပေါက်ကွဲသံစဉ်တွေနဲ့ နားတွေ အူနေကြပြီလား မသိဘူး"

ရယ်သံများ ထွက်ပေါ်လာသည်။

"နားတွေအူနေပြီဆိုရင် ကျွန်တော် အင်မတန် သာယာငြိမ့်ညောင်းတဲ့ ကရဝိက်သံ၊ ကြိုးကြာသံကလေးနဲ့ တစ်လှည့် ဖျော်ဖြေပေးပါ့မယ်၊ ခက်တာက ကျွန်တော့်မှာ အဲသလို အသံမျိုးမရှိလို့ အဲသလို အသံရှင်ကလေးနဲ့ တွဲဖက် ဖျော်ဖြေပေးပါ့မယ်၊ ခင်ဦးရေ. . . ခင်ဦးကလေး၊ ဦးဘေလ်ကို ကူပါဦးကွာ"

စကတ်ရှည်၊ လက်ရှည်ဖိနပ်တို့နှင့် လူကြီးဟန်ဖမ်းထားသော ခင်ဦးကလေး စင်မြင့်ပေါ် ပြေးတက်အသွားတွင်တော့ ပရိသတ်ကြီးထံမှ. . .

"ခင်ဦး ခင်ဦး"

ဟု သံပြိုင်အော်သံများနှင့် လက်ခုပ်သံများ ရောထွေးထွက်ပေါ်လာပါတော့သည်။

(၇)

ကိုဂျော့ချ်က ဟော်လိုဂီတာကို ကြိုးညှိရင်းက မေးသည်။

"မောင်ရင်က သမီး အဆိုတော် ဖြစ်တာ မပျော်ဘူးလား"

ကိုစောချစ်ဦး သက်ပြင်းသာချမိသည်။

"ဂုဏ်ယူတာတော့ ဂုဏ်ယူတာပေါ့ ကိုဂျော့ချ်ရာ၊ ကိုယ့်သမီးကို

www.burmeseclassic.com

www.burmeseclassic.com



လူတွေ အများကြီးက ချစ်တာလည်း ကျေနပ်စရာပါ၊ ဒါပေမယ့် သမီး အဆိုတော် မဖြစ်ခဲ့ရင်တောင် နောက် ၄-၅-၆နှစ် အလွန်ဆုံး ၁၀ နှစ်ပဲ ဘျွန်တော်တို့ ရင်ခွင်ထဲမှာ ပြည့်ပြည့်ဝဝ ချစ်ရမှာ၊ တဖြည်းဖြည်းနဲ့တော့ သူ့ဘဝသူ လျှောက်၊ သူ့အဖော်သူ ရှာရင် မိဘဆိုတာ ထိုင်နေရင်းကတောင် တဖြည်းဖြည်း အစွန့်ခံ ကျန်ရစ်ခဲ့ရနေကျပါ၊ ခုလိုဆိုတော့ သမီးကလေးက ၁၅ နှစ်ပဲ ရှိသေးတယ်၊ မိဘအပြင် သူ့မှာ ပတ်ဝန်းကျင် အသစ်တွေရှိလာပြီး တဖြည်းဖြည်းနဲ့ မိဘနဲ့အစေကြီး ဝေးသွားတော့မယ်၊ အဲသလို တွေးမိပြီး စိတ်မကောင်းတာပါ"

ကိုကျော့ချိုက ခေါင်းတဆတ်ဆတ် ညိတ်သည်။

"မောင်ရင် အတွေးခေါင်တာတော့ လွန်လွန်းတယ်၊ အေးလေ၊ မောင်ရင် သမီးကို ဘယ်လောက် ချစ်တယ်ဆိုတာလည်း ကိုယ်တို့အားလုံး သိနေတာပဲ၊ သမီးကလည်း လိမ္မာပါတယ်၊ မိဘကိုလည်း သိပ်ချစ်တာ၊ အရွယ် မတိုင်ခင် အဆိုတော်ဖြစ်ပြီး အောင်မြင်တာတော့ တစ်ပိုင်းပေါ့၊ လူကြီး စိတ်ဝင်ပြီး ရည်းစားတွေ ဘာတွေ မထားဖို့တော့ ကြည့်ထိန်းပေးရမှာပေါ့၊ ပြီးတော့ သူကလည်း ကိုယ်တို့ အားလုံးရဲ့သမီးပါ၊ ကိုယ်တို့ မျက်စိအောက်မှာပဲ ရှိနေတာ၊ မောင်ရင် ပူမနေပါနဲ့"

ကိုစောချစ်ဦး၏ စိတ်တို့ကတော့ လေးလံနေဆဲ။

(၈)

"အားလုံး မတ်တတ်ကလေး ရပ်ပေးလို့ရမလား မသိဘူး"

ကိုကျော့ချိုက အသံတိုးကလေးဖြင့် ပြောပေမယ့် သူ့ပရိသတ်က ရယ်မော၍ အားလုံး လိုက်ရယ်ကြသည်။

"လက်ခုပ်သံကလေးများရော ချီးမြှင့်နိုင်မလား"

ဝေါခနဲ လက်ခုပ်သံကြီးအဆုံးတွင်တော့ ကိုကျော့ချိုက စင်နောက် ဘက်သို့ လက်ဝါးညွှန်း၍. . .

"ခင်ဦးရေ. . . သမီး"

ဟု အော်ခေါ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၆ နှစ်ပြည့်ပြီးခါမှ လူကြီးကိုယ်ဟန်အပြည့် ရှိလာသော သမီးကလေး မီးမောင်းအောက်သို့ အထက်အောက် အဝါရောင် ဝတ်စုံကလေးဖြင့် ဝင်ရောက်လာ ချိန်တွင်တော့ "ခင်ဦး၊ ခင်ဦး" ဟု တစ်ခဲနက်အသံများ ထွက်ပေါ်လာပါတော့သည်။

ကိုစောချစ်ဦးကတော့ အင်ထရိုပုဒ်ကို ကြက်သေမသေဘဲ မမေ့မလျော့ တီးခတ်နိုင်စွမ်း ရှိလာပါပြီ။

(၉)

ညွှန့်ခန်း ကုလားထိုင်ပေါ်တွင် မောမောနှင့် သူ့ပေါင်ပေါ် ခေါင်းတင်၍ အိပ်ပျော်နေသော သမီးကလေး ခင်ဦး၏ မျက်နှာကို မမှိတ်မသုန် ငေးမော ကြည့်နေရင်းက မေတ္တာစိတ်၊ ကြင်နာသနားစိတ်နှင့် တစိမ့်စိမ့်လွင့်ပါး ဝေးကွာသွားရတော့မည်ကို ကြောက်သောစိတ်တို့ ရင်တွင်း၌ ယောက်ယက်ခတ်နေမိသည်။

ဇနီးဖြစ်သူက ဝင်လာ၍ "ဟဲ့" ဟု စကားအစတွင်ပင် လက်ညှိုးကို နှုတ်ခမ်း နားကပ်၍ "ရှူး" ဟု အသံမထွက်ဘဲ လုပ်ပြလိုက်သည်။ သမီးကလေး နိုးသွားမည်စိုး၍ အဖြစ်သည်းဟန် ပြနေသောသူ့ကို ဇနီးက မျက်စောင်းလှလှ တစ်ချက်ထိုးသည်။ ပြီးတော့ သူ့ပေါင်ပေါ်မှ သမီးလေး ခေါင်းနှင့် ကူရှင်ပေါ်မှ ကိုယ်ကို ဖြည်းဖြည်းချင်း ညင်သာစွာ ပွေ့ချီသည်။

သမီးက မနိုး။

အမေက ၁၆ နှစ်သမီး ခန္ဓာကိုယ်ကို မနိုင့်တနိုင်နှင့်ပွေ့ချီပြီး အိပ်ခန်းအတွင်းသို့ သယ်သွားချိန်တွင်တော့ သူက ညွှန့်ခန်း စားပွဲနှုတ်ခမ်းတွင် မထိတထိ တင်နေသော သမီးကျောင်းလွယ်အိတ်ထဲမှ ထွက်ကျသည့် စာအုပ်များကိုကောက်၍ ပြန်ထည့်ပေးနေလိုက်သည်။

သမီးကျောင်းက ပြန်ရောက်ရောက်ချင်း ရှိုးပွဲအတွက် မိတ်ကပ်ဆရာဆီ တန်းခေါ်သွားရသဖြင့် သမီးကျောင်းလွယ်အိတ် သိမ်းမသွားနိုင်ရှာ။

နောက်ဆုံး စာအုပ်တစ်အုပ်ကိုကောက်လိုက်ချိန်မှာတော့ စာအုပ်ကြားမှ ပန်းပွင့်များ လှပစွာ ရိုက်နှိပ်ထားသော စာအိတ်ကလေးတစ်ခု ထွက်ကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်။

ကမန်းကတမ်း စာအိတ်ကို ဖွင့်ဖတ်ကြည့်မိသည်။

ထင်သည့်အတိုင်းပင်။ သမီးကို ပေးထားသော ရည်းစားစာပါလား။

မျက်ရည်တို့ ပြည့်လျှံ၍ မျက်လုံးများ ဝေဝါးသွားခဲ့သည်။ ဒုက္ခပါပဲ။ ဒီစာကို သမီးက ဘာကြောင့်လက်ခံယူလာခဲ့ရတာလဲ သမီးရယ်၊ သမီး အသက်က ၁၆ နှစ်ပဲ ရှိသေးတယ်။ ဖေဖေတို့ကတော့ ကလေးလေးလိုပဲ ချစ်လိုက်ရတာ၊ သမီးက လူကြီးစိတ်တွေများ ဝင်ကုန်ပြီလား သမီးရယ်၊ သမီးကို လူကြီးတွေနဲ့တန်းတူ အောင်မြင်တဲ့ အဆိုတော် တစ်ယောက် ဖြစ်လာအောင် ဖေဖေရယ်၊ သမီး ဦးဦးတွေရယ် ဝိုင်းပြီး တင်ပေးခဲ့ကြမိတာ မှားများ မှားနေပြီလား။

မျက်ရည်တို့က အမှန်တကယ်ပင် ပါးနှစ်ဖက်သို့ စီးကျဖြစ်အောင် ကျခဲ့လေပြီ။

## (၁၀)

"ကိုရယ်. . . ဒါ သမီးစာအုပ်မှ မဟုတ်တာ၊ စာအုပ်အလွတ်ကြီး ကောင်လေးက သမီးမသိအောင် ထည့်လွှတ်လိုက်တာပဲ ဖြစ်မှာပါ၊ ဒီလောက် လည်း သမီးကလေးကို လျှော့မတွက်ပါနဲ့"

ငေးငိုင်နေသော သူ့ကို အားပေးသော ဇနီး၏ အသံကလည်း အားနည်းချည့် နဲ့နေသည်။

"တစ်နေ့ကျ ဒါတွေကြုံရမယ်ဆိုတာ သိပါတယ်ခင်ရယ်၊ ဒါပေမယ့် ကြုံရ မယ့်နေ့ကျရင် ခံနိုင်ရည်ရှိအောင် ကိုယ့်ကိုယ်ကိုယ် ပြင်ဆင်နေတုန်းပဲ ရှိသေးတယ်။ အဲဒီနေ့တွေက ရောက်လာရတော့မယ်ဆိုရင် ကိုယ်ခံစားနိုင်မယ် မထင်ဘူး"

ဆွေးဆွေးမြေ့မြေ့ပြောနေသော သူ့ကိုကြည့်၍ ဇနီးက လေးတွဲ့စွာ ခေါင်းခါသည်။

"ဘယ်လောက်ပဲ ကြိုတင် ပြင်ဆင်ပြင်ဆင် ဒီလိုအချိန်မျိုးရောက်ရင် မိဘတိုင်း အနည်းနဲ့အများတော့ ခံစားကြရမှာပါ ကိုရယ်"

ဇနီးက သူ့ပခုံးကို ခေါင်းမှီလိုက်သဖြင့် သူက ဇနီး၏ ပုခုံးကို ထွေးပွေ့

www.burmeseclassic.com



ပေးထားလိုက်သည်။

"ဒါလောက်နဲ့တင် မိဘတွေရင်ထဲမှာ ဘယ်လောက် ခံစားကြရတယ်ဆိုတာ သူတို့ကလေးတွေ သိကြပြီး မိဘတွေကို ဒီထက်မက ခံစားကြရအောင် ဘဝမှာ အမှားတွေ လုပ်မပြကြဘူးဆိုရင်ပဲ မိဘတွေ အားလုံးကိုယ်စား သူတို့ကလေးတွေကို ကျေးဇူးတင်လိုက်ချင်တာပါ ကိုရယ်"

နှစ်ဦးသား ဧည့်ခန်းထဲတွင် တိတ်ဆိတ်စွာ ဆက်၍ ထိုင်နေကြသည်။

သမီး ခင်ဦးကလေးကတော့ အိပ်ခန်းထဲတွင် အိပ်မောကျရင်းက အိပ်မက်မက်ပြီး ယောင်ယောင်ကလေး ပြုံးနေပါသည်။

**Family** မဂ္ဂဇင်း
၂၀၀၇၊ ဇူလိုင်

* * *

www.burmeseclassic.com

www.burmeseclassic.com

# ပုလဲရိုင်း

## (၁)

"ဘာဖြစ်လို့များ အဲသလောက် လျှောက်တိုက်ဆိုင်နေရတာလဲ၊ စိတ်ညစ်လိုက်တာ"

နှုတ်ခမ်းကလေးစူ၍ ညည်းပြောပြောနေသော ဖြူ့ကိုကြည့်၍ မမနွယ်က သဘောကျစွာ ဟက်ဟက်ပက်ပက် ရယ်မိသည်။

အသက် ၂၈ နှစ်အရွယ်တွင် ရုပ်ရည်ချောမောလှပရုံသာမက ပညာတတ်၊ ဥစ္စာပေါ အစစပြည့်စုံနေသော ဖြူ့အတွက် ချဉ်းကပ်သူ အမျိုးသား အများအပြား ရှိနေသည်ကို ၁၀ နှစ်ခန့် အတွေ့အကြုံ ရှိခဲ့ပြီးသူမို့ ထူးထူးခြားခြား စိတ်အနှောင့်အယှက် မဖြစ်ခဲ့သော်လည်း သည်ကိုမျိုးဦး တစ်ယောက်သည် အမျိုးသားများကြားထဲတွင် ထူးထူးခြားခြား ပြောစမှတ်ပြုလောက်အောင် အသာစီး ရရှိလာခြင်းသည် ဖြူ့က အရေးပေး၍ မဟုတ်ပါဘဲနှင့် ဖြစ်လာခြင်း အပေါ် ဖြူ့ စိတ်မသက်မသာ ဖြစ်နေခြင်းပါ။

ဖြူဆိုသည့် မဖြူနုဦးသည် သံတွဲမြို့မှ ချမ်းသာကြွယ်ဝသည့် ရေလုပ်ငန်း ပိုင်ရှင်တစ်ဦး၏ သမီးဖြစ်သည်။ ရန်ကုန်တွင်နေသော အစ်မဝမ်းကွဲဖြစ်သူ မမနွယ်၏ အိမ်တွင် အတူလာနေ၍ ကျောင်းတက်စဉ် တတည်းက ဖြူဖွေးလွန်းသော အသားအရေ၊ လှပသော မျက်နှာနှင့် ကိုယ်ဟန်တို့အပြင် ဖော်ရွေပြုံးချိုသော အမူအရာတို့ကြောင့် ထင်ရှားခဲ့သည်။

လှပလွန်းသူတို့၏ ထုံးစံအတိုင်း ချဉ်းကပ်လာသူ အမျိုးသားများ အပေါ် လွယ်လွယ်နှင့် စိတ်မညွတ်နူးခဲ့ရာမှ ကျောင်းပြီး၍ ၈ နှစ်ကြာသည့်တိုင် ချစ်သူမရှိဘဲ ဖြစ်နေခဲ့သည်။

www.burmeseclassic.com



မမနွယ်က ဗိုလ်ချုပ်အောင်ဆန်းဈေးထဲတွင် လက်ဝတ်ရတနာဆိုင်ဖွင့်ထားသည်။ မမနွယ်၏ဆိုင်ကြီးကို တစ်ဝက် ပြန်ကန့်ငှားပြီး ဖြူက ရိုးရာဝတ်စုံဆိုင်ကလေး ဖွင့်ခဲ့သည်။ အပျိုကြီး မမနွယ်နှင့် အတူတူနေ ဆိုင်ထွက်ရသဖြင့် အဆင်ပြေလှသည့်အပြင် မိဘက အရင်းအနှီးလည်း ထည့်နိုင်၊ ဆိုင်ရှင်မကလေးကလည်း လှပသလောက် ဖော်ရွေသဖြင့် ဖြူ့ဆိုင်ကလေးမှာ မမနွယ်၏ ရတနာဆိုင်ထက်ပင် အောင်မြင်လာခဲ့သည်။

စီးပွားရေးလည်း အောင်မြင်၊ ရုပ်ရည်လည်း လှပ၊ ပညာလည်း တတ်သော သမီးကို သံတွဲရှိ မိဘတို့က ဘာသာတူ၊ လူမျိုးတူ၊ ဂုဏ်ခနေတူ အမျိုးသားများနှင့် မကြာခဏ နားသွင်းလေ့ရှိသော်လည်း ခေတ်မီသော ဖြူက . . .

"ကိုယ့်ဟာကိုယ်ရွေးတဲ့လူ တွေ့ချင်တွေ့၊ မတွေ့ရင် မမနွယ်လို အပျိုကြီးပဲလုပ်မယ်" ဟု အပြတ်ငြင်းခဲ့လေသည်။

ချဉ်းကပ်လာသူ အမြောက်အမြားထဲတွင် မမနွယ်၏ သူငယ်ချင်းတစ်ဦး၏ မိတ်ဆွေဖြစ်သူ ကိုမျိုးဦးလည်း ပါလာသည်။

သူ့အစ်မက အကြောင်းရှာခေါ်လာ၍ တွေ့ဖူးခါစကတော့ ကိုမျိုးဦးကို ဖြူ အနည်းငယ် မှတ်မှတ်ရရ သတိထားမိသည်။

သတိထားမိရသည့် အဓိက အကြောင်းကတော့ ရုပ်ရည်ပါ။ အသက် ၃၀ အရွယ်၊ သဘော်အရာရှိတစ်ဦးဖြစ်သူ ကိုမျိုးဦးသည် ရေဒဏ်၊ နေဒဏ်၊ လေဒဏ် သင့်သည့်အလုပ်ကို လုပ်နေသည်ဟု မထင်ရလောက်အောင်ပင် နုပျိုချောမောသူ တစ်ဦး ဖြစ်လေသည်။

"ချောလိုက်တာ ဖြူရယ်၊ ဒီတစ်ခါတော့ နင်ရွေးရင်ရွေး၊ မရွေးရင် ငါပေးလိုက်တော့"

"ယူ့. . မမရေ၊ မကြိုက်ဘူး"

"ဟောတော့၊ ဘာကြောင့်"

ဖြူ သက်ပြင်းချမိသည်။

"ဖြူလည်း စိတ်ကူးယဉ်ခဲ့ဖူးတာပေါ့ မမနွယ်ရယ်၊ ဖြူ့ စိတ်ကူးထဲမှာ ရှိခဲ့ဖူးတဲ့ ဖြူ့ချစ်သူ ဖြစ်ရမယ့်လူနဲ့ ဒီလူနဲ့ တစ်ချက်မှ မတူဘူး"

"ဟယ်. . ဒီလောက် ချောက်ပစ်ကင်းကလေးကို"

"အဲဒီချောက်ပစ်ကင်းနေတာကြီးက မတူတာ ပေါ့ရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်တော့ ဆန်းပေတော့မည်။

ကိုမျိုးဦးသည် အသက် ၃၀ အရွယ်တွင် ပထမတန်း သင်္ဘောအရာရှိ ဖြစ်နေသည်။ ရုပ်ချောသည်။ ဆေးလိပ်မသောက်၊ အရက်မသောက်တတ်၊ မိန်းမ ကိစ္စလည်း ကင်းရှင်းတည်ကြည်လွန်းသူဟု နာမည်ကြီးသည်။ ဖြူနှင့် စကားပြောရာတွင်ပင် ဣန္ဒြေရရ တည်တည်ငြိမ်ငြိမ်သာ ပြောလေ့ရှိသည်။ ဘယ်နေရာမှာမှ အပြစ် ရှာမရ။

ဘယ်သူကများ သည်လိုဘယ်နေရာမှ အပြစ်ရှာမရသူကြီးကို လိုချင် ပါသည် ပြောမိ၍ သည်ပုဂ္ဂိုလ်ကြီးကို ဖူးစာရေးနတ်မင်းက ဖြူ့ဆီအရောက် ပို့လိုက်ရခြင်းပါလဲ။ စဉ်းစား၍ မရ။

တကယ်တော့ သူ့ကို ဖြူ တစ်စက်မှ ရင်မခုန်ပေ။

အသက် ၂၈ နှစ်အရွယ်တွင် သည်လို လူမျိုးနှင့် တည့်တည့်တိုးနေ လျှင် စဉ်းစားမနေသင့်တော့ဟု မမနွယ်ရော ဆိုင်နီးချင်း အစ်မကြီးများကပါ ဖြူ့ကို ဝိုင်း၍ တိုက်တွန်းကြသည်။

"ဖြူ မငယ်တော့ဘူးနော်"

အို မငယ်တော့တိုင်း သင့်တော်တဲ့သူ တွေ့တာနဲ့ ယူရမှာလား။

ဖြူ အချဉ်ထုပ်စားနေသည်ကိုတွေ့လျှင် မသိမသာ မျက်နှာ ပျက်တတ်သော၊ စားပါဦးပြောလျှင် ဟန်ဆောင်ပန်ဆောင်ပင် မပြုံးဘဲ မျက်စိမျက်နှာပျက်စွာ ငြင်းတတ်သော၊ ဖြူ နှစ်သက်သည့် ဝတ္ထုရေးဆရာ တစ်ယောက်ကိုမျှ မကြားဖူးသော၊ ပွဲဈေးတန်းတစ်ခါမှ မလျှောက်ဖူး၊ ရုပ်ရှင်ကို ရုံမှာမကြည့်တော့တာ ကြာလှပြီ။ အဆိုတော်ဆိုရင် ဦးအံ့ကြီးလောက်ပဲ သိတော့တယ် ဟုပြောသော၊ မော်တော်ကားကို ဂိုဒေါင်ထဲထည့်သိမ်းထားပြီး ဘီးဖုံးကအစ ဖုန်ရှင်းစင်အောင် သုတ်ပြီးမှ အိမ်ထဲဝင်တတ်သော၊ တစ်နေ့ကို တစ်နာရီ မပျက်မကွက် စောစောထပြေးပြီး ညနေတိုင်း နာရီဝက် မပျက် မကွက် ဘုရားဝတ်ပြုတတ်သော၊ သင်္ဘောနားချိန်တွင် တစ်ယောက်တည်းနေ သော်လည်း ဘယ်တော့မှ ဆိုင်ထမင်း၊ ဆိုင်ဟင်း ဝယ်မစားဘဲ ကိုယ့်ဘိုင် သပ်ရပ်စွာ ချက်ပြုတ်စားသောက်လေ့ရှိသော၊ သုံးပတ်တစ်ခါ အညီးဆုံး ဆံပင်ညှပ်လေ့ရှိသော လူမျိုးကြီးကို လက်ခံရန် မဆိုထားနှင့်၊ ဘယ်လို ရင်ခုန်ကြည့်ရမည်ဆိုသည်ကိုပင် ဖြူ စဉ်းစားလို့မရပါ။

www.burmeseclassic.com

www.burmeseclassic.com



(၂)

"ဖြစ်ရလေ ညီမရယ်၊ နင့်လက်ထက်ကျမှပဲ ဘာအပြစ်မှမရှိတာ အပြစ်တစ်ခု ဖြစ်ရတယ်လို့"

ဖြူက နှုတ်ခမ်းကလေး ထော်ပြလိုက်သည်။

"မမနွယ် ဘာသိလဲ၊ ဘာအပြစ်မှ မလုပ်တဲ့လူတွေက ဇီဇာကြောင်တတ်တယ်၊ ဖြူကလည်း ပေါ့ပေါ့နေတတ်တဲ့လူ မဟုတ်ပေမယ့် ပျော်ပျော်ပဲ နေတတ်တော့ အသေးအဖွဲ့ကစပြီး အပြစ်မြင်နေမယ့် လူတစ်ယောက်နဲ့ အတူတူနေရင်တော့ ပျော်မှာ မဟုတ်ဘူး"

မမနွယ် သက်ပြင်းချသည်။

"နင့်ဟာက ဟိုကောင်ကလေးကို ငါက မောင်လေးရေ. . . တစ်ခုခုတော့ မဟုတ်တာ လုပ်ဦး၊ နို့မို့ မမ ညီမက မကြိုက်ဘူးလို့ ပြောရမလို"

ဖြူက ဟက်ဟက်ပက်ပက် ရယ်သည်။

"ဘယ်လိုလုပ် ပြောမှာလဲ မမနွယ်ရဲ့၊ မမနွယ်လူကြီးက သဘော်ပြန် ထွက်သွားရော၊ ဖြူ့ကို ဘာမှ ပြောသွားသေးတာ မဟုတ်ဘူး"

မမနွယ်က ရင်ဘတ်ကို လက်နှင့်ဖိသည်။

"ဘုရားရေ. . . နေ့တိုင်းနီးနီး လနဲ့ချီပြီး ဆိုင်လာလိုက်၊ အိမ်လာလိုက် လုပ်နေတာ နင့်ကို ဘာမှ မပြောသေးဘူးပေါ့လေ"

"ဟုတ်ပ၊ သမာဓိပိုးပဲ ပိုးနေတာလား၊ သူ့ဟာသူပဲ ချီတုံချတုံ ဖြစ်နေတာလားပဲ၊ သူပိုးလည်း မကြိုက်ပါဘူး၊ ဖွင့်ပြောရင် ငြင်းမယ်လို့ ဖြူက စဉ်းစားထားပြီးသား"

မမနွယ် ခေါင်းခါရပြန်သည်။

"မလွယ်ပါလား ဖြူရယ်၊ ငါ သဘောတာကတော့ ဒီကောင်လေး အကြောင်းကို သံတွဲက ဦးနဲ့အဒေါ်တို့သိရင် နင့်ကို အတင်းဝိုင်း တိုက်တွန်း ကြမှာပဲ"

"မမနွယ် မေ့နေပြီထင်တယ်"

"ဘာလဲ"

"ဖေဖေနဲ့ မေမေက ဒေသစွဲ၊ လူမျိုးစွဲ ဒီလောက်ကြီးတာ၊ ဖြူက ကြိုက်တောင် ဒီလူ့အတွက် တော်တော် ပြောပေးရမှာ"

www.burmeseclassic.com

www.burmeseclassic.com



"အေး ဟုတ်သားပဲ"

သို့သော် သည်တစ်ခါလည်း ဖြူ့တွက်ကိန်း လွဲပြန်လေသည်။

(၃)

သံတွဲက ဖေဖေနှင့် မေမေ လာလည်သည်။ မြို့ထဲ သူတို့ဟာသူတို့ ထွက်လည်ကြသည်။ အပြန်ကျတော့ ငယ်သူငယ်ချင်း လင်မယားတစ်စုံ ပါလာသည်။

"သမီးရေ. . . ဒါ ဖေဖေတို့ ငယ်သူငယ်ချင်းတွေ၊ ဟိုတုန်းကတည်းက သံတွဲက ထွက်သွားပြီး ရန်ကုန်မှာ အခြေချနေနေကြတာ၊ သူ့အမေကို တောင် ဖေဖေ က 'အရီး' ပဲခေါ်တာ၊ သူငယ်ချင်း၊ ဒါ ငါ့သမီး ဖြူနုဦးတဲ့၊ သူ့နာမည်နဲ့ပဲ ဗိုလ်ချုပ် အောင်ဆန်းဈေးထဲမှာ အထည်ဆိုင်ဖွင့်ထားတယ်၊ ရောက်ရင် ဝင်အားပေးလိုက်"

ဖေဖေ့သူငယ်ချင်းဆိုသည့် လူကြီးက ရုတ်တရက်အံ့သြဟန်ပြပြီးမှ အားရ ဝမ်းသာ ပြုံးပြသည်။

"သိတာပေါ့၊ လက်စသတ်တော့ သူငယ်ချင်း သမီးကိုး"

"မင်းက ဝယ်ဖူးလို့လား"

"ဝယ်တော့ မဝယ်ဖူးဘူး၊ ငါ့သား ပြောပြောနေလို့ ကြားဖူးတာ၊ ငါ့သားနဲ့ မင်းသမီးက ခင်နေကြပြီးသားကွ"

"ဘယ်ကောင်လဲ၊ မျိုးထွေးလား"

"မျိုးထွေးက အိမ်ထောင်ကျပြီး စိုက်တွေမှာနေတယ်လေကွာ၊ ငါပြောတာ အကြီးကောင် မျိုးဦး၊ လူပျိုကြီး"

ဖြူရော မမနွယ်ပါ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ကိုမျိုးဦးက ဖြူ့ကို သံတွဲသူမှန်းသိသော်လည်း သူ့ဇာတိကို တစ်ခါမှ ပြောမပြဘူးပါ။ ယခုတော့ ကိုမျိုးဦး အဖေ စစ်တွေကို စိုက်တွေဟုအသံထွက်တော့မှ ကိုမျိုးဦးနှင့် သူ လူမျိုးတူ၊ ဒေသတူ၊ ဘာသာတူမှန်း သိရတော့လေသည်။

"သဘော်အရာရှိလား"

ဘုရားရေ ဖေဖေကလည်း ကိုမျိုးဦးကို သိနေပြန်ပါပေါ့လား။

"ဟုတ်ပ၊ ဒီကောင်က တစ်ယောက်တည်း အိမ်လုံးဝယ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



သပ်သပ်နေတာ၊ ဒီတစ်ခေါက် ပြန်လာတုန်းက သမီးနဲ့ခင်သွားပြီး သမီးအကြောင်းတွေ ခဏခဏ ပြောနေလို့ ကြားဖူးနေတာ၊ မင်းသမီးမှန်းတော့ မသိပါဘူး၊ သံတွဲက ဆိုတာတောင် မသိဘူး၊ သမီးက ငါ့သား ပြောတာထက်တောင် လှနေပါလားကွ"

လူကြီးများရှေ့မှာတော့ ဖြူ ရှက်ကိုးရှက်ကန်းသာ ရယ်နေလိုက်ရသည်။

လူကြီးများကွယ်ရာ မမနွယ်နှင့် နှစ်ယောက်တည်းကျမှ မကျေမနပ်ရေရွတ်ရတော့သည်။

"ဘာဖြစ်လို့များ အဲသလောက် လျှောက်တိုက်ဆိုင်နေရတာလဲ၊ စိတ်ညစ်လိုက်တာ"

နှုတ်ခမ်းကလေးစူ၍ ညည်းပြောပြောနေသော ဖြူ့ကို ကြည့်၍ မမနွယ်က သဘောကျစွာ ဟက်ဟက်ပက်ပက် ရယ်မိသည်။

"ဒီအတိုင်းဆို ဒေသစွဲကြီးတဲ့ ဖြူ့မိဘတွေလည်း သဘောမတူစရာမရှိတော့ပြန်ဘူး၊ ဒီလောက် အဘက်ဘက်က ပြဿနာ မရှိလောက်အောင် တိုက်ဆိုင်လာရင် မိုးနတ်မင်းအလိုကျပဲ ဖြစ်မှာပေါ့ ဖြူရယ်၊ ခေါင်းသာ ညိတ်လိုက်တော့"

"ဘာမှ မပြောသေးပါဘူးဆို မမနွယ်ကလည်း"

"ဩော် ပြောရင် ညိတ်တော့မယ်ပေါ့"

"ဟင့်အင်း. . . ခုထက်ထိတော့ ငြင်းမယ်ပဲ"

"ဖြူရယ်"

ဖြူက မမနွယ်ရှေ့ ညှော်ခန်းစားပွဲပေါ်မှ ပုလဲသွယ်ကလေးကို ကောက်ယူ ကြည့်လိုက်သည်။

"ပုလဲလေးတွေက လှလိုက်တာ"

"ကောင်မလေးနော်၊ စကားမလွှဲနဲ့"

"မလွှဲပါဘူး မမနွယ်ရဲ့၊ တကယ်ပြောတာပါ၊ ဖြူ့ကြိုး မမနွယ်ရှာပေးထားတာထက် ဒါကလှနေလို့"

"တောက်တီး တောက်တဲ့ ဒီကောင်မလေး၊ ဒါက မွေးစသိတွေဟာ၊ နှင့်ဟာက သဘာဝပုလဲ၊ ပုလဲရိုင်း"

www.burmeseclassic.com

www.burmeseclassic.com



"ဒါက ပိုဖွေးတာပေါ့"

"ဖွေးတိုင်းလှတာ ကျနေတာပဲ၊ သဘာဝအတိုင်း အရှိုင်းအတိုင်း နည်းနည်း အညိုသွေးကလေးပါမှ ပိုအဖိုးတန်တော့မပေါ့ကွဲ."

ဖြူက ခေါင်းတဆတ်ဆတ် ညိတ်၍ စဉ်းစားနေမိပါသည်။

(၄)

ကိုမျိုးဦး ပြန်ရောက်လာသည်။

လက်ဆောင်ပစ္စည်းများနှင့် ရောက်ရောက်ချင်း ပေါက်ချလာသော်လည်း သူ့မိဘများနှင့် ဖြူ့မိဘများ ရင်းနှီးနေသည့်အကြောင်းကို တစ်ခွန်းမှ စကားမဟ။

ပြန်ပေါ်လာပြီး တစ်ပတ်ခန့်အကြာတွင်တော့ ရုတ်တရက်ကြီး သတ္တိရှိလာဟန်ဖြင့်. . .

"ဖြူ့ကို နေ့လယ်စာလိုက်ကျွေးချင်လို့၊ အဲဒါပြောရင် စိတ်များဆိုးမှာလားလို့ တွေးနေတာ" ဟု ဖိတ်လေသည်။

နေ့လယ်စာကျွေးရုံသက်သက်တော့ မဟုတ်နိုင်ဟု ရိပ်စားမိသဖြင့် ဖြူက စဉ်းစားပါရစေဦးဟု ပြောလိုက်သည်။

မမနွယ်နှင့် တိုင်ပင်ကြည့်ပြီးနောက် လူကြီးလူကောင်းတစ်ဦးပီပီ ဣန္ဒြေရရ ဖိတ်ကြားခြင်း ဖြစ်၍ ချစ်ရေးဆိုရန် ဖြစ်နိုင်စေကာမူ လိုက်သွားသင့်သည်ဟု ဆုံးဖြတ်မိကြသည်။

"ညီမလေး. . . စဉ်းစားမယ်လောက်တော့ ပြောခဲ့ဦးနော်၊ အားနာစရာတွေက ရှိနေတာပဲ"

"မမနွယ်ကလည်း ညီမစိတ်က ပြတ်နေတာပဲဟာ၊ တစ်ခါတည်း ငြင်းလိုက်တော့ ဘာဖြစ်လဲ"

"ဟဲ့ လူမှုရေးက ရှိသေးတယ်"

"ရင်မခုန်တာကို လူမှုရေးက ခုန်ခိုင်းလို့ မရဘူး"

လျှာလေး တစ်လစ်ထုတ်ပြကာ အဝတ်လဲရန် အပေါ်ထပ်သို့ ပြေးတက်သွားသောဖြူ့ကို ကြည့်၍ မမနွယ် ရင်လေးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



(၅)

"ကျွန်တော် မပြောတော့ဘူးလို့ ကိုယ့်ကိုယ်ကိုယ် အကြိမ်ကြိမ် ချိုးနှိမ်ခဲ့တဲ့ စကားကို ပြောချင်လို့ပါ"

"ရှင်"

"ပြောမယ်နော်"

"ဟုတ်"

ကိုမျိုးဦးက ချစ်ရေးဆိုခါနီး အမျိုးသားကလေး၏ မျက်နှာနှင့် မတူ။ သင်္ချာ တစ်ပုဒ်ကို တွက်မရ၍ စိတ်ရှုပ်နေသော သင်္ချာ ပါမောက္ခနှင့် တူနေသည်။

"ကျွန်တော် ဒီအရွယ်အထိ လူပျိုကြီး လုပ်လာခဲ့ပေမယ့် တစ်နေ့နေ့ ကျရင် မိန်းကလေးတစ်ယောက်ကို ချစ်မိမှာပဲပေါ့လေ၊ ကြိုပြီးတော့ တွေးကြည့် မိထားတဲ့ ကျွန်တော့်ချစ်သူပေါ့၊ ဘယ်လို ပုံ. . . ဘယ်လို ဟန်ပန်. . . ဘယ်လို ဝတ်စားဆင်ယင်ပုံ . . . ဘာတွေ ကြိုက်တတ်တယ် စသည်ဖြင့်ပေါ့၊ အဲဒါ ရင်ထဲမှာ အမြဲရှိနေခဲ့တာ"

လာလာချေသေးဟု ရင်ထဲက ကြိတ်ရယ်မိသည်။ သည်ကြားထဲက ရင်က မသိမသာ ခုန်လာသည်ကိုလည်း အံ့ဩစွာ သတိပြုမိရပြန်သည်။

"စိတ်မဆိုးဘူးနော်"

"ပြောပါ"

"ဖြူ့ကို စတွေ့ကတည်းက ကျွန်တော် စိတ်ဝင်စားတယ်၊ နေ့တိုင်း လိုလိုပဲ မြင်ချင်တွေ့ချင်တယ်၊ မတွေ့ရတဲ့ နေ့တိုင်းမှာလည်း ဖြူ့အကြောင်းပဲ တွေးနေမိတယ်၊ ဟို ညတစ်ရေးနိုး လန့်နိုးတောင် ဖြူ့အကြောင်း စဉ်းစားမိပြီး ပြန်အိပ်မပျော်တဲ့ညတွေက အများကြီးပဲ"

သည်တစ်ခါတော့ ရင်က သိသိသာသာ ခုန်လာသည်။

"မပြောတော့ဘူးလို့ ချိုးနှိမ်ထားတယ်ဆိုတာ ဒီစကားတွေလား"

ကိုမျိုးဦးက သက်ပြင်းချ၍ ခေါင်းညိတ်သည်။

"ဖြူကလေ ကျွန်တော့်စိတ်ကူးထဲက ကြိုရည်မှန်းထားတဲ့ ချစ်သူနဲ့ ဘယ် တစ်ချက်ကလေးမှ မတူဘူး၊ ကျွန်တော် တန်ဖိုးထားတဲ့ အမူအရာ၊ အကျင့်စရိုက် အားလုံးနီးနီးက ဖြူ့ဆီမှာ ပြောင်းပြန်ဖြစ်နေတယ်၊ ဖြူ့ကို

www.burmeseclassic.com

www.burmeseclassic.com



ဆိုးတယ်လို့ပြောတာ မဟုတ်ဘူးနော်၊ ဖြူက သိပ်အဖိုးတန်တဲ့ မိန်းမလှ ကလေးတစ်ယောက်ဆိုတာ ကျွန်တော် သိပါတယ်၊ ကျွန်တော် မှန်းထားတဲ့ အသွင်နဲ့ တစ်စက်မှ မတူတာကို ပြောတာပါ"

ရုတ်တရက် မျက်နှာတစ်ခုလုံး သွေးတို့ လျှံဝေသွားသည်။ နှုတ်တို့ ဆွံ့အ သွားသည်။ ဘာပြန်ပြောရမည်ကို မသိ။

"အဲဒါကြောင့် ဖြူ့ကို ကျွန်တော့်ရင်ထဲမှာ အရမ်းချစ်နေမိပြီဆိုတာ သိရက်နဲ့ ကျွန်တော် ဖွင့်မပြောဘဲ ရှောင်ထွက်ဖို့ ကြိုးစားနေခဲ့တာ၊ မရပါဘူး ဖြူရယ်၊ ဝေးနေတဲ့ ကာလတွေမှာပါ တစ်ချိန်လုံး ဖြူ့အကြောင်းပဲ တွေးနေမိ တာ၊ နောက်ဆုံး ကျွန်တော် သိလိုက်ပါပြီ။ ဖြူ့ရဲ့ အမူအရာ၊ အသွင်သဏ္ဌာန် ဘယ်လိုပဲရှိရှိ ကျွန်တော်က ဖြူ့ကို မချစ်ဘဲ နေနိုင်မယ့်လူ မဟုတ်ပါဘူးလို့"

မျက်နှာကသွေးတို့ အနည်းငယ်တော့ ပြန်အေးသွားသယောင်။

"ကျွန်တော့်ကို လက်ထပ်ခွင့်ပြုပါ ဖြူရယ်"

ပတ်ဝန်းကျင်တစ်ခုလုံး ဆိတ်ငြိမ်သွားပါသည်။

(၆)

"အောင်မာ . . ဒီကောင်က ငါ့ညီမကလေးကို ဒီအတိုင်းပဲ ပြောတယ်ပေါ့"

မမနွယ်က စိတ်မဆိုးစဘူး ဆိုးနေသည်ကိုကြည့်၍ ဖြူက သဘော ကျစွာ ရယ်မောရင်း ရှေ့က လက်ဖက်သုပ်ပန်းကန်ကို နှိုက်စားနေသည်။

အတူနားထောင်နေသော ဆိုင်နီးချင်းအစ်မကြီးကတော့ အားမလို အားမရ ဝင်မေးသည်။

"ဟဲ့ ဖြူ ဆက်ပြောဦးလေ၊ ဖြူက ဘာပြန်ပြောလိုက်သလဲ"

မမနွယ်က အစ်မကြီးကို လှည့်၍ နှုတ်ခမ်းထော်ပြသည်။

"ဘာပြောစရာရှိလို့လဲ မမရဲ့၊ ကျွန်မ ညီမက အစကတည်းက ငြင်းမလို့ လိုက်သွားတာ၊ ဒီလိုကြောလို့ကတော့ စိတ်ဆိုးပြီး ထပြန်လာမှာပေါ့ ဟုတ်တယ် မဟုတ်လား ညီမလေး"

ဖြူက ပြုံးစေ့စေ့နှင့် ခေါင်းမဖော်ဘဲ လက်ဖက်သုပ်ထဲမှ ငါးပိသီး စတ်များ ကိုရွေး၍ ဖယ်စားနေသည်။

"ဟဲ့ ဟုတ်တယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုတော့လည်း စိတ်မဆိုးပါဘူး မမနွယ်ရဲ့"

မမနွယ် မျက်လုံး ပြူးသွားသည်။

"ဘာ ဒီလောက်ပြောတာကို နင်က စိတ်မဆိုးဘူး ဟုတ်လား"

"ဟုတ်တယ်၊ ဖြူစဉ်းစားတာ နှစ်ခုပေါ့၊ တစ်ခုက ဒါ ရိုးသားဖြူစင်မှုကို ပြတာ၊ ကိုယ့်စိတ်ထဲမှာရှိတဲ့အတိုင်း ယောကျ်ားတစ်ယောက်က ကိုယ့်ချစ်သူကို မကွယ်မဝှက် ပြောတယ်ဆိုတာ မမနွယ် စဉ်းစားကြည့်စမ်း၊ ယောကျ်ား ဘယ်လောက် များများဆီက မိန်းကလေးတွေ မျှော်လင့်လို့ ရသလဲလို့"

ဆိုင်နီးချင်းအစ်မကြီးက. . .

"ဒါတော့ ဟုတ်တယ်"

ဟု ခေါင်းညိတ်၍ ထောက်ခံ သည်။ မမနွယ်က တွေဝေသွားသည်။

"နောက်တစ်ခု၊ ဖြူက ကိုယ့်ကိုယ်ကိုယ် အစစအရာရာ ပြည့်စုံတဲ့ မိန်းကလေးလို့ မာနရှိထားတာ၊ ဒီအရည်အချင်းကို မက်လို့ ချစ်ကြတဲ့ ယောကျ်ားလေးတွေလည်း အများကြီး တွေ့ဖူးခဲ့တာ၊ အဲဒီလူတွေကို ရင်ခုန်လို့ မရတော့ဘူး အခုတော့. ."

ဖြူက ရှက်ရယ်ကလေး ရယ်လိုက်သည်။

"ဖြူ့ပုံစံကို မကြိုက်ပါဘူး၊ မကြိုက်တဲ့ကြားထဲက မချစ်ဘဲနေလို့ မရပါဘူးလို့ ပြောတာကလေးက ဖြူ့အတွက် ရင်ခုန်စရာဖြစ်နေတယ်"

"ဘုရားရေ. . ."

မမနွယ်က ရင်ဘတ်ကို လက်ဖိပြသည်။ အစ်မကြီးကတော့ သဘောကျစွာ ရယ်မောလေတော့သည်။

"မိန်းကလေးတစ်ယောက်ကို ကြောသလိုမျိုး စကားပြောမိလောက်အောင် အတ္တနော မသိတာကြီးကျတော့ ခွင့်လွှတ်မလို့ပေါ့"

ဖြူက လက်ညှိုးထောင်ပြသည်။

"ဒါ ချွတ်ယွင်းချက်ပဲ၊ စကားကို အပေါက်အလမ်းတည့်အောင် မပြောတတ်တာ သူ့ချွတ်ယွင်းချက်ပဲ"

ဖြူက ရယ်ပြန်သည်။

"ဒါပေမယ့် မမ မသိဘူးနော်၊ ဒီလူကြီးမှာ ချွတ်ယွင်းချက်တစ်ခုမှ ရှာမရလို့ တစ်ခုခုတော့ ရှိစေချင်လွန်းလို့ ဖြူ ဇွဲနဲ့ပြီးရှာနေခဲ့ရတာ

www.burmeseclassic.com

www.burmeseclassic.com



တော်တော်ကြာလှပြီ"

"ပေါက်ပေါက်ရှာရှာ ဖြူရယ်"

ဖြူက ပြုံး၍ ခေါင်းညိတ်သည်။

"ဟုတ်တယ်. . . မမန္တယ် ပြောတဲ့ သဘာဝ'ပုလဲရိုင်း'နဲ့ 'မွေးပုလဲ' လိုပေါ့။ ဟန်ဆောင်မှု၊ ဖုံးကွယ်မှုမပါ၊ ပကတိ သဘာဝအတိုင်း အဖိုးတန်တဲ့ ပုလဲရိုင်းဆိုတာ သေချာနိုင်ဖို့ ညိုညစ်ညစ်ကလေး နည်းနည်းတော့ ဖြစ်ရမယ် မဟုတ်လား၊ ဒီလူကြီးမှာ ချွတ်ယွင်းချက် ရှာမတွေ့တုန်းကလေ ဖြူတစ်စက်မှ မကျေနပ်ဘူး၊ ဟန်ဆောင်ထားတဲ့ လူအတုကြီးလို့ပဲ ခံစားရတယ်၊ ဒါကြောင့် ရင်ခုန်လို့ မရတာ"

မမန္တယ်က အလန့်တကြား လှည့်ကြည့်သည်။

"ဟဲ့ အခု ရင်ခုန်လို့ ရသွားပြီလို့ ပြောတာလား"

"ဟုတ်"

"စဉ်းစားမယ်လို့ ပြောခဲ့ပြီပေါ့ ဟုတ်လား"

ဖြူက ပုလဲသွယ်လို သွားတန်းကလေးပေါ်အောင် ဟက်ဟက် ပက်ပက် ရယ်မောနေပါသည်။

"ပြောလေ. . . ညီမ၊ စဉ်းစားမယ်လို့ ပြောခဲ့ပြီလား"

ဖြူက ခေါင်းခါ၍ ဆက်ရယ်နေသည်။

လက်ဖက်သုပ် စားနေသော အစ်မကြီးက မျက်စောင်းထိုး၍. . .

"နွယ်ရယ်၊ နင့်ညီမ တစ်ခါတည်း အဖြေပေးခဲ့ပြီဟာ၊ နင် မရိပ်မိ သေးဘူးလား"

ဟု ဝင်ပြောလေသည်။

ဖြူကတော့ နှစ်နှစ်ခြိုက်ခြိုက် ရယ်မောနေဆဲ။

**Family** မဂ္ဂဇင်း
၂၀၀၇၊ ဧပြီ

* * *

www.burmeseclassic.com

www.burmeseclassic.com

# အခွံပြပွဲ

## (၁)

"ဘယ်သူ့ပါလိမ့် . . . လို့ စဉ်းစားနေတာ မဟုတ်လား"

ဖျော့ဝင်းလှပသော မိန်းမငယ်ကလေးက ပြုံးတစ်ဝက်၊ စူတစ်ဝက် နှုတ်ခမ်း အနေအထားနှင့် မေးလာတော့မှ သည်မိန်းကလေးမျက်နှာကို တွေဝေ ငေးမောကြည့်နေမိသည်မှာ ရိုင်းရာကျလောက်နီးပါး ကြာသွားပြီဟု ရိပ်မိတော့သည်။

ဟုတ်ပ။

သည်မျက်နှာကလေးက မူယာမှ မူယာပါပဲ။ ဒါပေမယ့် ဘယ်လို လုပ်ပြီး မူယာ ဖြစ်နိုင်ပါ့မလဲ။

မူယာဆိုတာက သူနှင့် ခြံချင်းကပ်လျက်အိမ်က ဆွေမျိုးသဖွယ် ရင်းနှီးနေ ကြပြီဖြစ်သော အန်ကယ်လ်ဦးမြစိုးနှင့် အန်တီဆွေတို့၏သမီးကြီး သူ့ထက် ၄-၅ နှစ် ငယ်မည်။ သူ စက်ာပူနိုင်ငံသို့ အာဆီယံပညာသင်ဆုရ၍ ထွက်ခွာသွားစဉ်ကတော့ သူ့အသက်က ၁၆နှစ်၊ မူယာက အပျို မဖြစ် တတ်သေး။ ဒါပေမယ့် သူက နောက်ပိုင်း တစ်နှစ်တစ်ခေါက်လောက် မှန်မှန် အိမ်ပြန်ဖြစ်နေတော့ မူယာနှင့်က ကြိုကြားကြိုကြား ဆုံနေရသေး၍ မူယာ့ရုပ်ကို ကောင်းကောင်းမှတ်မိသည်။

နောက်ဆုံးတစ်ခေါက် သူ ရောက်တာ လွန်ခဲ့တဲ့ နှစ်နှစ်က၊ မူယာက နိုင်ငံခြား ဘာသာတက္ကသိုလ်မှ ပြင်သစ်ဘာသာအဓိကနှင့် ဘွဲ့ရခဲ့ပြီ။ မှဲ့တစ်ပေါက်မှ မရှိလောက်အောင် ဖျော့ဝင်းလှပသော အသားအရေ သွယ်လျ

www.burmeseclassic.com



သော ကိုယ်ဟန်၊ ရှည်လျားဖြောင့်စင်းသော ဆံနွယ်တို့ ပခုံးပေါ်တွင် ယိမ်းနွဲ့နေသော မိန်းမလှကလေးတစ်ဦး ဖြစ်နေခဲ့ပြီ။ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုတွင် ဆက်သွယ်ရေး အရာရှိငယ်တစ်ဦးအဖြစ် အလုပ်စဝင်နေပြီဟု ရေးတေးတေး မှတ်မိသည်။

"မူယာလေးရဲ့အမေက သားကို မေးမေးနေတယ်၊ သားများ တော်ချင်နေလား မသိပါဘူး၊ သားက ဘယ်လို သဘောရလဲ"

မေမေကတောင် အဲ့ဒီတစ်ခေါက်က စကားတောက်ခဲ့သေးသည်။ ရယ်သာ ရယ်နေလိုက်ရသည်။

"မေမေရယ်. . . ဒီခေတ်ကြီးထဲက လူငယ်တွေ၊ တစ်ယောက်က နိုင်ငံခြားမှာ ပညာသင်နေ၊ တစ်ယောက်က နိုင်ငံခြားသားတွေနဲ့ အလုပ်လုပ်နေ၊ ဒီလိုလူမျိုးတွေကို မေမေတို့က စပ်ကြဟပ်ကြဦးမလို့လား။ သူတို့ဟာ သူတို့ စိတ်ဝင်စားတာ တွေ့လည်း မေမေတို့ တားလို့ရမှာ မဟုတ်ဘူး၊ သူတို့ စိတ်ဝင်စားတာ မတွေ့လည်း သူများစပ်ပေးတာ ယူမှာတော့ မဟုတ်ဘူး။ အပျိုကြီး၊ လူပျိုကြီးပဲ အဖြစ်ခံကြမှာ။ ပစ်သာထားလိုက်"

မေမေက မျက်စောင်းထိုးသည်။

"ဟဲ့. . . မေမေကလည်း ခေတ်မသိတဲ့ အမေမှ မဟုတ်တာ၊ ဒါတွေ သိတာပေါ့။ အခုက သားတို့ချင်းလည်း သိကျွမ်းနေပြီဟာ။ ခြံနီးချင်း အောင်နှမတွေ။ ဟိုကလည်း ဒီလောက်လှတာ၊ သားစိတ်များ ဝင်စားမလားလို့ သိချင်လို့"

"မေမေက စိတ်ဝင်စားစေချင်နေပုံပဲ"

မေမေက အနည်းငယ်ငြိမ်သက်သွားသည်။ ပြီးမှ တိုးတိုး ကလေး. .

"ဘယ်လိုချစ်မိမှန်းကို မပြောတတ်တော့ပါဘူး သားရယ်။ ဘာကိုမှ တွက်ချက်ပြီး ချစ်တာမဟုတ်ဘူး။ သမီးအရင်းလေးသာ ဖြစ်လိုက်ပါတော့လို့ ဆုတောင်းမိတာတော့ နေ့စဉ်နဲ့အမျှပဲ။ ဒါပေမယ့် လူကြီးတွေစီစဉ်တာကို သွယ်လွယ် ခေါင်းညိတ်မယ့်သူမျိုး မဟုတ်တာတော့ သားရော၊ သူရောပဲလို့တော့ နိုင်မိပြီးသား ပါ"

ဟုဆိုသည်။

မူယာသည် လှရုံသာမက ယဉ်ကျေး၍ သွက်လက်ချက်ချာသော

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုကလေးတစ်ဦး ဖြစ်မှန်းတော့ ခဏတစ်ဖြုတ်လာသည့် သူပင်လျှင် ရိပ်မိလေရာ မေမေ သဘောကျတာတော့ မဆန်းလှ။ ဒါပေမယ့် မေမေ သည်မျှ ချစ်နေမိသည်ဆိုလျှင်တော့ လှရုံ၊ ယဉ်ကျေးရုံ၊ ဖော်ရွေရုံမျှမကသော အရည်အချင်းတစ်ခုခု မေမေ့ပါးစပ်က ပြောမပြတတ်တာတော့ ရှိလိမ့်မည်ဟု တွေးမိသေးသည်။ သို့သော် နေရတာကလည်း ခဏတစ်ဖြုတ် တွေ့ရုံ၊ နှုတ်ဆက်ရုံသာ ဖြစ်၍ ရင်းရင်းနှီးနှီး မဆက်ဆံ ဖြစ်လိုက်သည်မို့ စိတ်ထဲတွင် သည်ကိစ္စကို ဘာမှ စွဲစွဲထင်ထင် မရှိခဲ့။

ယခုတော့ သူ့ရှေ့က မိန်းမလှကလေးက သူ့ကို ပဟေဠိလုပ်သလို ဖြစ်နေခဲ့ပြန်လေပြီ။

မျက်နှာကတော့ မူယာမှ မူယာ. . . မလွဲနိုင်။ ဒါပေမယ့် ပခုံးနှစ်ဖက် စလုံး ဟင်းလင်းဖွင့်ထားသော တိုကျပ်သည့်တီရှပ်မျိုးကို မူယာဘယ်တုန်းကမှ ဝတ်လေ့မရှိသည်ကိုတော့ သူ သေသေချာချာ မှတ်မိသလို ဆံပင်ကို အနီ ရင့်ရင့် အရောင်နှင့် အရောင်နုတစ်မျိုးက အလွှာလိုက် တစ်ရောင်ခြားစီ ပြေးနေအောင် လုပ်ထားခြင်းမျိုးကိုလည်း မူယာ လုပ်လိမ့်မည်ဟု သူ မထင်ပါ။

အသားနှင့် တစ်ထပ်တည်းကျအောင် ကြပ်နေသော ဂျင်းဘောင်းဘီ ၏ ပေါင်နေရာတွင် အရောင်ဖျော့အစင်းကလေးများ ပြေးနေသည်ကို ငုံ့ကြည့်မိစဉ် အခိုက်မှာတော့ မိန်းမငယ်ကလေးက. . .

"ဘယ်သူပါလိမ့်ဟု စဉ်းစားနေတာ မဟုတ်လား"

ဟု ထပ်မေးလေတော့သည်။

ကိုယ်ကလည်း အဖြေကိုရှာတွေ့သွားပြီမို့ ခပ်ဖွဖွပြုံးရင်း. . .

"ဖြူပြာ မဟုတ်လား၊ အစ်ကို သိပါတယ်"

ဟု ဖြေလိုက်ရသည်။

မူယာထက် ၄ နှစ် ငယ်သူ ညီမ ဖြူပြာက သဘောကျစွာ ရယ်မော ရင်းက သူ့ပခုံးကို မထိတထိခိုမှီဟန် အမူအယာ လုပ်ပြသည်။

"ဟာ. . . ကိုဇော်က တော်မှတော်ပဲ။ ဖြူပြာ့ကို မတွေ့တာ တစ်နှစ် လောက် ကြာတဲ့လူတွေတောင် တွေ့ရင် မူယာလားလို့ မေးတာ။ ဒီနှစ်နှစ် အတွင်း ဖြူပြာ အရမ်းလည်း အရပ်ရှည်လာတယ်။ ရုပ်လည်း ပြောင်းသွားပြီး မမ မူယာရုပ် ဖြစ်သွားတယ် ပြောပြောနေတာ. . . ကိုဇော် ဘယ်လို လုပ်

www.burmeseclassic.com

www.burmeseclassic.com



ခွဲသိသလဲ”

ဖြေရခက်သော မေးခွန်းဖြစ်၍ ပြုံးသာနေလိုက်ရသည်။

“ကဲ. . . ထားပါ၊ ဖြူပြာ ဘယ်သူ့ဆီလာတာလဲ၊ မေမေတို့ အထဲမှာ”

ဖြူပြာက နှုတ်ခမ်းစူ၍ လက်သီးဆုပ်ရွယ်ပြသည်။

“ကိုဇော်နော်. . . ကိုဇော့်ဆီလာတာ”

“ဟုတ်လား”

“ဟုတ်တယ်. . . ဒီနေ့ ဖြူပြာမွေးနေ့၊ ခြံထဲမှာ ပါတီလုပ်မလို့။ ကိုဇော့်ကို လာဖိတ်တာ၊ လူငယ်တွေ ပွဲလုပ်မှာ အန်တီတို့ကို ဖိတ်မလား။ ကိုဇော့်ကို ဖိတ်မှာပေါ့”

“ကိုဇော်က လူငယ်မှ မဟုတ်တာ”

“ဩော်. . . ဟုတ်လား၊ အသက်တောင် ၃၀ နား မကပ်သေးဘူး။ အဘိုးကြီး ဖြစ်သွားပြီလား၊ ကန်တော့နော်. . . ဘိုးဘိုး၊ ဖြူပြာက ရွယ်တူ မှတ်လို့ ဖိတ်မိတာ”

ရယ်၍ ဖြေရသည်။

“ကိုဇော်က အဘိုးကြီးတော့ မဟုတ်ဘူးပေါ့။ ဒါပေမယ့် ဖြူပြာ လူငယ်ချင်းတွေနဲ့ စာရင်တော့လည်း ကြီးနေတော့ ကြောင်စီစီ ဖြစ်နေမှာပေါ့”

ဖြူပြာက လက်ညှိုးတစ်ချောင်း ထောင်ပြသည်။

“နောက်မှ နောင်တမရနဲ့နော်၊ မင်းသား. . မင်းသမီး အငယ်တွေ၊ မော်ဒယ်တွေ လာကြမှာ။ အားလုံး ဟော့ရှော့တွေချည်းပဲ”

“ဘာလို့လဲ၊ အန်ကယ်လ်က အခုရုပ်ရှင်နဲ့ ပတ်သက်တာတွေ ရှောင်နေလို့လား”

ဖြူပြာမျက်နှာ စိတ်ပျက်လက်ပျက်ဟန်ဖြင့်. . .

“ပိန်းတယ်ကွာ၊ ကိုဇော်ကတော့ လုပ်ချလိုက်ပြန်ပြီ”

ဟု ညည်းတွားသည်။ နားမလည်စွာဖြင့်. . .

“ပိန်းတယ်၊ ဟုတ်လား”

ဟု မေးရသည်။

“ပိန်းတယ်ဆိုတာ ‘အ’တယ်လို့ ပြောတာ. . . ကိုဇော်ရဲ့။ ဖြူပြာ အခု မော်ဒယ် ဖြစ်နေပြီ။ အဲ့ဒါလည်း မသိဘူး မဟုတ်လား”

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ. . . ကိုယ်က အရွယ်မရောက်သေးသော ကလေးဟု ထင်ထားခဲ့သူက ယခုတော့ မော်ဒယ် ဖြစ်နေပြီဆိုပါလား၊ အင်းလေ . . . ကိုယ်တလည်း ပြန်ရောက်နေတုန်းတောင် တီဗီကြော်ငြာတွေမှ မကြည့်ဖြစ်ခဲ့တာ။

"ဆောရီး. . . ညီမလေးရယ်၊ ဒါဆို ကိုဇော် ပိုနေရခက်မှာပေါ့"

"မရဘူး. . . မရဘူး၊ ဖြူပြာက သူငယ်ချင်းတွေကို ဟိုဘက်ခြံက နိုင်ငံခြားမှာနေတဲ့ အစ်ကိုကြီးချောချော ပြန်ရောက်နေပြီလို့ ကြွားထားတာ. . . လာကို လာခဲ့ရမယ်။ ပြီးတော့ ကိုဇော့်ကို အကူအညီ တောင်းစရာလည်း ရှိတယ်"

"ဘာလဲ"

"မမမူယာက သူ့အင်န်ဂျီအိုမှာ ဒီနေ့အိုဗာတိုင်ရှိလို့ နောက်ကျမယ် ပြောနေတယ်၊ ၇ နာရီလောက်အထိမှ သူ ပြန်မလာရင် ကိုဇော် သွားခေါ်ပေးပါ။ သူတို့ ဖယ်ရီ ပတ်ပို့မှ သူ ပြန်လာရင် ဖြူပြာ့မွေးနေ့ပွဲ ပြီးသွားမှာစိုးလို့။ ဒီတော့ ကိုဇော်က ပွဲမှာလာနေ၊ ၇ နာရီလောက်ကျ မမမူယာ မလာရင် အိမ်ကကားယူသွားပြီး ရန်ကုန် စီးတီးဟိုတယ်က သူတို့ရုံးကို လိုက်သွားပေး။ လုပ်ပေးမယ် မဟုတ်လား"

ငြင်းရခက်နေသဖြင့် သက်ပြင်းတစ်ချက်နှင့်သာ ခေါင်းညိတ်ပြလိုက်ရသည်။ ဖြူပြာက ဒါမှ တို့ကိုဇော်ကွ ဟုဆိုကာ လက်ခုပ်လက်ဝါးတီး၍ အပြေးတစ်ပိုင်း ထွက်ခွာသွားသည်။

တော်ပါသေးရဲ့၊ ဖြူပြာ့ကို ဘယ်လိုမှတ်မိသွားတာလဲဆိုသည့် မေးခွန်းကို သင်းကလေး မေ့သွားခဲ့၍။

တကယ်တော့ ၁၀ နှစ်သမီးလောက်က ဖြူပြာ အူအတက်ရောင်၍ ခွဲရစဉ်က သူ ပြန်ရောက်နေခဲ့သည်။ သည်တော့ ဖြူပြာ ယခုဝတ်ထားသော တီရှပ်အကျပ်ကလေး၏အဆုံး ဂျင်းဘောင်းဘီအပေါ်နား မစခင် လက်သုံးလုံးစာလောက် လွတ်နေသော ဖြူဝင်းသည့် အသားအရေပေါ်တွင် အူအတက်ခွဲထားသော အမာရွတ်ကလေးကို မြင်လိုက်ရ၍ မူယာ မဖြစ်နိုင်။ ဖြူပြာပဲ ဖြစ်ရမည်ဟု အတပ်သိလိုက်ခြင်းပါပေ။

သည်နေရာကလေးကို ဝင်းနေသည့် အသားအရေကြောက ဆွဲခေါ်သွားသဖြင့် သူ့မျက်စိ ရောက်သွားမိခြင်းကိုတော့ သူ ဝန်ခံရမှာ ရှက်ရွံ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(၂)

"သား. . . ပျင်းနေပြီလား"

ဖြူပြာအမေက လက်ထဲသို့ အချိုရည် သံဘူးကလေးတစ်လုံး လာပေးရင်းက မေးသည်။ ဆူညံလွန်းသော ဂီတသံကို မခံစားတတ်သည်က တစ်ကြောင်း၊ ပွဲသို့ လာသော လူငယ်အများစုနှင့် သူဝတ်စားထားသော ဒီဇိုင်းနှင့် ဟန်ပန်တို့ ကွာဟလွန်းနေသည်က တစ်ကြောင်းတို့ကြောင့် ချောင်ကလေးတစ်ခုရှာ၍ ငြိမ်သက်စွာ ထိုင်နေသော သူ့ကို ဖြူပြာအမေက အားနာနေဟန်ရှိသည်။

"ရပါတယ်. . . အန်တီ၊ ဖြူပြာလည်း လာစကားပြောနေတာ စောစောကမှ ဧည့်သည်လာလို့ ထွက်သွားတာပါ"

သူက အအေးဘူးကလေးနှင့် ညွှန်ပြသည့်ဘက်ကို ဖြူပြာအမေက လှည့်ကြည့်၍ မိန်းကလေးများ ဝိုင်းအုံလက်မှတ်ထိုးခိုင်းနေသော စိန်နားကပ် တစ်ဖက် နားတွင်ပန်ထားသူ လူရွယ်အမျိုးသားကိုမြင်တော့ ပြုံးသည်။

"သားက သူ့ကို မသိဘူးလား"

"မြင်ဖူးတယ်တော့ ထင်တယ်၊ စိန်နားကပ်တစ်ဖက်ပန်ထားတော့ ဒီမှာ ယောကျာ်းလေးတွေ နားဖောက်တဲ့ခေတ် ရောက်နေပြီလားလို့တောင် တွေးမိသေးတယ်၊ သူက မင်းသားလား"

"ဟုတ်တယ်၊ ရာဇဝင်ကားတစ်ကားမှာ ရှင်ဘုရင်လုပ်တာ နာမည်ကြီးသွားတာ. . . အဲ့ဒီကနေ နားကပ်မချွတ်တော့တာ ထင်ပါရဲ့"

ပြိုင်တူ ရယ်မိကြသည်။

"နိုင်ငံခြားမှာလည်း ယောကျာ်းလေးတွေ နားကပ် မတပ်ကြဘူးလား. . . သားရဲ့"

"တပ်တာတော့ အစုံပါပဲ. . . အန်တီရာ၊ ဘော်ဒီပီးယားစင် (Body Piercing ပေါ့။ အသိပညာရှင်၊ အတတ်ပညာရှင်တွေ၊ ကျောင်းသားတွေတော့ မလုပ်ကြဘူး။ ဒီဇိုင်းနာတွေ၊ အလုပ်လက်မဲ့တွေ၊ ဆိုင်ကယ်နဲ့ လျှောက်သွားနေတဲ့ ဘိုင်ကာတွေ၊ သူတို့တော့ ဖောက်လိုက်ကြတာ နားရော၊ နှာရော၊ မျက်ခုံးရော၊ နှုတ်ခမ်းရော စုံနေတာပါပဲ။ ဒီည ဒီမှာ နားကပ်တပ်ထားတာ ယောကျာ်းလေး နှစ်ယောက်၊ သုံးယောက်လောက်တော့

www.burmeseclassic.com

www.burmeseclassic.com



တွေ့တယ်။ သပ်သပ်ရပ်ရပ် နားကပ်တပ်ထားတော့ ဟိုက လူတွေလောက်တော့ မဆိုးဘူး။ ဒါပေမယ့် ယောကျ်ားလေးတစ်ယောက်က ကိုယ့်ရဲ့ဒီဇိုင်းကို လူတွေဝိုင်းကြည့်ကြဖို့ ဒီလောက်ကြိုးစားပမ်းစား အားထုတ် တတ်တာတော့ အံ့ဩစရာပဲ"

ဖြူပြာအမေက ပြုံးသည်။

"သားက အသိပညာရှင်၊ အတတ်ပညာရှင်ဖြစ်ဖို့ပဲ ကြိုးစားနေတဲ့ လူဆိုတော့ ဒီကလေးတွေရဲ့ အမူအကျင့်ကို ဘယ်နားလည်မလဲ။ ဒီနေ့လာတာ လူငယ်သုံးမျိုးပဲ ရှိတယ်ကွဲ့၊ တစ်မျိုးက စောစောက ကောင်လေးလိုပေါ့။ အောင်မြင်နေတဲ့ အနုပညာရှင်ပေါ့။ ပောပဟိုမှာကြည့်"

လူငယ်စုံတွဲတစ်တွဲကို လက်ညှိုးထိုးပြသည်။ နှစ်ယောက်စလုံး အထက်အောက် အနက်ရောင်ဝတ်စုံကို သပ်ရပ်စွာဝတ်ဆင်ထားပြီး မိန်းမပျို၏ရင်ညွန့်မှ စိန်လည်ဆွဲက အရောင်တောက်နေသော်လည်း ယောကျ်ားပျိုက ထူးထူးခြားခြား ရတနာပစ္စည်း ဝတ်ဆင်ထားခြင်းမရှိ။

"ဟာ. . . အဲဒါတော့ ကျွန်တော် သိတယ်၊ အကယ်ဒမီ မင်းသားပဲ"

"ဟုတ်တယ်. . . အခုတော့ သက်လတ်ပိုင်းရောက်လာတော့ စီးပွားရေးလောကထဲရော၊ စာပေလောကထဲရော၊ တခြားသရုပ်ဆောင် မဟုတ်တဲ့ အနုပညာ ဖန်တီးတာမျိုးတွေရော ဝင်လုပ်စပြုနေပြီ။ အောင်မြင်သင့်သလောက်လည်း အောင်မြင်တယ်၊ ဒီတော့ သူ့ကို သူများဝိုင်းကြည့်ဖို့၊ မကြည့်ဖို့ကိစ္စက သူ့အတွက် သိပ်စိတ်ဝင်စားစရာ မဟုတ်တော့ဘူးပေါ့"

ဖြူပြာဘက်သို့ လက်ညှိုးထိုးပြသည်။

"ဒုတိယအမျိုးအစားက သမီးတို့လိုပေါ့၊ ဝင်တိုးကာစ သရုပ်ဆောင်ကလေးတွေ။ သူတို့ကျတော့ လှဖို့ပဖို့၊ အများအာရုံအစိုက်ခံရဖို့ အရမ်းကြိုးစားနေရတဲ့ အချိန်ပေါ့။ ဒီတော့ အန်တီတို့က စာနယ်ဇင်းပုဂ္ဂိုလ်တွေလည်း ဒီလိုပွဲမျိုးကို မလာ လာအောင် ဖိတ်ပေးရတယ်။ သူတို့က ကလေးတွေမှာလည်း သက်တူရွယ်တူ ဝါတူ တန်းတူတွေထက် ထင်းနေအောင် ပေါ်လွင်ဖို့ အရမ်းဂရုစိုက်ကြရရှာတယ်။ သမီးကို ပဲကြည့်လေ"

သက်ပြင်းသာ ခိုးချမိသည်။

ဖြူပြာဝတ်ထားသောဝတ်စုံမှာ ရင်ညွန့်အထက်ပိုင်းမှစ၍ ဝန်းဝိုင်း

www.burmeseclassic.com

www.burmeseclassic.com



သော ပခုံးသားများအထိ ဘာမှမရှိသော အနီရောင်ရဲရဲ ဖြစ်ပါသည်။ ခါးရောင်စုံတို့ကလည်း ဟပ်ပြသည်နှင့် တိုက်ဆိုင်ပါမှ အနီးကပ်လည်း ကြည့်ခွင့်ရပါမှ ပလပ်စတစ်လို အကြည်သား ကြိုးကလေးနှစ်ချောင်းကို ပခုံးတစ်ဖက်စီတွင် ရေးရေးမြင်ရပေမည်။ ဒါကိုပင်လျှင် မမြင်စေချင်သဖြင့် ဘေးတစ်ဖက်တစ်ချက်တွင် စက်ဖြင့် ဖြောင့်၍ ချထားသော ဆံစတို့ဖြင့် မသိမသာ ဖုံးအုပ်ထားသေးသည်။

ဘောင်းဘီရှည် အနီရဲရဲကလည်း အကျပ်၊ ခါးက အဟိုက်။

ဘေးက ဖြတ်သွားစဉ်က အူအတက်ခွဲထားသော အမာရွတ်ကလေးတိုပင် မြင်ဖြစ်အောင် မြင်လိုက်ရသေးသည်။

"ဒီ့ထက်သနားဖို့ကောင်းတဲ့ အုပ်စုကတော့ ဒီနေ့အများဆုံး အုပ်စုတွဲ့"

ဖြူပြာ့အမေက ရယ်သည်။

"ဟိုက ကောင်လေးတွေ့လား"

အကျီအဖြူ၊ ဘောင်းဘီအဖြူပေါ်တွင် နယ်ဇာတ်မင်းသားများ ဝင်မြင့်ပေါ်တွင် ခေတ်ပေါ်သီချင်းဆိုလျှင် ဝတ်ဆင်သကဲ့သို့ ရွှေရောင် ကနုတ်ပန်းခက်များ အနားသတ်လိုက်ထိုးထားသော ဝတ်စုံနှင့် ယောကျ်ားလေးတစ်ဦး။

"ဒါက သရုပ်ဆောင်လည်း မဖြစ်ကို မဖြစ်သေးဘူး၊ သရုပ်ဆောင်တွေ၊ အဆိုတော်တွေ၊ အနုပညာရှင်တွေကိုတော့ အားကျနေပြီ။ သူတို့တွေ လာတဲ့ပွဲမျိုးကို လာရရင် ပျော်တယ်။ သူတို့ ဝတ်သလိုမျိုးတွေ လိုက်ဝတ်ကြည့်ချင်တယ်။ ဘယ်သူက အသိအမှတ် ပြုပြု၊ မပြုပြု အဲ့ဒီစတိုင်လ် ဖြစ်နေပြီလို့ကိုယ့်ကိုယ်ကိုယ်ထင်နေရရုံနဲ့တင် ပီတိ ဖြစ်တတ်ကြတယ်။ အဲသလို ဖြစ်အောင်လည်း အသည်းအသန် ကြိုးစားကြတယ်။ ဒီကောင်လေးမှာ သားဘာသတိထားမိလဲ"

"ရှပ်အကျီရှေ့ဘက်မှာ တစ်ခြမ်းကဘောင်းဘီထဲရောက်ပြီး တစ်ခြမ်းက အပြင်ထုတ်ချထားတာလား. . . အန်တီ၊ အစက ကျွန်တော် သူ့ကိုအရက်မူးနေတယ် ထင်တာ။ နောက်မှ ဒီနေ့အရက်မတိုက်တာ သတိထားမိလို့ အံ့ဩနေတာ"

ဖြူပြာ့အမေက ယဲ့ယဲ့ပြုံးသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီးက တောင်းဆိုသေးတယ်၊ ဒါတော့ အန်တီ ခွင့်မပြုနိုင်လို့ တားထားတာ။ ထားပါလေ၊ အခုကောင်လေးက မူးနေတာ မဟုတ်ဘူး၊ သူ့ဒီဇိုင်းက သူများထက် သိပ်မထူးခြားဘူးဆိုတာ ရိပ်မိလို့ တစ်ခုခု ထူးခြားအောင် သူများမလုပ်တာ လုပ်လိုက်တာလေ၊ မပင်ပန်းလွန်းဘူးလား"

ဖြူပြာ့အမေက ရယ်သဖြင့် သူပါလိုက်ရယ်မိသည်။

"အန်တီ့ကြည့်ရတာ ဖြူပြာ ပူဆာလို့သာ ဒါတွေ လုပ်ပေးရတယ်၊ သိပ်ကြိုက်ပုံမရဘူး"

ခေါင်းကို ညင်သာစွာ ခါသည်။

"အရွယ်ရောက်ကြပြီပဲကွယ်၊ သူ တန်ဖိုးထားတာကို ကိုယ်က တန်ဖိုးမထားချင်လည်း သူ့ကို မှားတယ်လို့ ပြောရခက်ပါတယ်၊ အစွန်းမရောက်အောင်တော့ ထိန်းပေးရတာပေါ့။ ပံ့ပိုးနိုင်တာလေးတွေလည်း ပံ့ပိုးရတာပေါ့။ ကိုယ့်စိတ်ကတော့ ကိုယ်လေ့ကျင့်သင်ကြားပေးမှုအောက်က ထွက်တဲ့ကလေးတွေကို ကိုယ်တန်ဖိုးထားတဲ့ဟာလေတွေကိုပဲ တန်ဖိုးထားစေချင်တာပေါ့။ အဲသလို ဖြစ်မလာလို့လည်း သူက မှားတယ်၊ ကိုယ်က မှန်တယ်လို့ မပြောချင်ပါဘူး"

မျက်ခုံးတစ်ချက် ပင့်ကြည့်သည်။

"သားတို့ မူယာတို့ ပုံစံက တစ်မျိုးကွယ့်"

သူ ပြောမှပင် ဖျတ်ခနဲ နာရီကို ငုံ့ကြည့်မိသည်။

"ဟုတ်ပါရဲ့၊ ၇ နာရီတောင် ထိုးတော့မယ်၊ မူယာ့ကို သွားကြိုရတော့မလားမသိဘူး၊ ဖြူပြာ့ကို မေးပေးပါလား. . . အန်တီ"

"ဟိုမှာ ကိတ်မုန့်လှီးတော့မယ်ကွယ့်၊ ဖြူပြာ့ဘေးက လူအုပ်ကြီးကို အန်တီလည်း တိုးနိုင်မယ် မထင်တော့ပါဘူးကွယ်၊ ကားသော့လာပေးမယ်၊ သား. . . သွား သာ ကြိုလိုက်တော့"

## (၃)

ရှည်လျားဖြောင့်စင်းသောဆံပင်ကို ပခုံးမှကျော်၍ ကျောပြင်အလယ်စိတ်ဝက်အထိ ဖြန့်ကြက်ချထားပြီး မြန်မာအကျီ၊ ဇင်းမယ်လုံချည်ကို သပ်ရပ်စွာ ဝတ်ထားသော မူယာသည် ရုပ်ကတော့ ဖြူပြာနှင့် တစ်ပုံပဲတည်း တူနေပါသည်။ ဖြူပြာ့လို ခေတ်ဆန်စွာသာ ဝတ်စားလိုက်ပါလျှင် ၄ နှစ်ကြီး အစ်မကို

www.burmeseclassic.com

www.burmeseclassic.com



အမြွာဟုပင် ထင်နိုင်ကြသည်ဟု သူ တွေးနေမိသည်။

"ညီကြိုင်ရှာနက မူယာ့အစ်ကိုလား မသိဘူး၊ ခပ်ချောချော လူတစ်ယောက် လာကြိုနေတယ်ပြောတော့ စဉ်းစားလို့မရဘူး။ အိမ်မှာ အစ်ကို အရွယ်မှ မရှိတာ။ ကိုဇော် ပြန်ရောက်နေတာလည်း မသိထားဘူး"

မူယာက ပြုံး၍ နှုတ်ဆက်သည်။

"ဖြူပြာ့မွေးနေ့ပွဲတောင် ပြီးခါနီးနေပြီ။ အဲဒါ. . . ကိုဇော့်ကို ကြိုခိုင်းလိုက်လို့"

မူယာက ညှော်ခန်း ဆက်တီကလေးတွင် အသာဝင်ထိုင်ရင်း အားနာ တန်ဖြင့်. . .

"မေမေတို့ကလည်း ဖုန်းအရင်ဆက်တာ မဟုတ်ဘူး၊ ကိုဇော့်ကို အားနာစရာ၊ ဒီမှာ အလုပ်တွေက မပြီးသေးဘူး။ တစ်ရုံးလုံးနီးနီး မပြန်ကြ သေးတာ"

ဟု ဆိုသည်။

"ဒီအဖွဲ့အစည်းတွေက ဒီလောက် အလုပ်များသလား"

"များတယ်. . အခုကလည်း နယ်ထွက်ရမယ့် စီမံကိန်းတစ်ခု အချောသတ်နေကြတာ၊ အချိန်မီ စာရွက်စာတမ်း၊ ပစ္စည်း အဆင်သင့် မဖြစ်လို့ ရဘူးလေ။ အဲ့ဒါနဲ့ လူကြီးတွေပါ မပြန်ရသေးတာ"

သူပြောမှပင် လှပသော မျက်ဝန်းကလေးထဲမှ နွမ်းနယ်ရိပ်ကို သေိမသာ သတိထားမိတော့သည်။

"မူယာက နယ်ထွက်ရဦးမှာလား"

"နယ်က လူကြီးတွေ ထွက်မှာပါ၊ လိုအပ်တဲ့ပစ္စည်း၊ စာရွက်စာတမ်း တွေ အချိန်မီ ကြိုပို့ထားနိုင်ဖို့ လုံးပမ်းနေကြတာ"

"ညစာရော စားပြီးပြီလား"

ဇက်ကလေး ပုပြသည်။

"ဟုတ်သားပဲ၊ အောက်ကဆိုင်မှာ တစ်ယောက်တစ်လှည့် ထွက်စားပြီး ဆက်လုပ်နေကြတာ အခု မူယာ ထွက်အလှည့်ဖြစ်နေပြီ"

"ဒါဆို လာလေ. . . သွားရအောင်"

"အို. . . ကိုဇော်က မွေးနေ့ပွဲမှာ စားပြီးရောပေါ့၊ မစားရသေးတောင်

www.burmeseclassic.com

www.burmeseclassic.com



မွေးနေ့ပွဲမှာ ပြန်စားရဦးမှာ"

"လာပါ၊ နည်းနည်းဝင်စားရင်း စကားပြောရအောင်"

အနည်းငယ် တွေဝေ စဉ်းစားနေပြီးမှ. . .

"ခဏနော်. . ."

ဟုဆိုကာ အထဲသို့ ပြန်ဝင်သွားသည်။

(၄)

မူယာ မနက်စာတုန်းကလည်း သေသေချာချာ စားချိန်ရခဲ့ဟန်မတူ။ မှာထားသော ပင်လယ်စာ ဆလပ်ဟင်းပွဲကို ကမန်းကတမ်း စားနေသည်။ သူကတော့ ကော်ဖီတစ်ခွက်သာ မှာသောက်ရင်းက မူယာ၏ နဖူးဆံနွယ်လေးများ အနည်းငယ် ကပိုကရို ဖြစ်နေသည်ကို ငေးကြည့်နေမိသည်။

"ဒီလိုလုပ်နေရတာ ဘယ်နှစ်ရက်ရှိပြီလဲ"

"တစ်ပတ်လုံးပဲ"

မူယာက ရယ်၍ဖြေသည်။

"ဘာစီမံကိန်း ရှိနေလို့လဲ၊ အရေးသိပ်ကြီးလား"

မူယာက ပါးစပ်ကို တစ်သျှူးစက္ကူနှင့် ဖွဖွသုတ်သည်။

"အရမ်းအရေးကြီးတာပေါ့၊ မူယာတို့ တစ်နိုင်ငံလုံးက မွေးကင်းစကလေး သေနှုန်းကို ချပစ်မလို့၊ အခုစီမံချက် မြို့နယ်(၅)မြို့နယ်မှာ စလုပ်မယ်၊ အောင်မြင်ရင် တစ်နိုင်ငံလုံးလုပ်မှာ၊ အဖွဲ့ကြီးကလည်း အင်နဲ့အားနဲ့ ပံ့ပိုးမှာ၊ ကျန်းမာရေးဝန်ကြီးဌာနကလည်း ဝန်ထမ်းတွေရဲ့အားအများကြီးကို သုံးပြီးချမှာ၊ အထူးကုဆရာဝန်ကြီး တွေကနေစပြီး ဟိုးကျေးလက်သားဖွားဆရာမတွေအထိ လူတွေကို လေ့ကျင့်ပေးနေကြပြီ။ ဒီစီမံကိန်းကြီးသာ အောင်မြင်ရင် မူယာတို့ ကလေးလေးတွေ အများကြီး၊ အများကြီးကို ရှင်လည်း ပိုရှင်မယ်၊ ကျန်းလည်း ကျန်းမာမယ်"

အားတက်သရော ရှင်းပြတော့ နွမ်းနယ်ရိပ်ဖုံးနေသည့် မျက်ဝန်းကလေးများက အရောင်တဖျတ်ဖျတ် လက်လာကြပြန်သည်။

"ကဲ. . . ကိုဇော်ရေ၊ ကျေးဇူးတော့တင်တယ်၊ မလိုက်တော့ဘူးနော်၊ မူယာ ဖယ်ရီနဲ့ပဲ ပြန်ခဲ့တော့မယ်၊ ကိုဇော်ပြန်တော့"

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ရင်းက မတ်တတ်ရပ်လိုက်သော ကိုယ်ဟန်ကလေးကို ကြည့်၍ ဘာ့ကြောင့်ရယ်မသိ၊ ရင်ထဲက လှပ်ခနဲ ဟာသွားသည်။

"ဖယ်ရီက ပတ်နေရမှာပေါ့၊ ကိုဇော် စောင့်ပေးမယ်လေ"

မူယာက ရယ်သည်။

"တစ်နာရီကျော်လောက် ထပ်ကြာဦးမှာ. . . ကိုဇော်ရဲ့ အဲဒီတော့ မှပြန်ရင် ကိုဇော့်ဖို့ ပန်းကန်အလွတ်တွေပဲ ကျန်မယ်၊ ညီမလေးကိုသာ မူယာ့ကိုယ်စား ချော့လိုက်၊ လာ. . . သွားရအောင်"

ပြောပြောဆိုဆို ဖျတ်လတ်သွက်လက်စွာ ထွက်ခွာသွားသဖြင့် အမန်းကတမ်း ငွေရှင်း၍ နောက်မှ လိုက်သွားရသည်။

(၅)

စားသောက်ဆိုင်ဘက်မှ မူယာတို့ရုံးတည်ရှိရာ ပင်မအဆောက်အအုံ ဘက် လျှောက်ခဲ့ရာ လမ်းတွင် သူ ယူခဲ့သော မူယာတို့အိမ်မှ ကားရပ်ထားရာကို မြင်ရလေသည်။

"ကဲ. . . ဂွတ်နိုက် ကိုဇော်၊ နောက်နေ့တွေမှ လာလည်ဦးလေ"

ရုတ်တရက် နှုတ်ဆွံ့သွားသည်။ ဘာဖြေရမှန်းမသိ။

စိတ်ကူးတို့ အနည်းငယ် ရှုပ်ယှက်ခတ်သွားသည်။ ပြီးမှ. . .

"မူယာ. . . အလုပ်သွားလုပ်၊ ပြီးရင် ဆင်းလာခဲ့၊ ကိုဇော် ကားပေါ်က စောင့်နေမယ်၊ ဖယ်ရီနဲ့ မလိုက်နဲ့တော့"

ဟု တိုးတိုးပြောလိုက်သည်။ မူယာက မျက်မှောင်ကြုတ်သည်။

"အကြာကြီးစောင့်ရမှာ ကိုဇော်ရဲ့၊ ဘာလို့လဲ"

မျက်နှာ အနည်းငယ်နွေးစွာဖြင့် ဖြေမိသည်။

"မူယာတောင် ဒီလောက်ပင်ပန်းသေးတာ၊ ကိုဇော်စောင့်ရတာ ဘာရှိ နာမို့ လို့လဲ၊ ဘာမှ အားမနာနဲ့၊ အန်တီ့ကိုလည်း ကိုဇော်ပဲ ဖုန်းဆက်လိုက်မယ်"

ရုတ်တရက်တော့ မူယာလည်း အနည်းငယ်အမ်းသွားသည်။ ပြီးမှ မျက်လွှာချ၍ ခပ်တိုးတိုးမေးသည်။

"မွေးနေ့ပွဲက မီမှာ မဟုတ်ဘူးနော်"

"အရေးမကြီးပါဘူးကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ပန်းကန်လွတ်တွေပဲ ကျန်ကျန်ပေါ့ ဟုတ်လား"

မျက်လွှာကလေးပင့်ကြည့်ပြီး ခပ်ပြုံးပြုံးမေးသည်။ ရုတ်တရက် ပင်စပ်ထဲ ဖြေမိဖြေရာ ဖြေမိသည်။

"အခုလည်း အခွံတွေပဲ ရှိတာပါ"

"ရှင်"

"ဘာမှမဟုတ်ဘူး၊ သွားတော့နော်၊ ဘယ်လောက် နောက်ကျကျ ကိုဇော် အောက်မှာစောင့်နေမယ်. . . ဟုတ်လား"

"ဟုတ်. . . ကျေးဇူး"

အသံတိုးတိုးလေး နှုတ်ဆက်၍ အဆောက်အအုံထဲ အပြေးတစ်ပိုင်း ဝင်ရောက်သွားသော မိန်းမလှလေးကိုငေးကြည့်နေရင်းက အကြောင်းရင်း မည်မည်ရရ မရှိဘဲ နွေးထွေးစွာထ၍ ခုန်နေသော ရင်ကို သူဟာသူ နားမလည်နိုင် ဖြစ်နေရပြန်ပါသည်။

စရဏမဂ္ဂဇင်း

၂၀၀၇၊ မေ

* * *

www.burmeseclassic.com

www.burmeseclassic.com

# စပယ်တစ်ပွင့်

(၁)

မိမိ၏ကျေးဇူးရှင်လည်းမဟုတ်၊ မိမိက လေးစားသူလည်း မဟုတ်သည့် လူတစ်ဦးက ငွေကျပ်အနည်းငယ်သာ ပေးဝယ်ရသည့် စာရွက်တစ်ရွက်ပေါ်တွင် ထိုးပေးရမည့် လက်မှတ်တစ်ခုသည် အဘယ့်ကြောင့်များ မိမိ၏သိက္ခာနှင့် မာနတရားထက် ပို၍ အဖိုးတန် နေနိုင်ပါသနည်းဟု ယုစံပယ်စိတ်ကတ်သတ်သတ် တွေးနေမိသည်။

"သမီးသဘောပဲ၊ အဲဒီနောက်ဖေး မြေကွက်လပ်မှာ ထပ်ဆောက်မယ့် နှစ်ထပ်အိမ်လေး မဆောက်ချင်ရင်လည်း နေတော့၊ သမီးကုမ္ပဏီရုံးခန်းအတွက် ဖေဖေ မြို့ထဲမှာ တိုက်ခန်းတစ်ခန်း ထပ်ဝယ်ပေးမယ်"

ဖခင်ကြီးကတော့ ငွေကြေးချမ်းသာသူပီပီ ခပ်အေးအေးပင် အဖြေရှာလိုက်သည်။ ယုကသာ ခေါင်းခါမိသည်။

"ဖေဖေ ကျန်းမာရေးမကောင်းလို့ သမီးက အိုးမကွာ၊ အိမ်မကွာအလုပ်လုပ်ချင်လို့ စီစဉ်တာပဲ အဖေရယ်၊ ဟိုဘက်ခြံက လူကလည်း သဘောတူတယ်လို့ လက်မှတ်ထိုးမပေးနိုင်ဘူးလို့ပြောတာမှ မဟုတ်တာ။ သမီးနဲ့ထိုက်ရိုက်ပြောချင်တယ်လို့ ပြောတာပဲဟာ"

"အဲဒါ 'ဖောင်း'ပေါ့ သမီးရဲ့၊ ဒီကုမ္ပဏီက သမီးဦးဆောင်ပေမယ့် ဖေဖေ့ ပိုင်ဆိုင်မှုပဲ၊ ပြီးတော့ သူက လူပျို၊ သမီးက အပျို၊ အပျိုတစ်ယောက်ရဲ့ အဖေကို ဦးသမီးနဲ့ပဲ ပြောပါရစေလို့ပြောတာ ရိုင်းတယ်ဆိုတာ ဒီလူ အားလည်းတို လည်ရမယ်"

www.burmeseclassic.com



အသက် ၂၈ နှစ် ရှိနေပြီဖြစ်သော သမီးပျိုကို ခံတွင်းထဲမှာ ငုံထားချင်သေး ဟန်ရှိသော ဖခင်ကို ယုက ချစ်မြတ်နိုးစွာ နောက်မှသိုင်းဖက်လိုက်သည်။

"သိပ်လည်း လျှောက်မတွေးပါနဲ့ ဖေဖေရယ်၊ ဒီ ကိုမင်းဇင်ကလည်း မိဘကသာ ချမ်းသာတာ၊ သူ လုပ်သမျှ စီးပွားရေးလုပ်ငန်းတွေက တစ်ခုမှလည်း အဆင်မပြေ။ လောလောဆယ် ဒီအတိုင်း ငုတ်တုတ် ထိုင်စားနေရတုန်းမို့ စိတ်တိုပြီး ပြောမိ ပြောရာ ပြောမိတာ နေမှာပါ"

"ပညာတန်ဖိုးကို နားမလည်လို့ဖြစ်တာ သမီး၊ ဒါလည်း သနားစရာ မဟုတ်ဘူး"

ဖခင်ကတော့ ပြတ်ပြတ်ပင် မှတ်ချက်ချသည်။

မှန်တော့လည်း မှန်သည်။ ပညာမတတ်၊ ဆင်းရဲနွမ်းပါးသော မိဘမှ ပေါက်ဖွားလာခဲ့သော ဖခင်သည် ငယ်စဉ်က ပညာနောက်သို့ ကောက်ကောက်ပါအောင် လိုက်ခဲ့သည်။ အတတ်ပညာပြည့်စုံမှ စီးပွားရေးနယ်ပယ်ထဲသို့ အရင်းအနှီး နည်းပါးစွာ ပညာအားကိုးနှင့် ဝင်ရောက်ရာမှ အောင်မြင်ခဲ့သူဖြစ်သည်။ တစ်ဦးတည်းသော သမီးဖြစ်သူကိုလည်း ရွှေပုံ၊ ငွေပုံပေါ်တင်မထား။ ဝါသနာပါရာ အသက်မွေးဝမ်းကျောင်းပညာကို လေ့လာ သင်ယူစေသည်။ ကျွမ်းကျင်ပြီဆိုမှ ငွေအရင်းအနှီး ထုတ်ပေးသည်။

ကိုမင်းဇင်ကတော့ တစ်သက်လုံး ရွှေပုံ၊ ငွေပုံပေါ်တွင် ခံစားခဲ့ရသည်ကို အနှစ် ၂၀ ခန့် ခြိမ်းချင်းဖြစ်ခဲ့သူတွေမို့ သူတို့သားအဖ ကောင်းကောင်းသိသည်။

ပညာမပြည့်စုံဘဲ အရင်းအနှီးအားကိုးနှင့် တစ်နပ်စား စီးပွားရေးလုပ်ငန်းများ လျှောက်လုပ်ခဲ့ရာ ရေရှည်တွင် အနုတ်လက္ခဏာသာ အမြဲပြနေခဲ့သည်။ ယခုတော့ မိဘများကလည်း ဆုံးပါးသွားကြပြီ။ အမွေအနှစ်တစ်ပုံကြီးကိုင်၍ ယောင်ဝါးဝါး ဖြစ်နေဆဲ။

ကိုမင်းဇင်၏မိဘများကို သတိရတော့ ယုသက်ပြင်းချမိပြန်သည်။ သဘောအလွန်ကောင်းသော အန်ကယ်နှင့် အန်တီ။ ယုကိုလည်း သမီးအရင်းတမျှ ချစ်ကြသည်။ သူတို့သာရှိနေလျှင် ဒီတိုက် ဆောက်ခွင့်လက်မှတ် ဒီလောက် ခက်မည်မထင်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတော့ ရှိသည်။ သူတို့က ယုကို သူတို့သားနှင့် ကမ်းလှမ်းဖူးသည်။

"ကလေးတွေက ရည်ငံနေကြလို့လား၊ သမီးကတော့ အမြဲတမ်း အဖေကို ပွင့်ပွင့်လင်းလင်းပဲ ပြောတတ်တာ၊ ဘာမှတော့ မောင်မင်းဇင် အကြောင်း ပြောမထားဘူး"

ကိုမင်းဇင် ဖခင်ကြီး အမ်းသွားခဲ့သည်။

"ကလေးတွေကတော့ သူငယ်ချင်းအဆင့်ပဲ ထင်ပါတယ်၊ အခုက သားက ပူဆာလို့ ကျွန်တော်တို့က လူကြီးချင်း အရင်ညှိတာပါ"

"လူငယ်တွေ ကိစ္စပဲဗျာ၊ လူငယ်တွေ ရည်ငံကြလို့ကတော့ ကျွန်တော် တန့်ကွက်စရာ မရှိပါဘူး၊ လူကြီးတွေက စီစဉ်တာမျိုးတော့ ကျွန်တော်လည်း သမီးကို ပြောမထွက်ဘူး"

ဖခင်ဖြစ်သူ၏ ပြတ်သားသော စကားကြောင့် နှစ်အိမ်ဆက်ဆံရေး ခပ်တန်းတန်း ဖြစ်သွားခဲ့ကြဖူးသည်။ ကိုမင်းဇင် မိဘများ ကွယ်လွန်သည် အထိပင်။

ယုက ပခုံးပေါ်ဝဲကျနေသော ဆံနွယ်လေးများ ဖျတ်ခနဲ ခါ၍ ဆုံးဖြတ်ချက် ချလိုက်သည်။

"သမီး သွားတွေ့ကြည့်လိုက်ပါဦးမယ် ဖေဖေရယ်၊ ထင်သလောက် ခက်ချင်မှ ခက်မှာပါ"

(၂)

ဘာသနပ်ခါး၊ ဘာမိတ်ကပ်မှ လိမ်းခြယ်မထားသဖြင့် မိုးရေစက်တို့ စွတ်ထားသည့် စံပယ်ပန်းပွင့်လေးတစ်ပွင့်လို ကြည်လင်သန့်ရှင်းနေသော မျက်နှာလေးကို မှင်တက်ငေးမောမိနေသဖြင့် ကိုမင်းဇင် ရုတ်တရက် ဘာစကားပြောရမှန်းပင် မသိ။

"အစ်ကို မင်းဇင်၊ ဒီမှာလေ ဘာလူးပရင့်"

ယုစံပယ်က သတိပေးတော့မှ ယောင်ယမ်း၍ သူ့ရှေ့စားပွဲပေါ်တွင် ချထားသော အိမ်ဆောက်မှုကြမ်းနှင့် အိမ်နီးချင်း သဘောတူညီချက် စာချုပ်ကို ငုံ့ကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ဒါနဲ့ ဒါက ဘယ်သူ ဆွဲတာလဲဟင်"

"အစ်ကိုလင်းခိုင်တို့ ကုမ္ပဏီပါ"

တောက်. . . ထင်တဲ့အတိုင်းပါပဲလား

ကိုလင်းခိုင် ဆိုသည်က ကိုမင်းဇင်နှင့် သက်တူရွယ်တူ။ သည်လမ်းထဲကို ပြောင်းလာသည်ကတော့ ၄-၅ နှစ်ပဲ ရှိသေးသည်။ ဗိသုကာပညာရှင်တစ်ဦး။ အဆောက်အအုံ ဒီဇိုင်းများ ရေးဆွဲခြင်း၊ အဆောက်အအုံများ မွမ်းမံတည်ဆောက်ခြင်းနှင့် ပတ်သက်သော ကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်သည်။ ပိုင်ရှင်တော့မဟုတ်။ ပညာရှင်ကြေးကတော့ တော်တော်မြင့်သည်ဟု ကြားဖူးသည်။

ဒီလမ်းထဲက အိမ်ဆိုသည်မှာ တကယ်တော့ သူ့အိမ်မဟုတ်။ သူ့ကုမ္ပဏီ ရုံးခန်းမှာ သူ့ကို အခန်းတစ်ခန်းနှင့် နေခွင့်ပြုထားခြင်း ဖြစ်သည်။ ဖစ္စည်းဥစ္စာ၊ မိဘ အရှိန်အဝါအရ ကိုမင်းဇင်ကို ယှဉ်ဝံ့စရာ ဘာမှ အကြောင်းမရှိ။ သို့သော် ယု တစ်ယောက်ကတော့ ကိုလင်းခိုင်၏ ပညာအရည်းအချင်းကို လေးစား အထင်ကြီးသွားဟန်တူသည်။ ကိုလင်းခိုင်နှင့် အချိန်တိုတိုအတွင်းမှာ အတော်ရင်းနှီးသွားကြပြီး အစ်ကိုလင်းခိုင်တွေ ဘာတွေဖြစ်သွားသည်။

"ကိုလင်းခိုင်ကိုယ်တိုင် ဆွဲတာပေါ့ ဟုတ်လား"

"ထင်တာပဲ အစ်ကိုမင်းဇင်၊ ဘာဖြစ်လို့လဲ"

"ထင်တာပဲ. . . ဟုတ်လား. . ."

ဟု တိုးတိုးရေရွတ်မိသည်။ သူက သူ ဆွဲပေးတာလို့ ယုကို မပြောဘူးလား၊ ဆွဲခရော တောင်းလို့လားဟု မေးမိသည်။ ယုက တောင်းပါတယ်ဟု ပြောကာ သူ့ရှင်းပေးခဲ့ရသည့်ငွေကို ပြောပြသည်။

လက်စသတ်တော့ ဒီလိုကိုး။

ယုပြောပြသည့်ငွေမှာ သူကြားထားသော လင်းခိုင်တောင်းနေကျနှုန်းထက် အများကြီး နည်းနေသည်။ သူကိုယ်တိုင် ဆွဲပေးလိုက်ကြောင်းပြော ပိုက်ဆံမယူဘဲ ပေးလိုက်လျှင် အားနာတတ်သော ယုစိတ်ယဉ်က ထိုထက်မက တန်ဖိုးရှိသော လက်ဆောင်တစ်ခုခု သွား၍ ကန်တော့မည်ပင်။ ဒီတော့ ဒီကောင်က ဘာမှမပြောဘဲ စတီယူလိုက်ဟန်တူသည်။ ဒါတွေဘာတွေဆောက်လျှင်တောင် မှန်မှန်လာကြည့်ပေးမည်။ ယုဆီက ငွေကို မယူဘဲ

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်မှုကို ရအောင်ယူပြီးမှ စည်းရုံးမည်။ မင်းပညာ ဒါအံကုန်ပဲလား လင်းခိုင်။

"ဒီကိုလင်းခိုင်က နာမည်ကြီး ဗိသုကာပဲ မဟုတ်လား"

"ဟုတ်တယ်လေ"

"ဒီလူ ဒီလောက် မစဉ်းမစား လုပ်တတ်တာတောင် လူတွေက ဘာကြိုက်နေကြတယ် မသိဘူး၊ ဒီပုံစံက တော်တော်အားနည်းနေတယ်၊ အဲဒါ ယုကို ပြောပြချင်လို့ အန်ကယ်ကိုတော့ အားနာတာနဲ့ ယုကို ခေါ်လိုက်တာပါ"

ယုက မျက်မှောင်လေးကြုတ်သည်။

"ဘာတွေမှားနေလို့လဲ အစ်ကိုမင်းဇင်"

"ဒီ ဝရန်တာလေ၊ ဒီဝရန်တာက အစ်ကိုတို့အိမ်ဘက် မျက်နှာစာမှာ၊ အဲဒီကနေ ရေကျရင် အစ်ကိုတို့ခြံထဲဘက် စင်ကျမှာ။ ဒီဘက်က စံပယ်ပန်းရုံတွေ ထိခိုက်နိုင်တယ်။ ယုနဲ့ အစ်ကိုတို့ဆိုတာက အချင်းချင်းတွေ ဘာမှ ပြဿနာ မရှိဘူး။ ဒါပေမယ့် သူသာ ပညာရှင်အစစ်ဆိုရင် ကြိုစဉ်းစား ထားရမယ်။ ယုတို့လည်း ဒီမှာ အမြဲနေချင်မှ နေမှာပေါ့။ အစ်ကိုတို့ဘက်မှာ လည်း အိမ်ရှင်အသစ် ဖြစ်နိုင်တယ်။ အဲဒီကျတော့ တစ်ယောက်နဲ့တစ်ယောက် ခေါ်စ်အင်န်ဒါစတန်းနင်းတွေ ဖြစ်လာကြရင် ဘယ်ကောင်းမလဲ။ လူဆိုတာ မြတ်ရယ် အက်စ်ပက်ကိုကြည့်ရတယ်လို့ သူ့ကို ရှင်းပြလိုက်ပါ"

ယုစံပယ် မျက်နှာပေါ်တွင် စိတ်ရှုပ်သွားဟန် အနည်းငယ်ပေါ်သွား သည်။

"အမှန်ကတော့ အဲဒီဝရန်တာက ယုက ထည့်ဆွဲခိုင်းလိုက်တာပါ၊ အစ်ကို မင်းဇင်ထောက်ပြတာလည်း မှန်ပါတယ်၊ ကဲလေ ယုတို့ အဲဒီဝရန်တာ ဖျက်ရာဖယ်ပြီး ပြန်ပြင်ဆွဲပေးရင် အစ်ကိုမင်းဇင် လက်ခံမယ်ပေါ့"

ကိုမင်းဇင်က ပခုံးတွန့်ပြသည်။

"ဒီဖိုင်းတော့ ပြန်လာပြလေ၊ အစ်ကိုက ယုဆိုရင် ကူညီချင်ပါတယ်။ ဒီသူသာ မစဉ်းမစားနဲ့ ဘာတွေထပ်ဆွဲဦးမယ်မသိလို့ စစ်ဆေးနေရတာပါ၊ ကောင်းတာက ယုတို့ အာခီတက် ပြောင်းလိုက်ပါလား"

ထပြန်သွားသော နောက်ကျောလှလှလေးကိုတော့ ရိပ်ခနဲ ငေးလိုက် သည်။ သူ့ကို နှုတ်ဆက်သွားသံတော့ ကြားမိလိုက်သည်ဟု မထင်မိ။

www.burmeseclassic.com

www.burmeseclassic.com



(၃)

လှပသော မျက်နှာလေး ခပ်အိုအို သုန်သုန်မှုန်မှုန် ဖြစ်နေသည်ကို ဝင်လာကတည်းက ရိပ်စားမိသော်လည်း မသိချင်ယောင်ဆောင်၍ ကိုလင်းခိုင် မေးခွန်းထုတ်မိသည်။

"အဆင်ပြေလား. . . ယု"

ခေါင်းခါပြသည်။

"မဆောက်ချင်တော့ပါဘူး အစ်ကိုရယ်၊ ဒါပါနဲ့ဆို အစ်ကိုလည်း ပြင်ဆွဲရတာ သုံးခေါက်ရှိနေပြီ။ အခေါက်တိုင်းမှာလည်း သူက ဘယ်သူဆွဲ သလဲက စမေးတာပဲ။ အစ်ကိုပဲလို့ ပြောတာနဲ့ ထားခဲ့ပါဆိုပြီး တစ်ရက်၊ နှစ်ရက်နေတော့ ဟိုဟာ အဆင်မပြေဘူး၊ ဒီဟာ အဆင်မပြေဘူး ပြောတာပဲ။ အစ်ကိုနဲ့ ယု ရင်းနှီးတာကို မနာလိုလို့ သက်သက်လုပ်နေတာလို့ ထင်တာပဲ"

ရင်ထဲရှိသည့်အတိုင်းသာ ပြန်ဖြေရလျှင် ဟုတ်တယ်ဟု ဆိုရုံသာ ရှိသည်။ သို့သော် သည်သို့သာ ထောက်ပြမိပါက မိမိ၏ကိုယ်ကျင့်တရား အဆင့်အတန်းသည် ဟိုလူနှင့် ပိန်မသာလိန်မသာ သာ ရှိတော့မည်။ ဒီတော့ ပြောချင်သည့်စကားကို ချုပ်တည်း၍ ယုနဲ့ အစ်ကိုနဲ့က သူ မနာလိုလောက် အောင် ရင်းနှီးလို့လားဟု ရယ်စရာ လုပ်လိုက်ရသည်။

ယုက မျက်စောင်းလှလှလေး တစ်ချက်ထိုးသည်။

"အစ်ကိုနော် စိတ်ညစ်ရတဲ့အထဲ လာစမနေနဲ့၊ အခု ပြင်ဆွဲပေးခတွေ တစ်ခုမှ ရှင်းလို့ မရတာ၊ အဲဒါ မရင်းနှီးသေးဘူးလား"

ပခုံးတွန့်ပြလိုက်သည်။

"ဒါက အစ်ကို့တာဝန်လေ၊ အစ်ကို့ပုံစံ အဆင်မပြေလို့ ပြင်ဆွဲတာ အစ်ကို ဘယ်ယူလို့ ဖြစ်မလဲ။ ဒါပေမယ့် ဒီတစ်ခါတော့ ပြင်လည်း ပြင်ပေးမယ်၊ ပိုက်ဆံလည်း ယူမယ် သိလား"

"တကယ်လား"

"တကယ်ပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ ဒီတစ်ခါ ပြင်မယ့်အထဲမှာ ရေးဆွဲသူ နာမည်ပါ ပါတယ်လေ။ အစ်ကို့ဆရာတစ်ယောက်ကို ပြခိုင်းမှာ သူက ယူမှာပေါ့" ယု သက်ပြင်းချသည်။

"အင်းလေ အဲဒီလို တစ်ကြိမ်တော့ ကြိုးစားကြည့်ကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



(၄)

"ပေါ်တင်ကြီးပဲ ဖေဖေရယ်၊ နှစ်ယောက်စလုံးကို မုန်းလိုက်တာ"

နှုတ်ခမ်းလေး တစူစူနှင့် မြည်တွန်တောက်တီးနေသော ယုစံပယ်ကို ကြည့်၍ ဖခင် ဦးစောယု ရယ်မိသည်။

"မောင်မင်းဇင်နဲ့ မောင်လင်းခိုင်တို့လား။ သမီးက ဘာတွေ မကျေနပ် ဖြစ်နေတာလဲ"

"ဖြစ်တာပေါ့ ဖေဖေရဲ့၊ ကိုမင်းဇင်ကလည်း ဘလူးပရင့်ကို အစ်ကိုလင်းခိုင်နဲ့ မဟုတ်တော့ဘူးဆိုပြီး ပြောင်းအပ်တာနဲ့ တစ်ခါတည်း လက်မှတ်ထိုးပေးလိုက်တယ်၊ အစ်ကိုလင်းခိုင်အပေါ် စိတ်ပုတ်တာ ပေါ်တင်ကြီး"

ဦးစောယုက ပြုံး၍ ဒါနဲ့ဘာကိစ္စ မောင်လင်းခိုင်ကိုပါ မုန်းရတာလဲဟု မေးသည်။

"မုန်းတာပေါ့၊ သူ့ဆရာက ပြင်တယ်ဆိုရုံလေး ပြင်ပေးလိုက်တာ၊ သူ့ဆရာ ယူတဲ့နှုန်းကိုကြည့်တော့မှ သူ သမီးကို အရင်တောင်းထားတာ အလကားနီးနီး ဖြစ်နေတာကိုး။ သမီးကိုတော့ သူက ပုံမှန် ကျွန်တော် အဲဒီလောက်ပဲ ယူပါတယ်လို့ ပြောတာ၊ ဒါ သက်သက်ညာပြီး လုပ်ပေးတာပေါ့"

ဦးစောယုက ဟက်ဟက်ပက်ပက် ရယ်သည်။

"ဒါက သမီးကို စိတ်ဝင်စားနေလို့ သက်သက်ကူညီတာပဲ သမီးရယ်၊ ဘာဆိုးစရာလား"

ဟု ပြောသည်။

"ဆိုးတာပေါ့ ဖေဖေရဲ့၊ ကူညီချင်လည်း ကူညီလိုက်ပေါ့၊ သမီးက အကြွေးတင်မှာပေါ့၊ အခုက ကူလည်း ကူညီသေးတယ်၊ ကူညီမှန်းမသိအောင်လည်း ညာထားသေးတယ်"

ဦးစောယုက အပြုံးမပျက် ခေါင်းခါပြသည်။

"ဒါ မရိုးမဖြောင့်တာ မဟုတ်ဘူး သမီး၊ လောကမှာ ကိုယ်ပိုင်အရည်အချင်း၊ လူစွမ်းလူစ ရှိတဲ့လူနဲ့ မရှိတဲ့လူ ဆိုတာရှိတယ်။ တကယ်အရည်အချင်းရှိတဲ့လူက သူ့မှာ ရှိတဲ့အရည်အချင်းနဲ့ သူများကို အလွယ်တကူ အကူအညီ ပေးလေ့ရှိတယ်။ သူ့မှာက ကူညီနိုင်တဲ့ အရည်အချင်းက အမြဲရှိနေတော့ ကူညီဖို့ကိုလည်း လက်မနှေးဘူး။ ကူညီရာကနေလည်း ဘာ

www.burmeseclassic.com



အကျိုးအမြတ်မှ ပြန်ရဖို့ မျှော်လင့်ချက်မထားတတ်ဘူး"

ဦးစောယုက စကားဖြတ်၍ ကိုမင်းဇင်တို့ ခြံဘက်သို့ လက်မလေး မသိမသာ ညွှန်ပြသည်။

"အေး ကိုယ်ပိုင်အရည်အချင်းမရှိတဲ့ လူတွေကတော့ ကိုယ့်မှာ ရှိသမျှ လုပ်ပိုင်ခွင့်လေးတွေကို အသုံးပြုပြီး သူများ ပုံမှန်ဆောင်ရွက်နေတဲ့ ကိစ္စလေးတွေကို လိုက်ထစ်ထားတတ်တယ်၊ သူ့ ခွင့်ပြုမှ ဖြစ်မယ်ဆိုတာကို သူများ သဘောပေါက်အောင် စကားလုံးကြီးတွေ အကြီးအကျယ် ကွေ့ပတ်ပြောပြီး ခမ်းနားအောင် တန်ဆာဆင်တတ်တယ်။ နောက်ဆုံးသစ်ထားတာလေးကို ဖြုတ်ပေးလိုက်ရတာကိုပဲ သူက အကြီးအကျယ် ကူညီလိုက်ရသလိုလို တန်ဆာဆင် ပြောတတ်တယ်။ အဲဒီ ကူညီမှုလေးအတွက်လည်း ကျေးဇူးတင်တာ၊ တုံ့ပြန်တာ တစ်ခုခု အမြဲမျှော်လင့်တတ်တယ်"

"ဟုတ်ပ ဖေဖေရယ်။ အခုပဲ သမီးကို ညစာလိုက်ကျွေးချင်လို့တဲ့"

"သမီးက ငြင်းလိုက်တယ် မဟုတ်လား"

"စားပွဲပေါ်က လက်မှတ်ထိုးပြီးတာနဲ့ ငြင်းလည်းငြင်း၊ ပြန်လည်း ထွက်ခဲ့ရော"

သားအဖနှစ်ယောက် ပြိုင်တူ ရယ်မိကြသည်။

ဦးစောယုက ဘေးချင်းယှဉ်ထိုင်နေသော ယုစံပယ်၏ ပခုံးလေးကို ဖက်၍ လောကကြီးမှာ လူက အဲဒီနှစ်မျိုးပဲရှိတာ သမီးရဲ့။ နှစ်မျိုးစလုံးကို သမီးက မုန်းတယ် ဆိုရင် ငါ့သမီး ချစ်ရမယ့်လူ လောကကြီးမှာ ဘယ်ရှိတော့မလဲ ဟု စသည်။

(၅)

"ယု အိမ် ပြီးသွားပြီဆို"

"ဟုတ်တယ်. . . အဲဒါ ကိုမင်းဇင်ကို လာဖိတ်တာ"

တစ်နှစ်မပြည့်ခင် အိမ်ကိုပြီးအောင် ဆောက်လိုက်နိုင်သော ဆောက်လုပ်ရေးအဖွဲ့ကို အံ့ဩမိရင်းက ကိုမင်းဇင် ယုစံပယ်အို ဧည့်ခန်း ကုလားထိုင်တွင်ထိုင်ရန် နေရာပြပေးလိုက်သည်။

"ဒါ ကုမ္ပဏီ ရုံးခန်းဖွင့်ပွဲပေါ့. . . ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ယုစံပယ်က ရှက်ကိုးရှက်ကန်းဟန်ဖြင့် ရယ်သည်။

"ဒါ ကုမ္ပဏီ မဖွင့်ဖြစ်တော့ဘူး. . . ကိုမင်းဇင်ရဲ့၊ ဖေဖေက မြို့ထဲမှာ တိုက်ခန်းတစ်ခန်း ထပ်ဝယ်ပေးတယ်။ အပေါ်ထပ် အောက်ထပ် တွဲလျက်ပေါ့"

ကိုမင်းဇင် မျက်မှောင်ကုတ်မိသည်။

"ဘာဖြစ်လို့လဲ"

"ဝရန်တာ ကိစ္စပေါ့. . . ကိုမင်းဇင်ရယ်၊ ယုတို့ အလုပ်က ကိုယ်နမူနာ ဆွဲပြထားတဲ့ လေးအောက်တွေကို သဘာဝအလင်းနဲ့ ကပ်စတာမာကို ပြရတာမျိုး၊ နေရောင် ကောင်းကောင်းဝင်တဲ့ ဝရန်တာလေး တွဲထားမှ အဆင်ပြေတာ။ ကိုမင်းဇင် ကလည်း သဘောမတူတော့ မြို့ထဲမှာပဲ ဝရန်တာ ပါတဲ့အခန်း ဝယ်လိုက်ရတယ်"

ကိုမင်းဇင်မျက်နှာ ထူအမ်းအမ်းဖြစ်သွားပြီး. . .

"အဲဒီလို အစက ပြောပြပါလား ယုရယ်"

ဟု တိုးတိုးပြောမိသည်။

"ရပါတယ်၊ ကိုမင်းဇင် ပြောသလိုပဲ။ ကိုမင်းဇင်က မပြောတောင် နောက် ပြောင်းလာတဲ့လူတွေက ပြောချင်ပြောဦးမှာ။ ဒါနဲ့ မြို့ထဲမှာပဲ ဆိုင်ခန်းဖွင့်လိုက်တယ်"

ကိုမင်းဇင်က ကြောင်တက်တက်နှင့်၊ ယုစံပယ်က လက်ထဲက ဖိတ်စာကို မြှောက်ပြ၍. . .

"ဒါက အိမ်သစ်တက် သက်သက်ပဲပေါ့ ဟုတ်လား"

ဟု မေးမိသည်။ ယုစံပယ်က ရှက်ကိုးရှက်ကန်း ရယ်ပြန်သည်။

"အိမ်သစ်တက်ပါ၊ တစ်ဆက်တည်းပေါ့. . . ကိုမင်းဇင်ရယ်၊ အဲဒါ သူ့ မင်္ဂလာဆောင်ဖိတ်စာ၊ လက်ထပ်ပြီးရင် ယုတို့က အဲဒီနောက်ဖေး ဆိုက်လေးမှာ နေမှာ၊ ဟိုဝရန်တာကိုပြင်ပြီး ဂလပ်စ်ဘရစ်ခ် (ဖန်အုတ်)တွေနဲ့ ပိတ်လိုက်တဲ့ နေရာလေးလေ။ အဲဒါကိုတောင် အစ်ကို လင်းခိုင်က သဘောကျလို့ မာစတာ ဘက်ဒ်ရွမ်း ဖြစ်အောင် ပြင်ပေးလိုက်သေးတယ်"

"အစ်ကို လင်းခိုင် ဟုတ်လား"

ယုက လျှာလေးတစ်လစ် ထုတ်ပြသည်။

"ဟုတ်ပါရဲ့၊ ကိုမင်းဇင်မှ မသိသေးပဲကိုး။ အစ်ကို လင်းခိုင်က

www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ် ဘွတ်ကင် သွားလုပ်နေလို့ ပါမလာတာ။ သတို့သားက သူလေ"

ယုစံပယ် ဘာတွေ ဆက်ပြောနေသည်လည်း သူ သတိမထားမိ။ ဘယ်အချိန် နှုတ်ဆက်၍ ထထွက်သွားမှန်းလည်း သူ သတိမထားမိ။ သူ့နား ထဲတွင် ဂလပ်စ်ဘရစ်ခ် (ဖန်အုတ်)တွေနဲ့ ပိတ်လိုက်တဲ့ နေရာလေးလေ ဆို သည့်စကားက အူထွက် နေလောက်အောင် ပဲ့တင်ပြန်နေသည်။

သည်တစ်ခါတော့ သူ တကယ်ပြောင်းမှ ဖြစ်တော့မည်။ မပြောင်းလျှင် သူ တစ်ဖက်သတ်ချစ်ခဲ့ရသည့် မိန်းကလေးနှင့် သူ့ ချစ်သူတို့ အုန်းစက်ရာ ယှဉ်တွဲမည့် အိပ်ခန်းက သူ့အိပ်ခန်း ဝရန်တာနှင့် တည့်တည့် ဖြစ်နေသည်ကို သူ ဘယ်လို နေ့စဉ် ခံစားနိုင်ပါမည်တဲ့လဲ။

အညှိုးကြီးလှချည့် ကံတရားရယ်၊ ကျွန်တော် ဘာများ မှားခဲ့မိလို့လဲ။

**Perfect** မဂ္ဂဇင်း
၂၀၀၈၊ ဇွန်

* * *

www.burmeseclassic.com

www.burmeseclassic.com

# အပြာရောင်သွားနဲ့ အဖြူ

## (၁)

သိန်းထောင်ချီပေးရသော ကားကို လူ၊ ဆိုက္ကား၊ ဘတ်စ်ကားရှုပ်ထွေးလှသော လမ်းမပေါ် မောင်းလာသော ဆရာဝန်ကြီး၏စိတ်ကို 'ခတ္တာ'နားလည်၍ မရ။ ငါ့လိုသာဆိုရင်ဖြင့် ထိမိ၊ ခိုက်မိမှာ စိုးတာနဲ့ နေရာတင် ရပ်နေရမှာပဲဟု တွေးမိသည်။ အင်းလေ. . . လစာ တစ်လသုံးသောင်းသာ ဝင်ငွေရှိသော သူနာပြုအကူ အသက် ၂၀ အရွယ် မိန်းကလေးတစ်ယောက်၏ 'သိန်းထောင်ချီ'သော ငွေအပေါ်တွင် မြင်သောတန်ဖိုးနှင့် ဆေးကုသတာကရော၊ ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းတွေကပါ လစဉ်သိန်းပေါင်းများစွာ ဝင်ငွေရှိနေသော ဆရာဝန်ကြီး၏ 'သိန်းထောင်ချီ'သော ငွေအပေါ်မြင်သော အမြင်က ဘယ်တူနိုင်ပါမည်နည်း။

တွေးလက်စအတွေးကိုရပ်၍ ဆေးခန်းရှေ့ ကားရပ်ရာနေရာတွင် ရပ်လိုက်သော ကားကြီးဆီ အပြေးတစ်ပိုင်းဆင်းခဲ့သည်။

ခတ္တာ၏ အတော်ကလေးမြင့်သော အရပ်ထက်ပင်မြင့်နေသော ကားကြီး၏ တံခါးပွင့်၍ အသက် ၄၀ ဟု ခတ္တာထင်သော ဆရာဝန်ကြီး ခြေတစ်ဖက် ဆင်းလာသည်။

ဖြူနုသော အသားအရေတွင် ကိုင်းအမည် အပေါ်တစ်ခြမ်းသပ်ထားသော ခေတ်မီမျက်မှန်တစ်ဖက်က ထင်းခနဲ ပေါ်နေသည်ကို ကြည့်ရင်း . . . မာတ်ပုံတွေထဲမှာ မြင်ဖူးတာထက်တောင် ပိုချောနေပါလားဟု ခတ္တာ စိတ်ထဲက မှတ်ချက်ပြုမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီးက ကားအတွင်းဘက်သို့လှည့်၍ တစ်ခုခုရှာနေရင်းက ပါးစပ်က တစ်ခုခုတိုးတိုး တရစပ် ရေရွတ်နေသည်။

"မင်္ဂလာပါ. . . ဆရာကြီး၊ အိတ်ကို သမီးကို ပေးပါရှင့်။ သမီး ဆွဲခဲ့ပါမယ်"

ဆရာဝန်ကြီးက ခတ္တာဘက် ပြန်လှည့်ကြည့်၍. . .

"ဘာလဲဟင်၊ သမီး ဘာပြောလိုက်တာလဲ"

ဟု အနည်းငယ်ကျယ်သော်လည်း ဖော်ရွေသောအသံဖြင့် မေးသည်။

ဟုတ်ပါရဲ့. . . ။

ဆရာဝန်ကြီး၏ ညာဘက်နားတွင် ကြိုးမပါသော နားကြပ်တစ်ခု တပ်ထားပါလား၊ သနားပါတယ်၊ နား၊ သိပ်မကောင်းဘူးကိုး. . . ဟု တွေးမိသည်။

ခတ္တာက အသံအနည်းငယ်မြှင့်၍ ခြေဖျားလေးထောက်ပြီး. . .

"ဆရာကြီး သမီးအိတ်ဆွဲခဲ့ပါမယ်ရှင့်"

လို့ အော်ပြောလိုက်သည်။

ဆရာဝန်ကြီးမျက်နှာက အနည်းငယ် အံ့ဩဟန် ဖြစ်သွားသည်။ ညာဘက်က နားတွင် တပ်ဆင်ထားသော နာကြပ်ကိရိယာကို ယောင်ယမ်းစမ်းကြည့်မိသည်။ ပြီးတော့ ဖွဖွပြုံး၍. . .

"အေး. . . အေး သမီး"

ဟု ဆိုသည်။

## (၂)

"ဆရာကြီး အခန်းဝင်နေကျတစ်ယောက် စာပေးစာယူ စာမေးပွဲ ဖြေဖို့ ခွင့်ယူထားလို့ပါ ဆရာကြီး"

ဟု မရဲတရဲပေမယ့် ခပ်ကျယ်ကျယ် အသံနှင့် ပြောသော ခတ္တာကို ဆရာဝန်ကြီးက ပြုံး၍ ကြည့်ပြီး. . .

"ဒါဆို သမီး ဝင်လေ"

ဟု ပြောသည်။

အကြီးတစ်ယောက်ဝင်ရန် စီစဉ်ထားပြီးဖြစ်ပေမယ့် ဆရာဝန်ကြီး ကိုယ်တိုင်က သူနာပြုအကူ ပေါက်စကို လိုလိုလားလား ဖိတ်ခေါ်တော့ ခတ္တာ

www.burmeseclassic.com



မငြင်းရဲတော့။ တာဝန်ခံဖြစ်သူ အစ်မကို သွားပြောတော့ အစ်မက အံ့ဩဟန် ပြသည်။

"ဆရာကြီး ဦးမျိုးသိုက်က သိပ်တိကျတာနော်. . . ညီမလေး၊ သတိထား။ လူနာကို သွေးပေါင်ချိန်မယ်ပြောလို့ ပတ်ပေးရင် ညာဘက်လက်ကြီးက အပေါ်က ထွက်ရမယ်၊ ဓာတ်ခွဲခန်းဓာတ်မှန်စာရွက်ကို ညီမလေးက ခြစ်ပေးရမယ်။ လူနာ နာမည်၊ အသက်ဖြည့်ပေးရမယ်၊ ဖြစ်ပါ့မလား။

"ကြိုးစားပါ့မယ်. . . မမ"

"အေးလေ. . . ရုပ်ကလေးက ဒီလောက်လှတော့လည်း ဆူမှာ တော့တ်ပါဘူး"

"ရှင်. . . မမ"

"ဘာမှ မဟုတ်ဘူး၊ သွား. . . သွား မြန်မြန်"

ခတ္တာ ဆရာဝန်ကြီးအခန်းထဲ အပြေးတစ်ပိုင်း ပြန်ဝင်ခဲ့သည်။ ဆရာဝန် ကြီးက ပထမလူနာပင် စ၍စမ်းနေလေပြီ။

(၃)

ဆရာဝန်သုံး နားကြပ်ကိုဖြုတ်၍ လည်ပင်းတွင်ချိတ်ပြီး လူနာနှင့် ရင်းရင်းနှီးနှီးပြောဆိုနေသော ဦးမျိုးသိုက်ကိုကြည့်၍ ခတ္တာ နားမလည်နိုင် အောင် ဖြစ်နေသည်။

ကားပေါ်က ဆင်းတုန်းက နားမှာပါလာတဲ့ နားကြပ်ကလေးက စားပွဲ ပေါ်မှာ ဒီအတိုင်း ချထားတာပဲ။ ဆရာကြီး ဘာလုပ်လုပ် ကြားပါလိမ့်။ ဆရာဝန်သုံး နားကြပ်နဲ့ရော. . . လူနာ ဘယ်လို စမ်းပါလိမ့်။

ဆရာဝန်ကြီးကို လူနာက နှုတ်ဆက်ကျေးဇူးတင်စကားဆို၍ နေရာမှ ထသည်။ ခတ္တာက မရဲတရဲ ခပ်တိုးတိုးဖြင့်. . .

"ဆရာကြီး အပူသောက်မလား၊ အအေးသောက်မလားရှင့်"

ဟု မေးသည်။

ဆရာဝန်ကြီးက ပြုံးသည်။

"ဒီကောင်မလေး ငါ နားကြားမှန်း ရိပ်မိသွားပြီလား"

"ရှင်. . . ဟုတ်. . ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီးကရယ်၍ စားပွဲပေါ်က နားကြပ်လေးကို ကိုင်မြှောက်ပြသည်။

"အရှုံမလေး. . . ဒါ ဘလူးတုသ်လို့ခေါ်တယ်။ လက်ကိုင်ဖုန်းနဲ့ ကြိုးမပါဘဲ ဆက်ထားတဲ့ နားကြပ်၊ စောစောက ကားပေါ်မှာ ဆရာ ဖုန်းပြောနေတာ။ ဆရာ အသက် ၅၀ မပြည့်သေးဘူး။ ဂေါ့ဖ် မှန်မှန်ရိုက်တယ်၊ အစားအသောက် ဆင်ခြင်တယ်၊ အသက် ၂၀ လောက် ကျန်းမာတယ်၊ သိလား။ နားလေးဖို့ ဝေးရော. . ."

ခေတ္တာလက်အုပ်ချီ၍ ကန်တော့ပါဆရာကြီးဟု ပြောလိုက်ရသည်။

(၄)

"ဘလူးတုသ်ဆိုတာ မြန်မာလို တိုက်ရိုက်ဘာသာပြန်ရင်တော့ 'အပြာရောင် သွား"လို့ ပြန်ရမှာပေါ့ဟာ။ တကယ်တော့ စကားပြောတဲ့ မိုက်ရော၊ နားကြပ်ရောပါပြီး လက်ကိုင်ဖုန်းနဲ့ ကြိုးမပါဘဲ ဆက်သွယ်ထားတဲ့ ကွန်ပျူတာစနစ်တစ်ခုကို ခေါ်တာ။ အဲဒါမျိုးတွေ နားမှာတပ်ပြီး လျှောက်သွားနေတဲ့ သူဌေးတွေ အများကြီးပဲဟာ။ နင် မတွေ့ဖူးဘူးလား"

တစ်ဆောင်တည်းနေပြီး ကုမ္ပဏီတစ်ခုတွင် ကွန်ပျူတာကျွမ်းကျင်သူလုပ်နေသော သူငယ်ချင်းမလေး 'သက်နှင်းဆီ'က ရှင်းပြတော့ ခေတ္တာ ဇက်ပုပြသည်။

"ငါမှ သူဌေးတွေ သိပ်မမြင်ဖူးတာ၊ ဟီဟိ. . . သွားကြီးက တကယ် အပြာရောင် ဖြစ်နေရင် ပြုံးပြလိုက်ရင် ကြောက်စရာကောင်းမှာပဲ နော်"

သက်နှင်းဆီက ပြုံးရုံသာပြုံးသည်။

"ဘလူးတုသ်နဲ့ လူတွေပြုံးတာ ပိုတောင်ကြောက်စရာကောင်းသေးတယ်နော်. . . ခေတ္တာ"

ခေတ္တာ မျက်မှောင်ကျုံ့၍ ဘာလို့လဲ ဟုမေးသည်။ သက်နှင်းဆီက သက်ပြင်းချသည်။

"တို့လို အသက်ငယ်ငယ်နဲ့ မိဘကို နယ်မှာထားခဲ့ပြီး ရန်ကုန်မှာ ကျောင်း တစ်ဖက်၊ အလုပ်တစ်ဖက်နဲ့ လာရုန်းကန်နေရတဲ့ မိန်းကလေးတွေမှာ အန္တရာယ်တွေ အများကြီးနော်။ အထူးသဖြင့် နင်က ရုပ်ကလေးကလည်း

www.burmeseclassic.com

www.burmeseclassic.com



သိပ်လှတော့ ပိုအန္တရာယ် များတယ်၊ ရိုးကလည်း ရိုးလိုက်၊ အ လိုက်သေးတယ်။ အဲဒီ နင် သိပ်မမြင်ဖူးသေးတဲ့ ဘလူးတုသ်တပ်ထားတဲ့ သူဌေးတွေထဲမှာ သမီးအရွယ်၊ တူမအရွယ်၊ ညီမအငယ်ဆုံး လေးအရွယ်၊ မိန်းကလေးတွေကို သမီးလို၊ တူမလို၊ ညီမလေးလို စောင့်ရှောက်ရမယ့် အစား သူတို့ ခဏတာ ပျော်ရွှင်မှုအတွက် လွယ်လွယ်လေးအသုံးပြုပြီး လွယ်လွယ်လေး လွှင့်ပစ်သွားမယ့် လူစားမျိုးတွေ အများကြီး။ အဲဒါကြောင့် 'ဘလူးတုသ်'နဲ့ လူတွေပြုံးတာ ပိုကြောက်စရာကောင်းတယ်လို့ ပြောတာ"

ခတ္တာက နှုတ်ခမ်းလေးက စူသည်။

"ငါ အဲသလောက်တော့လည်း မအပါဘူးဟယ်"

ပြီးတော့ သူတို့ လှည့်ဖြားတိုင်း ငါတို့က ခံမှာမို့လို့လား။ တစ်မိုင်အကွာ အဝေးလောက်ကတည်းက ပြေးမှာပေါ့" ဟု ပြောသည်။

"နင် လျှော့မတွက်နဲ့၊ အဲဒီလိုလူမျိုးကြီးတွေက ငါပြောသလိုပဲ၊ အဖေအရွယ်၊ ဦးလေးအရွယ်၊ အစ်ကိုကြီး အရွယ်တွေ။ နင်ကတော့ ကိုယ့်ထက်အသက် အများကြီး ကြီးတဲ့လူတွေပဲဆိုပြီး ကိုယ့်တော့ မကြံစည်လောက်ပါဘူးဆိုပြီး ရဲရဲတင်းတင်း၊ ရင်းရင်းနှီးနှီး ဆက်ဆံမိမှာ။ ဒီကြားထဲ ကိုယ့်အဖေတွေ၊ အစ်ကိုတွေက နယ်မှာဆိုတော့ ကိုယ်က အဖေငတ်၊ အစ်ကိုငတ်နေတဲ့အချိန် သူတို့ကလည်း အခြား အရည်အချင်းတွေ အပြည့်နဲ့ ကိုယ့်အဖေတွေ၊ အစ်ကိုတွေထက်တောင် အများကြီး ထူးချွန်လို့ တကယ့်ကို လေးစားမိချင်စရာကြီးတွေ။ ဒီကြားထဲ အိမ်ထောင်ရှင်တွေကလည်း ဖြစ်နေသေးတယ်။ သူတို့ မိန်းကလေးတွေ၊ ကလေးတွေအကြောင်းလည်း လူလယ်ကောင်ကျရင် တဖွဖွထုတ်ဖော် ပြောတတ်သေးတယ်။ ဒီတော့ တည်ကြည်မှာပဲလို့ ထင်ပြီး အရောတဝင် သွားနေမိတဲ့ မိန်းကလေးတွေဟာ နင်. . . နားမကြားဘူးထင်လို့အော်ပြောမိတာလိုပဲ အချိန်တန်တော့ အရှက်ကရရော"

ခတ္တာခေါင်းကို ဖြည်းလေးစွာ ခေါင်းခါသည်။

"နင်ပြောမှ သူဌေးတွေ၊ လုပ်ငန်းရှင်ကြီးတွေ အကုန်လုံး ရစရာ မရှိဖြစ်တော့တာပဲ။ တကယ့်ကို တည်ကြည်တဲ့ ယောကျ်ားကောင်း၊ ယောကျ်ားမြတ်ကြီးတွေလည်း ပါမှာပေါ့၊ ဥပမာ ဦးမျိုးသိုက် တို့လိုမျိုး"

သက်နှင်းဆီက အသံထွက်အောင်ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မိန်းမရယ်. . . အတယ်ပြောတော့လည်း မကြိုက်ချင်ဘူး၊ ဟုတ်ပါတယ်၊ တကယ့်ကို တည်ကြည်တဲ့၊ အောင်မြင်တဲ့ ယောကျ်ားကြီးတွေ၊ ဘလူးတုသ်နဲ့ သူဌေးကြီးတွေ အများကြီးတွေ့ခဲ့ဖူးပါတယ်။ နင်က ရမ်းသမ်းပြီး ဦးမျိုးသိုက်ကို သူ့အကြောင်း သေသေချာချာမသိဘဲ ဥပမာပေးနေ။ ဦးမျိုးသိုက်က ကြောက်စရာအကောင်းဆုံးလူမို့လို့ ငါပြောနေရတာ။ စာသင်တာတော် သလောက် အဲဒီကိစ္စမှာ အနံ့ထွက်နေတာ ကြာလှပြီ"

ဘုရားရေ။

ဖြစ်နိုင်ပါ့မလား၊ ဆေးခန်းမှာလည်း အဲသလိုမျိုး ဘယ်သူမှတော့ ငါ့ကို မပြောကြပါဘူး၊ အပြင်လူတွေ ဆရာကြီးအောင်မြင်တာကို မနာလိုလို့ သွားပုပ် လေလွင့် လျှောက်ပြောကြာတာပဲဖြစ်မှာ။

ပြီးတော့ သိပ်အေးချမ်းပြီး ကြင်နာရိပ် အမြဲလွှမ်းနေသည့် ဦးမျိုးသိုက်၏ စကားသံများ. . .။

မဖြစ်နိုင်ပါဘူး၊ လုံးဝမဖြစ်နိုင်ဘူး။

(၅)

နောက်တစ်နှစ်ခန့် ထပ်ကြာသွားသည်။

ခင်္တာဆေးခန်းတွင် အလုပ်မလုပ်တော့၊ အလုပ်လုပ်ရန်လည်း ဖြစ်နိုင် သည့် အခြေအနေ မဟုတ်တော့။

အဆောင်တွင်လည်း မနေတော့။ သက်နှင်းဆီနှင့်လည်း မတွေ့တာ တော်တော်ကို ကြာသွားပြီ။

ဒေါက်တာဦးမျိုးသိုက်ကတော့ ဝေးလံခေါင်ဖျား အရပ်ဒေသတစ်ခု သို့ ပြောင်းရွှေ့မိန့်ကျလာသည်။ ခင်္တာကို အိမ်တစ်ဆောင်၊ မီးတစ်ပြောင် ထားပေးသည့် ကိစ္စနှင့် ပတ်သက်၍ မယားကြီးက လူကြီးများကို တိုင်ရာမှ အရေးယူခံရခြင်းဖြစ်သည် ဟု ပြောကြသည်။ ဟုတ်မဟုတ်တော့ ဘယ်သူမှ တိတိပပ မသိ။

သေချာသည်က ထိုဒေသသို့ ဦးမျိုးသိုက် မသွား။

အလုပ်မှ ထွက်စာတင်သည်။ ထွက်ခွင့်တော့မရ၊ သည်အတိုင်း အလုပ် မဆင်းဘဲ နေရလိုက်တော့ ဆရာဝန်လိုင်စင် အသိမ်းခံရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ဘဝမှာ တွဲဖက်လုပ်ကိုင်နေသော ရေထွက်ပစ္စည်းလုပ်ငန်းတုမ္ဘဏီကို ပြန်လည်ဦးစီးသည်။ ပုံနှိပ်လုပ်ငန်းနှင့် ဓာတ်ခွဲခန်းကတော့ မယားကြီးက သူနာမည်နှင့် လွှဲခိုင်းသည်ဟု ကြားသည်။

နောက်တော့ သား၊ သမီးများမျက်နှာကြောင့် မကွဲဖြစ်ကြဟု သိရပြန်သည်။

သတင်းတွေက တစ်ယောက်တစ်ပေါက် အမျိုးမျိုး ဖြစ်နေတတ်သည်။

သက်နှင်းဆီလည်း ဘယ်ဟာကို ယုံရမှန်းမသိ။

ဘာသတင်းမှ မရသည်က ခတ္တာ။

ခတ္တာ ပျောက်သွားသည်။

တချို့ကလည်း ဦးမျိုးသိုက်အထောက်အပံ့ဖြင့် နိုင်ငံခြားတွင် ကျောင်းသွားတက်နေသည်ဟု ဆိုသည်။ တချို့ကလည်း ဦးမျိုးသိုက်တနယ်လေးတွင် စီးပွားရေး လုပ်ငန်းတစ်ခု လွှဲပေးလိုက်သည်ဟု ဆိုသည်။ တချို့ကလည်း နယ်တွင်ကျန်ခဲ့သော ဖခင်နှလုံးရောဂါနှင့် အသည်းအသန်ဖြစ်သည်ကို ပြုစုရန် ပြန်သွားပြီးကတည်းက ပြန်မလာတော့ဟု ပြောသည်။ ဘယ်သူမှတော့လည်း တကယ်သိလို့ ပြောနေကြတာ မဟုတ်။ ထင်ကြေးအမျိုးမျိုး ပေးနေကြတာဖြစ်သည်။

သေချာတာတစ်ခုကတော့ သက်နှင်းဆီ၏ ငယ်သူငယ်ချင်းအရင်းကြီး ဖြစ်သူ ခတ္တာတစ်ယောက် သက်နှင်းဆီဘဝထဲက လုံးဝပျောက်ကွယ်သွားခဲ့ခြင်း ဖြစ်ပါသည်။

ခတ္တာကသာ ပျောက်ကွယ်သွားတာပါ။

ဒေါက်တာဦးမျိုးသိုက်ကတော့ ပြန်ပေါ်လာပါသည်။

## (၆)

"စိတ်မပူပါနဲ့ သက်ရယ်၊ အမ်ဒီက သဘောကောင်းပါတယ်၊ အခုကလည်း တို့အများမှ မဟုတ်တာ၊ အမှန်အတိုင်း ရှင်းပြလိုက်ရင် ပြီးတာပဲ"

ခတ္တာပျောက်ကွယ်သွားပြီး တစ်နှစ်ခန့်ကြာခဲ့ပြီ။

သက်နှင်းဆီက စီးပွားရေးဘွဲ့တစ်ခု ရခဲ့သည့်အပြင် အင်္ဂလိပ်စီစီအိုင်

www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်လည်း ရခဲ့သည်။ လက်ရှိ သက်နှင်းဆီ အလုပ်လုပ်နေသော နိုင်ငံခြား ကုမ္ပဏီကလည်း ပိတ်သွားသဖြင့် ပုဂ္ဂလိက ဆေးခန်းကြီးတစ်ခုတွင် စာရင်းစစ် ရာထူး ဝင်လျှောက်ရာ အောင်မြင်စွာ ရွေးချယ်ခံခဲ့ရသည်။

နောက်ပိုင်း ထိုဆေးခန်းကြီးပိုင်ရှင် ဒါရိုက်တာများက ထိုထက်ပို၍ ကြီးသော ဆေးခန်းကြီးတစ်ခုနှင့် ပူးပေါင်းလိုက်သဖြင့် သက်နှင်းဆီက ဆေးခန်း နှစ်ခုစလုံး၏ စာရင်းများကို ပူးတွဲကိုင်ရသည်အထိ လစာ၊ ရာထူး တိုးသွားခဲ့ သည်။

သည်မှာပင် ပြဿနာနှင့် တည့်တည့်တိုးတော့သည်။

နေကောင်းပြီး၍ ဆေးရုံဆင်းသွားသော နိုင်ငံခြားသားတစ်ဦးက သူ့ကိုပေးသော ကျသင့်ငွေ တောင်းခံလွှာနှင့် ပတ်သက်၍ မကျေနပ်။ အများ အယွင်းများဖြင့် ပိုတောင်းသည်ဟု အမ်ဒီခေါ် အုပ်ချုပ်မှု ဒါရိုက်တာကို တိုင်တန်းလာသည်။ ငွေကြေး တွက်ချက်တောင်းခံသူ အခြားဝန်ထမ်းများက သက်နှင်းဆီ၏လက်အောက်မှ အမှုထမ်းများဖြစ်နေ၍ သည်ကိစ္စရှင်းပေးဖို့ တာဝန်က သက်နှင်းဆီ အပေါ် ကျလာသည်။ ဆေးရုံနှစ်ရုံပေါင်းလိုက်သဖြင့် ပိုကြီးသော ဟိုဘက်ဆေးခန်းပိုင်ရှင်က အမ်ဒီ ဖြစ်လာသဖြင့် မိမိတစ်ခါမှ မမြင်ဘူးသော အမ်ဒီကို ဖြေရှင်းချက်ပြရန် တစ်ဖက်ဆေးရုံကြီးဆီသို့ သက်နှင်းဆီ လာခဲ့ရသည်။

အင်းလေ. . . သဘောကောင်းတယ်လို့ ပြောတာပဲ။ ဟုတ်မှာပါ။

လေအေးစက်တပ်ထားသော အလုံပိတ်ရုံးခန်းလေး၏တံခါးကို ဖွင့်၍ ဝင်သွားတော့ 'လီကို'ဖိုင်ဘာစားပွဲကြီး၏ နောက် နောက်မှီခုံဖြင့် ဆုံလည် ကုလားထိုင်ကြီးတွင် ထိုင်နေသူက ဒေါက်တာဦးမျိုးသိုက်ပါ။

(၇)

ဦးမျိုးသိုက်က သက်နှင်းဆီပြနေသောစာရွက်များကို တစ်ရွက်ပြီး တစ်ရွက် လိုက်ကြည့်၊ သက်နှင်းဆီ ရှင်းပြသော စကားတို့ကို ခေါင်း တဆတ် ဆတ်ညိတ် နားထောင်နေရင်းက ရုတ်တရက် ရယ်လိုက်သည်။

"ကဲ. . . ထားပါတော့ သမီးရယ်၊ ဒီလောက်ဆို တို့ဘက်က မမှား

www.burmeseclassic.com

www.burmeseclassic.com



တာ ဆရာ သဘောပေါက်ပါပြီ။ နိုင်ငံခြားသားကို ပြန်ရှင်းဖို့ တာဝန်က ဆရာ့တာဝန်ထား၊ ဆရာ အံ့ဩနေတာတစ်ခုပဲ ရှိတာ"

"ဘာပါလဲ. . . ဆရာ"

ဦးမျိုးသိုက်က သူ့ဘေးတွင် သင်းပျံ့သော ကိုယ်နံ့လေးနှင့် ရပ်နေသည့် မိန်းကလေးကို မသိမသာ ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

"စာရင်းစစ်ချုပ်ဆိုတာနဲ့ အဘွားကြီးတစ်ယောက် လာလိမ့်မယ်လို့ ထင်ထားတာ။ ဘယ်လိုလုပ် ဒီလောက်ငယ်ငယ်လှလှလေး ဖြစ်နေရသလဲ ဆိုတာပေါ့"

ပုံမှန်အားဖြင့်တော့ 'လှသည်'ပြောတိုင်း မိန်းကလေးတို့ ကြည်နူးစွာ ရင်ခုန်တတ်ကြသော်လည်း ဦးမျိုးသိုက်အကြောင်း ကောင်းကောင်းသိထားသူ သက်နှင်းဆီကတော့ ကျောထဲက စိမ့်ခနဲ ခံစားလိုက်ရရင်း ခြေလှမ်းကို မသိမသာ နောက်ဆုတ်မိပါသည်။

ဦးမျိုးသိုက်က ဒါကို ရိပ်မိဟန်မတူဘဲ ခပ်ပြုံးပြုံး ဆက်ပြောသည်။

"နိုင်ငံခြားမှာ ဆရာတို့ နေခဲ့တုန်းကလည်း ဒီလိုပါပဲ၊ နိုင်ငံခြားသားဆိုတာ တိကျမှုလည်း ကြိုက်တယ်။ သူ မကျေနပ်တာ၊ မရှင်းတာရှိရင်လည်း ထုတ်ပြောပေးဖို့ အားမနာတတ်ဘူး။ ရှင်းပြလို့ ကိုယ့်ဘက်က တကယ်မှန်ရင်လည်း လက်ခံတတ်တယ်။ ဒီတော့ ဒီလိုလုပ်ပါလား။ ဆရာတို့ ဆေးရုံနှစ်ရုံ ခေါင်းကို အခုဆရာက တာဝန်ယူထားပြီဆိုတော့ ဒီနှစ်ရုံစလုံးမှာ မနှစ်က တစ်နှစ်လုံးတက်ခဲ့တဲ့ နိုင်ငံခြားသားတွေရဲ့ စာရင်းနဲ့ ကျသင့်ငွေ၊ အဲဒါလေးတွေ တစ်ချက်လေ့လာကြည့်ချင်တယ်၊ သမီး လုပ်ပေးနိုင်မလား"

သက်နှင်းဆီ ခေါင်းညိတ်ပြမိသည်။

"သမီး သန်ဘက်ခါလောက် လာပြရမလားဆရာ"

ဟု ပြန်မေးတော့ ခေါင်းညိတ်ပြသည်။

"အိုကေ. . . သမီး၊ ဆီးယူ"

(၈)

သက်နှင်းဆီ၏ ရုံးခန်းတံခါးကို ညင်သာစွာ 'တပ်'. . 'တပ်'ဟု နှစ်ချက် ခေါက်သံကြားရပြီး တံခါးပွင့်၍ ဒေါက်တာမျိုးသိုက် ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဆရာ၊ သမီးကို မနက်ဖြန်မှ လာပို့ဆို"

ဦးမျိုးသိုက်က လူငယ်လေးတစ်ယောက်လို ပေါ့ပါးစွာရယ်သည်။

"စာရင်းစစ်ချုပ်မလေး ဒီလောက်အလုပ်များတာ တာဝန်တွေ ပိနေမှာစိုးလို့ ဆရာလည်း ဒီဆေးရုံလာကြည့်ရင်း ဝင်ခဲ့တာ။ မပြီးသေးဘူး လား"

သက်နှင်းဆီက မတ်တတ်ရပ် အရိုအသေပြုနေရာက ကမန်းကတန်း စားပွဲပေါ်က ဖိုင်တွဲကို ကောက်ယူ၍ ဒေါက်တာဦးမျိုးသိုက်ကို ပေးလိုက်သည်။

"အဆင့်သင့်ပါပဲ ဆရာ"

ဦးမျိုးသိုက်က အိုကေ. . . ဟုဆို၍ လက်ထဲက လက်ပတ်နာရီကို ငုံ့ကြည့်သည်။

"ဆရာလည်း အိမ်ပြန်ထမင်းစားဖို့တောင် နောက်ကျနေပြီ။ မပြန်တော့ဘူးကွာ၊ ဒီနားမှာ 'ဆစ်ကနေချား'ဆိုတဲ့ ဆိုင်သစ်လေးဖွင့်ထား တယ်။ ဥရောပ အစားအစာ သိပ်ကောင်းတာပဲ။ တီးဝိုင်းကလည်း သိပ်ငြိမ့် ညောင်းတယ်။ အဲဒီမှာ ဝင်စားလိုက်မလို့။ ဆရာတစ်ယောက်တည်း စားရမှာ တော့လည်း ပျင်းတယ်၊ သမီး ဆရာ့ကို အဖော်လုပ်ပေးမလား။ ဒါတွေလည်း စားရင်းကြည့်တာပေါ့၊ ဆရာ ဒကာခံပါ့မယ်"

သက်နှင်းဆီကျောထဲက စိမ့်တက်သွားပြန်သည်။

"ခွင့်လွှတ်ပါဆရာ၊ နယ်က အဖေ ဆေးစစ်ဖို့ ရန်ကုန်မှာ ရောက်နေ လို့ပါ၊ ဒီနေ့လည်း သူ့ကို ဆရာဝန်သွားပြရမှာ၊ အခုပဲ ထွက်ရတော့မှာမို့လို့ပါ"

ဦးမျိုးသိုက်က ပြုံး၍လက်ကာပြပြီး. . .

"သက်စ်အောရိုက်တ်. . . နဲဗားမိုင်း"

ဟုဆိုသည်။

"ဘယ်ဆရာဝန်ကြီးနဲ့ ပြမှာလဲ။ ဆရာ ဘာကူညီရဦးမလဲ"

ဟု မေးသည်။

ဆရာဝန်ကြီး နာမည်ပြောပြတော့ မျက်မှောင်ကြုတ်၍. . .

"အေး. . . ကြားဖူးတယ်။ လူငယ်တွေပဲ၊ သိပ်မသိတော့ဘူးကွယ်"

ဟုဆိုရင်း သက်နှင်းဆီရှေ့စားပွဲတွင် ဝင်ထိုင်သည်။ သက်နှင်းဆီ လည်း ယောင်အမ်းအမ်းနှင့် ပြန်ထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ဆွဲသားရေအိတ်လေးထဲမှ ခရုကမာပုံများ ဖော်ထားသော ချောကလက်လေးများစွာပါသည့် ဖန်ဘူးပြားလေးကိုထုတ်၍ သက်နှင်းဆီကို လှမ်းပေးသည်။

"ဆရာ ဟိုတစ်ခါ ဘန်ကောက်သွားတုန်းက ဝယ်လာတာ၊ ဆရာ့တလေးတွေကလည်း ဒီမှာ မရှိကြ။ ချောကလက် လက်ဆောင်ပေးစရာ ခင်တဲ့ကလေးကလည်း သမီးလောက်ပဲရှိတော့ သမီးကို သတိရလို့ ယူလာတာ၊ ရော့. . ."

သက်နှင်းဆီ ချောကလက်ဘူးလေးကို လှမ်းယူရင်း ချောကလက်အလွန် ကြိုက်တတ်သော ခတ္တာကို ပြေးသတိရမိပြန်သည်။

ဦးမျိုးသိုက်ကတော့ ချောကလက်ဘူးရှာရင်း သူ ထုတ်ချထားသော ပစ္စည်းများကို အိတ်ထဲသို့ တစ်စစီ ပြန်ကောက်ထည့်နေရာမှ ထသည်။

"ကဲ. . . သွားပြီ သမီးရေ၊ သမီးအဖေ သွေးစစ်စရာတွေရှိရင် ဒီမှာ ပြန်လာစစ်နော်။ ပြီးရင် ဆရာ့ခရက်ဒစ်ထဲ ထည့်လိုက်၊ ဒီလောက်အားကိုးရပြီး ဒီလောက် ကျက်သရေရှိတဲ့ စာရင်းစစ်ချုပ်လေးရထားတာ ဒီလောက်တော့ လုပ်ပေးရမှာပေါ့"

"ကျေးဇူးပါ. . . ဆရာ"

ဦးမျိုးသိုက်က အခန်းတံခါးကို ဆွဲဖွင့်လိုက်စဉ်မှာပင် သက်နှင်းဆီ စားပွဲ ပေါ်တွင်ကျန်ခဲ့သော ပစ္စည်းသေးသေးလေးကို မြင်လိုက်သည်။

"ဆရာ"

"ဘာလဲ သမီး"

သက်နှင်းဆီက ပစ္စည်းလေးကိုကောက်၍ လက်နှစ်ဖက်နှင့် ရိုသေစွာ ထမ်းပေးလိုက်သည်။

"ဘလူးထုသ်လေးပါ ဆရာ"

"ဩော်. . . အေး. . . ဆောရီး၊ ဆောရီး၊ ကျေးဇူးပဲ"

ဒေါက်တာဦးမျိုးသိုက်က ဘလူးတုသ်နားကြပ်လေးကို ညာဘက်နား ထဲ ကောက်ထည့်တပ်ဆင်လိုက်ပြီး သက်နှင်းဆီကို လှည့်၍ ပြုံးပြသည်။

အသက်နှင့် မလိုက်အောင် နုပျိုချောမောနေဆဲ ဦးမျိုးသိုက်၏ အပြုံးမှာ အလွန် နွေးထွေး၍ နှစ်လိုဖွယ် ရှိလှသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာသေးခင်ကမှ ပေါ်လစ်ရှင်းလုပ်ထားသော သွားများမှာတော့ ဖြူဖွေး စင်ကြယ်ရုံမက ပြာလဲ့လဲ့အရောင်ပင် သန်းနေသည်ဟု သက်နှင်းဆီ ထင်မိသည်။

ဇီဝက မဂ္ဂဇင်း
၂၀၀၈၊ ဇူလိုင်

* * *

www.burmeseclassic.com

www.burmeseclassic.com

# ခါတစ်ပစ်ဘာ၀

(၁)

တောင်ကုန်းစောင်းအကွယ်မှ မီးရထားဥဩသံ ထွက်ပေါ်လာသည်။ စုမာ လက်ထဲတွင် ဆော့ကစားနေရင်းတန်းလန်း အရုပ်၊ အိုးခွက်ကလေးများကို မြေကြီးပေါ် ဖုတ်ခနဲ ပစ်ချပြီး တောင်ကုန်းစောင်းကလေးရှိရာသို့ ပြေးတက်လာခဲ့သည်။

တောင်ကုန်း၏ အောက်ဘက်တွင်တော့ မျက်စိတစ်ဆုံး မိုးကုပ်စက်ဝိုင်းနားနီးနီးအထိ ကျယ်ပြန့်သော စိမ်းစိုသည့် လယ်ကွင်းပြင်ကြီးများ။ မိုးကုပ်စက်ဝိုင်းတည့်တည့်တွင်တော့ ဝင်လုဆဲဆဲ နေကလေးက မေးတင်ထားသည့် တောင်ပြာတန်းကြီးရှိသည်။

သူတို့ နေထိုင်ရာ မီးရထား ဝန်ထမ်းရိပ်သာ လေးနှင့် မလှမ်းမကမ်းတွင် ရှိနေသော သည်တောင်ကမူကလေးအောက်မှ ရှူခင်းကို ၄ နှစ်သမီး ကတည်းက အမြဲတွေ့ဖူးနေကျ ဖြစ်ခဲ့သည်မှာ တစ်နှစ်ကျော် ကြာပြီ ဖြစ်သော် လည်း စုမာ စိတ်ထဲတွင် မရိုးခဲ့သေး။ အထူးသဖြင့် စုမာ အနှစ်ခြိုက်ဆုံး ရှူခင်းမှာကား တစ်ဖက်တောင်ကမူ အကွယ်အကွေ့မှ ရထားကြီး ဝေါခနဲ ထွက်ပေါ်လာပြီး စုမာ ငုံ့ကြည့်နေရာ ကမူအောက်မှ တဂျုံးဂျုံးမြည်ဟည်း၍ ဖြတ်သန်းသွားသော ရှုခင်းဖြစ်သည်။ ဒါကို သဘောကျသဖြင့် ရထားဥဩသံ ကြားတိုင်း သည်ကမူထိပ်သို့ စုမာ ပြေးထွက်လာနေကျ။ မေမေကတော့ သဘောမကျ။ မတော်တဆ ကမူထိပ်မှ ချော်ကျသွားမှာ အမြဲစိတ်ပူလေ့ရှိသည်။ ထို့ကြောင့် မေမေ လစ်မှသာလျှင် လာလို့ရသည်။

ကမူကွေ့မှ ရထားကြီး ထွက်ပေါ်လာလေပြီ

“ရထားကြီးရေ့ . . . တာ့တာ”

ငယ်သံပါအောင် အော်ဟစ်၍ စုမာ ခုန်ဆွခုန်ဆွ ကလေး လက်

www.burmeseclassic.com

www.burmeseclassic.com



လှမ်းပြလေသည်။ အရှိန်ဖြင့် ချဉ်းကပ်လာသော ရထားကြီးရော၊ ရထားကြီးပေါ်က ခရီးသည်များကပါ လက်ကလေးပြ၍ ခုန်ဆွခုန်ဆွ ပျော်ရွှင်မြူးထူးစွာ နှုတ်ဆက်နေသော ၅ နှစ်သမီးကလေးကို သတိထားမိလား။ မထားမိလားတော့ မသိ။ စုမာကတော့ သူ့တာဝန် သူ မပျက်မကွက် ဆက်လက် နှုတ်ဆက်နေပါသည်။

"ရထားကြီးရေ. . . တာ့တာ"

"ဝှီး ဒေါက်"

ကျောက်ခဲ ခပ်ကြီးကြီးတစ်လုံး လေထဲတွင် လွင့်ပျံဆင်းသွားပြီး ရထားကို အရှိန်ဖြင့် ထိမှန်သည်။

စုမာ ရင်တွေ တဒိုင်းဒိုင်း ခုန်သွားသည်။

"ဘုရားရေ. . . ဘယ်သူ့ လက်ချက်ပါလိမ့်"

ခရီးသည်တွေ မျက်နှာကို ဖွင့်ထားတဲ့ ရထားပြတင်းပေါက်က တစ်ဆင့် လှမ်းမှန်နိုင်သည်။ မှန်လိုက်လျှင်လည်း မတွေးဝံ့စရာ။

၅ နှစ်သမီးကလေးသည်ပင်လျှင် သည်လုပ်ရပ်က အင်မတန် အောက်တန်းကျ သေးသိမ်လှသည်ကို သဘောပေါက်သည်။ ခဲလာရာဆီသို့ ဒေါသတကြီး လှည့်ကြည့်လိုက်သောအခါ ရထားရှိရာသို့ နောက်ခဲတစ်လုံး ထပ်ရွယ်နေသည့် ၆ နှစ်အရွယ် ယောကျ်ားကလေးကို လှမ်းမြင်သည်။

"ကြီးမြင့်. . . နင် ယုတ်မာလှချည်လား"

သူငယ်တန်း တစ်တန်းတည်း တက်နေသည့် အိမ်နီးချင်းမှ ကောင်ကလေးကို စုမာက သိနေသည်။

ကြီးမြင့်က စုမာကို အူကြောင်ကြောင် လှည့်ကြည့်ရင်း လက်ထဲက ကျောက်ခဲကို မြေကြီးပေါ် မသိမသာ ပြန်ပစ်ချသည်။

စုမာကတော့ ဒေါသထွက်လွန်းသဖြင့် အသားကလေး တဆတ်ဆတ် တုန်ပြီး မျက်ရည်များပါ ဝိုင်း၍ လာသည်။

"ငါ တိုင်မယ် ကြီးမြင့်၊ ငါ တိုင်မယ်၊ ဆရာမနဲ့လည်း တိုင်မယ်၊ နင့်အိမ်ကိုလာပြီး နင့်အဖေနဲ့ အမေကိုလည်း တိုင်မယ်"

ကြီးမြင့်က ဘာမှ ပြန်မပြောဘဲ ချာခနဲ လှည့်၍ ထွက်ပြေးသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၂)

ဆရာမက ကြီးမြင့်ကို ရိုက်သည်။

အိမ်အထိလည်း လိုက်သွား၍ ကြီးမြင့် မိဘများကို တိုင်သည်။ မီးရထား ဝန်ထမ်းရိပ်သာနှင့် မလှမ်းမကမ်း တွင် အရက်ပါရသည့် စားသောက်ဆိုင်ကလေးဖွင့်၍ စီးပွားဖြစ်နေကြ သော ကြီးမြင့် မိဘများဒက သိပ်စိတ်ဝင်စားဟန်တော့မပြ။ ရိုက်သာရိုက်ပါ ဆရာမရယ်၊ ဆရာမကို အပ်ပါတယ် ဟုသာ ဝတ်ကျေတန်းကျေဆိုသည်။

နောက်တော့ ဆရာမလည်း ပြောင်းသွားသည်။

၅ နှစ်ခန့်ကြာတော့ ကြီးမြင့်တို့ မိသားစုလည်း ပိုမိုကြီးပွားလာကြပြီး မြို့လည်ကောင်တွင် စားသောက်ဆိုင် အကြီးကြီး တစ်ခုဖွင့်၍ အိမ်ပြောင်းရွှေ့သွားကြသည်။

၇ နှစ်ခန့်ကြာတော့ စုမာ အဖေလည်း ရာထူးတိုး၍ ပြောင်းရွှေ့ရသည်။ ၂၃ နှစ် အကြာတွင်တော့ စုမာသည် မြို့ကလေးသို့ ပြန်ရောက်လာသည်။သည်မြို့ကလေးတွင် ဖွင့်လှစ်သော တက္ကသိုလ်တစ်ခုတွင် လက်ထောက် ကထိက ရာထူးခန့်ထားခံရ၍ ဖြစ်လေသည်။

(၃)

"ဒီလောက်လှတဲ့ မိန်းကလေးတစ်ယောက်က မသက် ၂၈ နှစ်ရှိတဲ့အထိ ရည်းစားတောင် မထားဘဲ ပညာနောက်ပဲလိုက်၊ ဘွဲ့တွေပဲ ထပ်ယူလုပ်နေတာ ဘုံဩစရာကြီး မမရယ်"

တစ်ဌာနတည်းတာဝန်ကျသူ မြို့ခံဆရာမကလေးက စုတ်တသတ်သတ်ဖြင့် ဆိုသည်။ မှန်တော့လည်း မှန်သည်။ စုမာသည် အသက် ၂၈ နှစ်အရွယ်တွင် အသက် ၂၀ အရွယ် ကျောင်းသူကလေးများကပင် ငေးကြည့်ရလောက်အောင် ချောမောလှပသူတစ်ဦး ဖြစ်လေသည်။ အထူးသဖြင့်ကား စုမာ၏ မှဲ့တစ်စက်မျှပင် မမြင်ရလောက်အောင်၊ ကြည်လင်ဝင်းပသည့် အသားအရေနှင့် မျက်မှောင်ကြုတ်သည်မျှကိုပင် မည်သူမျှ မမြင်ဘူးရလောက်အောင် ငြိမ်းချမ်းအေးမြသည့် မျက်နှာပေါ်တွင် ထာဝရဆောင်ထားသော အပြုံးကလေး

www.burmeseclassic.com

www.burmeseclassic.com



က တက္ကသိုလ်တစ်ခုလုံးသာမက တစ်မြို့လုံးတွင်ပါ ထင်ရှားလောက်အောင် ကျက်သရေရှိလှသည်။

"ရုပ်လှတာနဲ့ပဲ ပညာနောက်မလိုက်ရတော့ဘူးလား. . . ညီမရယ်၊ ညီမလည်း လှတာပဲ၊ ညီမလည်း ပညာနောက် လိုက်နေတာပဲ မဟုတ်လား"

စုမာက သန့်စင်လန်းဆန်းသော အပြုံးကလေးဖြင့် ဖြေသည်။ ဆရာမကလေးက သဘောကျစွာ ရယ်မောသည်။

"ညီမ မလှပါဘူး မမရယ်၊ မမက အားလုံးကို အကောင်းမြင်စိတ်နဲ့ပဲ ကြည့်တတ်လို့ ညီမလည်း လှတယ်လို့ ထင်တာ၊ မမစိတ်က လှနေတာ၊ ဒီလောက် ရုပ်ကော၊ စိတ်ကောလှတဲ့ မိန်းကလေး ဖူးစာရှင် မပေါ်ဘူးဆိုတာ ကေန္ဒ မဟောသဓာဇာတ်ထဲကလို မိန်းမက မြင့်မြတ်လွန်းတော့ ယူမိတဲ့ ယောက်ျားကရှိန်ပြီး မပေါင်းရဲဘဲ သစ်ပင်ရင်းကို ဆူးခက်တွေနဲ့ ပတ်သွားတယ် ဆိုတာလေ။ အဲသလိုမျိုး ယောက်ျားလေးတွေက ရှိန်ပြေးကြတာနေမှာ"

စုမာက အသံကလေးထွက်အောင် ရယ်မိသည်။

"တအားကို မြှောက်နေတော့တာပဲ ညီမရယ်၊ ညီမ ပြောတာနဲ့ပဲ ဘုရင်ကြီး လာကယ်တာ စောင့်ရမလိုလို"

"ဘုရင်ကြီး လာကယ်၊ မကယ်တော့ မသိဘူး။ သူဌေးကြီးတော့ လာစပ်နေပြီ မဟုတ်လား"

"ဘယ်လို"

"ဟို ဟိုင်းဝေးကားကြီးတွေ ပိုင်ရှင်သူဌေးကြီး ဦးကြီးမြင့် က မမကို လာစပ်နေတယ်ဆို၊ မမကို မရရင် သေတော့မလိုပဲဆို"

စုမာ အပြုံးကလေး မသိမသာ ပျက်သွားသည်။

"ကိုကြီးမြင့်က တော်တော်ပါကွယ်၊ သူ့မိဘတွေက မြို့ပေါ်က လူကြီး မှန်သမျှ အသုံးချပြီး မမ မိဘတွေဆီ ဝင်နေကြတာ။ အင်း မေမေတို့ကတော့ ပါချင်ချင်"

"မမက မကြိုက်ဘူးပေါ့"

စုမာ တွေဝေ စဉ်းစားနေသည်။ ဘာမှ ပြန်မဖြေ။ ဆရာမကလေး ကသာ စိတ်ဝင်တစား ဆက်မေးနေသည်။

"ဦးကြီးမြင့်က ငယ်ငယ်ရွယ်ရွယ်နဲ့ စီးပွားရေး သိပ်အောင်မြင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ခွဲလည်း ချတယ်၊ ဘွဲ့လည်း ဘွဲ့ရ၊ မမ မိဘတွေကလည်း မမက ကိုယ့်ဟာကိုယ် ရှာတော့ သမီးကညာ အခါမလင့်ချင်လို့ ဖြစ်မှာပေါ့။ မမက သူ့ကို ဘာ သဘောမကျတာလဲ၊ အံ့သောက်အစားရှိလို့လား"

စုမာတွေဝေစဉ်းစားနေရာမှ တိုးတိုးဖြေသည်။

"ညီမ ပြောသလိုပါပဲ၊ မိဘတွေကတော့ မမ အပျိုကြီး လုပ်နေမှာ၊ အချိန်လွန်မှ မသင့်တော်တဲ့ လူတစ်ယောက်နဲ့တွေ့မှာ စိုးတာပါ။ မမတို့ ငယ်ငယ်က ဒီမြို့မှာ နေဖူးတယ်။ ကိုကြီးမြင့်နဲ့တောင် တစ်တန်းတည်း တက်ဖူး တယ်။ ကိုကြီးမြင့် မိဘတွေနဲ့လည်း နည်းနည်းသိကြတယ်ပေါ့၊ အဲဒါနဲ့ စပ်ဟပ်ပြီး လာကြတာပဲ၊ ကိုကြီးမြင့်ကလည်း မမဆီ လာလာတွေ့တယ်၊ သူက လည်း လိုလားတဲ့သဘောမျိုးတော့ ပြောတယ်၊ မမ သိရသလောက်တော့ အသောက်အစားလည်းကင်းပါတယ်"

တိုးတိုးရယ်၍ ဆက်ပြောသည်။

"စီးကရက်တော့ လက်ကမချဘူး"

"မမကလည်း အရက်သောက်တာမှ မဟုတ်တာ"

"တစ်မျိုးစီပေါ့ ညီမရဲ့၊ အရက်သမားက ဆင်ချင်တုံတရား မရှိတာ၊ သူ့ကိုယ်သူ အနစ်မွန်းခံပြီး နှိပ်စက်တာ၊ ဆေးလိပ်သမားက အားမနာတတ်တာ၊ သူ့ကိုယ်သူတင်မကဘူး၊ သူ့ကြောင့် သူ့ပတ်ဝန်းကျင်က လူတွေ နစ်နာသွားရင် တောင် ဝမ်းမနည်းတတ်ဘူး ဆိုတဲ့ စိတ်ဓာတ်မျိုး၊ မမက အဲဒါကို မုန်းတာ"

ဆရာမကလေးက ဟက်ဟက်ပက်ပက်ရယ်၍ ဆေးလိပ်သောက်တဲ့ အပြစ်က အဲသလောက်ကြီးမှန်း တစ်ခါမှ မစဉ်းစားမဘူး၊ မမပြောမှပဲ ဆေးလိပ်သောက်တဲ့လူတောင် မယူရဲတော့ဘူးဟု ဆိုလေသည်။

စုမာကတော့ တွေဝေစဉ်းစားနေရင်းက သူက ငယ်ငယ်က မီးရထား ကိုလည်း ခဲနဲ့ပေါက်တယ် ဆိုသော စကားကို ရင်ထဲတွင်သာ ချိုသိပ်ထားလိုက် မိလေသည်။

(၄)

နောက်ဆုံးတော့ မောင်ကြီးမြင့်နှင့် စုမာတို့ လက်ထပ်ဖြစ်ခဲ့ကြသည်။ အလွန် ချမ်းသာသော မောင်ကြီးမြင့်နှင့် အလွန် လူချစ်လူခင်များသော စုမာ

www.burmeseclassic.com

www.burmeseclassic.com



တို့၏ မင်္ဂလာဆောင်သည် မြို့မျက်နှာဖုံး အားလုံးလိုလို တက်ရောက်ခဲ့ကြသဖြင့် ခမ်းနား ကြီးကျယ်လှပေသည်။

စိတ်ထဲတွင် မောင်ကြီးမြင့်ကို နှစ်ချိုက်သည်လည်း မဟုတ်၊ မိဘများ ပြောသလိုပင် အခြားရည်ရွယ်ထားသူ မရှိပါက မောင်ကြီးမြင့်သည် ရွေးချယ်ထိုက်သူတစ်ဦး ဖြစ်သည်ဟု လက်ခံမိသော စုမာတစ်ယောက် အနီးကပ်ကျကာမှ မောင်ကြီးမြင့်၏ ဇာတိရုပ် မည်သို့ ပေါ်လာမည်ကိုမူ တထိတ်ထိတ်နှင့် စိန်ပူခဲ့မိသည်မှာ အမှန်ပင်။

မင်္ဂလာဦးညက ရည်းစားပင် မထားဘူးသဖြင့် မောင်ကြီးမြင့် အနားကပ်သည်နှင့် ခြေဖျားလက်ဖျားတို့ ရေခဲတမျှ အေးစက် သွားရလောက်အောင် တုန်လှုပ်ခဲ့သော စုမာကို ယုယကျင်နာစွာဖြင့် ဦးဆောင်ဖေးမ ထွေးပွေ့ခဲ့သော မောင်ကြီးမြင့်၏ အပြုအမူတို့ကို မြင်တွေ့ရသောအခါတွင်တော့ မိဘစကားနားထောင်မိတာ မှန်ကောင်းရဲ့ဟု စုမာ တွေးမိလေသည်။

တကယ်တမ်း ပြဿနာအစကတော့ လက်ထပ်ပြီး
သုံးရက်အကြာ တောင်ကြီးမြို့သို့ ဟန်းနီးမွန်း ခရီးထွက်ခဲ့ပြီး
တောင်ကြီးမြို့ရှိ ဟိုတယ်တစ်ခုတွင် ညအိပ်ပြီးနောက် နိုးလာခဲ့သည့် ပထမနံနက်တွင်ပင် ဖြစ်လေသည်။

(၅)

"သိပ်လှတယ်၊ သိပ်ကျက်သရေ ရှိတယ်လို့ လူတိုင်းက ပြောကြတော့ ကျွန်မမှာ မခံချင်စိတ်နဲ့ 'ပိုကြတာပါလို့' တွေးမိခဲ့တာ အမှန်ပါ မမရယ်. . . တကယ်ပြင်မှာ မြင်ရတော့ မမ မျက်နှာကိုကြည့်ပြီး ငါတောင် ဒီလောက် ချစ်မိရင် ကိုကြီးမြင့် တစ်ယောက် ငါ့ကိုရော၊ သည်ကလေးမျက်နှာကိုရော မငဲ့ကွက်နိုင်လောက်အောင် ရက်စက်ရဲတာ အဆန်းမဟုတ်ပါဘူးလို့ ထင်မိတာပါ။ ပြောရမယ့် စကားတွေလည်း မမ မျက်နှာကလေးကိုကြည့်ပြီး ဘယ်လိုမှ ပြောမထွက်ပါဘူး မမရယ်"

မျက်ရည်တွေတွေကျရင်းက ပြောနေခဲ့သော မိန်းကလေးကို တစ်လှည့် သူချီထားသော နှစ်နှစ်အရွယ် ကလေးလေးကို တစ်လှည့်ကြည့်ရင်းက စုမာ ကြက်သေ သေနေခဲ့သည်။ ဧည့်ခန်းထဲတွင် ဒီမိန်းကလေး ထိုင်နေသည်ကို

www.burmeseclassic.com



တွေသည်နှင့် တစ္ဆေတစ်ကောင်ကို မြင်ရသလို ထိတ်လန့်ချောက်ချားစွာ နောက်ပြန်ပြေးတက်သွားသော မောင်ကြီးမြင့် ဝင်သွားခဲ့ရာ အပေါ်ထပ် အိပ်ခန်း တံခါးပေါက်ကိုလည်း ရည်ရွယ်ချက်မဲ့စွာ လှမ်းကြည့်မိပြန်သည်။

"သူ့မိဘတွေ မသိတာလည်း မဟုတ်ပါဘူး၊ သဘောမတူတာပါ။ ကျွန်မတို့က ဆင်းရဲလွန်းလို့ သဘောမတူခဲ့တာ၊ ကိုကြီးမြင့်ကလည်း ကလေး တစ်နှစ်သား ရတဲ့အထိ လက်ထပ်ထားတာကို မိဘကို အသိမပေးဘဲ ကျွန်မတို့ မြို့ကလေးကို သွားလိုက်ပြန်လိုက် လုပ်နေခဲ့တာ၊ နောက် သူ့မိဘတွေ သိသွား တော့ လိုက်လာတယ်၊ ငွေတွေပေး၊ ကျွန်မတို့အပေါ် ဩဇာရှိတဲ့ လူကြီးသူမ တွေ ခေါ်လာပြီး ကွာရှင်းစာချုပ်မှာ အတင်းလက်မှတ်ထိုးခိုင်း၊ သူ့သားကို ပြန်ခေါ်သွားပြီး ပညာတတ်၊ အဆင့်အတန်းရှိရှိ မိန်းကလေးတစ်ယောက်နဲ့ ထပ်ပေးစားဖို့ လုပ်ကြတာ။ ကျွန်မက ငွေမက်လို့ လက်မှတ်ထိုးပေးလိုက်ရတာ မဟုတ်ပါဘူး မမရယ်၊ ကိုကြီးမြင့် ကိုယ်တိုင်က ထိုးပေးလိုက်ပါကွာလို့ ဝင်ပြောခဲ့လို့ပါ။ ကျွန်မလေ သူ့ကို တစ်ခါမှ မလွန်ဆန်ရဲခဲ့ပါဘူး မမရယ်၊ ခုတော့ သားလေးကို တစိမ့်စိမ့်ကြည့်ရင်း သနားလာလွန်းလို့ပါ"

စုမာ၏ ပထမဦးဆုံး မျက်ရည်စက် ဘယ်ဘက်မျက်တောင်ကို ခိုတွဲနေသည်။

(၆)

"ကိုယ့်ကို ခွင့်မလွှတ်နိုင်တော့ဘူးလား စု"

"စုလို့လည်း မခေါ်နဲ့၊ ကိုယ်တွေဘာတွေလည်း လုပ်မနေနဲ့၊ ငါ့ကို ခုချက်ချင်း ကွာပေး၊ နင်နဲ့ ငါနဲ့ ဒီနေ့ကစပြီး ဘာမှ မပတ်သက်တော့ဘူး"

ခုတင်ဘေးတွင် ရပ်နေရင်း တည်ငြိမ်မာကျောသော လေသံနှင့် ပြောနေသော စုမာကို ကိုကြီးမြင့် အံ့ဩမင်သက် ငေးကြည့်နေမိသည်။

"တို့ကို ရှင်းပြခွင့်တောင် မပေးတော့ဘူးလား"

"မရှင်းနဲ့၊ နင့်မှာ ရှင်းပြစရာ ဘာမှ မရှိဘူးဆိုတာ နင့်မိန်းမဖြိုး မြင်တုန်းက နင် ဖြစ်သွားတဲ့ အမူအရာနဲ့တင် ငါ သိတယ်"

ကိုကြီးမြင့် ခုတင်ပေါ်တွင် ထိုင်လျက်သားမှ ခေါင်းငိုက်စိုက်ကျသွား ပါသည်။ တော်တော်ကြာမှ တိုးတိုးမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"တို့ကို သိပ်စိတ်နာသွားပြီပေါ့ နော်"

စုမာက တည်ငြိမ်စွာ ခေါင်းခါပြသည်။

"ငါ ဘယ်သူ့ကိုမှ စိတ်မနာတတ်ဘူး၊ ငါ လုပ်သင့်တယ် ထင်တာကို ငါ လုပ်တာ၊ နင် ငါ့ကို ကတိ တစ်ခုပဲပေး"

ကိုကြီးမြင့် ခေါင်းမော့ကြည့်သည်။

"နင့်မိန်းမဆီ နင် ပြန်သွားပါ့မယ်၊ နင့်သားမယားကို နင် တစ်သက်လုံး သစ္စာရှိရှိ ပေါင်းပါ့မယ်လို့၊ နင် အဲသလို နေခဲ့လို့ရှိရင် ငါ့ဟာ ငါ အေးချမ်းနေတဲ့ ဘဝကလေးကို နင် တစ်စစီ ဆုတ်ဖြဲ ဖျက်စီးပစ်ခဲ့တဲ့ အပြစ်ကို ငါ စိတ်မနာဘဲနဲ့၊ ရင်ထဲမှာ မှတ်မထားဘဲနဲ့ တစ်သက်လုံး ခွင့်လွှတ်ပေးလိုက်မယ်၊ နားလည်လား"

ကိုကြီးမြင့်က မယုံနိုင်သလို တွေဝေငေးကြည့်နေမိသည်။

"စု . . . စုမာ တကယ်ခွင့်လွှတ်နိုင်လို့လား"

စုမာ ခေါင်းညိတ်ပြသည်။

"ငါ နင့်လို လူမျိုး မဟုတ်ဘူး ကြီးမြင့်၊ ငါက ဖြတ်သွားတဲ့ မီးရထားတွေကို၊ လက်ပြ နှုတ်ဆက်ရတာကို ပျော်နေတတ်တဲ့ ကောင်မလေး ဘဝကနေ ကြီးပြင်းလာတဲ့ မိန်းကလေး"

စုမာ အံကလေးကို မသိမသာ ကြိတ်လိုက်သည်။ မျက်ရည်တို့က ပြည့်လျှံလာပြန်သည်။

"အေး. . . နင်ကတော့ ဖြတ်သွားတဲ့ မီးရထားတွေကို ခဲနဲ့ပေါက်တတ်တဲ့ ကောင်ကလေးဘဝက ကြီးပြင်းလာတာ၊ သူများ ဘဝတွေကို ခဲတစ်ပစ်စာ အတွင်းမှာ ဖျက်ဆီးနေတတ်တဲ့ လူစားမျိုး ဆိုတာ သိလျက်နဲ့ ငါ သတိလွတ်ခဲ့တာ၊ ငါ့အပြစ်နဲ့ ငါ၊ ငါ့ကိုယ် ငါပဲ ခွင့်မလွှတ်နိုင်တော့တာပါ"

ကိုကြီးမြင့် တစ်ယောက် ခေါင်းမဖော်နိုင်တော့ပြန်ပါ။

သရဖူဌေးဝင်း
၂၀၀၉ ဇန်နဝါရီ

www.burmeseclassic.com

www.burmeseclassic.com

# ငှက်စိမ်းမကလေးကို ချစ်တဲ့သူ

(၁)

လေယာဉ်ပြတင်းပေါက်က မြင်နေရသည့် ငါးကြင်းကွက်ထနေသော အဆုပ်အဆုပ်တိမ်လိပ်များကို ရည်ရွယ်ချက်မဲ့စွာ ငေးကြည့်နေစဉ်. . .

"ဘာများ သုံးဆောင်ပါမလဲရှင်"

ဆိုသည့် အသံချိုချိုကလေး ညာဘက်က ပေါ်လာသည်။

"ငှက်စိမ်းမလေး ဖြစ်ပါစေ"

ဟု ရင်ခုန်စွာ ဆုတောင်းရင်း လှည့်ကြည့်လိုက်တော့ လှိုက်ခနဲ ပျော်သွားသည်။

တင်းရင်းသော ပိုးသားအစိမ်းနုအင်္ကျီ၊ တင်းရင်းသော အစိမ်းရင့်တိုယ်ကျပ် လုံချည်၊ ကိုယ်ကာယအလှမယ်တစ်ဦးလို ပြေပြစ်သော ကိုယ်ဟန်၊ အဲသည်အပေါ်ကမှ နုပျိုလန်းဆန်းသောမျက်နှာကလေးက လူမှားစရာ အကြောင်း မရှိပါ။

"ကော်ဖီ. . လက်ဖက်ရည်. . အအေး၊ ဘာများ သုံးဆောင်ပါမလဲ ရှင်"

သူ့မျက်နှာကို မြင်ရလို့တော့ ငှက်စိမ်းမကလေး အမူအရာတွင် ထူးထူးခြား ခြား အပြောင်းအလဲ ဘာမျှမရှိ။ မြင်ဖူးသလိုလိုရှိသော မျက်နှာတွေ တစ်နေ့တစ်နေ့ ဘယ်လောက်များ ဆုံနေရသည် မသိပါ။

လေယာဉ်က လေဖိအားနည်း အကွက်တစ်ကွက်သို့ နိမ့်ဆင်းသွားသဖြင့် မသိမသာကလေး လှုပ်သွားသည်။ ငှက်စိမ်းမကလေးက ဒူးတစ်ချက် ညွတ်၍ ယိုင်ခနဲ ဖြစ်သွားသည်။

ယောင်ယမ်း၍ လှမ်းဖေးမချင်စိတ်ကို မနည်းထိန်းလိုက်ရသည်။ ငှက်စိမ်းမကလေးကတော့ လူက ယိုင်သွားသော်လည်း မျက်နှာအပြုံးက

www.burmeseclassic.com



အပြောင်းအလဲမရှိ ဆက်ပြုံးထားသည်။

"အစ်ကို. . . ဘာများ သုံးဆောင်ပါမလဲရှင်"

ဟုတ်ပါရဲ့။ သူ့ခမျာ ရပ်မေးရတာ သုံးခွန်းတောင် ရှိပါပေါ့။

"ဆောရီးနော်"

ရှင်. . . ဟုဆိုကာ မျက်ခုံးလှလှကလေး ပင့်သွားသည်။

"ဘာဖြစ်လို့ပါလဲ ရှင်"

"ကော်ဖီ. . . ကော်ဖီပဲပေးပါ"

ဘာမှ ဆက်မမေးတော့ဘဲ ကော်ဖီပူပူကလေးတစ်ခွက်ကိုငှဲ့၍ သူ့ရှေ့က စားပွဲငယ်ကလေးကိုဖြုတ်ချပြီး တင်ပေးသည်။ 'မယ်လမင်း'သား ခွက်ကလေးနှင့်ထည့်၍ ပလတ်စတစ် အကြည်ပါးပါးကလေး တင်းနေအောင် ဆွဲအုပ်ထားသော မုန့်ခွက်ကလေးကိုလည်း ချပေး၍. . .

"ဖြည်းဖြည်း သုံးဆောင်ပါရှင်. . ."

ဟုပြောပြီး လက်တွန်းလှည်းကလေးကို နောက်ခုံဆီသို့ ဆက်တွန်းသွားသည်။

ဟုတ်ပါရဲ့၊ ကန်တော့ပါရှင်. . . ဆိုတာ သူတို့ပြောနေကျ စကားဖြစ်သော်လည်း ခရီးသည်ထံမှ. . . ဆောရီး. . ဆိုသောစကား သူတို့ သိပ်ကြားဖူးမည် မထင်။

(၂)

ဆရာက သူ့ကို ရယ်သည်။

"ဖြစ်မှဖြစ်ရလေ မောင်နေမျိုးရယ်၊ မိန်းကလေးတွေ ဒီလောက်များတဲ့ ကုမ္ပဏီမှာ 'ဆူပါဗိုက်ဇာ'လုပ်တာ လေးနှစ်လုံးလုံး ဘယ်မိန်းကလေးမှ စိတ်မဝင်စားဘဲ ဖြတ်သွားဖြတ်လာ တွေ့ရတဲ့ နာမည်တောင် မသိသေးတဲ့ မိန်းကလေးကျမှ အရှူးအမူး ဖြစ်ရလား။ ငါ့လူပျိုကြီးကလည်း ဆန်းပါပေ့"

ဟု မှတ်ချက်ချသည်။

သူကတော့ ရှက်ပြုံးသာ ပြုံးနေရသည်။

"ဘာလို့လဲကွ၊ တော်တော်လှတယ်ပေါ့. . . ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"လှတဲ့မိန်းကလေးတွေလည်း မြင်ဖူးပါတယ် ဆရာရယ်၊ ဒါပေမယ့် သူ့မှာ သူများမှာ သိပ်မတွေ့ရတာ တစ်ခုခုရှိနေသလိုပဲ"

"ဘာလဲကွ၊ မင်းနာမည်တောင် မသိသေးဘူးဆို"

နေမျိုး တွေဝေ၍ စဉ်းစားနေသည်။

အားကစားသမားတစ်ဦးလို ကျစ်လျစ်လှပလွန်းသော ကိုယ်ဟန်လား၊ မဟုတ်သေးပါဘူး။ မိန်းကလေးတစ်ယောက် ကိုယ်ဟန် လှ၊ မလှ သတိထားကြည့်ရ မှာ ရှက်တတ်သောလူပျိုကြီးတွေထဲမှာ မိမိပါသည်။

ဒါဆို သည်မိန်းကလေး၏ လှပသောကိုယ်ဟန်ကို သူ ဘယ်လိုလုပ် သတိထားမိလိုက်ရပါသလဲ။

ငြိမ့်ခနဲ နိမ့်ဆင်းသွားသော လေယာဉ်။ မသိမသာကလေး ယိုင်သွားသော်လည်း ချက်ချင်းပြန်ထိန်းလိုက်သော ဟန်ပန်ကလေး။ မျက်နှာက အပြုံးကလေးကတော့ တစ်စက်မျှလျော့မသွား။

ဟုတ်ပြီ။ ဒါပဲကိုး။

"တာဝန်သိတတ်တဲ့ စိတ်လို့ပဲ ခေါ်မလား၊ ပရော်ဖက်ရှင်နယ် (Professional) စိတ်ဓာတ်လို့ပဲ ခေါ်မလား။ သူ့မှာရှိတယ် ဆရာ။ သူဟာ လေယာဉ်မယ်တစ်ယောက် ဖြစ်တယ်။ ဖြစ်တယ် ဆိုတဲ့အပေါ်မှာလည်း သူ အလေးအနက်ထားတယ်။ လေယာဉ်မယ်တစ်ယောက် ထားရမယ့်မျက်နှာ အနေအထား၊ ကိုယ်ဟန်အမူအရာ၊ အပြောအဆို အဲဒါတွေအကုန်လုံးကို သတိရှိရှိ ထိန်းသိမ်းထားတယ်၊ အဲဒါကို ကျွန်တော် သတိထားမိပြီး လေးစားနေတာ"

ဆရာကရယ်၍ ခေါင်းခါသည်။

"လေယာဉ်မယ်ကောင်းတစ်ယောက် ဖြစ်လို့တော့ မိန်းကလေးတစ်ယောက်ကို မရွေးချယ်ပါနဲ့ကွာ၊ လေယာဉ်မယ်ဆိုတာ အိမ်ထောင်ကျတာနဲ့ အလုပ်ထွက်ရတာကွ"

"လေယာဉ်မယ်ကောင်း ဖြစ်တာကိုပြောတာ မဟုတ်ဘူးလေ ဆရာ။ ကိုယ် ဘာဆိုတာ၊ ကိုယ့်တာဝန် ဘာဆိုတာ၊ ကိုယ်ဘာလုပ်နေသလဲ ဆိုတာ လေးစားတဲ့ စိတ်ဓာတ်ကိုပြောတာ၊ သူ လေယာဉ်မယ် မလုပ်ဘဲ တခြားတစ်ခုခု လုပ်လည်း သူ့အလုပ်ကို သူ စိတ်ဝင်တစားလေ့လာပြီး လုပ်မှာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဒီခေတ်လူငယ် တော်တော် များများက အလုပ်တစ်ခုလုပ်ရင် ကိုယ်ဘာလုပ်ပေးရမယ် ဆိုတာထက် ကိုယ်ဘာရပိုင်ခွင့်ရှိတယ် ဆိုတာပဲ အဓိကထားကြတာ မဟုတ်လား။ ထင်သလောက်များ မကိုက်ရင် မျက်နှာကြီးတွေ 'အို'လို့၊ ဆောင့်ကြီးအောင့်ကြီး လိုလို၊ စိတ်မပါတပါ အိုက်တင်တွေ လိုလို"

ဆရာက တွေးတွေးဆဆ ခေါင်းညိတ်ပြသည်။

"မင်းပြောမှ ဆရာစဉ်းစားမိတယ်၊ ဟုတ်တယ်. . . အဲဒီ တာဝန်သိစိတ်ကလေးကိုက တော်တော် ချစ်စရာကောင်းတယ်။ မင်းလည်း အခုမှ အသက် ၃၀ ဆိုတော့ လူငယ်ပါပဲ။ မင်းက အဲဒီလို လူငယ်မျိုးပဲ။ မင်းတာဝန်ယူထားတဲ့အလုပ်ကို ပီပြင်အောင်၊ ကောင်းအောင် ဘယ်လိုလုပ်မယ်ဆိုတာမျိုးပဲ အမြဲကြံစည်နေတတ်တယ်၊ မင်းအသွင်အပြင်ကိုကြည့်ပြီး မင်းကိုရော၊ ကုမ္ပဏီကိုပါ လေးစားရအောင်လည်း သပ်သပ်ရပ်ရပ်၊ ယဉ်ယဉ်ကျေးကျေး အမြဲနေထိုင်ပြောဆိုတယ်။ အေး. . . မင်းတပည့်တွေကျတော့ မင်းလိုလူက အရှားသား"

ဆရာက ရယ်ပြန်သည်။

"ဒီတော့ ငါ့လူပျိုကြီး ကုမ္ပဏီက ကလေးမကလေးတွေကို မျက်စိမကျဘဲ ဟိုကောင်မလေးကို သွားမျက်စိကျတာ ဘယ်ဆန်းမလဲ။ အေးလေ. . . ဒီခေတ် လူငယ်တွေအားလုံးသာ မင်းလို၊ အဲဒီကောင်မလေးလိုဆိုရင် ငါတို့ အလုပ်ရှင်တွေ အားလုံးလည်း ဝန်ထမ်းတွေကို တော်တော်ချစ်ကြမှာ။ အခု ငါတောင် မင်းတစ်ယောက်ရှိပေလို့၊ နို့မို့ဆိုရင် ကုမ္ပဏီခွဲတွေ ဒီလောက် အများကြီးလုပ်နေတာ၊ ခက်ရချေရဲ့။ ကဲ. . . ငါ အကြံတစ်ခုပဲ ပေးမယ်၊ သိလား"

"ဟုတ်ကဲ့ပါ. . . ဆရာ"

"ငါ့လူပျိုကြီး ရှက်တတ်တာ ငါသိတယ်။ ဒါပေမယ့် ဒီတစ်ခါ မင်းကို မန္တလေးရုံးခွဲ သွားစစ်ခိုင်းလို့ မင်း'ငှက်စိမ်းမလေး'နဲ့ လေယာဉ်ပေါ်မှာဆုံရင်ဘတ်က နာမည်ပြားလေးတော့ အရဲစွန့်ပြီး ပြုံးပြရအောင်လုပ်ခဲ့။ နာမည်သိပြီးရင် ကျန်တာ တွေအားလုံး ငါ စုံစမ်းပေးမယ်. . . ဟုတ်လား"

"ကန်တော့ပါ ဆရာရယ်၊ ဆရာ့တော့ မခိုင်းပါရစေနဲ့"

ဆရာက ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါက မင်းထက် ၁၅ နှစ်လောက်ကြီးပေမယ့် ကိုယ်ချစ်တဲ့၊ ယုံကြည်တဲ့ တပည့်တွေနဲ့တော့ သူငယ်ချင်းပေါင်း ပေါင်းတတ်ပါသေးတယ်ကွ၊ ပြီးတော့ အဲ. . . ဒီလိုကိစ္စမျိုးကူညီရတာ ငါ့စိတ်က ပြန်နုသွားသလိုပဲ"

နေမျိုး ရှက်ကိုးရှက်ကန်းနှင့် လိုက်ရယ်မိပါသည်။

(၃)

အကြွင်းမဲ့သော ကြည်နူးချမ်းမြေ့မှုကို ရရှိခံစားနိုင်ဖို့ တစ်နှစ်သာ စောင့်လိုက်ရသည်ဆိုကတည်းက မိမိကံကြမ္မာကို မိမိကျေးဇူးတင်စရာ ကောင်းလှသည်။ ယခုဘဝမှာရော၊ ရှေးဘဝနီးနီးတွေမှာရော သူတစ်ပါးစိတ်နှလုံး မသာမယာဖြစ်အောင် ဘာမှမလုပ်ခဲ့ဖူးဘူး ထင်ပါရဲ့ဟုပင် ကိုယ့်ကိုယ်ကိုယ် သာသာထိုးထိုးကလေး ထင်မိသည်။

ငှက်စိမ်းမကလေး၏နာမည်က 'မျိုးမျိုးနွယ်'တဲ့။

မျိုးမျိုးနွယ် အချိန်ပိုင်းတက်နေသည်ဟု စုံစမ်းသိရှိရသော 'ပြင်သစ်စကားပြောသင်တန်း'က သင်တန်းဆရာတစ်ဦးက နေမျိုး၏ ကျောင်းနေဘက် သူငယ်ချင်း ဖြစ်နေတာကိုက စပြီး ကံကောင်းခဲ့သည်။

မတိုက်ဆိုင် တိုက်ဆိုင်အောင် သွားသွားလည်ရတာရော၊ မိတ်ဆက်ပေးတာရော တစ်လခန့်သာ အချိန်ယူရသည်။

"အစ်ကို့ကို လေယာဉ်ပေါ်မှာ ဆုံဆုံနေတာ၊ မှတ်မိပါတယ်"

ကြည့်စမ်း။

ကျောက်စက်ရေတမျှ အေးမြလှသည့်စကား။ နှလုံးသားပေါ်သို့ ဒေါက်ခနဲ ကျစေခဲ့သည်။

"အစ်ကို အလုပ်လုပ်တဲ့ ဆေးကုမ္ပဏီက မန္တလေးမှာ ရုံးခွဲရှိတယ် လေ"

"အစ်ကိုက ဆရာဝန်လား"

"ဆေးကုမ္ပဏီမန်နေဂျာ တော်တော်များများက ဆရာဝန် ဖြစ်နေတာ တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် အစ်ကိုက စီးပွားရေးနဲ့ ဘွဲ့ရတာပါ"

ငှက်စိမ်းမကလေးက လှပစွာရယ်သည်။

"အစ်ကိုက မန်နေဂျာလား၊ ညီမက အစ်ကို့ကို ကုမ္ပဏီပိုင်ရှင်

www.burmeseclassic.com

www.burmeseclassic.com



လောက် မှတ်နေတာ”

“လူယုံမို့ လေယာဉ်ပေးစီးထားတာပါ ညီမရယ်၊ လခစားပါ။ လခတောင် မြန်မာငွေနဲ့ပဲ စားတာပါ။ အစ်ကို မချမ်းသာပါဘူး”

“ဟုတ်လား. . . ဒါဆို သိပ်တောင် အပေါင်းအသင်းမလုပ်ချင်တော့ဘူး။ ညီမက အရမ်းချမ်းသာတာ”

လေယာဉ်ပေါ်တွင် လေယာဉ်မယ် စည်းကမ်း၊ လေယာဉ်မယ် သိက္ခာတို့ကို ထိန်းနေရ၍ စကားနည်းမည်ဟု ထင်ရသော်လည်း အပြင်တွင် ခင်မင်မိသောအခါကျမှ ရင်းနှီးဖော်ရွေ၍ ရယ်စရာစကားပင် အပြောကောင်းသူကလေးမှန်း သိခဲ့ရသည်။

တကယ်တော့ မျိုးမျိုးနွယ်ဘဝက တော်တော်ရုန်းကန်နေရတာပါ။ မိခင်ကြီး ဆုံးသွားတာ မကြာသေးတဲ့။ မျိုးမျိုးနွယ်က ဒုက္ခိတ အဘိုးအဘွားနှင့် အတူနေသည်။ ပင်စင်စား အခြားအဆင့်ဝန်ထမ်းဘဝမှ အငြိမ်းစားရသူတွေမို့ အဘိုးအဘွားလည်း မချောင်လည်။ မျိုးမျိုးနွယ်၏ လစာကို အားလုံးက မှီခိုနေရသည်။

ရုပ်ကလေးထင်းနေအောင် လှသော်လည်း မကြာသေးခင်ကမှ ကွယ်လွန်သွားသည့်မိခင်ကြီး ဆုံးမသွန်သင်တာ တော်ခဲ့မှုကြောင့် မျိုးမျိုးနွယ်၏အကျင့်သိက္ခာနှင့် ဆင်ခြင်တုံတရားက မြင့်မားသဖြင့် ဆင်းရဲတာတောင် လမ်းမှားဖို့ကို မျက်စောင်းတစ်ချက်ပင် ထိုးမကြည့်ခဲ့။

လေယာဉ်မယ်လုပ်၍ အဘိုးအဘွားကို ပြုစုလုပ်ကျွေးနေရင်းကပင် သူ့ဘဝ တိုးတက်ရာ တိုးတက်ကြောင်းအတွက် သင့်တော်မည်ထင်သမျှ ပညာကို ကြိုးစားရှာမှီးနေသေးသော မျိုးမျိုးနွယ်၏ဘဝကို သနားကြင်နာစိတ်ရော၊ လေးစားစိတ်ပါ ပိုခဲ့မိသည်။

တစ်ခုတော့ ဆန်းသည်။ မျိုးမျိုးနွယ်က သူ့ဖခင်အကြောင်းကို တစ်ခါမျှ မပြောဖူးခဲ့။ ကွယ်လွန်သွားသည်ဟု မပြောသလို၊ မျိုးမျိုးနွယ်၏ ပတ်ဝန်းကျင်တွင် ဖခင်၏ အရိပ်အယောင်လည်း မရှိ။

ဘာပဲဖြစ်ဖြစ် သူ မျိုးမျိုးနွယ်ကို ချစ်ခဲ့သည်။ ဖွင့်လည်း ပြောဖြစ်ခဲ့သည်။ လအနည်းငယ်အကြာမှာ အဖြေလည်း ရခဲ့သည်။ အကြင်သော ကြည်နူးချမ်းမြေ့မှုကို တစ်ဘဝလုံး ခံစားနိုင်တော့မည်ဟုတွေးပြီး ပျော်ခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



(၄)

သို့ရာတွင်. . .

"ချစ်သလားလို့မေးတော့ ရင်ထဲရှိတဲ့အဖြေကိုပဲ ပေးရတာပေါ့ အစ်ကိုရယ်၊ ချစ်တာပေါ့၊ မျိုးဘဝမှာ အစ်ကို့အပေါ် ရင်ခုန်ခဲ့၊ လေးစားအထင်ကြီးခဲ့တာမျိုး ဘယ်သူ့အပေါ်မှာမှ မဖြစ်ဘူးတာ။ ဒါပေမယ့် လက်တွဲဖို့ဆိုတာကျတော့ ဦးနှောက်က မဖြစ်နိုင်တဲ့ အခြေအနေတွေကို ထောက်ပြနေပြန်ရော"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ. . . မျိုးရယ်၊ အစ်ကိုက တစ်ကောင်ကြွက်ပါ။ မျိုးဘဝကို အစ်ကိုတစ်သက်လုံး စောင့်ရှောက်နိုင်ပါတယ်"

"ဘယ်တရားမလဲ၊ အစ်ကိုရဲ့"

မျိုးမျိုးနွယ် သက်ပြင်းချသည်။

"ဒီအဘိုး၊ ဒီအဘွားက ထိန်းသိမ်းစောင့်ရှောက်ထားလို့ မျိုးဘဝ ကျွေရနေတာ။ ဒီအဘိုး၊ ဒီအဘွား မသေမချင်း မျိုးတာဝန်ယူရမယ်။ အစ်ကိုနဲ့ လက်တွဲဖို့ဆိုတာ မျိုး ဒီအလုပ်ကထွက်ရမှာ။ အစ်ကို့ကို တာဝန်ယူခိုင်းဖို့ဆိုတာလည်း မတရားဘူး။ မျိုးကိုယ်တိုင် တာဝန်ယူနိုင်ဖို့ လမ်းကြောင်းလည်း အမျိုးမျိုးတော့ ရှာစဉ်းစားနေတာပဲ။ ခက်တာက မျိုး ကိုယ်တိုင်က အတွေ့အကြုံ အဆက်အသွယ် နည်းနေသေးတယ်။ စောင့်ပါဦး. . . အစ်ကိုရယ်လို့ ပြောရင်လည်း ကိုယ့်ဘဝ ပြဿနာတွေကြောင့် သူတစ်ဖက်သားကို ဘောင်ခတ်ထားသလို ဖြစ်ဦးမယ်။ အစ်ကို ကြိုက်သလိုသာ ဆုံးဖြတ်ပါ အစ်ကိုရယ်။ လူတစ်ယောက်ကို ဘဝအဖော်အဖြစ် လက်တွဲဖို့ဆိုတာ မျိုးဘဝမှာ လက်ရှိအနေအထားနဲ့တော့ မဖြစ်နိုင်သေးဘူး"

"စောင့်ပါဦး. . . ဆိုတဲ့စကားက အစ်ကို့ကို ပြောနေဖို့တောင် မလိုဘူးဆိုတာရော မျိုး သတိရရဲ့လား၊ အစ်ကို့ဘဝမှာ မျိုး တစ်ယောက်ပဲ ရှိတယ်"

မျိုးမျိုးနွယ်က ယဲ့ယဲ့ပြုံးသည်။

"ပြောတဲ့စကားလေးနဲ့တင် မျိုးစိတ်ချမ်းသာရလို့ ကျေးဇူးတင်လှပါပြီ အစ်ကိုရယ်၊ ဒါပေမယ့် ဒီစကားကို အစ်ကို တည်ဖို့ မလိုဘူးနော်"

ငှက်စိမ်းမကလေးသည် ရင်ထဲကို နင့်နေအောင်လည်း ချစ်အောင် ပြောတတ်ချေသေး၏။

www.burmeseclassic.com

www.burmeseclassic.com



(၅)

ဘုရား. . . ဘုရား. . .

ရင်က တလှုပ်လှုပ်ခါသည်။ ဒူးတို့က ညွတ်ခနဲ ကျချင်သည်။ ကမန်းကတမ်းအားမွေး၍ တိုင်အကွယ်တွင် ရပ်လိုက်ရသည်။

စားသောက်ဆိုင်ထဲမှ နှစ်ယောက်တည်းထွက်လာသည့် ဆရာနှင့် ငှက်စိမ်းမလေးတို့ တိုင်ဘေးမှ ဖြတ်လျှောက်သွားကြသည်။

(၆)

ချစ်သူကိုပင် ဓာတ်ပုံတစ်ပုံမျှ မပေးလောက်အောင် ဣန္ဒြေကြီးလွန်းသည့် မိန်းကလေးပါ။

သူ့ကြောင့် ရင်နင့်ရ၊ သူ့အကြောင်း စဉ်းစားရချိန်တွင်ပင် ငေးကြည့်စရာ သူ့ဓာတ်ပုံတစ်ပုံမျှ မရှိ။ တစ်ညလုံး မအိပ်ဘဲ ကြမ်းပြင်ပေါ်တွင်ထိုင်၍ သူ လက်ဆောင် ပေးဖူးသမျှပစ္စည်းကလေးတွေကို ကြမ်းပြင်ပေါ်မှာ ဖြန့်ကျဲ၍ ငေးကြည့်ကြေကွဲရသည်။

မဖြစ်နိုင်။

မျိုး သည်လိုမိန်းကလေးမျိုး ဘယ်လိုမှ မဖြစ်နိုင်။ ဘယ်လိုပုံစံနှင့် တွေ့ရသည် ဖြစ်စေ၊ မျိုးကို အထင်သေးဖို့ဆိုတာ မဖြစ်နိုင်ပါ။

ခက်တာက ကိုယ့်ဆရာက 'ဇ'ရှိသည်။ ယခု ကြီးမှ တည်ငြိမ်သွားသော်လည်း ငယ်ငယ်က သည်ကိစ္စမှာ နာမည်ဆိုးနှင့် ထင်ရှားခဲ့သူ ဖြစ်သည်။

မျိုးကို သူ့ချစ်သူဟု မသိတာလည်း မဟုတ်။

'မျိုးမျိုးနွယ်'ဆိုသည့် နာမည်တစ်လုံးရရုံနှင့် ကျန်တာတွေ စုံစမ်းပေးခဲ့တာလည်း ဆရာပဲ ဖြစ်သည်။

စုံစမ်းပေးရင်းကပဲ မျိုးကို သူကိုယ်တိုင် စိတ်ဝင်စားသွားခဲ့လေသလား။ ဆရာ့ဇနီး ကွယ်လွန်တာ မကြာသေးသဖြင့် ဆရာက လူလွတ်တစ်ဦး ဖြစ်နေသည်။ ငယ်စဉ်ကလည်း 'ဇ' ရှိသည်။ အရွယ်တင်၍ ရုပ်ချောသည်။ ပြီးတော့ အလွန်ချမ်းသာသည်။

ဘုရား. . . ဘုရား. . .

ငါတစ်ခုခု ဆုံးဖြတ်မှ ဖြစ်တော့မှာပါလား။

www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်းတော့ ဆုံးဖြတ်ချက်တစ်ခု မဟုတ်။ နှစ်ခု ချဖြစ်သည်။ တစ်ခုကတော့ ဆရာ့ကုမ္ပဏီကို စွန့်ခွာရန်ပါ။

(၇)

ဆရာက စိတ်ပျက်လက်ပျက်ဟန်ဖြင့် ခေါင်းခါသည်။

"မင်းဘဝ တိုးတက်ရာတိုးတက်ကြောင်း နိုင်ငံခြားမှာ သွားအလုပ်လုပ်ချင်ရင်တောင် ငါ့ကုမ္ပဏီက ထွက်ခွင့်တောင်းစရာ မလိုဘူး။ မင်းကို ငါ နိုင်ငံခြားမှာ ရမယ့်လခမျိုးလည်း ပေးနိုင်တယ်။ နိုင်ငံခြားအလုပ်တစ်ခုခု ရအောင်လည်း ကူညီနိုင်တယ်ဆိုတာ မင်းအသိနော်။ မင်းမှာ မပြောဘဲထားတဲ့ တခြားအကြောင်းရင်း ရှိကို ရှိရမယ်။ ငါ့ကို အမှန်အတိုင်း ပြောစမ်း"

နေမျိုး မျက်နှာပူစွာဖြင့် ခေါင်းငုံ့တိတ်ဆိတ်နေသည်။ အတော်ကြာမှ တိုးတိုး. . .

"ကျွန်တော့်ချစ်သူအတွက်ပါ။ သူက အဘိုး၊ အဘွားဒုက္ခိတတွေကို လုပ်ကျွေးနေတဲ့ လေယာဉ်မယ်ကလေးပါ။ ဆရာလည်း သိပါတယ်။ ကျွန်တော်တို့ လက်ထပ်ရင် သူ အလုပ်ထွက်ရမှာ။ ကျွန်တော် သူ့အဘိုးအဘွားကိုပါ တာဝန်ယူချင်တယ်။ သူကတော့ သူ့တာဝန် သူများကို မပေးနိုင်ဘူးလို့ ငြင်းနေပါတယ်။ သူ့ကို လက်ခံလာအောင် မပြောနိုင်ခင် ကျွန်တော်က ဒီထက်ကြီးပွားတိုးတက်အောင် ကြိုးစားထားနှင့် ချင်ပါတယ်" ဟု ပြောသည်။

ဆရာက မဲ့ပြုံးပြုံးသည်။

"မင်းချစ်သူနဲ့ ငါနဲ့ စားသောက်ဆိုင်ထဲက ထွက်လာတာကို မြင်လိုက်လို့ မဟုတ်ဘူးပေါ့လေ"

နေမျိုး ပါးစပ်အဟောင်းသား ဖြစ်သွားပါသည်။

(၈)

ဆရာမြင်လိုက်တာကိုးဟု တိုးတိုးပြော၍ နေမျိုး အတန်ကြာ ငြိမ်သက်နေသည်။ ပြီးမှ စိတ်ပိုင်းဖြတ်ပြီးဟန်ဖြင့် မော့၍ပြောသည်။

"အဲဒါနဲ့တော့ မဆိုင်ပါဘူး. . . ဆရာ၊ ဆရာတို့ ဘာကြောင့် တွေ့ကြတယ် ဆိုတာ ကျွန်တော် မသိပေမယ့် မျိုးအကြောင်း ကျွန်တော် သိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကျွန်တော် ယုံပါတယ်"

"မျိုးအကြောင်း မင်းမသိသေးတာရှိတယ်။ အဲဒါက သူဟာ ငါ့သမီး ဆိုတာပဲ"

နေမျိုး နောက်တစ်ကြိမ် ပါးစပ်အဟောင်းသားဖြစ်သွားပြန်သည်။

(၉)

"ငါ ငယ်ငယ်က တော်တော်ဆိုးတယ်၊ အဲဒါတွေ မင်းကို ငါပြောပြဖူးတယ်၊ မျိုးမျိုးနွယ်က ငါ တာဝန်မယူခဲ့တဲ့ သူ့အမေက မွေးထားတဲ့ ငါ့သမီးပေါ့။ မင်းအတွက် စုံစမ်းပေးရင်းနဲ့ ငါ ပြန်သိခဲ့ရတာ။ ပထမတော့ ငါ့သိက္ခာ၊ ငါ့သားကြီး၊ သမီးကြီးတွေ သိက္ခာငဲ့ပြီး မသိချင်ယောင်ဆောင်လိုက်တော့မလို့ဘဲ။ ခက်တာက မင်း။ မင်းက မျိုးမျိုးနွယ်ရဲ့ တာဝန်သိတတ်တဲ့စိတ်၊ တာဝန်ယူချင်စိတ်၊ အဲဒါတွေကို ခဏခဏ ချီးမွမ်းပြီးပြောနေတော့ ငါ သိပ်နေရခက်လာတယ်။ ဒီကလေးက သူများမှာမရှိတဲ့ အရည်အချင်းရှိနေတာ အမှန်ပဲ။ ဒါပေမယ့် အဲဒါသူ့အဖေဆီက ရတဲ့အမွေတော့ မဟုတ်ဘူး။ သူ့အဖေက တာဝန်မဲ့တဲ့၊ တာဝန်မယူတတ်တဲ့ လူယုတ်မာလို့ခေါ်ရင်တောင် ရတဲ့သူ ဖြစ်နေတယ်လေ"

ဆရာက စကားအရှည်ကြီးပြောရာမှ ခဏနားပြီး စားပွဲပေါ်က ကော်ဖီခွက်ကို တစ်ကျိုက် မော့သောက်သည်။

"အဲဒီတော့ ငါ ရှက်လာတယ်၊ အဲဒီအချိန်မှာ မင်းတို့လက်တွဲဖို့ ပြဿနာ ရှိလာတာလည်း ငါ ရိပ်မိလာတယ်။ ဘာပဲဖြစ်ဖြစ် ငါက အဖေလေ။ ငါ့သမီးက ဒီလောက်မျက်နှာ မငယ်သင့်ဘူး။ မင်းတို့ရှေ့ရေးကို ငါ တာဝန်ယူချင်လာတယ်။ ယူနိုင်ဖို့ အခြေအနေလည်း ပေးလာပြီ။ ငါ့သားကြီးနဲ့ သမီးကြီးက ဩစတြေးလျမှာပဲ အခြေချကြတယ်။ ငါ သူတို့ကို ရှင်းပြဆွေးနွေးတော့လည်း သူတို့ လက်ခံကြတယ်။ ငါက ဒီကုမ္ပဏီကို မင်းနဲ့သမီး 'မျိုး'တို့ လွှဲပေးပြီး ဦးစီးခိုင်းမယ်ပေါ့။ မျိုးနဲ့ တွေ့ခွင့်ရအောင် ငါ ကြိုးစားတယ်။ မထင်မှတ်ဘဲ မျိုးက ကြည်ကြည်သာသာပဲ ငါ့ကိုလက်ခံတယ်။ အဲဒီနေ့က စားသောက်ဆိုင်မှာတွေ့တော့ ဖေဖေ့ကို တစ်ခါမှမကန့်တော့ဘူးလို့ အရင်ကန်တော့ပါရစေဆိုပြီး စားသောက်ဆိုင်ကြမ်းပြင်မှာထိုင် ဆောင့်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



တလေးထိုင်ကန်တော့တယ်။ သူလစာနဲ့စုပြီး ဝယ်ထားတဲ့ ဟောဒီရွှေကြယ်သီး တလေးတောင် လက်ဆောင်ပေးသေးတယ်"

ဆရာက သူ့စတစ်ကော်လံအကျီတွင် တပ်ထားသော ရွှေကြယ်သီး တလေးကို ပြသည်။

"ငါ မျက်ရည် ပေါက်ပေါက်ကျတယ်ကွ သိလား။ မင်းချစ်သူ ငါ့သမီး တ အဲသည်လောက် ဟောဒီ ရင်ဘတ်ထဲထိအောင် လုပ်တတ်တာ"

ဟု ပြောသည်။ နေမျိုး သက်ပြင်းချမိသည်။ တကယ်တော့ ဆရာ ယခုလည်း ပြောရင်း မျက်ရည်ဝိုင်းနေပါသည်။

"အဲဒီလောက် အဆင်ပြေတော့ ငါ ပေးမယ့်အကူအညီ လွယ်လွယ်ပဲ လက်ခံမယ်ထင်ထားတာ။ တက်တက်စင်ပါပဲကွာ၊ မေမေ့ကို ဖေဖေ့ဆီက ဘာအကူအညီမှ သွားမတောင်းဘဲ သမီးဘဝကို သမီး ကြန့်ရှိရှိနဲ့ စောင့်ရှောက်ပါ့မယ်လို့ ကတိပေးထားပြီးသားမို့ ဘာမှထပ်မပြောပါနဲ့တော့ ဖေဖေ. . . တဲ့။ တစ်ခါတည်း ပိတ်ပြောတယ်။ ငါ အဲဒီနေရာမှာတင် ရှူးချင် သွားလောက်အောင် စိတ်ညစ်ခဲ့တာ မောင်။ အဲဒီကအပြန် မင်းနဲ့ တိုးတော့ တာပဲ။ အဲဒီမှာ ငါ စိတ်ကူးတယ်။ မင်းကို အကူအညီ တောင်းမယ်။ တစ်သက်လုံး မသိတတ်ခဲ့တဲ့တာဝန်တွေ ဒီတစ်ခါနဲ့ချေလို့တော့ ဘယ်ရမလဲ။ ငါ သိပါတယ်။ ဒါပေမယ့် ငါ့သမီးဘဝအတွက် ငါ ဒီလောက်ကလေးမှ တာဝန်မကျေရရင် ငါ ဒီလောက်စိတ်ထားမြင့်မြတ်တဲ့ မိန်းကလေးရဲ့အဖေပါ လို့ ငါမပြောရဲတော့ဘူး။ ဒါတော့ ငါ လုပ်ရမှုဖြစ်မယ် နေမျိုး။ မင်း ငါ့ကိုကူညီ ပါကွာ။ မင်းတို့ကို ဆရာကူညီပါရစေ"

နေမျိုး အားစေးမိနေဆဲ။

## (၁၀)

"ဆရာပြောတာ တရားပါတယ်၊ ဖြည်းဖြည်းကြိုးစားကြည့်ရမှာပဲ"

"လုပ်ပါကွာ"

"တစ်ခုတော့ရှိတယ်. . . ဆရာ၊ ဆရာက ငွေရေးကြေးရေးပဲ တန်းတာဝန်ယူပါ့မယ်သွားပြောတော့ သူက ငတ်နေတာက မိဘမေတ္တာ ဖြစ်နေတယ်။ ငွေကြေးမပါဘဲ ဖခင်မေတ္တာနဲ့ စောင့်ရှောက်မှုကို အရင်

www.burmeseclassic.com

www.burmeseclassic.com



ပြုပြထားပြီး သူ့ရဲ့ရင်းနှီးယုံကြည်မှုကို ရအောင် အရင်ပြန်ယူရမယ် ထင်တယ်"

ဆရာက အားပါးတရပြုံးသည်။

"မင်းပြောတာ ဟုတ်တယ်"

ဟုလည်း ထောက်ခံသည်။

"ပြီးတော့ ဒီကိစ္စမှာ ကျွန်တော်က ခုနေအတင်းဝင်ပြောလို့လည်း မဖြစ် သေးဘူး။ သူနဲ့ဆရာနဲ့က သားအဖ။ ကျွန်တော့်အတွက်ကျတော့ ဆရာက ကျေးဇူးရှင်ဆိုပေမယ့် သူက ချစ်သူဖြစ်နေတယ်။ ဆရာတို့ နှစ်ယောက် သဘောထားကွဲလွဲ နေတုန်းမှာ ကျွန်တော်က သူ့ဘက်ကနေပေး ရမယ့် အနေအထားလို့ ကျွန်တော် ထင်တယ်"

ဆရာက မျက်စောင်းထိုးသည်။

"ခွေးကောင် မရခင်ကတည်းက ရိုကျိုးနေလိုက်တာ။ မင်း အဲဒီလိုလုပ်မပြလည်း ငါ့က မင်းကို ငါ့သမက်တော်ဖို့ သဘောတူပြီးသားပါဟ"

ဆရာတပည့်နှစ်ယောက် အတူတူရယ်မိကြသည်။ ပြီးတော့မှ ဆရာက မျက်နှာကလေးတည်၍. . .

"အင်း. . . သဘောတူတယ်၊ မိဘနေရာကနေ ပြောရမယ့် စကား၊ ဒီစကားကလေး သူ့ကွယ်ရာမှာပြောရတာကို ရင်ထဲမှာနွေးထွေးလိုက်တာ နေမျိုးရယ်၊ ငါ သူ့ရှေ့မှာပြောပြီး မိဘနေရာကနေ တကယ်နေပြချင်လိုက်တာ"

ဟု တိုးတိုးပြောလေသည်။

စရဏမဂ္ဂဇင်း
၂၀၀၉၊ ဇန်နဝါရီ

* * *

www.burmeseclassic.com

www.burmeseclassic.com

# ဆူနာမိ အချက်ပြ

## (၁)

ဘာဖြစ်လို့လဲ။

ဘာဖြစ်လို့လဲ. . . ဘာဖြစ်လို့လဲ။

ကျယ်ပြောပါသည်ဆိုသော ပင်လယ်သမုဒ္ဒရာတွင် အနားသတ်ကမ်းစပ်ရှိသည်တဲ့။ သည်ကမ်းစပ်ကို ကျော်ပိုင်ခွင့်မရှိ။

BURMESE CLASSIC

ဘာဖြစ်လို့လဲ။

သည်မေးခွန်းအတွက် အဖြေမရှိ။ ကမ်းစပ်ဖြစ်နေလို့ပေါ့။

ပင်လယ်က ကမ်းစပ်ကို မကျော်လျှင် ဘာပြဿနာမှ မရှိ၍ပေါ့။

ပင်လယ်က ကမ်းစပ်ကိုကျော်လိုက်တုန်းကများ အသက်အိုးအိမ်စည်းစိမ် များလှစွာ၊ ဘဝများလှစွာ နှမြောတသဖွယ်ရာ ဆုံးရှုံးခဲ့ရသည်။ ဆူနာမိလေ။

ဘာဖြစ်လို့လဲ။

သည်မေးခွန်းကိုတော့ ဖြေရမည်။ ဆူနာမိဖြစ်ရခြင်းအကြောင်းရင်း သိရန် လိုသည်။ ဒါက ပုံမှန်သဘာဝကို ကျော်လွန်၍ ဖြစ်ရသည့်ကိစ္စ။ အကြောင်းရင်းရှာ၍ မကာကွယ်နိုင်လျှင် နောက်ထပ်ဘဝများစွာကို ဖြိမ်းခြောက်ပေလိမ့်ဦးမည်။

ချစ်ခြင်းမေတ္တာတရား. . .။

ဒါကရော အဘယ်မျှ ကြီးမားကျယ်ပြန့်နေနိုင်လို့လဲ။

ကမ္ဘာပေါ်မှာ ပေါ်ခဲ့ဖူးသမျှ အနုပညာဖွဲ့နွဲ့မှုအားလုံး 'အချစ်'ကို ဗဟိုပြု၍ ပေါ်ခဲ့ကြတော့ရော ဘာဖြစ်သေးလဲ။ ဤမျှနှင့်တော့ အချစ်ဆိုတာ သစ္စာတရား၊ ခိုင်မြဲသောအရာတစ်ခုလို့တော့ မယူဆသင့်။

ပင်လယ်ကြီးလောက်တော့ ကျယ်မှာပေါ့။ သမုဒ္ဒရာကြီးလောက်တော့ နက်ရှိုင်းပေမပေါ့။ ဒါပေမယ့် အနားသတ်ကမ်းစပ်မှာတော့ ရပ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်ပိုင်ခွင့် မရှိ။

ဘာဖြစ်လို့လဲ။

သည်မေးခွန်းအတွက် အဖြေမရှိပါ။

(၂)

တရားစခန်း မှန်မှန်ဝင်ဖြစ်သော၊ တရားမှန်မှန်ထိုင်ဖြစ်သော၊ တရားမှန်မှန် နာဖြစ်သော ဇနီးသည်က ကြောက်မက်ဖွယ်ရာ အမှန်တရား တစ်ခုကို ပြန်လည် ဖောက်သည်ချဖူးသည်။ ဆရာတော် အရှင်ဇဝန (မေတ္တာရှင်၊ ရွှေပြည်သာ)၏ ဟောကြားချက်ပါ။

မိန်းကလေးတစ်ယောက်ကိုမြင်၍ လှသည်ဟု ထင်လိုက်ရုံနှင့် လောဘစိတ် ဖြစ်သတဲ့။ မလှဘူးဟု ထင်လိုက်လျှင်လည်း ဒေါသစိတ် ဖြစ်သတဲ့။ လှတာလည်း မဟုတ်၊ မလှတာလည်း မဟုတ်၊ ဒါ မိန်းကလေးတစ်ယောက်ပါပဲဟု မြင်လျှင်တောင် မောဟစိတ် ဖြစ်သတဲ့။ အားလုံး ဒုဂ္ဂတိဘုံသွားရာ အတုသိုလ် တရားများသာ ဖြစ်သတဲ့။ ယောကျ်ား၊ မိန်းမဆိုသည်ပင်လျှင် အစစ်အမှန် မရှိတဲ့။

'ကိုဖြူနီ'တော့ အသက်သာ ၄၀ ကျော်လာသည်။ ဘုရားရိပ်၊ တရားရိပ် သိပ်မနီးလှသေး။ စာရေးဆရာပီပီ စာဖတ်ကတော့ စုံသည်။ တရားစာအုပ်တွေလည်း ဖတ်၊ ရသတွေ၊ သုတတွေလည်း ဖတ်တော့ ရသတောမှာ ပျော်လိုက်၊ ရသကို ခံစားမိသည်ကို အပြစ်ပြန်မြင်လိုက်နှင့် ချာလည်လည်နေသည်။

သည်ကြားထဲမှာ ဘက်စ်ဆဲလားဆိုသည့် စာရေးဆရာတွေထဲမှာလည်း မပါ။ ဘက်စ်ဆဲလားဖြစ်ရန် တွက်ချက်ရေးသားလိုစိတ်ကလည်း မရှိတော့၊ တစ်နှစ်မှ သုံးအုပ်လောက်ထွက်ပြီး တစ်အုပ်မှ သိန်းဂဏန်း လက်လေးငါးချိုးစာရသည့်ဝင်ငွေ ကလေးနှင့်ကလည်း ဇနီး. . . တစ်၊ သမီး. . . တစ် စရိတ်ကို မတတ်နိုင်သေး။ သည်တော့ ရုပ်ရှင်ဇာတ်ညွှန်းလည်း ဝင်ခွဲသည်။ ဂျာနယ်မှာလည်း ကော်လံဝင်စား ရသေးသည်။ တက်ကျမ်းငွေကလည်း ဘာသာပြန်ရသေးသည်။ တစ်ခါတလေ ကြုံကြိုက်လျှင် ရုပ်ရှင်သရုပ်ဆောင် သင်တန်းမှာတောင် ဆရာဝင်လုပ်လိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါတွေက နဂိုကတည်းက အပေါင်းအသင်းမက်၍ လမ်းပေါ်မှာသာ ပျော်သော ကိုဖြူနိုးအတွက် ပင်ပန်းလှသည်ဟု မဆိုသာ။ သို့သော် ရုပ်ရှင်လုပ်ငန်းဆိုတာက နဂိုကတည်းက အိပ်မက်ကို ရောင်းဝယ်ဖောက်ကားကြသည့်နေရာပါ။ မရှိတာကို ရှိသည်ဟု ယုံကြည်လာအောင် သွေးဆောင်၍ ပြကြရတာပါ။ အဲသည့် 'အပြ' ကလေးတွေထဲတွင် အများဆုံးအပြခံရသည့် မရှိတရားကတော့ 'အချစ်' ဆိုတာပါပဲ။

ယောကျ်ားရယ်၊ မိန်းမရယ်ဟု စွဲမြဲတတ်တာကို မောဟဟု သဘောပေါက်နေသော ဇနီးသည်နှင့် သမီးတို့၏စားဝတ်နေရေးအတွက်ပင် ယောကျ်ားနှင့် မိန်းမကြားထဲက ရှိတတ်သော စွဲလမ်းတပ်မက်မှုအပေါ် အချစ်စစ်တွေ၊ အချစ်တုတွေ ဋ္ဌီကာချဲ့၍ ဇာတ်လမ်းရေးသော အလုပ်ကို ကိုဖြူနိုးလုပ်ပါသည်။

အဲသလိုလုပ်ရင်းကပင် ကိုဖြူနိုးတစ်ယောက် ဖြူပြာလဲ့ဝင်းနှင့် ဆုံပါတော့သည်။

(၃)

"ကိုရီးယားဇာတ်လမ်းတွဲတွေ ကြည့်ရသလို ရင်ထဲမှာ နင့်ခနဲနေအောင် ခံစားရမယ့် အချစ်ဇာတ်လမ်းမျိုး ရေးပေးပါ ဆရာရယ်"

သည်စကားကလေးကို ဆုံဆုံချင်းပြောခဲ့သည့် ဖြူပြာလဲ့ဝင်းသည် ဗီဒီယို၊ ရုပ်ရှင်ထုတ်လုပ်ရေး လုပ်ငန်းပိုင်ရှင်ကြီးတစ်ဦး၏သမီး ဗီဒီယို ထုတ်လုပ်သူတစ်ဦး ဖြစ်ပါသည်။ အသက်က အစိတ်၊ အရပ်က ၅ ပေ၊ ၆ လက်မ၊ ဒေါက်ဖိနပ်စီးထားလျှင် ၅ ပေ၊ ၉ လက်မ၊ ချက်အောက် လက်လေးလုံး အနည်းဆုံးနိမ့်သော ဘောင်းဘီ ကျပ်ကျပ်နှင့် အသားစိုင်တို့ကို အရောင်ပြောင်းစေတာလေးလောက်သာ ထူးခြားစေသော အင်္ကျီပျော့ပျော့ ကျပ်ကျပ်တို့ကိုသာ ဝတ်ဆင်လေ့ရှိသော ဖြူပြာလဲ့ဝင်းသည် တော်တော်များများမင်းသမီးပေါက်စကလေးတွေက ငေးကြည့်ရလောက်အောင် သိသာလှပသည့် ကိုယ်လုံးကလေးတစ်ခုကို ပိုင်ဆိုင်ထားသော်လည်း ဖခင်က သရုပ်ဆောင်လုပ်ရန် သဘောမတူခဲ့၍ ထုတ်လုပ်သူ ဘဝသက်သက်ကိုသာ ခံယူထားပါသည်။

"ဖြူပြာက ကိုရီးယားဇာတ်လမ်းတွဲတွေ ကြိုက်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



ဖြူပြာလဲ့ဝင်းက ရယ်သည်။

"ဆရာကလည်း ကိုရီးယားကား မကြိုက်တဲ့သူ ဘယ်သူရှိလို့လဲ။ အဲ့ဒီကားတွေထဲမှာ မင်းသားပဲ ဖြစ်ဖြစ်၊ မင်းသမီးပဲ ဖြစ်ဖြစ် သိပ်ချစ်တတ်ကြတာ။ သူတို့ အချစ်အတွက်ဆို သူတို့ ဘယ်တော့မှ အလျှော့မပေးတတ်ကြတာ သိပ်သဘောကျတာပဲ။ အခု ဆရာဇာတ်ညွှန်းခွဲပေးမယ့် မူရင်းစာအုပ်က မင်းသား၊ မင်းသမီးတွေက အချစ်အတွက်ဆိုရင် အဲသည့်ကိုရီးယားကားတွေထဲကလို သတ္တိမရှိကြဘူး။ တွေဝေနေကြတယ်။ အဲဒါကို အားမရတာ။ ဒါရိုက်တာကြီးလည်း ဖြူပြာ အဲဒါပြောပြထားတယ်"

BURMESE CLASSIC

ကိုဖြူနိုးလက်ထဲက 'ပြောပြလိုက်စမ်းပါ ရှင်မွေ့နှမ်းပွင့်ရယ်' ဝတ္ထုကို ငုံ့ကြည့်၍ သက်ပြင်းချမိသည်။ ကွယ်လွန်သူ စာရေးဆရာက မြန်မာမှုနယ်ပယ်မှ ခွင့်ပြုထားသော၊ သို့မဟုတ် ကန့်သတ်ထားသော 'စည်း'များဘောင်များကို လေးစား တန်ဖိုးထားတတ်လှစွာဖြင့် တခုတ်တရ ခမ်းနားလှပစွာ ဖွဲ့ဆိုတတ်သူပါ။ အစ်ကို့စာ သူများလက်မှာ ပျက်မှာစိုးလို့ ကျွန်တော် ဝင်ကိုင်မိကာမှ အစ်ကို့စာရဲ့ 'အမြုတေ'ကို ပြင်ခိုင်းတဲ့ ငွေရှင်နဲ့ တွေ့နေပြီ အစ်ကိုရေဟု စိတ်ထဲက ညည်းတွားမိသည်။

နောက် သုံး၊ လေးလအကြာတွင် ပြဿနာက သူထင်ထားသည်ထက် အဆပေါင်းများစွာ ကြီးကျယ်လာခဲ့ပါသည်။

'ရှင်မွေ့နှမ်းပွင့်'နှင့်တော့ ဘာမှမဆိုင်တော့ပါ။ သူနှင့်ဆိုင်ပါသည်။ ပြီးတော့ ဖြူပြာလဲ့ဝင်းနှင့် ဆိုင်သည်။

## (၄)

"ဘာဖြစ်လို့လဲ"

"ဒီမေးခွန်းကို ဖြူပြာမေးတာ ဒီနေ့ထဲမှာပဲ သုံးခါရှိပြီ။ ဒီမေးခွန်းက ဖြေစရာမလိုတဲ့အကြောင်းလည်း တို့ သုံးခါဖြေခဲ့ပြီးပြီ။ ပြီးရင် ဖြူပြာကမရှိ ဖြေရမယ်လို့ ဇွတ်ပြောမယ်။ တို့က ဖြေနေကျအတိုင်း ဖြေမယ်။ အဲဒီအခါကျရင် ဖြူပြာက ဘာလို့ အဲသလောက် ရက်ရက်စက်စက်ကြီး ပြောထားရတာလဲ။ အဲသလိုမပြောပါနဲ့လို့ ပြောမယ်။ ဒါ မနေ့ကလည်း ဒီအတိုင်းပဲ။ တစ်နေ့ကလည်း ဒီအတိုင်းပဲ။ ဘာထူးဆန်းလို့ မေးနေရသေးတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းတစ်ဖက်က အသံပျောက်သွားသည်။ ခဏနေမှ ဖြူပြာလဲ့ဝင်းက တိုးညင်းစွာ အဲသလို မပြောပါနဲ့ဟု ဆိုလေသည်။

(၅)

ကိုဖြူနိုးက စာရေးဆရာထဲမှာတော့ တော်တော်အရွယ်တင်သူတစ်ဦး ဖြစ်သည်။ အသက် ၄၀ ကျော်ပြီဆိုတာကို ပြောပြလျှင် ယုံကြည်သူတော်တော် ရှားသည်။ စာရေးသက်နှင့် တွက်ပြလိုက်တော့မှ အံ့ဩကြသည်။

သို့သော် အသွင်အပြင်ကသာနုပြီး စိတ်က တစ်ဝက်တစ်ပျက် ရင့်နေပြီ။ အသက်ကသာ ၄၀ ကျော်၊ စဉ်းစားနေသည်က နောက် ၁၀ နှစ် အတွင်း တွင် အသက် ၅၀ ကျော် ဖြစ်တော့မည် ဆိုတာရယ်။ အဲသည်က ရှေ့လျှောက် တတိယအရွယ်ကို ချဉ်းနင်းဝင်ရောက်သွားတော့မည် ဆိုတာရယ်။ ထိုအတွက် သူ ဘာမှ မည်မည်ရရ မပြင်ဆင်ရသေးဘူး ဆိုတာရယ်။ ဒါတွေကိုပဲ တစ်ချိန်လုံး တွေးနေမိသည်။

အဲသည်လို အချိန်မျိုးမှာ ယခုမှ ဒုတိယအရွယ်ပင် မရောက်တတ်သေးသည့် မိန်းမငယ်ကလေးတစ်ဦး၏ စိတ်ဝင်စားခြင်းကို ခံရတာ အံ့ဩရုံ သက်သက်ပါပဲ။ စိတ်မလှုပ်ရှားပါဘူးဟု ပြောလျှင်တော့ ရာနှုန်းပြည့် မုသား တင်းမည် မထင်။

ကိုယ့်ရုပ်အဆင်းကလည်း ယိုယွင်းစပြုပြီး တစ်ဦးတည်းသော ချစ်ဇနီး ရုပ်သွင်ကတော့ အင်း. . . ကြာပေါ့။

ဖြူပြာလဲ့ဝင်းကတော့ အရုဏ်ဦး နှင်းစက်တို့ကြားမှာ ငုံရာက ပွင့်အန် လာစ ပန်းပွင့်ကလေးတစ်ပွင့်လို လန်းဆန်းလှပနေသည်။

သည်ပန်းပွင့်ကလေးက သည်သူ့အိုပေါက်စ၏ စားပွဲပေါ်က ပန်းအိုးထဲကို မပင့်မဖိတ် ဖြန်းစားကြီးရောက်ရှိလာတာ တုန်လှုပ်စရာပါ။ မိတ်ကပ်လိုင်နာ ဘာမှ တင်မထားသော မျက်နှာကလေးပေါ်က ချွေးပေါက်ငယ်ကလေးများအထိ စင်ကြယ် ဝင်းမွတ်နေသည်ကို အနီးကြည့် မျက်မှန်တပ်ထားခိုက် သူ့အနားရောက်လာ၍ သတိထားမိတိုင်း ကိုဖြူနိုး လက်တုန်ခြေတုန် ဖြစ်တတ်ပါသည်။

ကားတံခါးကလေးကိုဖွင့်၍ ဆင်းလာလိုက်တိုင်းတွင် အသို့ ကျပ်ကျပ်

www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီ ကျပ်ကျပ်ဝတ်ထားသည့် ကိုယ်လုံးကလေးမှာ အပြစ်အနာအဆာ တစ်နေရာမှ မရှိသည်ကို သတိထားမိတိုင်းလည်း ကိုဖြူနိုး သက်ပြင်းချ၍ မျက်နှာလွှဲရတတ်ပါသည်။

"သက်တူရွယ်တူတွေ ဖြူပြာကြောင့် ကြွေနေကြတာ အများကြီးပဲ။ ဆရာ့ ကျမှ ဒီလောက် ခါးခါးသီးသီးဖြစ်နေတာ ဆရာ့မျက်စိထဲမှာ ဖြူပြာက မလှလို့လား။ ပြောစမ်းပါဦး"

"ဖြူပြာ လှပါတယ်၊ ဒါပေမယ့် ဖြူပြာလှတာ သက်တူရွယ်တူ လွတ်လပ်တဲ့ ယောကျ်ားကလေးတွေနဲ့သာ ဆိုင်တာလေ။ အရွယ်လွန်စပြုနေတဲ့ အိမ်ထောင်သည် ယောကျ်ားတစ်ယောက်နဲ့ ဘာဆိုင်လို့လဲ"

ဖြူပြာလဲ့ဝင်းက အသံမထွက်အောင် ကျွတ်ခနဲ ညည်းတွားသည်။

တကယ်တော့ ဖြူပြာ့ကိုမြင်တိုင်း သူ့ရင်မှာ ခံစားချက်ရှိပါသည်။ သို့သော် ထိုခံစားချက်ကို **'LOVE'** အချစ်ဟု သူ မယုံကြည်ပါ။ **'LUST'** တပ်မက်မှုဟုသာ သူ ထင်ပါသည်။ ထင်သည့်အတိုင်း ပြောရလျှင်လည်း စကားလုံးက ရိုင်းတော့မည်။

"ဖြူပြာက ခံစားနေရတာလေ။ ခံစားချက်ရှိတာ အပြစ်ရှိလို့လား"

"ခံစားခွင့်က ရှိပါတယ်၊ ပြောမပြတာတော့ အကောင်းဆုံးပဲ"

"ဘာဖြစ်လို့လဲ"

"တို့ မကြာခင် အိုတော့မယ်၊ ဒုတိယအရွယ် နည်းနည်းကလေးပဲ ကျန်တော့တယ်။ ကျန်သမျှ ကာလကလေးမှာ အေးအေးချမ်းချမ်းပဲ နေသွားချင်တယ်။ စည်းတွေ ဘောင်တွေကို ခလုတ်တိုက်မိပြီး အိုးနင်းခွက်နင်းဘဝနဲ့ မနေချင်ဘူး"

"လာပြန်ပြီ. . . ဒီစည်းတွေ၊ ဘောင်တွေ။ တစ်သက်လုံးပဲ စည်းတွေ ဘောင်တွေနဲ့ နေနေရတာ မငြီးငွေ့သေးဘူးလား။ တစ်ခါတလေလေးများ စည်းတွေ၊ ဘောင်တွေကို ရင်ဆိုင်စွန့်စားပစ်လိုက်ရတဲ့ အရသာကို ခံစား မကြည့်ချင်ဘူးလား"

"မကြည့်ချင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ကိုယ့်ဘဝ နစ်နာယိုင်လဲမယ့်ကိစ္စကို ဇွတ်တိုးတတ်တဲ့လူက လူမိုက်၊

www.burmeseclassic.com

www.burmeseclassic.com



သူများဘဝတွေပါ ကြားထဲက အချောင်ထိခိုက်ကုန်မယ့်ကိစ္စကို ဖွတ်တိုးလုပ်တဲ့လူက လူယုတ်မာပဲ။ တို့က လူမိုက်လည်း မဖြစ်ချင်ဘူး။ လူယုတ်မာလည်း မဖြစ်ချင်ဘူး"

"ဪ. . . ဆရာဆိုလိုတာက ဖြူပြာက လူမိုက်ရော၊ လူယုတ်မာရော ဖြစ်နေပြီပေါ့။ ဖြူပြာ့ကို အဲသလောက်တောင် အထင်သေးသလား"

"မသေးပါဘူး. . . စာလည်း သိပ်ဖတ်တဲ့၊ တွေးတွေးခေါ်ခေါ်လည်း အမြဲရှိတဲ့ ဖြူပြာ့ကို တို့ လေးစားပါတယ်။ ဒါကြောင့် ရှင်းပြနေရတာ။ စိတ်ကို လွှတ်မပေးပါနဲ့။ ထိန်းနိုင်ရင် ဖြူပြာ စောစောက စာရင်းထဲဝင်သွားမှာ မဟုတ်ဘူး"

"စိတ်ပျက်သွားအောင် တမင်ရင့်ရင့်သီးသီးတွေ ပြောနေတာဆိုရင်တော့ လက်လျှော့လိုက်နော်၊ ဖြူပြာ စိတ်လုံးဝပြောင်းသွားမှာ မဟုတ်ဘူး"

"ဘာရည်ရွယ်ချက်နဲ့မှ ပြောနေတာ မဟုတ်ဘူး၊ စိတ်ထဲရှိတဲ့အတိုင်း သက်သက်ပဲ ပြောနေတာ။ ထပ်ပြောလိုက်ဦးမယ်၊ တို့သမီးလေးကသာ တို့ ထွယ်ရာမှာ တို့လိုလူမျိုး နောက်တစ်ယောက်နဲ့ ဖြူပြာအခုပြောနေတဲ့စကားတွေ ပြောနေတာ တို့ သိရမယ်ဆိုရင် စိတ်ဆင်းရဲတာနဲ့ပဲ သေလိမ့်မယ်။ ကိုယ့်သမီးအတွက် ကိုယ်စိတ်ဆင်းရဲတတ်မယ်ဆိုရင် သူများမိဘတွေလည်း စိတ်မဆင်းရဲစေချင်ဘူး။ ဒါ ရင်ထဲက စေတနာအမှန်ပဲ"

"အဲသလို မပြောပါနဲ့"

ဟု တိုးတိုးပြော၍ ဖုန်းချသွားပါသည်။

(၆)

'ရှင်မွေ့နွမ်းပွင့်' ဗီဒီယိုဇာတ်ကား မရိုက်ဖြစ်။

ကုမ္ပဏီက ချိတ်ဆက်ရိုက်ရက်ရယူထားသော စူပါမင်းသားက ကိုဖြူနိုး ခွဲထားသောဇာတ်ညွှန်းကို "လေး၍ မကြိုက်" ဟု ဆိုသည်။

ဖြူပြာလှဲ့ဝင်းကတော့ ကိုဖြူနိုးကို သုံးသိန်းအပြည့်ရှင်းပေးသည့် အပြင် မင်းသားနှင့် ရန်ဖြစ်မတတ် ငြင်းခုံခဲ့သေးသည်။ မအောင်မြင်ပေ။

တကယ်တော့ ကိုဖြူနိုးလည်း ကိုရီးယားဇာတ်လမ်းတွဲတွေ ကြိုက်သင့်သလောက် ကြိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသားကလေးတွေ၊ မင်းသမီးကလေးတွေ အချင်းချင်း ဘယ်လောက်ချစ်ချစ်၊ ဘယ်တော့မှ အားအားယားယား ချစ်မနေကြဘဲ အလုပ်မျိုးစုံထဲမှာ ရှုန်းကန်နေကြရင်းက အပြေးတစ်ပိုင်း ချစ်ပြနေကြတာကို သဘောကျသည်။ ပြင်ပလောကထဲက လူငယ်တွေအတွက် ပို၍အသက်ဝင်ဝင် ခံစားစေနိုင်သည်ဟု ယူဆသည်။

သိပ်ချစ်ပါသည်ဆိုတာကို သက်သေပြနိုင်ရန်အတွက် သူတို့အချစ်မှာ မကျော်သင့်သော 'စည်း'၊ ခလုတ်မတိုက်သင့်သော 'ဘောင်'တစ်ခုခုက အမြဲရှိနေပြီး သူတို့ကလေးတွေ အဲသည့်စည်း၊ အဲသည့်ဘောင်တွေကို တစ်ချိန်လုံး ရင်ဆိုင်ပြနေကြတာကိုတော့ သဘောမကျ။

ဘဝဆိုတာ ချစ်နေရုံနှင့် ပြီးတာမှ မဟုတ်တာ။

တခြားပြဿနာတွေ တောင်ပုံရာပုံ။

စည်းတွေ၊ ဘောင်တွေကိုကျော်ပြီး ရင်ဆိုင်ပြီးမှ အချစ်ကို ခံစားတတ်အောင်၊ ခံစားချင်အောင် လူငယ်တွေကို သင်ပေးမိပါက ဘဝကလေးတွေ များများမြောင်လှစွာ မလှမပ ဖြစ်တော့မည်ဟု ကိုဖြူနိုး ထင်သည်။

ဒါကြောင့်လည်း ဇာတ်ညွှန်းခွဲတုန်းက ဖြူပြာလဲ့ဝင်း၏ တောင်းဆိုချက်ကို ကိုဖြူနိုး မလိုက်လျောခဲ့။ ဒါမျိုးတွေ ရေးနေသည့် 'ဘက်စ်ဆဲလား'တွေ တစ်ပုံကြီးရှိတာပဲ။ သွားကြပါစေ၊ ကွယ်လွန်သူ ဆရာ့လက်ရာကလေးကိုတော့ ကာကွယ်လိုက်မိသည်။

ဖြူပြာလဲ့ဝင်းကလည်း သူ့ချစ်သူဟု သူ့ဘာသာသူ သတ်မှတ်ထားသော ကိုဖြူနိုးဘက်က ရပ်တည်ရှာပါသည်။

လုပ်ငန်းသဘောအရ ဆက်လက်၍ ဆက်ဆံစရာအကြောင်း မရှိတော့သော်လည်း ကိုဖြူနိုး၏ လက်ကိုင်ဖုန်းကိုတော့ Why?၊ ဘာဖြစ်လို့လဲဆိုသည့် စာတမ်းတိုကလေးများ စဉ်ဆက်မပြတ်ပို့နေဆဲ။

(၃)

အချစ်ဆိုတာ. . .။

ပင်လယ်ကြီးလောက်လည်း ကျယ်ချင်ကျယ်မည်။ သမုဒ္ဒရာကြီးလောက်လည်း နက်ရှိုင်းချင်နက်ရှိုင်းမည်။ ဒါပေမယ့် အနားသတ်ကမ်းစပ်မှာ

www.burmeseclassic.com

www.burmeseclassic.com



တော့ ရပ်ကို ရပ်ရမည်။ ကျော်ခွင့်မရှိ။
ဘာဖြစ်လို့လဲဟု မေးစရာမလို။
အဲသည့်. . . ဘာဖြစ်လို့လဲအတွက် အဖြေမရှိ။

မဟေသီမဝွင်း
၂၀၀၉၊ မေ

* * *

www.burmeseclassic.com

www.burmeseclassic.com

# ကြယ်စင်များဆီသို့

## (၁)

ဘာမှ ဆန်းကြယ်သော ကိစ္စတော့ မဟုတ်ပေမင့် ခံတော့လည်း ခံစားရသည်။

သူ့ဘဝမှာ သူ အင်မတန် လိုချင်တပ်မက်သော အရာများအားလုံး နီးနီး ဘာမှ သူ မရခဲ့။ သည်တော့ သည်တစ်ခါလည်း စွဲလမ်းတပ်မက်သော အရာကို မျှော်လင့်နိုင်ခွင့် မရှိသည်မှာ ဘာမှ ထူးဆန်းသော ကိစ္စမဟုတ်။

သို့သော် သူ့အသက်က ၁၈ နှစ် မဟုတ်ပါလား။

အသားဖြူလွန်းတာကလွဲ၍ အခြားသူများအမြင်တွင် သာမန် ကြည့်ပျော် ရှုပျော်မျှသာဖြစ်သော 'မိုးနန္ဒာ'ဆိုသည့် ၁၈ နှစ်အရွယ် မိန်းကလေး သည် သူ့မျက်စိထဲတွင်မူ တကယ့်ကို မိုးပေါ်က နတ်သမီးကလေးတစ်ပါးလို လှပတင့်တယ်နေသည်။

မိုးကောင်းကင်အောက်မှာ ရေကန်ကြီးတစ်ကန် ရှိနေခဲ့မည် ဆိုပါစို့။ ထိုကန်၏ရေပြင်သည် မိုးနန္ဒာ၏မျက်ဝန်းတစ်စုံလိုပင် ကြည်လင်အေးမြ၍ နေပေလိမ့်မည်။ ရေစီးသံတို့ကလည်း မိုးနန္ဒာ၏ ရယ်မောသံ တိုးတိုးကလေး လိုပင် ချမ်းမြေ့ ညွတ်နူးဖွယ်ရာ သာယာ၍ နေစေလိမ့်မည်။

ခက်တာက မိုးပေါ်တွင်လည်း ကြယ်စင်များသာရှိပြီး ဘယ်တုန်းကမှ ရေကန်ကြီးတစ်ခု ရှိမနေခဲ့။ မိုးနန္ဒာသည်လည်း နတ်သမီးကလေးတစ်ပါး မဟုတ်ခဲ့။

သူ့အဖေ စာရင်းကိုင်တာဝန် ထမ်းဆောင်နေသော ကုမ္ပဏီကြီးတစ်ခု မှ ပိုင်ရှင်သူဌေးကြီး၏ သမီးသာ ဖြစ်သည်။

မိုးနန္ဒာနှင့်သူ တွေ့ဆုံခွင့်ရရသည့် အကြောင်းရင်းသည်ပင်လျှင် သူ့ဖခင်က သူ့ကိုထားပေးရန် မတတ်နိုင်သည့် သင်တန်းတစ်ခုကို မိုးနန္ဒာ၏

www.burmeseclassic.com

www.burmeseclassic.com



ဖခင်က ငွေကြေး စိုက်ထုတ်၍ ထားပေးရာမှ တစ်တန်းတည်းသားအဖြစ် မြင်ဖူးခဲ့ရခြင်း ဖြစ်သည်။

"မင်းမမကိုလည်း စောင့်ရှောက်၊ တစ်တန်းတည်းသားပဲ ဖြစ်ဖြစ်၊ အပြင်ကပဲ ဖြစ်ဖြစ်၊ ကောင်လေးတွေ လာနှောင့်ယှက်ရင် ဦးကိုတိုင်"

မိုးနန္ဒာက သူ့ထက်လပိုင်းမျှ အသက်ကြီးသည်ဟု သိရသည်။ ဘာပဲ ဖြစ်ဖြစ် သူ့အဖေက မိုးနန္ဒာ၏အဖေကို 'ဆရာ'ခေါ်ရတော့ သူကလည်း မိုးနန္ဒာကို မမနန္ဒာဟုပင် ခေါ်ရပေလိမ့်မည်။

ဒါပေမယ့် ဒါကလည်း စိတ်ကူးကြည့်မိသော အဆင့်တွင်ပင် ရပ်တန့်သွားရသည်။ စောင့်ရှောက်ရမည်ဟု တာဝန်ပေးခံရသော မိုးနန္ဒာနှင့် သူ လက်တွေ့တွင် စကားတစ်ခွန်းမှ မပြောဘူးခဲ့ပါ။

ဘယ်လိုမှလည်း ခေါ်ခွင့်မရခဲ့ပါ။

(၂)

မိုးနန္ဒာ မာနကြီးသလားဟု မေးလျှင်တော့ သူ မသိပါဟုပင် ဖြေရမည်။ မကြီးဘူးဟု ထင်သည်။ ဒါလည်း သိပ်တော့ မသေချာလှ။ သူ့ကို သူမ၏ ဖခင်ခန့်ထားသော ဝန်ထမ်းတစ်ဦး၏သားဟုတော့ သိထားဟန်တူသည်။ တစ်ခါ နှစ်ခါပင် အဝေးက ပြုံးပြဖူးသည်။ ဒါကလည်း သူ့ကို ပြုံးပြသည်ဟု သူ ထင်တာလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

မိုးနန္ဒာနှင့် ပတ်သက်လျှင် ဘယ်အရာမှ မသေချာ။

သေချာတာတစ်ခုသာ ရှိသည်။ အဲဒါက မိုးနန္ဒာသည် သိပ်ချစ်စရာ ကောင်းသည်ဆိုသည့် အချက်ပင်ဖြစ်သည်။

(၃)

ပလာစာအုပ် နောက်ဆုံး စာမျက်နှာမှာ ဘောလ်ပင်နှင့် ခပ်ကြမ်းကြမ်း ခြစ်ဆွဲထားသောပုံကို သူငယ်ချင်း ရဲနောင် မြင်သွားသည်။ အတင်းလုယူ၍ ကြည့်သဖြင့် မြင်သွားခြင်းပါ။

ကိုယ့်ပန်းချီလက်ရာက ဘယ်သူဆိုတာ သိသာလောက်အောင် ကောင်း မည်မဟုတ်၍ ဘာမေးမေး ဘူးခံလိုက်လျှင် ပြီးတာပဲဟု သဘောထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်. . .

"မင်းသက်မွန်"

ရဲနောင်က ကြက်သေသေနေသော မျက်နှာဖြင့် ခေါ်သည်။

"ဘာလဲ"

"ဒါ မိုးနန္ဒာ မဟုတ်လား"

သွားပါပြီ။

"မဟုတ်ပါဘူး၊ ဒီလိုပဲ မိန်းကလေးပုံ ဆွဲထားတာပါ၊ မင်းကလည်း မျက်နှာတောင်မပါ၊ ကျောဘက်က ဆွဲထားတဲ့ပုံဥစ္စာကို ဘယ်လိုလုပ် 'မိုးနန္ဒာ'ဖြစ်ရမှာလဲ"

"ကျောဘက်က ဆွဲထားလို့ သိတာပေါ့ကွ၊ သင်တန်းမှာ မင်းနဲ့ငါ ဘေးချင်းယှဉ်ထိုင်နေတာ၊ အဲဒီနေရာကနေ မိုးနန္ဒာနေရာကို လှမ်းကြည့်လိုက်ရင် ဘယ်လို 'အင်န်ဂယ်လ်'နဲ့ မြင်ရတယ် ဆိုတာ ငါ သိတာပဲ။ မင်းတစ်ချိန်လုံး လှမ်းလှမ်းကြည့်နေတာလည်း ငါ မြင်မြင်နေတာပဲ"

သည်တစ်ခါတော့ တကယ်သွားပါပြီ။

(၄)

"ဒီလောက်ခံစားနေရရင်လည်း ဖွင့်ပြောကွာ"

ရဲနောင်က အင်းယားရေပြင်ကို ငေးမောကြည့်နေသော သူ့ကို ပြောသည်။

"မဖြစ်နိုင်တာကွာ"

"ဘာမဖြစ်နိုင်တာလဲကွာ၊ မဖြစ်နိုင်တာ ဘာမှမရှိဘူး၊ မင်းယောကျ်ား မဟုတ်ဘူးလား"

သူက ဖွဖွရယ်သည်။

"ဘာရယ်တာလဲကွ"

"ယောကျ်ားမဟုတ်ဘူးလားဆိုတဲ့ စကားကိုပါ၊ သတ္တိနဲ့ ပတ်သက်ရင် အဲသည့်စကား တော်တော် ပြောကြတယ်။ ယောကျ်ားဆိုတာ သတ္တိရှိရမယ်ပေါ့။ သတ္တိရှိတာတော့ မိန်းကလေးလည်း ရှိရမှာပါပဲ။ ယောကျ်ားမဟုတ်ဘူးလား ဆိုတဲ့စကားနဲ့ သတ္တိမရှိဘူးလား ဆိုတဲ့စကား အတူတူပဲထင်တယ်။ အေး

www.burmeseclassic.com

www.burmeseclassic.com



ငါက ယောက်ျား၊ သတ္တိလည်း ရှိတယ်။ ငါရှိတဲ့ သတ္တိက တစ်မျိုးပဲ"

ရဲနောင် မျက်မှောင်ကြုတ်၍. . .

"ဘယ်လို သတ္တိလဲ"

ဟု မေးသည်။

"ကိုယ်လိုချင်တာကို မရရအောင် ယူတတ်တာကို ငါက သတ္တိလို့ ထင်ဘူး။ ဖြစ်သင့်တာနဲ့ ယှဉ်လာရင် ဖြစ်ချင်တာကို နောက်ဆုတ်ပေးရဲတာကို သတ္တိလို့ ငါ ထင်တယ်၊ အဲသည်လို ယောက်ျားမျိုးကို ယောက်ျားပီသတယ်လို့ ငါ ယုံကြည်တာ"

ရဲနောင်က ငါ မရှင်းသေးဘူးဟု ပြောသည်။

"ရှင်းရှင်းကလေးပါ၊ ငါနဲ့ မိုးနန္ဒာ မေးထူးခေါ်ပြောတောင် မရှိဘူး။ ငါ့အဖေက သူ့အဖေရဲ့ ကျေးဇူးခံကျေးဇူးစား၊ အေး. . . ငါလည်း ပါတာပါပဲ။ အဲဒါ ငါ နားလည်ရမယ်"

"ချစ်တာမှာ အဆင့်အတန်းတို့၊ ကျေးဇူးတို့ မရှိဘူးကွ"

"အဆင့်အတန်းတွေ ထား၊ ကျေးဇူးတွေ ထား၊ လောကကို စောင့်တဲ့ လောကပါလတရားဆိုတာတော့ အမှန်ပဲ ရှိတယ်။ ဒါဖေဖေ တစ်ချိန်လုံး ငါ့ကို ဆုံးမခဲ့တဲ့တရား"

"ဘာလဲကွ လောကပါလတရား"

"ဟီရိနဲ့ ဩတ္တပ္ပလေ၊ မကောင်းမှု ပြုရမည်ကို ရှက်ခြင်းနဲ့ မကောင်းမှု ပြုရမည်ကို ကြောက်ခြင်းလို့ အဓိပ္ပာယ်ရတယ်"

ရဲနောင်က ခေါင်းခါသည်။

"ချစ်တာ မကောင်းမှုလားကွ"

"ချစ်တာက မကောင်းမှု မဟုတ်ဘူး၊ ပိုင်ဆိုင်ချင်လာရင်တော့ တစ်ခါတလေ မကောင်းမှု ဖြစ်သွားတတ်တယ်။ ငါ အခု မိုးနန္ဒာကို ဖွင့်ပြောကြည့်၊ မိုးနန္ဒာက စိတ်ဆိုးလို့ သူ့အဖေကိုတိုင်ရင် ဘာဖြစ်မလဲ၊ ငါလည်း ကျောင်းထွက်ရမယ်၊ ကံဆိုးရင် အဖေလည်း အလုပ်ပြုတ်နိုင်တယ်"

"မင်းက အဆိုးမြင်တာကိုးကွ၊ မိုးနန္ဒာက ခေတ်မိန်းကလေး၊ ကြိုက်ရင် ပြန်ကြိုက်မယ်၊ မကြိုက်ရင်တောင် တိုင်မယ်တော့ မထင်ပါဘူး"

"ငါ အဲဒီအထိတောင် စဉ်းစားထားပြီးပြီ"

www.burmeseclassic.com

www.burmeseclassic.com



မင်းသက်မွန်က တိုးတိုးရယ်သည်။

"ဖြစ်တော့ မဖြစ်နိုင်ပါဘူး၊ မိုးနန္ဒာက ငါ့ကိုမှတ်မှတ်သားသားရှိရင်တောင် ကံကောင်း၊ အေး တကယ်လို့ မဖြစ်နိုင်ဘူးလို့ ထင်တာတွေဖြစ်ခဲ့လို့ မိုးနန္ဒာက ငါ့ကို ပြန်ချစ်ခဲ့ရင်တောင် သူ့မိဘသိရင် အတင်းခွဲမှာပဲ၊ သူက စွန့်စားပြီး ငါ့နောက်လိုက်ခဲ့ရင်လည်း ငါဟာ ကိုယ်တကယ်ချစ်တဲ့သူ ကိုယ့်ကြောင့် သိမ်သိမ်ငယ်ငယ် နေရတာကို ကြည့်ပြီး တစ်သက်လုံး စိတ်ဆင်းရဲသွားရမှာပဲ၊ အချစ်ဆိုတာ ဘာလဲ၊ ငါ သေသေချာချာ မသိပေမယ့် ငါသူ့ကို ချစ်တဲ့အချစ်က အဲသလိုမျိုးတော့ မဖြစ်စေချင်တာ အမှန်ပဲ"

ရဲနောင်က မဲ့ပြုံးပြုံးသည်။

"မင်းက ရှေးရှေးက ဝတ္ထုစာအုပ်တွေထဲကလို အချစ်စစ်ဆိုတာ စွန့်လွှတ်ခြင်းတွေ ဘာတွေများ ကြွေးကြော်ချင်သေးလို့လား။ ခေတ်လူငယ်တွေ ပါကွာ၊ အချစ်ဆိုတာ ရယူပိုင်ဆိုင်နိုင်အောင် ကြိုးစားရဲတာကို ခေါ်တာကွ"

မင်းသက်မွန်က ခေါင်းခါသည်။

"ခေတ်လူငယ်တွေမှာ ရှေးကလူငယ်တွေနဲ့ မတူတဲ့ ခံယူချက်တွေ ရှိကောင်း ရှိမယ်၊ လောကပါလတရားကိုတော့ သွားပြောင်းလို့မရဘူး။ ကိုယ့်ကြောင့် သူတစ်ပါးဘဝ ကသိကအောက် ဖြစ်အောင်၊ နိမ့်ကျဆင်းရဲသွားအောင်လုပ်ရင် ဒါမကောင်းမှုပဲ၊ အဲဒီလို မကောင်းမှုမျိုးကို ကိုယ် သိပ်ချစ်ပါတယ် ဆိုတဲ့ မိန်းကလေးအပေါ်မှာ သွားကျူးလွန်ဖို့ ခေတ်လူငယ်ဆိုပြီး ဆင်ခြေပေးလည်း ဟီရိသြတပ္ပ မရှိတာက မရှိတာပဲ။ ငါ ရင်ထဲကပဲ ချစ်တော့မယ် ရဲနောင်၊ ငါ့ကို ဘာမှမတိုက်တွန်းနဲ့၊ ဘယ်သူ့မှလည်း မသိစေနဲ့"

ရဲနောင်က သက်ပြင်းချသည်။

"မင်း အမြတ်နိုးဆုံးအရာကို ဘဝမှာ မပိုင်ဆိုင်လိုက်ရလည်း အရေးမကြီးဘူးပေါ့. . . ဟုတ်လား"

"ဆုံးရှုံးရတယ်ဆိုတာ ကျူးလွန်မိတာထက်တော့ ခံသာတယ် ရဲနောင်၊ ပြီးတော့ ငါ့ဘဝမှာ မရှိတာ၊ မပိုင်ဆိုင်ရတာတွေ အများကြီးပဲ၊ သိပ်မထူးတော့ပါဘူး၊ ငါ ကွန်ပျူတာနဲ့ ပတ်သက်တဲ့ဘွဲ့တွေ ယူချင်တယ်၊ ဒါပေမယ့် မိဘ အခြေအနေအရ သင်္ချာ စာပေးစာယူဘွဲ့ပဲ ယူနိုင်တယ်၊ ငါ့မိဘကို အိမ်ငှားနေရတဲ့ဘဝကနေ ကိုယ်ပိုင်အိမ်၊ အနည်းဆုံးတိုက်ခန်း

www.burmeseclassic.com

www.burmeseclassic.com



ရှိစေချင်တယ်။ လက်တွေ့မှာတော့ ငါတောင် မိဘဆီက လက်ဝါးဖြန့် နေရတုန်း။ ဖေဖေ အသက် ၅၀ ကျမှ ဘတ်စ်ကားကြီး စီးနေရတာ မကြည့်ရက်ဘူး။ ဒါပေမယ့် ငါလည်း စီးနေရတာပဲ။ ငါ့မှာ အစ်ကိုတစ်ယောက်ပဲရှိတာ။ မွေးကတည်းက ဉာဏ်ရည်နိမ့်ရောဂါပါလာလို့ စာသင်ဖို့ မပြောနဲ့၊ သူ သွားလေရာနောက်က တကောက်ကောက်လိုက်ကြည့်နေရတယ်။ ငါလည်း မင်းမှာရှိသလို ဉာဏ်ကောင်းပြီး ကိုယ့်ဘဝကိုဦးဆောင်လမ်းပြနိုင်မယ့် အစ်ကိုတစ်ယောက် ရှိချင်တာပေါ့။ ဒါပေမယ့် မဖြစ်နိုင်ဘူး၊ ဘဝမှာ မဖြစ်နိုင်လို့ လက်လျှော့ထားရတာတွေ အများကြီးပါကွာ၊ ချစ်သူတစ်ယောက်ကို မပိုင်ဆိုင်ရလို့တော့ ဘဝကြီးက ထူးပြီး စုတ်ပြတ်မသွားနိုင်ပါဘူး"

မင်းသက်မွန် ရင်ထဲရှိသမျှ စကားတွေ အရှည်ကြီးပြောလိုက်ရလို့ မောသွားဟန်ဖြင့် အဝေးတစ်နေရာသို့ ငေးမောနေသည်။

ရဲနောင်ကတော့ အားမလိုအားမရဟန်ဖြင့် ပြောသည်။

"ဘဝမှာ မပြည့်စုံတာတွေကိုချည်း စဉ်းစားပြီး အားလျှော့နေရမှာမှ မဟုတ်တာ၊ ရှိလာအောင်၊ ပြည့်စုံလာအောင် ကြိုးစားရမှာလေ"

မင်းသက်မွန်က ပြုံး၍ ခေါင်းခါပြသည်။

"ကြိုးစားမှုကတော့ အမြဲစိုက်ထုတ်နေရမှာ အမှန်ပဲ။ ဒါပေမယ့် ဖေဖေ ပြောဖူးတယ်၊ ရကို ရရမယ်၊ ဖြစ်ကို ဖြစ်ရမယ်ဆိုပြီး အရူးအမူးစိတ်နဲ့ ကြိုးစားရမှာ မဟုတ်ဘူးတဲ့။ ပေးတဲ့အခြေအနေပေါ်မှာ မူတည်ပြီး လုပ်သင့်တာကို စဉ်းစား၊ အကောင်းဆုံးဖြစ်အောင်လုပ်တဲ့။ ဖြစ်လာတာ မဖြစ်လာတာ တံတရားတဲ့။ အဲသလို စိတ်ထားတတ်ရင် မဖြစ်လာရင်လည်း ဝမ်းမနည်းတော့ဘူးတဲ့၊ အေး . . . ဖြစ်လာ ရင်တောင်"

မင်းသက်မွန်က ရယ်ပြန်သည်။

"ဖြစ်လာရင်တောင် သိပ်ပျော်ချင်မှပျော်မှာတဲ့။ အခြေအနေက လည်းပေး၊ ကြိုးစားအားထုတ်မှုလည်း အလုံအလောက် ထည့်ပြီးတဲ့အခါကျရင် ပင်ပန်းပြီး အရင်က လိုချင်မက်မောခဲ့တဲ့ အရာတွေကိုတောင် မရလည်း နေ ဆိုပြီး စိတ်မဝင်စားတော့တဲ့ စိတ်မျိုးပေါ်လာရောတဲ့။ အဲဒီလို သိပ်မလိုချင်တော့လောက်အောင် မောပန်း နွမ်းနယ်နေတဲ့အခါကျတော့မှ တစ်သက်လုံး လိုချင်ထားတဲ့ အရာတွေက တစ်ခုပြီး တစ်ခု ရလာတတ်တာမျိုးတဲ့"

www.burmeseclassic.com

www.burmeseclassic.com



ရဲနောင်က နှုတ်ခမ်းရှုံ့၍. . .

"မင်းစကားတွေရော. . . မင်းအဖေ စကားတွေရော၊ ဘာမှ နားမလည်တော့ပါဘူးကွာ" ဟု ဆိုသည်။

(၅)

ကြိုတင်မျှော်လင့်ထားသည့်အတိုင်းပင် မိုးနန္ဒာ နိုင်ငံခြားသို့ ထွက်ခွာသွားသည်။ ကျောင်းဆက်တက်မည်ဟု သိရသည်။ မင်းသက်မွန်နှင့် သိကျွမ်းရုံမျှပင် မရှိခဲ့သဖြင့် နှုတ်ဆက်လည်း မသွား။ အဆက်အသွယ်လည်း မရှိတော့။

မင်းသက်မွန်က စာပေးစာယူဖြင့် ဘွဲ့ရပြီး ကွန်ပျူတာဆိုင်ရာ နိုင်ငံတကာ စာမေးပွဲတစ်ခုကို ပြည်တွင်းမှ ဝင်ဖြေ၍ ထူးချွန်စွာအောင်မြင်ခဲ့သည်။ မိုးနန္ဒာ၏ ဖခင်က သူ့ကုမ္ပဏီတွင် အလုပ်ပေးသော်လည်း မင်းသက်မွန်၏ ဖခင်က သားကို စကော်လားရှစ်ရှာ၍ နိုင်ငံခြားသွား ပညာသင်စေချင်သည်။

"ဖေဖေ လုပ်နိုင်ပါသေးတယ် သားရယ်၊ ကိုယ့်ရှေ့ရေး ကိုယ်ကြည့်ပါ"

ထူးချွန်စွာ အောင်မြင်ခဲ့သည် စာမေးပွဲ၏ရှေ့ပိုင်းက ရင်ဆိုင်ခဲ့ရသော အိပ်ပျက်ညပေါင်းများစွာမှ နာလန်ကောင်းကောင်းမထသေးသော်လည်း ဖခင်ကြီး၏ စေတနာကို အသိအမှတ်ပြုသည့်အနေနှင့် မင်းသက်မွန် ဆက်ကြိုး စားခဲ့သည်။

တစ်နှစ်မပြည့်မီ အချိန်အတွင်းတွင် ယူကေနိုင်ငံ ဘာမင်ဟန် တက္ကသိုလ်တွင် ကွန်ပျူတာ ဘွဲ့လွန်သင်တန်းတက်ရန် ပညာသင်ဆုရခဲ့သည်။

ယူကေနိုင်ငံရောက်ပြီး အချိန်ပိုင်း အလုပ်လုပ်လိုက် ကျောင်းတက်လိုက် ရုန်းကန်နေဆဲအချိန်တွင် ကိုသက်နောင်နှင့် ဆုံရလေသည်။

(၆)

ကိုသက်နောင်က မင်းသက်မွန်လိုပင် မြန်မာပြည်မှ အင်ဂျင်နီယာ ပညာ သင်ယူရန် ယူကေနိုင်ငံသို့ ရောက်ရှိပြီး ဘာမင်ဟန်တက္ကသိုလ်တွင်ပင် တက်ရောက်နေသည့် မင်းသက်မွန်ထက် ၃ နှစ်ခန့်ကြီးသည့် အစ်ကိုအရွယ် လူငယ်တစ်ဦး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ညီ ကြိုးစားတာတော့ ကြိုးစားကွ၊ ဒါပေမယ့် လူလိုကြိုးစား၊ စက်ရုပ်လို မကြိုးစားနဲ့၊ မင်း ဒီလိုပုံစံနဲ့ဆို မကြာဘူး၊ ရူးမယ်"

မင်းသက်မွန် မချိသွားဖြဲ ရယ်ပြသည်။

"အစ်ကို့လို မိဘက ကုမ္ပဏီဖွင့်ပေးဖို့ ငွေထုပ်ပိုက်စောင့်နေတာ မဟုတ်ဘူး အစ်ကို၊ ကျွန်တော်တို့ဘဝက ပညာပဲ အားကိုးစရာရှိတာ"

"မင်း ငါ့ဆီလုပ်လို့ကတော့ ငါက ခန့်ပြီးသားပဲ၊ မင်းကို လူတစ်ယောက် ကုမ္ပဏီမှာ ထည့်ထားပြီးရင် ငါ ဂေါ့ဖ်ကလေး မှန်မှန်ရိုက်ပြီး နှပ်နေရုံပဲ"

"အင်းပါ. . . မြန်မာပြည် ပြန်ရောက်မှ အစ်ကို့စကား အစ်ကို မမေ့မနေနဲ့၊ ကျွန်တော်က ဒုက္ခရောက်တာနဲ့ ပြေးလာမှာ"

တကယ်တမ်းကျတော့ မြန်မာပြည် ပြန်မရောက်ခင်ကတည်းက မင်းသက်မွန် ဒုက္ခတွေကို ကိုသက်နောင် ကယ်တင်နေရပြီ၊ အလုပ်တစ်ဖက်နှင့် စာဖိကြိုးစားရင်းက ဖျားပြီးအိပ်ရာထဲ လဲတော့လည်း ဆွေမရှိမျိုးမရှိ နိုင်ငံခြားသားတွေ ကြားထဲမှာ အစ်ကိုရင်းတစ်ယောက်လို ဂရုစိုက်ပြုစု စောင့်ရှောက်ပေးခဲ့သည်။ တော်တော်နှင့် အလုပ် ပြန်မလုပ်နိုင်သဖြင့် လူဝင်မှုကြီးကြပ်ရေးရုံးသို့ ငွေလက်ကျန်ပြရန် အခက်အခဲ ကြုံသောအခါတွင်လည်း မင်းသက်မွန်၏ ဘဏ်စာရင်းထဲသို့ သူ့ငွေများသွင်း၍ ပြေလည်စေခဲ့သည်။

"အားနာလိုက်တာ အစ်ကိုရာ"

"ဟကောင်ရ၊ ငါက အကြံသမားကွ"

"ဘာလဲ အစ်ကိုရ"

"တဲလင့်စကောက်ဆိုတာလေ။ မင်းမကြားဖူးဘူးလား၊ လုပ်ငန်းခွင်ထဲ ကျရင် ကြိုးစားမယ့် တော်မယ့်ကောင်တွေကို ကျောင်းသားဘဝကတည်းက တွေ့အောင်ရှာထားပြီး ကျေးဇူးရှိအောင် တမင်လာချည်တာလေ၊ ဟား ဟား ဟား၊ မြန်မာပြည်ပြန်ရောက်ရင် ငါ့ဆီကလွဲပြီး ဘယ်မှာမှလုပ်ဖို့ စိတ်မကူးနဲ့တော့"

ဘုရားရေ။

တကယ်ကို ဉာဏ်ကောင်းပြီး ငါ့အပေါ် ကူညီလမ်းပြမယ့် အစ်ကို တစ်ယောက် ရနေပါပေါ့လား။

မင်းသက်မွန် ကြည်နူးစွာ ပြုံးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



(၇)

နှစ်ဦးစလုံး မြန်မာပြည် ပြန်ရောက်ကြပြီး မကြာခင် ကိုသက်နောင်က တကယ့်ကို ကုမ္ပဏီတစ်ခု ထူထောင်ခဲ့ပြီး မင်းသက်မွန်ကိုလည်း သူ့ကုမ္ပဏီတွင် အိုင်တီပညာရှင်အဖြစ် ခန့်ထားခဲ့သည်။

ကိုသက်နောင်၏ လာဘ်မြင်မှု၊ လက်အောက်ငယ်သားများအား မိဘသဖွယ် ချစ်ခင်စွာစောင့်ရှောက်တတ်မှု၊ လက်အောက်ငယ်သားများကလည်း ကျေးဇူး တုံ့ပြန်ကြိုးစားကြမှု၊ မင်းသက်မွန်၏ မိတ်ဆွေရင်းတစ်ယောက်လို ပံ့ပိုးမှုတို့ကြောင့် ၃ နှစ်ခန့်အတွင်းတွင် ကိုသက်နောင်၏ ကုမ္ပဏီက အရှိန်အဟုန် ကြီးမားစွာ အောင်မြင်မှု ရလာသည်။

"အစ်ကို ကျွန်တော့်ကို လခတိုးပေးပြန်ပြီဆို"

"ဖြည်းဖြည်းလုပ်ပါ ငါ့ကောင်ရာ၊ လခတိုးတာ ဒီလောက်အလန့်တကြား ဖြစ်စရာ မရှိပါဘူး"

"များလွန်းလားလို့ အစ်ကိုရ"

"များရင် ငါ့လိုက်ကျွေးကွာ၊ မင်းကလည်း မင်းက အိုင်တီမဟုတ်တော့ဘူး၊ ဂျီအမ်မ် ဖြစ်သွားပြီ။ တန်းတူကုမ္ပဏီတွေက ဂျီအမ်မ်တွေနဲ့ အတူတူပေးတာ၊ ပြီးတော့ အခု မင်း စီးစီးနေတဲ့ဆလွန်းကားကို မင်းအိမ်ယူသွားတော့ မင်းမိဘတွေပါ သုံးချင် သုံး၊ အေး. . . တစ်ခုပဲရှိတယ်"

"ဘာလဲ အစ်ကို"

"မင်းကို ဟန်းဖုန်း ပေးထားတာတော့ ပေးထားတာပေါ့ကွာ၊ ဒါပေမယ့် ရုံးက တစ်ချိန်လုံးခေါ်နေတာဆိုတော့ မင်းရော၊ မင်းမိဘတွေရောယောက်လမ်းက တိုက်ခန်းကို ပြောင်းနေကြတော့။ ဖြစ်မလား"

ရယ်ကျဲကျဲနှင့်သာ. . .

"အားနာစရာကြီး အစ်ကိုရာ" ဟု ဆိုရသည်။

"အားနာမနေနဲ့၊ နေ့ရော ညရော ငါ့အလုပ်ထဲမှာပဲ နစ်နေလို့ မင်းကို ငါက ပြန်အားနာနေတာ၊ မင်းအခု အသက် ၂၆ နှစ် ဟုတ်လား"

"၂၅ ကျော်ပြီ အစ်ကို၊ ဘာလို့လဲ"

"ရည်းစားတောင် မထားအားသေးဘူး ဟုတ်လား"

မိုးနန္ဒာကို ရိပ်ခနဲ သတိရမိသည်။ နိုင်ငံခြားမှာပဲ တူပါရဲ့၊ ခေါင်းသာ

www.burmeseclassic.com



ခါပြုလိုက်ပြီး အစ်ကိုကျတော့ရော ဟုပြောတော့ ဟက်ဟက်ပက်ပက် ရယ်သည်။

"ငါ မိန်းမယူတော့မှာကွ ညီရ၊ ယူကေတုန်းက ငါ အွန်လိုင်းနဲ့ ချိတ်မိနေတဲ့ ကောင်မလေးလေ၊ မိုးသူဇာဆိုတာ၊ အခု ဒီမှာဆုံပြီး အဆင်ပြေနေကြတာ ကြာပြီ။ အခု ဝါမဝင်ခင်ယူမှာ၊ မင်းတောင် လူပျိုရံလုပ်ရဦးမှာ"

"အစ်ကိုက လျှို့တယ်ဗျာ"

"လျှို့မနေနဲ့ ဒီမှာ ငါ့ခယ်မလောင်းက အပျိုရံလုပ်ရမှာ။ အဲဒါ ယူမယူရသေးဘူး၊ သူဇာက ငါ့ကိုချောင့်နေတယ်၊ သူ့ညီမလေးက စကော်ပူကနေ အိုင်တီနဲ့ ကျောင်းပြီးလာတာ၊ ငါ့ကုမ္ပဏီမှာ ခန့်ပါလား၊ ဘာညာပေါ့ကွာ၊ ငါတလည်း အိုင်တီက မင်းပဲတွဲကိုင်နေတာဆိုတော့ ဆွေတွေမျိုးတွေ သိပ်မထည့်ချင်ဘူးကွ၊ မင်း လေ့လာကြည့်လေ၊ လေ့လာကြည့်ရင်းက မင်းနဲ့ ပြေလည်သွားလည်း ကောင်းတာပဲ။ မင်းနဲ့ ငါ တကယ့်ညီအစ်ကို ဖြစ်ရောပေါ့ ဟား. . . ဟား. . . ဟား"

ရှက်ရယ်သာ လိုက်ရယ်နေလိုက်ရသည်။

(၈)

"ဩော်. . . ကိုမင်းသက်မွန်ပဲကိုး၊ ထင်သားပဲ၊ ဒီနာမည်တူတော့ မရှိလောက်ပါဘူးလို့"

မိုးနန္ဒာက ချစ်စဖွယ် ပြုံး၍ဆိုသည်။ တုန်ယင်သော နှလုံးသား သိုက်ခါနေသော ရင်၊ ရီဝေသော အသိဉာဏ်ဖြင့် မင်းသက်မွန် ရုတ်တရက် ဘာပြန်ပြောရမည် မသိသေး။

"ဟာ မင်းတို့က သိနေတာလား"

သက်ပြင်းတစ်ချက် မသိမသာချ၍. . .

"ဖေဖေ မနားခင်တုန်းကတော့ အလုပ်လုပ်ခဲ့တာ မမိုးနန္ဒာတို့ အဖေတို့မွှကဏီမှာပါ" ဟု တိုးတိုးဖြေလိုက်သည်။

မိုးနန္ဒာက သူ့ပခုံးတစ်ဖက်ကို ရင်းရင်းနှီးနှီး လက်သီးဖြင့် ခွထိုးသည်။

"ဘာတွေ ပြောနေတာလဲ၊ တစ်တန်းတည်းသား သူငယ်ချင်းတွေလို့

www.burmeseclassic.com



ပြောရမှာလေ၊ မဆုံတာတောင် ၈ နှစ်လောက်ရှိပြီ"

တုန်ယင်ဆွံ့အနေသော မင်းသက်မွန်ကို ခဏမျှ စိုက်ကြည့်နေပြီးမှ ကိုသက်နောင် ပေါ့ပါးစွာ ပြုံးသည်။

"သူငယ်ချင်းတွေဆို အတော်ပဲပေါ့၊ အစ်ကိုနဲ့ မမသူဇာက ဟိုတယ်ကိစ္စ သွားမယ်၊ နန္ဒာက ဒီကောင်ကြီးခေါ်ပြီး ဖိတ်စာကိစ္စကို သွားပေးမလား"

မိုးနန္ဒာက လက်မတစ်ချောင်းထောင်၍ ပြုံးပြခေါင်းညိတ်ပြသည်။ မင်းသက်မွန်က ကြောင်အအဖြင့်. . .

"ကျွန်တော်က ဒီနေ့လယ် ကပ်စတန်ဟောက်စ်ကို သွားရမှာလေ အစ်ကို"

ဟု ပြန်ဖြေမိသည်။

ကိုသက်နောင်က မင်းသက်မွန်ကို လက်ညှိုးနှင့်လက်မကို သေနတ်ပုံစံ လုပ်၍ ပစ်ထည့်ဟန် ချိန်ပြသည်။

"မင်းကို ငါပြောတာ ဘယ်နှခါရှိပြီလဲ။ အလုပ်ကြိုးစားတာ ကြိုးစား စက်ရုပ်လို မကြိုးစားနဲ့၊ လူလိုကြိုးစား ကပ်စတန်ဟောက်စ် နက်ဖြန်မှသွား ဒီနေ့ နန္ဒာနဲ့ ဖိတ်စာကိစ္စလုပ်၊ နေလယ်ကျရင် နန္ဒာကို တစ်ခုခု ဝင်ကျွေး လိုက်ဦး၊ မဆုံတာ ၈ နှစ်ရှိပြီဆို၊ အေးအေး ဆေးဆေး စကားပြောကြပေါ့။ နောက်ကျရင် ကုမ္ပဏီ ပြန်မလာနဲ့တော့၊ နန္ဒာသာ ပြန်ပို့ပေးလိုက်၊ ငါလည်း ဒီနေ့ ကုမ္ပဏီ ပြန်မလာတော့ဘူး။ ဖုန်းပဲ ဆက်လိုက်မယ်"

ကိုသက်နောင်က တက်ကြွဖျတ်လတ်စွာပင် မိုးသူဇာနှင့်အတူ ထွက်ခွာ သွားသည်။

မိုးနန္ဒာက လှပစွာ ပြုံး၍ ကားပါတယ် မဟုတ်လား ဟု မေးသည်။

ထိုအပြုံးကလေးက မင်းသက်မွန်၏ နှလုံးသားထဲသို့ နူးညံ့စွာ စိမ့်ဝင် သွားပါသည်။

သရဖူမဂ္ဂဇင်း
၂၀၀၄ ဇူလိုင်

* * *

www.burmeseclassic.com

www.burmeseclassic.com

# ယောနသံမိန်းမဂျို

## (၁)

ကြိုးစားအားထုတ်မှုကလည်း သူများထက်သာပါမှ။

ကြိုးစားတိုင်း ဖြစ်မြောက်အောင် စွမ်းဆောင်နိုင်စွမ်းရှိသည့် အရည်အချင်းကလည်း ရှိပါမှ။

ကြိုးစားအားထုတ်နေရသည့် အချိန်ကာလအပိုင်းအခြား အတွင်းတွင် သူများတကာတွေ ပျော်ရွှင်ရင်ခုန်စွာ ကျော်ဖြတ်နေကျဖြစ်သော ဆယ်ကျော်သက် ကာလနှင့် အသက် ၂၀ ကျော် ကာလတွေကို သည်အချိန်တွေ မြန်မြန်ကုန်ပါစေ ဆုတောင်းရင်းက ကျော်ဖြတ်ပစ်လိုက်ရဖို့ကို နှမြောတသစိတ်လည်း အလျှင်းကင်းမဲ့ နိုင်ပါမှ။

ရရှိမည့် အောင်မြင်မှုတစ်ခုသည် အစကတည်းက သည်အောင်မြင် မှုကို ဘာလုပ်ဖို့ လိုချင်ခဲ့မိပါလိမ့်ဆိုသည့် အဖြေနှင့် လက်တစ်လှမ်းမျှ ဝေးကွာ နေဆဲ ကာလတစ်ခုတွင် သဥ္ဇာနှင့် နန္ဒာတို့ သူငယ်ချင်းနှစ်ဦး ဆရာဝန် ဖြစ်ခဲ့ကြသည်။

## (၂)

နန္ဒာက စာတော်သည်။ တရုတ်သွေးလေးကလည်း ၂၅ ရာခိုင်နှုန်းလောက်စပ်တော့ အသားက တော်တော်ဖြူသည်။ မျက်နှာလေးရော ကိုယ်ဟန်လေးကရော လှသည်။ မိဘများကလည်း ငွေကြေးချောင်လည်သော ကုန်သည်များ ဖြစ်ကြ၍ ဝတ်နိုင်စားနိုင်သည်။ သည်တော့ အတန်းထဲမှာ ထင်ရှားသည်။

သဥ္ဇာက အသားညိုညို၊ ရုပ်မဆိုးသော်လည်း ထူးထူးခြားခြားလှသည် *ဟုတော့ ပြောစရာ ဘာမှမရှိ။ အရာရှိမဟုတ်သော အခြေအဆင့်*နိမ့်ထမ်းတစ်ဦးဦး၏ သမီး။ မောင်နှမကလည်း များသူမို့ ငွေကြေးကို

www.burmeseclassic.com

www.burmeseclassic.com



၁၀ တန်းဂိုက်လုပ်ရင်း တစ်ဖက်က တက်ရသည်။

သည်မျှ အသွင်မတူသူနှစ်ဦး အချစ်ဆုံးသူငယ်ချင်းတွေ ဖြစ်သွားကြတာကတော့ အံ့ဩစရာ။ ဘာပဲဖြစ်ဖြစ် ပြည့်စုံသူ နန္ဒာက မပြည့်စုံသူ သဥ္ဇာကို အစစအရာရာ ဖေးမကူညီခဲ့သည်။

"သဥ္ဇာ နင် ပို့စတင် လျှောက်မှာလား"

သဥ္ဇာက မျက်လုံးပြူးပြသည်။

"ဟဲ့. . . မဝင်မနေရပဲ ဥစ္စာ။ ဘာစဉ်းစားနေစရာ လိုလို့လဲ၊ ပို့စတင် ဝင်မှ လက်ထောက်ဆရာဝန်ဖြစ်မှာ။ လက်ထောက်ဆရာဝန်ဖြစ်မှ ဆ-မ ရမှာ။ ဆ-မ ရမှ ဆရာဝန်လုပ်ခွင့်ရှိမှာ။ ပို့စတင်လည်း မဝင်ဘူး။ ဆရာဝန်လည်း မလုပ်တော့ဘူးဆိုတဲ့ ကောင်တွေ ငါ တကယ်အံ့ဩတယ်။ သူတို့ အစ ကတည်းက ဒီလောက်ပင်ပန်းတဲ့ ဆေးကျောင်းကို ဘာလို့ တက်ခဲ့ကြတယ် မသိဘူး"

နန္ဒာက သက်ပြင်းချ၍ ခေါင်းခါပြသည်။

"အရမ်းလည်း အပြစ်တင်လို့မရဘူးဟ။ တို့တစ်တွေ ၁၀ တန်း အောင်လို့ အမှတ်တွေအများကြီး ရခဲ့ကြတုန်းက ရွေးချယ်ပိုင်ခွင့် ဘယ်လောက် ရှိခဲ့ကြလို့လဲ။ အသက် ၁၆ နှစ်ပဲ ရှိသေးတဲ့ ကလေးသာသာ လူငယ် တစ်ယောက်ဟာ သူ တကယ် ဆရာဝန် ဖြစ်ချင်သလား၊ မဖြစ်ချင်သလား မသေချာဘဲ ဆေးကျောင်းကို ရောက်လာခဲ့တယ်။ 'ပီးယားစ်ပရက်ရှာ'ပေါ့ဟာ။ သူများ ကြိုးစားတာနဲ့ ရောယောင်လိုက်ကြိုးစား။ အသက် ၂၁ နှစ်မှာ အမ်ဘီဘီအက်စ် ရပြီးတော့မှ ကိုယ့်ကိုယ်ကိုယ် ဆရာဝန် မဖြစ်ချင်မှန်း ရိပ်မိသွားကြတာမျိုးလည်း ဖြစ်နိုင်တာပဲ"

သဥ္ဇာက အလန့်တကြား. . .

"ဘာလဲဟ၊ နင်က မဝင်ဘူးလား. . ."

ဟု မေးသည်။

"ဝင်မှာပါ၊ ငါက ၃ နှစ် 'ဘောင်းန်'တောင် မဟုတ်ဘူး။ အပြီးဝင်မှာ ငါက ဖစ်စစ်ရှင် (လူကြီးအထူးကု သမားတော်)သိပ်ဖြစ်ချင်တာ နင်သိသားနဲ့။ အပြီးဝင်ရင် တို့တစ်တွေ ရန်ကုန်၊ မန္တလေးလိုမျိုး မြို့ကြီးတွေမှာ တစ်နှစ် နှစ်နှစ်တော့ နေရမှာပဲ။ အဲဒီမှာ ဆရာကြီးတွေနဲ့ နေရတယ်။ တတ်အောင်သင်

www.burmeseclassic.com



စာကျက်၊ နှစ်နှစ်ပြည့်လို့ နယ်တွေ ဆက်ဆင်းရတဲ့အချိန်မျိုးမှာ ဘွဲ့လွန်ဝင်ခွင့် ဖြေ၊ အောင်ရင် တစ်ခါတည်းတက်၊ သုံးနှစ်ဆို စပါယ်ရှယ်လစ်စ် ဖြစ်ပြီ၊ မကောင်းဘူးလား"

သဥ္ဇာက ပခုံးတွန့်ပြသည်။

"ဘွဲ့လွန်ဝင်ခွင့်က ဖြေတဲ့လူရဲ့ ၁၀-ပုံ၊ ၁-ပုံတောင် အောင်တာ မဟုတ်ဘူး။ နင်က စာတော်တော့ တော်သေးတယ်။ ငါကတော့ ကြိုတွေး မထားတော့ပါဘူး။ နဂိုကတည်းက ဆရာဝန်ဖြစ်ဖို့လောက် ဦးတည်ကြိုးစားခဲ့ တဲ့တာ၊ ဆရာဝန်လုပ်ရရင်ပဲ ကိုယ့်ကိုယ်ကိုယ် တန်တယ်လို့ သဘောထားတော့ မယ်။ စပါယ်ရှယ်လစ်စ် ဖြစ်ဖြစ် မဖြစ်ဖြစ် မြို့မှာ နေရနေရ။ တောမှာ နေရ နေရ"

နန္ဒာက နှုတ်ခမ်းစူ၍. . .

"မိန်းမရယ်. . . ဖြစ်ချင်တဲ့လောဘလေး ရှေ့ကထားပြီး ကြိုးစားမှ ဖြစ်လာတော့မပေါ့" ဟု ဆူသည်။

နန္ဒာမှန်းထားသလိုပင် သူမက ရန်ကုန်မြို့ပေါ်ရှိ ဆေးရုံကြီးတစ်ရုံ တွင် တာဝန်ကျခဲ့ပြီး သဥ္ဇာက အညာဘက်မှ တိုင်းဆေးရုံကြီးတစ်ရုံတွင် တာဝန်ကျခဲ့သည်။

အလုပ်သင်ဆရာဝန်ဘဝ၊ ဆေးကျောင်းသူဘဝကို ပင်ပန်းလှပြီဟု ထင်ခဲ့မိသော နန္ဒာတစ်ယောက် လက်တွေ့ဆရာဝန်ဖြစ်မှပင် 'ပင်ပန်း သည်' ဆိုသော စကား၏အဓိပ္ပာယ်ကို တင်းပြည့်ကျပ်ပြည့် ရိပ်မိစပြုလာ တော့သည်။

ငယ်စဉ်ကတည်းက ဖွဲ့နှင့် နပဲနှင့်ကြိုးစား အပင်ပန်းခံခဲ့တာတွေဟာ ဘဝကို တစ်ဆင့်ထက် တစ်ဆင့် ပိုမိုမြင့်မားတိုးတက်လာစေဖို့ မဟုတ်ဘဲ တစ်နှစ်ထက် တစ်နှစ် ပို၍ဆင်းရဲသော ဘဝကို ရောက်ရောက်လာဖို့ဆိုလျှင် ငါ မှားခဲ့တာ ၁၆ နှစ် သမီးကတည်းကပါလား. . . ဟူသော အတွေးရိုင်းရိုင်း မျိုးပင် တစ်ခါတလေ တွေးမိလာသည်။

တစ်ဖက်ကလည်း ပညာထူးချွန်သူ၊ ပညာလိုလားသူ ပီပီ. . . အင်းလေ ပင်ပန်းသလောက်လည်း စာကတော့ ပိုပိုတတ်လာ၊ အတွေ့အကြုံက လည်း ပိုပိုရလာ ပင်ပန်းရကျိုးနပ်တယ်လို့လည်း ပြောလို့တော့ ရပါတယ်ဟု

www.burmeseclassic.com

www.burmeseclassic.com



ဖြေတွေးတွေးမိပြန်သည်။

သဥ္ဇာ့ဆီက စာလာတိုင်း သူတို့ဆီမှာလည်း အလုပ်များပြီး ဆရာဝန် အရေအတွက်က နည်းနေ၍ ပင်ပန်းကြောင်းတွေ ကြားရသည်။ ညတာဝန် တစ်ရက်ခြား ကျသည်ဆိုပဲ။ သည်မှာ နန္ဒာတို့လေးငါးခြောက်ရက် တစ်ခါ ဆိုတော့ သဥ္ဇာတို့နှင့်စာလျှင် တော်သည်ပဲ ပြောရမည်။

လုပ်သက်နှစ်နှစ် ပြည့်ခါနီးတွင်တော့ ငယ်သူငယ်ချင်း နှစ်ဦးစလုံး အတွက် မမျှော်လင့်သော အပြောင်းအလဲလေးများ ဖြစ်လာသည်။

သဥ္ဇာက မြစ်ဝကျွန်းပေါ်ဒေသဘက်သို့ တိုက်နယ်ဆရာဝန်အဖြစ် ပြောင်း ရွှေ့ရသည်။ နန္ဒာကတော့ ဘွဲ့လွန်ဖြေရန် ရန်ကုန်မှာ လုံးပမ်းနေဆဲ။ နန္ဒာ့မိဘများက နန္ဒာ့ကိုအောင်မြင်သော လူငယ်စီးပွားရေး လုပ်ငန်းရှင် 'ကိုစေ' နှင့် လက်ထပ်ပေးရန် စီစဉ်လာကြခြင်းပင် ဖြစ်သည်။

"အဲသလောက် ချမ်းသာတဲ့လူကို ယူရင်တော့ နင် ဒေါက်တာနန္ဒာ ဘဝကနေ သူဌေးကတော် နန္ဒာဘဝကို ပြောင်းတော့မှာပဲဟာ"

တည်းည်းည်း တည့်ညည့်ပြောနေသော သဥ္ဇာ့ကိုကြည့်၍ နန္ဒာ ဟက်ဟက်ပက်ပက် ရယ်သည်။

"နင်ပြောမှပဲ သူဌေးကတော်ဖြစ်တာ ဒုက္ခရောက်တာ ကျနေတာပဲ။ နင့်လေသံက. . ."

သဥ္ဇာက ခေါင်းခါသည်။

"ဒုက္ခဆိုတာ ဘဝတိုင်းမှာရှိတာပဲ နန္ဒာ။ အရေးကြီးတာက ကိုယ်ခံရ တဲ့ ဒုက္ခက ကိုယ်ခံဖို့ ရွေးချယ်ထားတဲ့ ဒုက္ခဖြစ်ဖို့ပဲလိုတာ။ ဆရာဝန်လုပ်ရတာ ပင်ပန်း ဆင်းရဲတာတော့ မှန်ပါတယ်။ ဒါပေမယ့် ဒီလိုလူပင်ပန်း စိတ်ပင်ပန်း ဖြစ်မယ်ဆိုတာက တို့ဆရာဝန်လုပ်ဖို့ ဆေးကျောင်းစတက်ကတည်းက ကြိုတင် ပြင်ဆင်ထားခဲ့တဲ့ ဒုက္ခလေ။ ဘယ်လောက် ပင်ပန်းကြောင်း ပြန်ညည်းပြမြီး ကြွားပစ်လိုက်မယ်လို့ ကြိုတင်ကြံစည်ထားခဲ့တာ။ သူဌေးရဲ့အိမ်ရှင်မဖြစ်ရင် ဘာဒုက္ခတွေ လာနိုင်တယ် ဆိုတာ နင်ကြိုသိထား၊ ကြိုပြင်ဆင်ထားလို့ လား. . ."

"ဟဲ့. . . သူဌေးပဲ ဖြစ်ဖြစ်၊ သာမန်လူပဲ ဖြစ်ဖြစ် အိမ်ရှင်မ တစ်ယောက်ရဲ့ ဘဝကို ရင်ဆိုင်ဖို့ဆိုတာက ဆေးကျောင်းမှာတက်ခင် ဟိုး. . .

www.burmeseclassic.com

www.burmeseclassic.com



အစောကြီး၊ မိန်းကလေး ဘဝကို စရကတည်းက ဘဝတစ်လျှောက်လုံး ကြိုတင်ပြင်ဆင်ထားခဲ့တာပဲ မဟုတ်လား"

သဥ္ဇာက ခေါင်းခါပြန်သည်။

"မတူဘူးဟ၊ သာမန်လူတစ်ယောက်က ဆရာဝန်ဆိုတဲ့ နင့်ဘဝကို စွတ်ဖက်ပြောင်းလဲဖို့ ကြိုးစားမှာ မဟုတ်ဘူး။ ဒီလောက်ချမ်းသာတဲ့ သူဌေးတစ်ယောက်က သူ့ဘဝမှာ သူက အခရာပဲလို့ သဘောထားမှာ၊ တိုင်းသေပေါက် နင့်ကို အလုပ် ထွက်ခိုင်းလိမ့်မယ်"

သည်တစ်ခါတော့ နန္ဒာငိုင်သွားသည်။

"ဟုတ်တယ်ဟ. . အခုကတည်းက စကားတော့ခေါ်နေပြီ။ ငါက အွဲ့လွန် ဝင်ခွင့်အောင်ရင်တော့ ဆက်လုပ်ပါရစေလို့ ပြောထားတာ" ဟု ပြောသည်။

"နင့်ပြောပုံက စာမေးပွဲမအောင်ရင် နင် အိမ်ရှင်မပဲ လုပ်တော့မယ်ပေါ့"

နန္ဒာက ရယ်သည်။

"နင်ငယ်ငယ်က ငါ့ကို အတင်းဖတ်ခိုင်းတဲ့ 'ယောနသံစင်ရော်' မှတ်မိလား"

"အင်းလေ. . . ဆရာကြီးဦးဘသန်း(ဓမ္မိက) ဘာသာပြန်တာ။ ငါ သိပ်ကြိုက်လို့ အခုထက်ထိ သွားလေရာ သယ်သွားတုန်းပဲ"

"အေး. . . အဲဒီအမှာစာထဲမှာ အိမ်ရှင်မတစ်ယောက်က ဝေဖန်ထားတာ မှတ်မိလား၊ မိန်းမသားတွေရဲ့ ဘဝဟာတဲ့၊ အများမျှော်လင့်ထားတဲ့အတိုင်း အိမ်ရှင်မ ဘဝကို ခံယူ၊ အိမ်ရှင်မဘဝနဲ့ ကျင်လည်နေရင် ဘာမှပြဿနာ မရှိဘူး။ ဒီထက် တစ်ဆင့်တက်ပြီး သူများ မလျှောက်တဲ့လမ်းကို လျှောက်မိတာနဲ့ ယောနသံစင်ရော်လို ဒုက္ခမျိုးစုံနဲ့ ပက်ပင်းတိုးတော့တာပဲ. . . တဲ့"

သဥ္ဇာက နှာခေါင်းရှုံ့ပြသည်။

"တခြား မိန်းကလေးတွေတော့ မသိဘူးဟာ၊ ဒီနိုင်ငံမှာ စာအတော်ဆုံး၊ အကြိုးစားနိုင်ဆုံးဆိုတဲ့ သူတွေသာ လုပ်ခွင့်ရှိတဲ့ ဆရာဝန်ဆိုတဲ့ဘဝကို ခံယူနိုင်ခဲ့ပြီးမှတော့ ဒီပင်ပန်းတာ၊ ဆင်းရဲတာ၊ အိမ်ထောင်ရှင်ဘဝရဲ့ဘာဝန်တွေကို တခြား အိမ်ရှင်မတွေလို မကျေပွန်မှာစိုးတာဆိုတဲ့ အကြောင်းပြချက်

www.burmeseclassic.com

www.burmeseclassic.com



တွေလောက်နဲ့ 'ဆရာဝန်ဘဝ' ကို ပြန်မစွန့်လွှတ်ကြစေချင်ဘူး။ 'ယောနသံ စင်ရော်' လို စိန်ခေါ်မှုတွေ ဘယ်လောက်နဲ့ ရင်ဆိုင်ရ ရင်ဆိုင်ရ ရအောင် ပျံပြနိုင်ကြစေချင်ကြတာပဲ"

"နင် သိပ်တန်ဖိုးထားတဲ့ ဆရာဝန်ဘဝဆိုတာက တို့ဘဝတွေကို ဘယ်လောက်များ တာဝန်ယူ မြှင့်တင်နိုင်လို့လဲလို့ ငါ မေးရင် နင် စိတ်တိုဦး မယ်"

သဥ္ဇာက ပြုံးသည်။

"ဘယ်လိုဘဝက မြင့်မားတယ်လို့ နင်သတ်မှတ်လဲလို့ ငါက ပြန်မေး မှာပေ့ါ။ ပစ္စည်းဥစ္စာ၊ စည်းစိမ်ကြွယ်ဝတာကို ဒီလူနဲ့လက်ထပ်လိုက်ရုံလေး တစ်ခုတည်းနဲ့ နင် ရနိုင်တယ်၊ လူတွေအများကြီးက အားကိုးခံရတဲ့ ဆရာဝန်မ ကြီးတစ်ယောက် ဖြစ်လာဖို့ ဆိုတာကျတော့ နင် ခုကနေ အများကြီး ရုန်းကန် စိန်ခေါ်မှုတွေကို အများကြီး အောင်မြင်ပြီးမှ ရမယ်၊ လွယ်လွယ်လေးနဲ့ ရတဲ့ အရာနဲ့ ခက်ခက်ခဲခဲရတဲ့အရာ နင် ဘာကို ပိုတန်ဖိုးထားမလဲ။ ဘာကို ပိုင်ဆိုင်ရ တာက ဘဝမြင့်မားမလဲ။ အေး. . . ငါ အဲသလိုမေးရင်လည်း နင်စိတ်ဆိုး မှာပဲ"

ထိုနေ့က ဆွေးနွေးအပြီး အပြုံးမပျက် လမ်းခွဲခဲ့ကြရပေမယ့် သဥ္ဇာ့ စကားကို နန္ဒာ အစာမကြေခဲ့. . .။ မနာလိုတာ ဖြစ်မှာပေါ့ဟုပင် ရိုင်းရိုင်း တွေးမိခဲ့သေးတယ်။

လက်ထပ်ပြီး မကြာခင် နန္ဒာ'ဆေးပညာ'ဘွဲ့လွန်ဝင်ခွင့်စာမေးပွဲ ဖြေသည်။ ရေးဖြေနှင့်ပင် ကျသည်။ သဥ္ဇာကတော့ 'ကလေးအထူးကု' ဘာသာရပ်တွင် ရေးဖြေ အောင်မြင်သော်လည်း လူတွေ့စစ်မေးရာတွင် ကျသည်ဟု သိရသည်။ 'ကိုဝေ'ကတော့ နန္ဒာ့ကို တစ်ခါတည်း အလုပ်ထွက် ခိုင်းသည်။ အလုပ်ထွက်တာကလည်း သိပ်တော့ မခက်။ အလုပ်မဆင်းဘဲ နေလိုက်သည်နှင့် ဟိုအရင်ကတည်းက သူဌေးကတော် ဖြစ်သွားပြီးလ အလုပ်ထွက်လိမ့်မည်ဟု မှန်းထားကြသော သူငယ်ချင်းမိတ်ဆွေများ ဆရာ သမားများက သဘောပေါက်သည်။ 'ဌာနတွင်း စုံစမ်းစစ်ဆေးရေး'ကို ခ မြန်မြန်လုပ်ပေးသည်။ နန္ဒာ့ကို အလုပ်မှ ထုတ်ပယ်သည်။ ဆေး လက်မှတ် ဖျက်သိမ်းသည်။ လူစားမြန်မြန်ရရန် တင်ပြကြသည် ဟုတ်သည်ထေ

www.burmeseclassic.com

www.burmeseclassic.com



သူတို့ခမျာလည်း တစ်ယောက်လျော့ရင် လျော့သလောက် ပိုပင်ပန်းရှာကြတာကိုးဟု နန္ဒာ သဘောပေါက်ပေးပါသည်။

သဥ္ဇာကတော့ ထပ်ပြောင်းသွားရသည်ဟု ကြားလိုက်သည်။

(၄)

နောက်ထပ် ၅ နှစ် ကြာသွားသည်။

သဥ္ဇာနှင့် အဆက်အသွယ် မရတော့။ ဘွဲ့လွန်မှန်မှန်လာဖြေသည်၊ အောင်တော့ မအောင်ဟု ကြားသည်။ သူကလည်း လာမတွေ့၊ နန္ဒာကလည်း တိုယ့်ပြဿနာတွေနှင့် ကိုယ် လုံးချာလည်ရိုက်နေသည်။

ကိုယ့်ပြဿနာတွေ. . . ။

မှန်ပါသည်။

သဥ္ဇာပြောသွားသော "သူဌေး၏အိမ်ရှင်မ ရင်ဆိုင်ရမည့်ဒုက္ခ" ဆိုသော စကားအဓိပ္ပာယ်ကို နန္ဒာ သဘောပေါက်စ ပြုလာပါပြီ။

မိုးလင်းကမိုးချုပ် 'ကိုဝေ'အတွက်က တစ်မျိုး၊ မွေးထားသော ကလေးနှစ်ယောက် ဝေယျာဝစ္စက တစ်ယောက်တစ်ဘာသာစီ။ မကြာခဏ ခေါ်ယူဩဝါဒ ခြွေလေ့ရှိသော ယောက္ခမဆီကလည်း တစ်ရက်မှ အခစားပျက်၍ မရ။ ဧည့်ခံပွဲပေါင်းများစွာ၊ 'ဆိုရှယ်ဂဲသားရင်း'ခေါ် ယဉ်ကျေးမှုအရ တွေ့ဆုံစိုင်းဖွဲ့ရခြင်းပေါင်းများစွာ၊ လူမှုရေးတာဝန်ပေါင်းများစွာ၊ ဟန်ဆောင် အပြုံးပေါင်းများစွာ နောက်ပိုင်းကျတော့ စိတ်ညစ်စရာတွေထဲမှာ ကိုဝေ့ဘေးမှာ ဝိုင်းနေသော မိန်းမလှလေးပေါင်းများစွာ ပါလာသည်။

တစ်ခါတလေ သိပ်စိတ်ရှုပ်လာလျှင် ယောကျ်ားကိုရော၊ ကလေးနှစ်ယောက်ကိုရော၊ အိမ်ကြီးကိုရော၊ ကားတွေကိုရော၊ အလုပ်သမားတွေကိုရော အားလုံးထားပစ်ခဲ့ပြီး တစ်ယောက်တည်း အဝေးကြီးကို ထွက်သွားချင်လာသည်။

ဘာလုပ်ရမလဲ၊ ဆရာဝန်ပဲ ပြန်လုပ်မှာပေါ့။

အင်း. . . ဆ-မ၊ ဆ-မ ကတော့ ပြန်လျှောက်လျှင် ရနိုင်မည်ဆိုပဲ၊

ဆရာဝန်မကလေးက ရှုပ်လေးလှသလောက် ပေါ်လိုက်တာ၊

www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးဖြင့် ဒီသမီးလေးလက်နဲ့ ထိလိုက်တာနဲ့ ရောဂါတစ်ဝက် ယူပစ်လိုက်သလိုပဲ။ တကယ် ခံစားရတာပါကွယ်. . . ဟု လှိုက်လှိုက်လှဲလှဲ ပြောခဲ့ဖူးသည့် လူနာအဒေါ်ကြီး တစ်ယောက်ကိုပင် ညညအိပ်မက်ထဲတွင် ပြန်ပြန်ဆုံနေသေးတော့။

ပြောသာပြောရသည်။ တကယ်တမ်းကျတော့ ဒါတွေအားလုံးထားခဲ့ ပြီး ထွက်မသွားနိုင်ခဲ့။ ထွက်လာဖြစ်ခဲ့တာတောင်မှ 'ကိုဝေ့'အနားက ထွက်လာ တာ မဟုတ်ဘဲ 'ကိုဝေ့'နောက်ကို လိုက်လာခဲ့ရတာ ဖြစ်နေသေးသည်။

## (၅)

လင်ခရူဆာ ဝက်ဂွန်ကားမြင့်ကြီးပင် ဝမ်းမြုပ်လောက်အောင် လျှံနေသည့် ရေတွေထဲတွင် ကားဒရိုင်ဘာက ပုဆိုးခါးတောင်းကျိုက်၍ လျှောက်လာသည်။ ညက မှောင်မဲ၊ မိုးကသည်းမို့ သူ့လူလုံးကိုပင် သဲသဲကွဲကွဲမမြင်ရ။ ရေထဲတွင် လျှပ်တိုက် လျှောက်လာသည့် အသံကိုသာ ကြားရသည်။

"မရဘူး. . . မမလေးရေ၊ ခရီးသည်တင် ကားကြီးတွေရော၊ ကုန်ကားကြီးတွေရော ရှေ့မှာ ကားပင်လယ်ကြီးကျနေတာပဲ။ နစ်နေကြတာ။ ဒီညတော့ ဘယ်လိုမှ ခရီးဆက်လို့ ရမှာမဟုတ်ဘူး။ ဒီရွာက နည်းနည်းကြီးပေမယ့် မမလေးတို့ အိပ်လောက်တဲ့နေရာတော့ ရှိမှာမဟုတ်ဘူး။ နောက်ပြန်လှည့်မောင်းရအောင်ကလည်း နောက်မှာကားတွေ ပိတ်နေသေးတယ်။ မနက်ရေပြန်ကျမှပဲ ထွက်လို့ရမှာ။ မမလေး ကားပေါ်မှာအိပ်ရမှာ အားနာလိုက်တာ"

ကလေးတွေ ခေါ်မလာမိတာ တော်သေးတာပေ့ါဟု ဖြေတွေးတွေးမိသည်။ အဖော်ပါလာသော အိမ်ဖော်မလေးကို လှည့်ကြည့်တော့ အပူအပင်ကင်းမဲ့စွာ ကားပြတင်းကိုမှီ၍ အိပ်ပျော်နေသည်။ အမယ်. . . ဟောက်များပင်နေသေးတော့။

"ကားပေါ်မှာ အိပ်တာက ရပါတယ်၊ ဒီမှာ ခြေထောက်က ထောင်းတာ ဆေးထည့်ချင်တယ်၊ ရေပုပ်တွေထဲမှာ ထိထားတာဆိုတော့ မေးခိုင်ကာကွယ်ဆေးပါ ထိုးလို့ရရင် ထိုးချင်တာ။ ငါ့လည်း ဘာမှမသိဘူး"

ကားဒရိုင်ဘာက သက်ပြင်းချ၍. . .

www.burmeseclassic.com

www.burmeseclassic.com



"မမလေးကို ဆင်းမကြည့်ပါနဲ့လို့ ကျွန်တော် ပြောသားပဲ" ဟု ဆိုသည်။

"ဒီနားမှာ ဆေးခန်းတွေ ဘာတွေရော မတွေ့ခဲ့ဘူးလား"

"ဟိုရှေ့နားမှာ ကြက်ခြေနီတံဆိပ်ကလေး မီးလင်းနေလို့ ကျွန်တော် ဝင်မေးသေးတယ်။ ဒီရွာက တိုက်နယ်ဆရာဝန်အိမ်တဲ့။ ဆရာဝန်ကတော့ တိုက်နယ်ဆေးရုံမှာတဲ့။ စောစောက ထိပ်ဆုံးမှာ ကားလမ်းချော် မှောက်သွားတုန်းက လူနာတွေ များနေလို့ ဆေးရုံမှာပဲ ဒီညအိပ်မှာတဲ့။ ဆေးရုံကတော့ နောက်နားတင်ပဲ ပြောတယ်"

နန္ဒာက ခြေထောက်မှ သွေးထွက်နေဆဲအနာကို ငုံ့ကြည့်သည်။

"အဲဒါဆိုလည်း နင် ကားစောင့်နေခဲ့။ ငါနဲ့ ကောင်မလေး မေးပြီး သွားလိုက်မယ်။ ဆေးရုံဆိုတော့ ဆေးထည့်စရာတော့ ရှိမှာပဲ။ ကံကောင်းရင် သိတဲ့သူနဲ့တောင် တိုးချင်တိုးနေဦးမယ်"

အိမ်ဖော်ကောင်မလေးကို နှိုးလိုက်သည်။

(၆)

အားရဝမ်းသာ တင်းကျပ်စွာ ဖက်ထားသော သဥ္ဇာ၏ လက်တို့ကို ဖြည်းဖြည်းချင်း ဖြေလျော့၍ သဥ္ဇာ့ပခုံးကိုကျော်ပြီး နောက်ဘက်လူနာဆောင်ထဲသို့ မျှော်ကြည့်လိုက်သည်။ ဒါ ခုတင် ၁၆ လုံးဆန့် တိုက်နယ်ဆေးရုံတဲ့လား။

ခုတင်ပေါ်မှာရော၊ ခုတင်တွေကြား ကြမ်းပြင်တွေမှာရော ပြည့်လျှံနေသည့် လူနာတွေက ၃၀ လောက်တော့ ရှိမည်ထင်သည်။ တချို့လည်း ညည်းညူနေကြသည်။ ပါလာသော ဆွေမျိုး အစောင့်တို့ကလည်း မနည်း၊ ထမီအနီဝတ် ဆရာမလေးတစ်ဦးနှင့် အရပ်ဝတ် ဆေးရုံဝန်ထမ်းတစ်ဦးက လူနာဆောင်ထဲမှာပင် ဒဏ်ရာ ရသူတစ်ဦးကို ဆေးထည့်ပေးနေသည်။

သဥ္ဇာ့မျက်နှာကို ပြန်ကြည့်မိသည်။

အရင်အတိုင်းပါပဲ၊ နည်းနည်းလေးမှ အသက်ကြီးမသွား။ ညိုညို စိန်ပိန် ပါးပါး။ နောက်မှဖြစ်သလို စုချည်ထားသော ဆံစတချို့က နဖူးထက်မှာ ဟိုကရို ဖွာနေသည်။

လည်ပင်းမှာ ခွဲစိတ်ခန်းသုံး မျက်နှာဖုံးစွပ်လေး ချည်လျက်သားတွေ့ရ

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ယခုလေးတင်ပင် ဒဏ်ရာရလူနာတစ်ဦးကို ဆေးထည့်ပေးနေဆဲ ဖြစ်ကြောင်း သိသာသည်။

"ငါ. . . ဘာကူလုပ်ပေးရမလဲ. . . ဟင်" ဟု တိုးတိုးမေးတော့ သဉ္ဇာက ရယ်သည်။

"ဘာလဲဟ. . . နင်က လူနာလေ။ လာ. . . နင့်ကို ငါ ဆေးထည့်ပေး မယ်"

ငယ်သူငယ်ချင်းကိုယ်တိုင် ဒဏ်ရာကို ဆေးထည့်ပေးနေသည်ကို တိတ်ဆိတ်စွာ ခံယူနေမိရင်းက နန္ဒာ မပျော်နိုင်ပါ။ အချစ်ဆုံးသူငယ်ချင်း နေ့ရော ညပါ လူနာတွေ ပိနေချိန်မှာ ဆရာဝန်တစ်ဦး ဖြစ်ပါလျက်နှင့် အထောက်အကူ ဘာမှ မပြုနိုင်သည့်အပြင် အလုပ်ပိုပါ လာပေးမိသော ကိုယ့်ကိုယ်ကိုယ်သာ ရှက်ရွံ့အားငယ်နေမိသည်။

"ဒီလောက်ကြမ်းတဲ့လမ်း ဘာလာလုပ်ရတာလဲ သူဌေးကတော်ရယ်"

နန္ဒာ မဲ့ပြုံးသာ ပြုံးမိသည်။ 'ကိုဝေ'တစ်ယောက် အသက် ၂၀ သာ ရှိသေးသော ဝန်ထမ်းအမျိုးသမီး ချောချောလေးနှင့်အတူ သူပိုင် ကမ်းခြေ ဟိုတယ်သို့ ထွက်သွားသည့် သတင်းကြောင့် ဒုန်းစိုင်းလိုက်လာရသော အဖြစ်ကို ချစ်သူငယ်ချင်း မသိစေချင်ပါ။

"နင် တစ်ယောက်တည်းပဲ နေသလား"

သဉ္ဇာက မော့ကြည့်၍ ပြုံးသည်။ ငါ ဖိတ်စာပို့လိုက်တာ နင်မရဘူး ပေါ့ လေ. . . ဟုတ်လားဟု မေးသည်။

"ဟယ်. . . မရဘူး၊ ဘယ်သူလဲ"

"ဆရာဝန်ပါပဲ၊ ငါတို့ထက် နှစ်တန်းကြီးတယ်၊ အစကတော့ ဒီမြို့နယ် ဆေးရုံမှာ တာဝန်အတူတူကျကြတာပေါ့။ လက်ထပ်ပြီး နှစ်လပဲကြာ တယ်။ ငါက ဒီကိုရောက်၊ သူက 'မျက်စိ'ဘွဲ့လွန်ဝင်ခွင့်ဖြေတာ အောင်သွား တယ်။ ရန်ကုန်မှာ၊ ငါက 'ကလေး'ဖြေတာ သုံးခါကျပြီးလို့ 'လူထုကျန်းမာရေး' ပြောင်းဖြေတာ နှစ်ခါကျ"

သည်မျှ ပင်ပန်းနေသည့်ကြားထဲက အိမ်ထောင်ရေးအကြောင်း စာမေးပွဲကျတာကို အပြုံးမပျက် ရွှင်လန်းတက်ကြွစွာ ပြောပြနေသော သူငယ်ချင်းကိုကြည့်၍ သူကြည့်ရတာ ငါထောင် ပျော်နေသလိုပဲ. . .

www.burmeseclassic.com



အံ့ဩစွာ တွေးမိသည်။

ခြေထောက်အနာ ဆေးထည့်ပေးပြီးသွားသဖြင့် သဥ္စာက ခါးဆန့်၍ ရပ်လိုက်သည်။

"လာ နင့်ကို ငါ့အိမ်လိုက်ပို့ပေးမယ်။ ဒီည ငါ့အိပ်ရာမှာပဲ အိပ်လိုက်၊ နောက်ရေကျလို့ ကားတွေထွက်မှ ဆက်ထွက်ပေါ့။ ငါကတော့ နင့်ကိုပို့ပြီးရင် ဒီမှာ ပြန်လာအိပ်ရမှာ။ အခြေအနေက မြင်တဲ့အတိုင်းပဲ"

နန္ဒာက ခေါင်းငုံ့၍. . .

"ငါ ဝိုင်းလုပ်ပေးချင်လိုက်တာဟာ" ဟု တိုးတိုးပြောသည်။

(၇)

"ရော့ ငါတို့ တောလက်ဆောင်"

သဥ္စာကမ်းပေးသော စားစရာခြင်းတောင်းကို ကြောင်တက်တက်လှမ်းယူရင်းက. . .

"နင် ဒီလောက် တစ်ညလုံး အလုပ်ရှုပ်နေတာဟာယ်၊ ဘာလို့ ဒုက္ခရှာပြီး ထွက်ဝယ်နေလဲ" ဟု မေးမိသည်။ သဥ္စာက ဟက်ဟက်ပက်ပက် ရယ်သည်။

"ဝယ်မလားဟဲ့. . . ဆရာမကို ကျေးဇူးတင်လွန်းလို့ဆိုပြီး လူနာရှင်ပေးတဲ့ဟာတွေထဲက နင့်ကို တစ်ခါတည်း အမွေခွဲပေးလိုက်တာ။ ငါ့လက်ဆောင်အစစ်က ဒီမှာ"

ဘာမှထုတ်ပိုးမထားသော စာအုပ်အဟောင်းလေးတစ်အုပ်ကို လှမ်းပေးသည်။ ပုံမှန်စာအုပ် အရွယ်အစား ဒီဇိုင်းလေး မဟုတ်ဘဲ ဘေးတိုက်အလေး ဖြစ်နေခြင်းနှင့် မျက်နှာဖုံးမှ ပန်းချီဆရာ ဦးပေါ်ဦးသက်၏ စင်ရော်ပုံကြောင့် ငယ်စဉ်က သူ့ကို သဥ္စာ ပေးငှားဖတ်ဖူးသော 'ယောနသံစင်ရော်' စာအုပ်မှန်း ချက်ချင်း ရိပ်မိလိုက်သည်။

"ဟယ်. . . ဒါက နင်အရမ်းတန်ဖိုးထားတဲ့ စာအုပ်ပဲဟာ။ ငါလည်း ဖတ်ပြီးသားပဲဟာ မပေးပါနဲ့"

"နင် ဖတ်ပြီးပေမယ့် နင့်ကလေးတွေကြီးလာရင် ပေးဖတ်စေချင်လို့ပါ။ ပြီးတော့ ငါ့ယောကျ်ားကလည်း ငါ့လိုပဲ ဒီစာအုပ်တစ်အုပ်ကို ငယ်ငယ်

www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ဆောင်ထားတဲ့သူဆိုတော့ ငါ့စာအုပ်က မလိုတော့ဘူးပေါ့။ ယူသွား နင့်သားနဲ့သမီး။အထူးသဖြင့် နင့်သမီးကြီးလာရင် ပေးဖတ်ဖြစ်အောင် ပေးဖတ်လိုက်သိလား။ ဒါမှ သူ ကြီးလာရင် အိမ်ရှင်မပဲ လုပ်ရမှာလား 'ယောနသန်စင်ယော်' ပဲ လုပ်ရမှာလား ကြိုစဉ်းစားထားလို့ရအောင်"

ဘာပြန်ပြောရမှန်းမသိ၍ ကြောင်အအနှင့် စာအုပ်ကိုယူပြီး ကားတံခါးပိတ်လိုက်သည်။ ကားဒရိုင်ဘာက လင်ခရူဆာကားကို ရေကျသွားပြီ ဖြစ်သော လမ်းအတိုင်း ညင်သာစွာ မောင်းထွက်ခဲ့ပါသည်။

ဇီဝကမဂ္ဂဇင်း
၂၀၀၉၊ စက်တင်ဘာ

* * *

www.burmeseclassic.com

www.burmeseclassic.com

# နှင်းထဲက လာသည့် မိန်းကလေး

## (၁)

ပြင်ဦးလွင်ဆောင်း၏ ရောင်နီပင်မပျို့သေးသော မနက်ခင်း။

အိမ်ထဲမှာပင် ခိုက်ခိုက်တုန်အောင် ချမ်းနေသည့်ကာလမှာ ကိုယ့်ရှေ့တိုယ် တစ်တောင်ခန့်ထက် ပိုမမြင်နိုင်လောက်အောင် ပိတ်ဖုံးနေသည့် နှင်းမှုံတွေ ကြားထဲက အဲသည်မိန်းကလေး ရောက်လာသည်။ စာကလေးတစ်စောင်သည်း ပါလာသည်။

ရန်ကုန်က ဆေးတက္ကသိုလ် ကျောင်းနေဘက် သူငယ်ချင်းတစ်ဦးက ရေးပေးလိုက်တာပါ။

အဲသည်မိန်းကလေးက ရန်ကုန်ပုဂ္ဂလိက ဆေးခန်းကြီးတစ်ခုမှာ သူနာပြုအကူ သင်တန်း သုံးလတက်ဖူးသတဲ့။ မိဘများ ဆုံးပါးသွားပြီးနောက် ပြင်ဦးလွင်မှာ ရှိသော အဒေါ်အိမ်မှာ လာကွန်းခိုနေရပါသတဲ့။ ဝင်ငွေလေး ရစေရန် တစ်ဖက်တစ်လမ်းမှ ရှာဖွေချင်သဖြင့် မိမိဆေးခန်းတွင် ကူဖော်လောင်ဘက်အဖြစ် သုံးစေချင်ပါသတဲ့။ လခသင့်တော်သလိုသာ ကြည့်ပေးပါတဲ့။ ရန်ကုန်က သူငယ်ချင်းက နှလုံးရောဂါ အထူးကုသမားတော်မို့ မိမိနှလုံးရောဂါဖြင့် သေအံ့မူးမူးဖြစ်စဉ်က ကုသပေးခဲ့ဖူးသည်။ မိမိသည် ရောဂါဖြင့် အသက် ၄၀ ကျော်တွင်ပင် တာဝန်မှ အနားယူဖို့ ဖြစ်လာတော့ သူပဲ ထောက်ခံပေးခဲ့သည်။ ပြင်ဦးလွင်တွင် အနားယူနေရင်းက နည်းနည်း အတ်သာလာသဖြင့် ကိုယ်ပိုင်ဆေးကုခန်းကလေး ပြန်ဖွင့်မည် ကြံတော့ အကူကလေး ဘာလေးထားဦး. . . ဟုပင် လှမ်းဖုန်းဆက်ပြောသေးသည်။ သည်တော့ သင့်တော်မည့် အကူမိန်းကလေးတွေ့လို့ ပို့ပေးတာ ဘာဆန်းသည့် ကိစ္စမဟုတ်။

ဆန်းတာက မိန်းကလေး။

www.burmeseclassic.com

www.burmeseclassic.com



ထရီဇာ. . . တဲ့၊ နာမည်ကလေးက. . .

လူက အသက်နှစ်ဆယ်ကျော် အစိတ်မျှရှိမည်။ အသားထာ ဆောင်းနှင်းပွင့်တွေတမျှ ဆွတ်ဆွတ်ဖြူသည်။ ငယ်ဂုဏ်ကလေးကြောင့် မျှသာမကသော အလှလည်း ရှိသည်။ ဒါ့ပြင် တချို့သော သူနာပြုအတူ မိန်းကလေးတွေမှာလည်း တွေ့ဖူးတော့ သိပ်ဆန်းသည့် ကိစ္စတော့မဟုတ်။ တကယ်ဆန်းနေတာ နှစ်ခုသာ။

အိပ်ရာမှ ယောင်ထ၍ လမ်းလျှောက်နေသူနှယ် ခံစားမှု တစ်စုံ တစ်ရာမှ မရှိလေဟန် ကြောင်တက်တက် မျက်နက်ဝန်းတစ်စုံရယ်။

လက်ချောင်းကလေးတွေရယ်။

ထရီဇာ၏လက်ချောင်းကလေးများက အဲသည့်ပေါ်မှာ တွယ်ကပ် ပါလာသော နှင်းပွင့်ကလေးများထက်ပင် ပိုမိုနူးညံ့ချောမွတ်နေသည်။

(၂)

သူ ထရီဇာ့ကို လခများများ မပေးနိုင်ပါ။

ကိုယ့်ဆေးခန်းကလည်း သိပ်အောင်မြင်လှသည်မှ မဟုတ်ဘဲ။ ပေးနိုင်သည့် လခပမာဏကိုပြောတော့ ထရီဇာက တစ်ခွန်းမှ ပြန်မပြော ဘဲ. . . အခု ကျွန်မ ဘာစလုပ်ပေးရမလဲ. . . ဆရာ. . . ဟုသာ မေးခဲ့သည်။

ခိုင်းကြည့်တော့လည်း အဆင်ပြေသည်။

စကားနည်းသလောက်၊ မျက်နှာတည်သလောက် အလုပ်ကျတော့ အကွက်မြင်လွန်းနေသည်။ အင်ထရီဗတ်ခေါ် လျှို့ဝှက်သိပ်သည်း တတ်သူတွေ သည် သိပ်ဉာဏ်မကောင်းဟု သူ့ဖာသာသူ တစ်ဖက်သတ် ထင်ခဲ့မိတာကိုပင် ပြင်ရမလို ဖြစ်လာသည်။

သူ့ဟာသူဆိုလျှင် ယောင်ချာချာနှင့်၊ ပြီးတော့ နှလုံးရောဂါ မခံနိုင် မှာစိုး၍ တစ်ခုချင်းလုပ်တတ်သော တိုလီမုတ်စကလေးများမှာ ထရီဇာ ရောက်လာသည်နှင့် အလိုလို အဆင်သင့် ပြီးပြီးသွားသည်။

လူနာတွေကလည်း ထရီဇာ့ကို ချစ်ကြသည်။ ဆရာဝန်၏ ခနော်နီ ခနော်နဲ့ လက်ရေးများကိုဖတ်၍ ဆရာဝန်ကို ပြန်မမေးဘဲ လုံးစေ့ပတ်စေ့ ခရေစေ့တွင်းကျ ရှင်းပြနိုင်စွမ်းရှိသော ထရီဇာ၏ အလုပ်ကျွမ်းကျင်မှုကို

www.burmeseclassic.com

www.burmeseclassic.com



အံ့သြကြသည်။

အမျိုးသမီးလူနာအချို့ကလည်း ရုပ်ရည်သန့်ပြန့်လွန်းသော ထရီဇာ့ကို ကြည့်၍ ဆရာ့သမီးလားဟု စပ်စုကြသည်။

"ကျွန်တော့်ဇနီး ကွယ်လွန်သွားတဲ့ အထိကျွန်တော်တို့မှာ သားသမီး ထွန်းကား ဖူးပါဘူး။ သူက မိတ်ဆွေဆရာဝန်တစ်ယောက်က ရှာပေးထားတဲ့ သူနာပြုအကူ ဆရာမကလေးပါ"

မန္တလေးမှာနေသော အစ်မကလည်း သတင်းကြားသဖြင့် တက်လာပြီး ဆေးဘီရိုမှန်ကို ပြောင်အောင်ဒူးထောက်၍ ပွတ်တိုက်နေသည့် ထရီဇာကို ဘယ်တစ်လှည့် ညာတစ်လှည့် စောင်းငန်းငန်း လှည့်ပတ်ကြည့်သည်။

ပြီးတော့ သူ့မောင်ကို အိမ်ထဲခေါ်သွား၍ တိုးတိုးဆူသည်။

"မုဆိုးဖို ပူပူနွေးနွေးက ဒီလောက် ငယ်ငယ်ချောချောကလေးကို အနား ခေါ်ထားရသလား၊ မင်းကို သူများတွေ ဘာပြောမလဲ သူက ရယ်သာနေသည်။

"အစ်မရယ်၊ သူက ငယ်ငယ်ချောချောပေမယ့် ကိုယ်မှ ငယ်ငယ်ချောချော မဟုတ်တော့တာ။ သေမင်းနှုတ်ခမ်းဝကတောင် တစ်ခေါက်ပြန်လာခဲ့ပြီးပြီ။ အစ်မ ပြောသလို တစ်ခါမှတောင် မစဉ်းစားမိပါဘူး"

"ဟဲ့. . . အဲဒါသိလို့ အကြံနဲ့လာတာ ဖြစ်ချင်ဖြစ်မှာပေါ့။ မင်း သူ့ အကြောင်း ဘယ်လောက်သိလို့လဲ"

"ကိုယ့်အသက်ကို ကယ်ထားတဲ့ သူငယ်ချင်းကအပ်လို့ ခေါ်ထားတာ ပါ အစ်မရယ်၊ ကြည့်ရတာလည်း အေးအေးကလေးပါ၊ အေးတာလွန်လို့ စကားတောင် နည်းလွန်းနေသေးတယ်"

အစ်မက မျက်စောင်းထိုး၍. . .

"မင်း သူ ဘီရိုတိုက်နေတဲ့ လက်ချောင်းကလေးတွေကိုရော သတိ ထားမိရဲ့လား" ဟု မေးသည်။

လက်ချောင်းကလေးတွေ။

ဟုတ်ပါရဲ့၊ သိပ်နူးညံ့လွန်းသည့် လက်ချောင်းကလေးတွေ။ ထရီဇာ့ လက်ဖဝါးထဲ သူ ဆေးလုံးကလေးတွေ ထည့်ပေးတိုင်း အဲသည့်လက်ခတ္တမှာ အသားမာ လုံးဝမရှိသည်ကို အမြဲသတိထားမိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



(၃)

နှင်းတွေ သိပ်သိပ်သည်းနေအောင် ကျသော ညတစ်ညမှာ ဘူ
ဆေးခန်း စောစောပိတ်သည်။

ထရီဇာ ဘယ်လိုပြန်မလဲမေးတော့ ဘရီဇာက ဖုန်းဆက်ခွင့်တောင်း၍ ဆက်သည်။ သူ့အဒေါ်၏သား သူ့မောင်ဆိုသူ ယောကျ်ားကလေး တစ်ယောက် ရောက်လာ၍ ကြိုသည်။

ထရီဇာ လိုက်သွားမည်ကြံတော့ သူက ချောင်းဆက်တိုက် ဆိုးလာသည်။ ထရီဇာက စိတ်ပူပူဟန် မျက်မှောင်ကြုတ်သည်။

"ဆရာ နေကောင်းရဲ့လား"

"ရတယ် သမီး၊ အေးလို့ပါ၊ ပြန်. . . ပြန်. . . သမီးပြန်"

ထရီဇာက ခဏမျှရပ်နေ၍ တွေဝေစဉ်းစားနေသည်။ နောက်တော့ သူ့ မောင်ကို တိုးတိုးသွားမှာသည်။ အိမ်ထဲပြန်ဝင်လာသည်။ သူ့မောင် ထွက်သွားသည်။

"သမီး မပြန်သေးဘူးလား"

ခေါင်းခါပြ၍. . .

"ထရီဇာ ဒီမှာအိပ်မှာ။ အဒေါ့်အိမ်မှာ ကောင်မကလေးတစ်ယောက် ရှိတယ်၊ ထရီဇာနဲ့ အဖော်လာလုပ်ပေးဖို့ ခေါ်လိုက်ပြီ။ ဆရာ့ကို စိတ်မချလို့" ဟု ဖြေသည်။

"ချောင်းဆိုးတာများ သမီးရယ်. . . " ဟု ဖြေတော့။

"ဆရာ့မှာက နှလုံးရောဂါနဲ့လေ" ဟု တိုးတိုးသာပြောသည်။

(၄)

တကယ်လည်း သူ အဲသည့်ညက မောလာသည်။

ထရီဇာ ရန်ကုန်က သူ့ကို စာရေးပေးလိုက်သော ဆရာနှင့် ဖုန်းဆက် တိုင်ပင်၍ ဆေးတွေ လာတိုက်သည်။ အသက်ရှူရတာ မြန်လွန်းနေသဖြင့် ဘာဆေးတွေဟု မေးခွန်းထုတ်မနေအား။ သည်အတိုင်းသာ မြိုးထည်း သောက်လိုက်သည်။

အိပ်ရာခေါင်းရင်းဘက်ကို ထရီဇာနှင့် သူခေါ်လာသော ကောင်

www.burmeseclassic.com



တလေးက ခေါင်းအုံးများခုပေး၍ သူ့ကို မတ်မတ်အိပ်စေသည်။ ချောင်းဆိုး နည်းနည်း သက်သာသွားသော်လည်း နဖူးတွင်ဇောချွေးများ ပြန်နေသည်။ သည်လောက်အေးသည့် ရာသီဥတုမှာတင် ချွေးက မရပ်နိုင်။ ထရီဇာက အိပ်ရာဘေးတွင် ညလုံးပေါက် မအိပ်ဘဲ ထိုင်၍ သူ့နဖူးမှ ချွေးများကို သုတ်ပေးနေသည်။

မိုးလင်းခါစတွင် ပြင်ဦးလွင်ဆေးရုံမှ သမားတော်ကြီး ရောက်လာသည်။ ပြင်ဦးလွင်ဆေးရုံတွင် ဟောပြောပွဲများ သွားနားထောင်ရင်း ခင်မင်နေသူ ဖြစ်သော်လည်း သူ နေမကောင်းတာ ပြောမပြထား၍ ဘယ်လိုရောက်လာပါလိမ့်ဟု တွေးမိသည်။

သမားတော်ကြီးက ပြန်ခါနီး သူ့အိတ်ကို လာဆွဲပေးသော ထရီဇာကို စိတ်မသက်မသာ အမူအရာနှင့် ကြည့်ပြီး. . .

"ပင်ပန်းလှပါတယ် ထရီဇာရယ်"

ဟု တိုးတိုးပြောသံကို သဲ့သဲ့ကြားတော့မှ ဆရာကြီးနှင့် ထရီဇာ သိတွျမ်းပြီးသားမှန်း ရိပ်မိတော့သည်။

(၅)

ညီအငယ်ကောင် ရောက်လာသည်။ ဖေဖေတို့က အစ်ကိုကို လာကြည့်ခိုင်းလို့ဟု ပြောသော်လည်း ထရီဇာ သူ့ကို ပြုစုနေတာတွေ့တော့ မပြန်ဘဲ နှစ်ညအိပ်နေပြီး သူလည်း အတော်သက်သာလာပြီးမှ ပြန်သွားသည်။

သူလည်း ထရီဇာ့ကို အတင်းအိမ်ပြန်လွှတ်လိုက်သည်။ သူ့မောင် ဆိုသူပင် လာကြိုသွားသည်။

တစ်ပတ်လောက်နေတော့ သူ့ဆေးခန်း ပြန်ဖွင့်နိုင်သည်။ ထရီဇာက သူ့ကို နေ့တိုင်းလာကြည့်နေသူဖြစ်၍ ဆေးခန်းဖွင့်တော့လည်း တစ်ခါတည်း ထိုင်ဖြစ်သည်။ သည်တစ်ခါတော့ ထရီဇာက စာရင်းသွင်းတာ ဆေးပေးတာ ထင်မကတော့ဘဲ သွေးပေါင်ချိန်တာပါ သူ လုပ်ပေးပါရစေဟု ဆိုသည်။

သူလည်း ထချိန်လျှင် မောနေမည်စိုး၍. . . ရတယ်လေ။ ကျေးဇူး . . . ဟုသာ ဆိုလိုက်သည်။

ဆေးခန်းပြန်ဖွင့်ပြီး နှစ်ရက်လောက်တွင် သူ အပြင်ထွက် လမ်း

www.burmeseclassic.com

www.burmeseclassic.com



လျှောက်နိုင်လာပြီ။ လမ်းထိပ်က စတိုးဆိုင်တွင် ဆေးခန်းအတွက် ကုန်နေသော အရက်ပျံပုလင်းငယ် သွားဝယ်ပြီး ပြန်လာတော့ ထရီဇာ ရောက်နေပြီး ဆေးခန်းဖွင့်ထားနှင့်သည်ကို တွေ့ရသည်။

သူညီလည်း ရောက်နေသည်။

ခါတိုင်းဆို ဆေးခန်းဖွင့်ပြီးသည်နှင့် ရှင်းလင်းသုတ်သင်နေတတ်သော ထရီဇာက သည်တစ်ခါတော့ ဆေးခန်းအပေါက်ဝ တံခါးဘောင်ကလေးကို မှီ၍ သူညီနှင့် ရယ်မောစကားပြောနေသည်။

သူ ပြန်လာတာတွေ့တော့ သူညီက. . . အစ်ကို နေကောင်းလား. . လာကြည့်တာ. . . သွားပြီနော်. . . အစ်ကို. . . ဟု သုတ်သီးသုတ်ပျာ ပြော၍ ပြန်သွားသည်။ ထရီဇာ့မျက်နှာကလေးက ပုံမှန်အတိုင်း ပြန်တည်သွားသည်။

"သမီး . . . ထရီဇာ"

"ဟုတ်ကဲ့. . . ဆရာ"

"ဆရာက ဆရာ့တပည့်ဆိုရင် ဆရာ့သမီးလို သဘောထားချင်လို့ ပြောတာနော်၊ တလွဲမထင်နဲ့"

ထရီဇာက မပြုံးစဘူး ပြုံးသည်။ "ပြောပါ ဆရာ"တဲ့။

"ဆရာ့ညီကို သိပ်မယုံပါနဲ့၊ သူက နည်းနည်းပွေတယ်"

တည့်တည့်ကြီးပဲ ပြောချလိုက်သည်။ ထရီဇာက ခေါင်းညိတ်ပြသည်။

"ထရီဇာ သူ့ ပြောပုံဆိုပုံ ကြည့်ကတည်းက ရိပ်မိပါတယ်"

"ဒါနဲ့များ. . . သမီးရယ်"

"အခုလည်း ဆရာ့ညီမို့လို့ လက်ခံစကားပြောတာပါ။ တခြားဘာမှ မရှိ ပါဘူး။ ဘယ်တော့မှလည်း ဒီထက်ပိုရင်းနှီးသွားစရာ မရှိပါဘူး၊ ဆရာ စိတ်ချပါ"

သူ ဘာဆက်ပြောရမည် မသိတော့။

(၆)

နွေဝင်တော့ သူ တော်တော် သက်သာနေပြီ။

သင်္ကြန်တွင်း ဆေးခန်းပိတ်တော့ ထရီဇာ ရန်ကုန်ခဏသွားချင်သည်ဟု ခွင့်တောင်းထွက်ခွာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲသည့်ရက်တွေထဲမှာ မန္တလေးက နှလုံးအထူးကုပါမောက္ခကြီး မြင့်ဦးလွင်ဆေးရုံ ရောက်လာသည်။ ဆရာ ဖြစ်ဖူးသူဖြစ်၍ လှမ်းဖုန်းဆက်ပြီး လာတွေ့ပါရစေ. . . ဟုပြောတော့ ဆရာကြီးက "လာခဲ့" ဟု ခေါ်သည်။ အားလုံး ပြန်စစ်ဆေးပေးမည်။ "ဆေးရုံမှာ တစ်ညလာအိပ်တဲ့" သမားတော်ကြီးကလည်း ခေါ်သည်။

အိမ်နီးချင်း ခင်မင်နေသည့် မိတ်ဆွေတစ်ဦး၏ တူကလေးကို အိမ်စောင့် အိပ်ခိုင်း၍ သူ ဆေးရုံသွားတက်လိုက်သည်။

ဆေးရုံတက်သည်သာ နာမည်ခံသည်၊ လူကကောင်းနေသဖြင့် တစ်ညအိပ်ပြီး နောက်တစ်နေ့မနက်တွင် ပါမောက္ခကြီး၊ သမားတော်ကြီးတို့နှင့် သမ်းတစ်ပတ်ပင် ထွက်လျှောက်လိုက်သေးသည်။

အဲသည်ကနေ သူ တက်နေသည့် စရိတ်မျှပေး သီးသန့်ခန်းရှေ့ ရောက်တော့ ဘယ်လိုမှ မမျှော်လင့်မထားသူ ရောက်နေသည်။

ထရီဇာပါ။

(၇)

မျက်မှောင်ကြုတ်၍ အံကြိတ်စဉ်းစားနေသော မျက်နှာကလေးက သမ်းလျှောက်ဝင်လာသော သူ့ကိုတွေ့တော့ ပထမအံ့ဩဟန်၊ ပြီးတော့ အပြုံးမပီမသ။ မျက်မှောင်ကတော့ ပြေသွားသည်။

"ဆရာ နေမကောင်းဘူးဆို"

"ဘယ်သူ ပြောလို့လဲ၊ ကောင်းပါတယ်၊ ဆရာ. . . ဆရာ့ ဆရာ နှလုံးဆရာဝန်ကြီးရောက်တုန်း 'ချက်ကပ်'လာလုပ်တာ"

ထရီဇာ သက်ပြင်းချသည်။

"ထရီဇာ မသွားခင်ကတည်းက ပြောပြထားရောပေါ့. . . ဆရာရယ်"

"ခုမှဖြစ်တဲ့ အစီအစဉ်ပဲ. . . ထရီဇာရဲ့"

"ဆရာကြီးက ဒီအချိန် လာနေကျပဲ ဥစ္စာ"

"ဘာရယ်. . . ထရီဇာ"

သက်ပြင်းတစ်ချက်ချ၍. . .

"ဘာမှမဟုတ်ပါဘူး" ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



(၈)

သကြွံနိပြီးတော့ ဆေးခန်းပြန်ဖွင့်သည်။ အဲသည့်အချိန်မှာ ထရီဇာ ပေါ် မလာတာ နှစ်ရက်ရှိပြီ။ သူ ဆေးရုံဆင်းပြီးကတည်းက ဆိုပါစို့။

အဲသည့်နှစ်ရက်စလုံး သူ ဖုန်းတစ်လုံးနှင့် အချိန်ကုန်နေသည်။

"ဆရာ့ဆီ ဖုန်းဆက်တိုင်း မအားတာချည့်ပဲ။ ဆရာ နားနားနေနေ မနေဘဲ ဘာတွေ ဒီလောက် ပြောနေတာလဲ"

ပြောပြောဆိုဆိုနှင့် ထရီဇာ ဆေးခန်းထဲဝင်လာသည်။ ပြီးတော့ နံရံ တွင် ကပ်ထောင်ထားသော ရေစိုဝတ်တပ် ကြမ်းတိုက်တုတ်တံကို သွားယူ သည်။

"ထရီဇာ၊ သမီး. . . အဲဒါထားဦး၊ ဒီမှာ ခဏလာထိုင်၊ ဆရာ ပြောစရာ ရှိတယ်"

ထရီဇာက အံ့ဩဟန်ပြ၍ သူ ပြသောခုံမှာ လာထိုင်သည်။ နူးညံ့ လှပသော လက်ချောင်းကလေးများကို ပူး၍ညှစ်ထားပြီး ခေါင်းငုံ့ထားသည်။

သူ ရုတ်တရက် ဘယ်က စပြောရမည် မသိ။

အတော်ကြာအောင် စဉ်းစားနေပြီးမှ တုံးတိတိပြောချ ပစ်လိုက်သည်။

"အိမ်ပြန်ပါ. . . သမီးရယ်၊ ဆရာ့အတွက် သမီးမှာ ဘာတာဝန်မှ မရှိပါဘူး"

ထရီဇာ ပါးစပ်အဟောင်းသား ဖြစ်သွားပါသည်။

(၉)

နှစ်ဦးသား အတော်ကြာအောင် တိတ်ဆိတ်စွာ ထိုင်နေကြသည်။ နောက်ဆုံးမှ ထရီဇာက တိုးတိုးမေးသည်။

"ဆရာ ဘယ်လိုလုပ် ရိပ်မိသွားတာလဲ"

သူက ပခုံးတွန့်ပြသည်။

"နည်းနည်းချင်းပဲ. . . သမီးရယ်၊ ဆရာ့ဇနီးဆုံးတာ လပိုင်းပဲ ရှိသေး တယ်လို့ သမီးသိလျက်သားနဲ့ ဘယ်လိုဆုံးတာလဲလို့ တစ်ခါမှ မမေးတာ ကစပြီး ဆရာ့စိတ်ထဲ ထူးဆန်းနေတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ထရီဇာ မျက်ဝန်းအိမ်တွင် ရုတ်တရက် မျက်ရည်များ ပြည့်လျှံလာသည်။

"ဘယ်လိုလုပ် မေးထွက်မှာလဲ၊ အဲသည့်အကြောင်း စဉ်းစားမိတိုင်း ကိုယ့်ဘဝကို ကိုယ် စတေးပစ်ချင်လောက်အောင် စိတ်ထိခိုက်ခဲ့ရတာ" တု တိုးတိုးပြောသည်။

သူ သက်ပြင်းချသည်။

"အဲဒါ သမီးခံယူချက် လွဲနေတာ၊ မမှားသော ရှေ့နေ. . . မသေသော ဆေးသမားတဲ့။ စေတနာဆိုးမပါဘဲ မှားတဲ့အမှား၊ ဆုံးရှုံးရတဲ့ ဆရာကတောင် ဘယ်လိုမှ သဘောမထားလို့ ဘာစစ်ဆေးမှုမှ မလုပ်ပါနဲ့၊ အားလုံးကြေအေးလိုက်ပါလို့ ပြောခဲ့တာ"

ထရီဇာက မျက်ရည်တွေတွေ ကျလာရင်းက အံကလေးကြိတ်၍. . .

"ထရီဇာ လာတောင်းပန်ပါရစေ ခွင့်တောင်းတာတောင် ခွင့်မပြုခဲ့ဘူးလေ"

ဟု ပြောသည်။ သူ ခေါင်း ဖြည်းညှင်းစွာ ခါသည်။

"ဒေါက်တာ တင်နွယ်အေးတဲ့၊ ထရီဇာလို့ ဆရာမသိခဲ့ရပါဘူး။ ဆရာ့ဇနီးကို ကုသရာမှာ အင်ဆူလင်ဆေးတွက်တာ မှားသွားတဲ့ လက်ထောက် ဆရာဝန်ကလေးက လာတောင်းပန်ချင်တယ်တဲ့။ ခွင့်မလွှတ်လို့ အတွေ့မခံခဲ့ တာ မဟုတ်ပါဘူးကွယ်၊ တောင်းပန်ရင်း အဲဒီဆရာဝန်မကလေး ယူကြုံးမရ ဖြစ်နေမှာကို မကြည့်ရက်လို့။ ပြီးတော့ သားသမီးမရှိလို့ နှစ်ယောက်တည်း တစ်ဘဝရှိခဲ့တဲ့ ဆရာတို့မှာ အဲဒီ ဆုံးရှုံးမှုက ရင်ထဲထိခိုက်နေမိတာတော့ အမှန်ပါပဲ။ အဲဒီအကြောင်း ထပ်ခါထပ်ခါလည်း တွေးမနေချင်ဘူး။ ဒါကြောင့် လက်မခံခဲ့တာပါ။ သမီး ဒီလိုလုပ်လိမ့်မယ် ဆိုတာရိပ်မိရင် ဆရာလက်ခံခဲ့မှာ အမှန်ပါပဲ"

ထရီဇာက တစ်ချက်ရှိုက်သည်။

"ထရီဇာ ရှူမတက်စိတ်ထိခိုက်ခဲ့ရတာ၊ ဘယ်သူမှလည်း ထရီဇာ့ကို အပြစ်လည်း မတင်ကြဘူး၊ အပြစ်လည်း မပေးကြဘူး၊ ထရီဇာက အဲဒါကို ခံချင်တာ၊ ဆရာက ဘာကြောင့် ခွင့်လွှတ်ခဲ့ရတာလဲ"

"ဆရာလည်း လက်ထောက်ဆရာဝန် လုပ်ခဲ့ဖူးတာပဲ။ လက်ထောက် ဆရာဝန်တစ်ယောက်ကို ပေးထားတဲ့ ခံစားခွင့်နဲ့ သူ့လူနာတွေအတွက်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေးရတဲ့ အနစ်နာခံမှု၊ အပင်ပန်းခံမှု ယှဉ်ကြည့်ရင် အားလုံးဟာ စေတနာတစ်ခုထဲကို အခြေခံ လုပ်နေကြတယ်ဆိုတာ ရှင်းနေတာပဲ။ နိုင်ငံခြားမှာဆိုရင် ဒါမျိုးတရားစွဲလို့ရတယ် ပြောကြတာပဲ။ နိုင်ငံခြားက ဆရာဝန်က လစာအများကြီးပေးထားလို့ လုပ်ပေးတာ။ တို့ ဆရာဝန်တွေက စေတနာ အဓိကနဲ့ လုပ်ပေးရတာ။ မှားတာနဲ့ ခွင့်မလွှတ်ကြကြေးဆိုရင် တရားပွဲမလား။ ပြီးတော့ သမီး ဆရာ့အရွယ်ရောက်ရင် သိလာမှာပါ။ ဆရာဝန်မှ မဟုတ်ပါဘူး။ လူတွေက အမြဲမှားနေကြတာပါပဲ။ တစ်ယောက်မှား လို့သာ တစ်ယောက်က ခွင့်မလွှတ်ကြကြေးဆိုရင် လောကကြီးမှာ ဘယ်သူနဲ့ ဘယ်သူမှ စကားပြောစရာ အကြောင်းမရှိတော့ဘူး"

ထရီဇာ မျက်ရည်သုတ်သည်။

"ဒါပေမယ့် ဆရာ ဆုံးရှုံးခဲ့ရတာ၊ ပြီးတော့ ခံစားခဲ့ရတာ၊ နှလုံးရောဂါသည် ဘဝလည်းရောက်၊ ဘေးမှာလည်း ပြုစုမယ့်သူ တစ်ယောက်မှမရှိ။ အဲဒါတွေ တာဝန် အရှိဆုံးသူက ထရီဇာပဲ မဟုတ်ဘူးလား"

"မဟုတ်ဘူး သမီး၊ ပျက်ချိန်တန်လို့ ပျက်ကြရတာပါကွယ်၊ ဆရာ့ ပျက်ချိန်ကလည်း နီးနေပါပြီ။ ဆရာ့လို လူတစ်ယောက်အတွက် လူတွေ အများကြီးရဲ့အသက်ကို ကယ်နိုင်စွမ်းရှိတဲ့၊ ကယ်ဖို့အချိန်တွေ အများကြီး ကျန်နေသေးတဲ့ လူငယ်တစ်ယောက်ရဲ့ဘဝကို ပြည်ဖုံးကားချဖို့တော့ ဆရာဘယ်လိုမှ ခွင့်မပြုနိုင်ပါဘူးကွယ်။ ထရီဇာ. . . ဒေါက်တာ တင်နွယ်အေး ဘဝကို ပြန်ပါတော့"

ထရီဇာ ငေးငိုင်၍ နေပါသည်။

## (၁၀)

ဒေါက်တာတင်နွယ်အေးခေါ် ထရီဇာ ဆလွန်းကားအဖြူကလေးကို သော့ဖြင့် ငြင်သာစွာ နှိုးလိုက်သည်။

သူက ပြုံး၍. . .

"သကြန်တုန်းက သမီး ဒီကားနဲ့ တက်လာတာ မဟုတ်လား" ဟု မေးတော့ ထရီဇာက ရှက်ပြုံးပြုံးသည်။

ဖုန်းဆက်ကြည့်တော့. . .

www.burmeseclassic.com

www.burmeseclassic.com



"ဆရာဆေးရုံမှာဆိုတာနဲ့ မွန်ထူပြီးလိုက်လာတာ။ သကြံန်တွင်းမှာ တိုယ်ပိုင်ကားမရှိဘဲ လိုက်လာဖို့ မလွယ်ဘူးဆိုတော့ ဆရာ ရိပ်မိမှာပဲဆိုတာ မေ့သွားတယ်" ဟု ပြောသည်။

"ဒါက နောက်ဆုံး သိသာသွားတဲ့ အချက်ပါကွယ်။ တကယ်တမ်းက သမီး လက်ချောင်းကလေးတွေက စတာပါ"

"ရှင်. . . ထရီဇာ့ လက်ချောင်းကလေးတွေ ဟုတ်လား"

"ဟုတ်တယ်. . . သမီးလက်ချောင်းကလေးတွေက နူးညံ့လွန်းနေတယ်၊ သေချာပါတယ်. . . သမီး ဒီလက်ချောင်းကလေးတွေနဲ့ လူ့အသက်တွေ အများကြီး ကယ်ဦးမှာပါ၊ ကယ်လည်း ကယ်နိုင်ပါစေလို့ ဆရာဆုတောင်းပေးပါတယ်။ လူ့ အသက်တစ်ချောင်း ကယ်ပြီးတိုင်း ကယ်ပြီးတိုင်း သမီး ဆန္ဒရှိခဲ့တဲ့၊ လုပ်ဖူးခဲ့တဲ့ ဆရာ့ကို ပြုစုရတဲ့အလုပ် လုပ်နေတာပဲလို့ သမီးကလည်း သဘောထား။ ဆရာကလည်း သဘောထားမယ်. . . ဟုတ်လား"

မျက်ရည်လေးဝဲလျက်. . .

"ဟုတ်ကဲ့. . ." ဟု ခေါင်းညိတ်သည်။

(၁၁)

ပြင်ဦးလွင် ဆောင်းည သန်းခေါင်အချိန်။

ရင်ဘတ်က အောင့်ပြန်ပြီ။ ခုတစ်လော တော်တော်ကလေးကို စိပ်သည် ပြောရမည်။ ပြတင်းပေါက်မှန်မှ တစ်ဆင့်တော့ အပြင်မှာနှင်းတွေ သိပ်သည်းစွာ ကျနေသည်ကို မြင်နေရသည်။

သည်နှင်းထဲကတော့ ကြေကွဲဆို့နင့်နေသည့် ကရုဏာနှလုံးသားနှင့် မိန်းကလေးတစ်ယောက် ရောက်လာစရာ အကြောင်းမရှိတော့ပါဘူးလေ။

လာချိန်တန်လာ၍ သွားချိန်တန်သွားခဲ့ကြပြီ မဟုတ်ပါလား။

ကိုယ်လည်း သည်နည်းနှင်နှင်ပေါ့။

ဆေးလေးငါးမျိုးကို ပြိုင်တူပါးစပ်ထဲ ပစ်ထည့်၍ ရေကို တစ်ချက် တျိုက်လိုက်သည်။

ကလျာမဂ္ဂဇင်း၊ ၂၀၀၉၊ အောက်တိုဘာ

* * *

www.burmeseclassic.com

www.burmeseclassic.com

# မလန်းခင်နွမ်း

(၁)

ပန်းဆိုလျှင်လည်း ပွင့်ပါ လန်းပါမှ။

ငုံတုန်း ဖူးတုန်း ခူးဆွတ်၊ ရေဇလုံမှာ စိမ်ပေးရုံနှင့် ပွင့်အာလာသော ပန်းတို့ ရှိကောင်းရှိမည်။

ဟို အပင်မြင့်မှာ ပွင့်ရလန်းရသလိုတော့ ကြွားကြွားဝင့်ဝင့် တင့်တယ်နိုင်မည် မဟုတ်။

သည်အတွေးနှင့်ပင် ပန်းဆိုသည့် ပန်းကလေးတစ်ပွင့်ကို သူ ဆုံးရှုံးခဲ့ရဖူးသည်။

(၂)

၁၅ နှစ် သမီးအရွယ်ကတည်းက မြင်ရသူ၏ရင်ကို မြက်ခင်းစိမ်းစိမ်း လွင်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့် လေနုအေးကလေးလို အေးမြ ကြည်လင်စေသည့် မျက်နှာကလေးနှင့် 'ပန်း'ပါ။

'ဖေဖေ'ရုံးက လက်ထောက်မန်နေဂျာလေး အန်ကယ်ဦးအောင်သင်း တဲ့။ ဒါ ကိုအောင်သင်းသမီးလေး ပန်းဖြူသင်းတဲ့။

လှလိုက်သည့် နာမည်ကလေး။ လူနှင့်ပင် လိုက်ဖက်လွန်းပါဘိ တော့။

"ဒါ ကျွန်တော့်သား မောင်မှူးခန့်တဲ့။ မန္တလေးမှာ ဆေးကျောင်း သွားတက်နေတာ၊ အခု ကျောင်းပိတ်လို့ ခဏပြန်လာတာ"

'ပန်း'၏ဖခင်က ပြုံး၍ ခေါင်းညိတ်ပြသည်။

"ဆရာကတော့ သားအကြောင်း အမြဲပြောပါတယ်၊ အန်ကယ်တို့ တစ်ရုံးလုံးက ဆရာ့ကို အားကျနေတာ။ ကိုယ့်သားသမီးတွေကို သား

www.burmeseclassic.com



ဆုံးချွန်စေချင်ကြတာလေ။ အန်ကယ့်သမီးလည်း အငယ်တန်းတွေတုန်း ကတော့ တောက်လျှောက် စာတော်တာပဲ။ အခု ဒီမြို့ကို ပြောင်းလာခါစ၊ သမီးကလည်း ၁၀ တန်းတက်မှာ ဆိုတော့ ဘယ်ကျူရှင် ထားရမယ်၊ စာကို ဘယ်လို ပြင်ဆင်ရမယ်၊ မောင်မှူးခန့်ဆီမှာ လိုက်မေးဆိုပြီး ခေါ်လာတာ သားကလည်း ဒီမြို့ကပဲ ငါးဘာသာဂုဏ်ထူးနဲ့ အောင်ခဲ့တာဆို"

သူ ရှက်ကိုးရှက်ကန်း ရယ်မိသည်။

"ညီမလေးက တော်ပြီးသားနေမှာပါ၊ ကျွန်တော် သိသလောက်တော့ ပြောပြပေးပါ့မယ်"

"အစ်ကို့လောက် တော်ခွင့်ရရင် ကျေနပ်ပါပြီ အစ်ကို၊ ပန်းလည်း ဆရာဝန် သိပ်ဖြစ်ချင်ပါတယ်"

လှပြီးသားမိန်းကလေးက ချစ်စဖွယ် ယဉ်ကျေးစွာပြောတော့ ရင်ထဲမှာ ရေကြက်သီးနွေး စမ်းချောင်းကလေး စီးဆင်းသွားသလို။

(၃)

လိုအပ်သည်တို့ကို ကူညီပြပေးရင်း တော်တော်ရင်းနှီးခဲ့ပြီးမှ ကျောင်းဆွဲ ပြန်အဖွင့် မန္တလေးကိုပြန်လာရသည်မို့ နောက်ပိုင်းလည်း စာအပေးအယူ အနည်းငယ် ရှိခဲ့သည်။

မိန်းကလေးနာမည် လှလှကလေးနှင့် စာလာလာနေသည်မို့ ညီမ ရှိမှန်းသိသော တစ်ဆောင်တည်းနေ သူငယ်ချင်းများက စကြ နောက်ကြသည်။

"ကလေးလေးပါကွ၊ ညီမကလေးလို နေတာပါ"

"ဘယ်နှတန်းမို့လို့လဲ"

"၁၀ တန်း"

"၁၀ တန်းက ကလေးလားကွ၊ မလျှိုနဲ့ ဟေ့ကောင်"

"မလျှိုပါဘူးကွာ၊ တကယ် ကလေးလေးပါ ငါ ဓာတ်ပုံရှိရင်တောင် ပြချင်ပါတယ်၊ ဓာတ်ပုံရှိလောက်အောင်ကို မရင်းနှီးလို့"

သူငယ်ချင်းများက ငြိမ်သွားသော်လည်း သိပ်ကျေနပ်ပုံမရ။

နောက်တစ်ခါ ကျောင်းပိတ်၍ အိမ်ပြန်တော့ 'ပန်း'က ဗာမေးပွဲကြီး

www.burmeseclassic.com

www.burmeseclassic.com



နီးနေပြီ။ သူက နောက်ဆုံးနှစ်အပိုင်း(ခ) စာမေးပွဲ အောင်လာသည်မို့ အလုပ်သင်ဆရာဝန် မဆင်းခင် တစ်လနားရသည်။ အဲသည်မှာ ပန်းတို့အိမ်ကို တစ်နေကုန်သွား၍ စာပြပေးဖြစ်သည်။ ပန်းနှင့်ရော ပန်းမိဘတွေနှင့်ရော တော်တော်ရင်းနှီးသွားသည်။

"စာမေးပွဲဖြေတဲ့ရက် ဒီမြို့မှာ လာနေပေးလို့ မရဘူးလား အစ်ကို"

မျက်နှာငယ်ကလေးနှင့်မေးတော့ ရယ်မိသည်။

"ကျောင်းတက်နေတာဆို ခွင့်တိုင်ခဲ့ပါတယ် ညီမလေးရယ်၊ ဂျူတီဆင်းတာကျတော့ အစားဆင်းပေးရမယ့် လူတွေ အားနာစရာ"

"မသိဘူး. . . မသိဘူး၊ ပန်း အမှတ်နည်းရင် အစ်ကို မလာလို့ပဲ"

"ဟဲ့. . . သမီး အဲသလို မဆိုးရဘူးလေ၊ ခုလည်း သမီးအစ်ကို လာပြပေးနေတာ၊ ကုန်သလောက် ရှိနေပြီ မဟုတ်လား"

မလှမ်းမကမ်းမှ နားစွင့်နေသော 'ပန်း'မေမေက လှမ်းဟန့်ရသည်။

ပျော်စရာ ကောင်းလိုက်တာ။

ဒီလိုပဲ ညီမလေးပဲ ဆက်တော်ထားရမှာလား။

ချစ်ပဲ ချစ်လိုက်ရမှာလား။

သူ မစဉ်းစားတတ်တော့။

(၄)

ပန်း ၅ ဘာသာဂုဏ်ထူးနှင့် အောင်သတဲ့။

တော်လိုက်တာ ညီမလေးရယ်။

ထူးဆန်းတာက ဖေဖေ မေမေတို့က ဖုန်းဆက်ပြောပြသော်လည်း 'ပန်း'က မဆက်။ စာလည်း မရေး။ အင်းလေ. . . ရွယ်တူ သူငယ်ချင်းတွေနဲ့ အောင်ပွဲခံရင်း ပျော်ရင်း ငါ့ကို မေ့နေမှာပါ။

တစ်ရက် အဆောင်ကိုပြန်တော့ အပေါက်ဝမှာ သူငယ်ချင်းတစ်ဦးက သူ့ကို ပြုံးပြုံးပျာပျာနှင့် ဆီးတားသည်။

"ခွေးကောင် ငလျှို၊ နေဦး. . . မင်းကို အမှုစစ်ရဦးမယ်"

"ဘာအမှုလဲကွ"

"မင်းပြောတဲ့ ကလေးလေးပါဆိုတဲ့ အမှုလေ"

www.burmeseclassic.com

www.burmeseclassic.com



သူ မျက်ခုံးပင့်မိသည်။

"ပန်းလား၊ ဘာဖြစ်လို့လဲ"

သူငယ်ချင်းက လေသံနှိမ့်၍ အတွင်းဘက် ဧည့်ခန်းဆီသို့ လက်မ ညွှန်ပြပြီး. . .

"အထဲမှာ ရောက်နေပြီ၊ ဒီလောက်လှတဲ့ မိန်းကလေးကို ကလေးလေး ပါဆိုပြီး ညာထားတဲ့အမှု အရင်ရှင်း၊ ပြီးမှ မင်းကို အထဲပေးဝင်မယ်" ဟု ဆိုသည်။

သူ ရင်တွေ ခုန်လာသည်။

(၅)

ဟုတ်ပါရဲ့။

ပန်းက တကယ့်မိန်းမလှကလေးတစ်ဦး ပီပီပြင်ပြင် ဖြစ်နေပြီ။

"ပန်းစာမေးပွဲသတင်းကို အစ်ကို့ကို မျက်နှာချင်းဆိုင်ပဲ ပြောပြပြီး အစ်ကိုနဲ့ အတူမှ အောင်ပွဲခံချင်လို့ လိုက်လာတာ၊ အစ်ကို ကြိုက်တဲ့ဆိုင်ရွေး"

ပန်း၏ မေမေက ပြုံး၍ ဝင်ပြောသည်။

"သူ့အစ်ကို ကျေးဇူးတွေပဲတဲ့၊ သူ့အစ်ကိုနဲ့ အောင်ပွဲခံချင်သတဲ့လေ၊ အန်တီတို့ကလည်း စစ်ကိုင်းဘက် သွားစရာရှိတာနဲ့ လိုက်ပို့ရတာ"

မဖြစ်။ မဖြစ်။

ရင်က သိပ်လှုပ်ရှားနေပြီ။ မြန်မြန် ဆုံးဖြတ်ရတော့မည်။

ညီမလေးပဲ တော်ရမှာလား၊ ဒါဆို မချစ်ရတော့ဘူးပေါ့။

ချစ်ပဲ ချစ်လိုက်ရမှာလား၊ ဒါဆို ညီမလေးပါ မတော်ရတော့ရင် ဘယ့်နှယ် လုပ်မလဲ။

ဒုက္ခပဲ။

ရှူးတော့မည် ထင်သည်။

(၆)

"အစီပွာယ် မရှိတာကွာ"

သူငယ်ချင်းက မြည်တွန်တောက်တီးတော့ သူ စကားမပြန်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"၆ နှစ်ပဲ ကွာတာ၊ အဲဒါ ကလေးမုန့်ပေးကြိုက်တာ ဖြစ်မလားကွ အခု မင်းက ၂၂၊ သူက ၁၆ နှစ်၊ အရွယ်မတူသလို ဖြစ်နေတယ်ထားဦး နောက် ၅ နှစ်ကြာတော့ မင်းက ၂၇၊ သူက ၂၁။ အဲဒါ ဘာဆန်းလို့လဲ ပြီးတော့ ကောင်မလေးကလည်း မင်းကို သံယောဇဉ်ရှိနေတဲ့ဟာကို"

သူ ခေါင်းခါသည်။

"အထင်ကြီးတာ ကျေးဇူးတင်တာကွ၊ ဒီအရွယ်ကလေးတွေက သူတို့ ဘာကို တကယ်ခံစားရတယ်ဆိုတာ သူတို့ သေသေချာချာ မသိသေးဘူး နောက် ရွယ်တူ ယောကျ်ားကလေးတစ်ယောက်နဲ့ ရင်းနှီးမိတော့ တစ်မျိုး ဖြစ်ချင်ဖြစ်သွားမှာ"

သူငယ်ချင်းက မျက်စောင်းထိုးသည်။

"သူများပြောနေ. . . မင်းကရော မင်း ဘာ တကယ်ခံစားရတယ် မင်း သိလို့လား"

သူ ဖွဖွရယ်မိသည်။

"မသေချာပါဘူး၊ ဒါပေမယ့် ဝေးရမှာတော့ ကြောက်နေတာ အမှန်ပဲ ဖူးတုန်းငုံတုန်း စောင့်လိုက်ဦးမယ်ကွာ။ ပွင့်တော့အာတော့မှ သူလည်း သံယောဇဉ် ရှိတုန်း ငါလည်း မေ့မရနိုင်တုန်းဆိုရင် ကြိုးစားမယ်"

"အဲဒါမျိုးကိုခေါ်တာ အရူးလို့"

သူငယ်ချင်းဆဲတော့ ရယ်၍သာနေရသည်။

(၃)

ဝေးရမှာကြောက်သည် ပြောခဲ့သောသူနှင့် ပန်းတို့ တကယ့်ကို ဝေးဖြစ်ခဲ့ကြသည်။

အလုပ်သင်ဆရာဝန်ပြီးဆုံး၍ အိမ်ပြန်သွားတော့ ပန်းတို့တစ်မိသားစု လုံး မြို့မှာမရှိကြတော့။ ပန်း ဖေဖေ ရာထူးတက်၍ နယ်ထပ်ပြောင်းရသည်တဲ့

ပန်းက ဆေးတက္ကသိုလ်ဝင်ခွင့် ရသွားတာတော့ သေချာသည် မန္တလေး ဆေးတက္ကသိုလ်မှာ တက်ခွင့်ရသလား၊ မကွေးဆေးတက္ကသိုလ်တွင် တက်ခွင့်ရသလားတော့ သေသေချာချာ မသိ။

ပန်း ဖေဖေ ပြောင်းသွားသောမြို့က တော်တော်အလှမ်းဝေးသည်

www.burmeseclassic.com

www.burmeseclassic.com



ပန်းက စာပဲ မရေးတာလား၊ စာတွေပဲ ပျောက်သလားမသိ။ သူတော့ တစ်စောင်မှမရ။

သူက ရေးရအောင်ကလည်း ပန်းတစ်ယောက် မိဘတွေနှင့် အတူ ရှိနေ မရှိနေက မသေချာ။ မကွေးတစ်ခေါက်။ မန္တလေးတစ်ခေါက် လိုက်သွား သင့်၊ မသွားသင့် စဉ်းစားနေစဉ်မှာပင် သူ လက်ထောက်ဆရာဝန်အဖြစ် ခန့်ထားခံခဲ့ရပြီး ကရင်ပြည်နယ် တစ်နေရာသို့ တာဝန်ထမ်းဆောင်ရန် သွားခဲ့ရသည်။

(၈)

၅ နှစ်ကျော် ကြာခဲ့ပြီ။

မေ့နေနိုင်သည်တော့လည်း မဟုတ်။ အမြဲတမ်း သတိရတော့လည်း မနေ။

နိစ္စဓူဝ ကိစ္စတွေမှာ ဒရောသောပါး မျောပါရုန်းကန်နေရင်းက တစ်ချက်တစ်ချက် သတိရမိသည့်အခါများတွင်တော့ အဲသည့်မျက်နှာနုနု လှလှကလေးတစ်ခုကို တမ်းတမ်းတတ ရှိမိတတ်သည်။

အင်းလေ။

ပန်းလည်း အလုပ်သင်ဆရာဝန်တောင် ဖြစ်လောက်ပြီ။ အလုပ်သင် ဆရာဝန်က တစ်နိုင်ငံလုံးရှိ ဆေးရုံအကြီးတွေမှာ တာဝန်ထမ်းဆောင်၍ ရနေပြီဆို တော့ ဘယ်ရောက်နေပြီလဲသိဖို့ရာပင် သိပ်မမြင်။

ဘာ အဆက်အသွယ်မှလည်း မရ။

ချစ်သူတွေဘာတွေတောင် ရနေရောပေါ့။ ဒီလောက် လှလှကလေး ဥစ္စာ။

သက်ပြင်းတစ်ချက်ကိုချ၍ 'ရွှေမန်းသူ'ကားဂိတ်ထဲသို့ ဝင်ခဲ့သည်။

သူလည်း ဆေးပညာ မဟာသိပ္ပံတစ်ခု ရခဲ့ပြီ။

မကွေး ဆေးတက္ကသိုလ်တွင် လက်ထောက်ကထိကရာထူးဖြင့် တာဝန် ထမ်းဆောင်ရတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



(၉)

ကံသီပေ၍ အသက်မသေခြင်း ဖြစ်သည်။

ပြည်တော်သာလမ်းမှ မကွေးတိုင်း ပြည်သူ့ဆေးရုံကြီးသို့ လမ်းလျှောက်ပြီး ချိုးအဝင်။

ဝေါခနဲ ဘယ်အရပ်ကမှန်းမသိ ဆိုင်ကယ်တစ်စီး ပေါ်လာသည်။ အရှိန်ဖြင့် ကွေ့ချလာရင်းက လမ်းကူးနေသောသူ့ကို အနားကျမှ မြင်ဟန်တူသည်။ ရုတ်တရက် ယိမ်း၍ ရှောင်လိုက်ရသဖြင့် ဆိုင်ကယ်က အရက်မူးသမား လမ်းလျှောက်သလို သွက်သွက်ခါယိမ်းထိုးပြီးမှ ရပ်သွားသည်။

ဆိုင်ကယ်ကတော့ တရုတ်ဆိုင်ကယ် အသေးပါ။ ဆိုင်ကယ်ပေါ်မှ လူငယ်က ဆိုင်ကယ်ကို ခွရပ်ရင်းက သူ့ကို ဘုကြည့် လှည့်ကြည့်သည်။

ဆိုင်ကယ်စီးဦးထုပ် မပါ။

နီညိုရောင် တမင်ဆိုးထားသောဆံပင်များကို ကိုရီးယားမင်းသားများလို ဖွထား၊ ထောင်ထားသည်။ အသားကတော့ ဖြူဖြူ။ နားမှာ စိန်နားကပ်တစ်ဖက်ကို တွေ့ရသည်။ ပုခြစ်တောက်နေသောနေကို မမှုသည့်အလား ဂျာကင်တစ်ထည် ဝတ်ထားသေးသည်။ ဂျာကင်ကတော့ မနှစ်က ဆောင်းတွင်းကတည်းက လျှော်ဖွပ်ထား ဟန်မတူ။ အောက်မှာက ဂျင်းဘောင်းဘီအရောင်လွင့်။

ဘယ်လိုမှ ယှဉ်၍ ဖက်၍ စကားပြောသင့်သော ဒီဇိုင်းမဟုတ်။

မသိကျိုးကျွံပြု၍ သူ့ဆိုင်ကယ်ဘေးက ဖြတ်လျှောက်လာတော့ ပျစ်ခနဲ တစ်ချက် ကွမ်းတံတွေးထွေးသံကို ကြားရသည်။

"ကတ္တရာလမ်းများ ကိုယ့်အိမ်ရှေ့ကလမ်း မှတ်နေလားမသိဘူး"

တီးတိုး ရေရွတ်သံ။

လှည့်ကြည့်လိုက်တော့ အဲသည့်လူငယ်ပါပဲ။

စောင်းကန်းကန်း ကြည့်ရင်းက ဆိုင်ကယ်ကို စက်နှိုးထွက်ခွာသွားသည်။

ဘုရား ဘုရား

ငါ သင်ရတဲ့ ဆေးကျောင်းသား တစ်ယောက်ယောက် မဟုတ်ပါစေနဲ့

www.burmeseclassic.com



(၁၀)

လေအေးစက်ဖွင့်ထားသဖြင့် စေ့ထားသောဌာနတံခါးမှ မှန်ကို တဒေါက် ဒေါက်ခေါက်သံ ပေါ်လာသည်။

လှည့်ကြည့်တော့ လိုက်ကာဖြင့်ကွယ်နေသော လူရိပ်ကို တွေ့ရသည်။ ဆရာ ၅ ယောက်လောက်စုထိုင်နေတာ ဖြစ်သော်လည်း ကိုယ်က ယောကျ်ားကလေးလည်း ဖြစ်၊ အငယ်ဆုံးလည်း ဖြစ်တော့ ကိုယ်ပဲ ဦးအောင် နေရာမှထ၍ သွားဖွင့်ပေး လိုက်သည်။

သွားပါပြီ။

သူ ဆုတောင်းမပြည့်။

ဆိုင်ကယ်နှင့် သူ့ကို တိုက်မလိုဖြစ်ခဲ့သော လူငယ်ကို တွေ့ရသည်။ အဲသည်နေ့က ဒီဇိုင်းအတိုင်းပါပဲ။ သုံးရက်ခန့်ကြာပြီဖြစ်သော်လည်း အင်္ကျီဘောင်းဘီပင် လဲထားပုံမပေါ်။

ဒါဆို ဒီကောင် ဆေးကျောင်းသားပေ့ါ။ ဒုက္ခပါပဲ။

လူငယ်က သူ့ကိုမှတ်မိပုံ မပေါ်။

"ဌာနမှူးလာတွေ့ဖို့ ခေါ်ထားလို့ပါ"

"ဟုတ်လား"

ရောက်တာ မကြာသေးသော်လည်း ဌာနမှူးအကြောင်း သူ ကောင်းကောင်း သိသည်။ သည်ပုံစံမျိုးနှင့် ကျောင်းသားကို ဌာနမှူးအခန်းထဲ ခေါ်သွားလို့က ရာသီဥတု ဘယ်လိုမှမ ကောင်းနိုင်။ ပြီးတော့လည်း ဌာနမှူးခေါ်ထားသည် ဆိုကတည်းက ကျောင်းခေါ်ချိန် မပြည့်၍သာ ဖြစ်ရမည်။ လူလိမ္မာကလေးတော့ ဘယ်လိုမှ မဖြစ်နိုင်။

နောက်တွင်ထိုင်နေကြသော သူ့ထက်နည်းနည်းကြီးသည့် ဆရာမ အစ်မကြီးတွေကို ဘယ်လိုလုပ်မလဲဟု မျက်စပစ်ပြမိသည်။

အစ်မကြီးတစ်ယောက်က လေသံဖြင့် နင်ပါလိုက်သွားဟု ပြောသည်။

သက်ပြင်းတစ်ချက်ချ၍ လူငယ်ကို ဌာနမှူးအခန်းသို့ ခေါ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



(၁၁)

ဌာနမှူးက စားပွဲနောက်မှ ကုလားထိုင်တွင် ထိုင်နေရင်းက လူငယ်ကို စာကြည့်မျက်မှန်ပေါ်မှ ကျော်ကြည့်သည်။

ဌာနမှူးမျက်နှာထားကြောင့် သူ့ကျောထဲက စိမ့်ခနဲခံစားရသော်လည်း လူငယ်က မျက်နှာတစ်ချက်မှ မပျက်။

"မင်း အောင်စည် မဟုတ်ဘူးလား"

လူငယ့်မျက်နှာက အနည်းငယ် အံ့သြဟန် ပေါ်သွားသည်။

"ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော့်ကို မှတ်မိသားပဲ"

ဌာနမှူး သက်ပြင်းချသည်။

"မင်းကို ငါတို့ မနှစ်ကတည်းက ကျောင်းအပြီး ထုတ်ခဲ့ပြီးပြီပဲ။ မင်းက ဘာလို့ တောင်ငူမပြန်ဘဲ ဒီမှာ ရှိနေရတာလဲ။ ပြီးတော့ မင်း ဆေးကျောင်းသားမှ မဟုတ်တော့တာ။ ငါ့ကို ဘာကိစ္စ လာတွေ့ရတာလဲ"

"သူကတော့ ဆရာကြီးခေါ်ထားတယ် ပြောပါတယ်ခင်ဗျ"

သူ ကမန်းကတမ်း ဝင်ဖြေရင်းတော့ ဆရာကြီးက လက်ကာပြသည်။

"ဆရာကြီးခေါ်ထားတာက ခုံနံပါတ် ၂၀၂ ပါ ဆရာကြီး"

လူငယ်ကဖြေတော့ ဆရာကြီးက သိပြီးဟန်ဖြင့်ခေါင်းတစ်ချက်ဆတ်ပြီး

"မင်း ၂၀၂ လည်း မဟုတ်ဘူး၊ ပြီးတော့ ငါက မိဘကိုပါ စာထုတ်ခေါ်ထားတာ၊ မိဘလည်း မဟုတ်ဘူး။ ဘာကိစ္စ မင်းက လာရတာလဲ"

"ကျွန်တော်က သူ့အုပ်ထိန်းသူပါ ခင်ဗျ"

ဌာနမှူးမျက်နှာက အလွန်ရယ်ချင်စိတ်ကို ကြိတ်မှိတ်မျိုချလိုက်ရသည့် ဟန်ပန်ပေါ်လာသည်။

"ဘာလဲကွ. . . ဘာအုပ်ထိန်းသူလဲ၊ မင်းနဲ့ ဘာတော်လို့လဲ"

"ကျွန်တော်တို့ လက်ထပ်ကြတော့မှာပါ ဆရာကြီး"

ဌာနမှူး ဖြည်းညင်းစွာ ခေါင်းခါသည်။

"မဆိုင်ဘူး. . ကျောင်းက အသိအမှတ်ပြုထားတဲ့ တရားဝင်အုပ်ထိန်းသူက သူ့မိဘတွေပဲ၊ မင်းနဲ့ ဆွေးနွေးစရာအကြောင်းမရှိဘူး။ ဝေးလံလောဆယ် သူ့မိဘတွေ နယ်က မရောက်သေးရင်လည်း သူနဲ့ပဲ တွေ့မှာ၊ သူက အခု ဘယ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ပါပါတယ် ခင်ဗျ၊ မလိုက်ရဲလို့ဆိုပြီး ထိပ်က လက်ဖက်ရည်ဆိုင်ထဲမှာ ကျန်ခဲ့ပါတယ်"

"သွားခေါ်ချေ"

လူငယ် ပေကတ်ကတ် အမူအရာနှင့် ပြန်ထွက်သွားသည်။

ဌာနမှူးက သက်ပြင်းချသည်။

"ခွင့်လွှတ်ပါ ဆရာကြီး၊ ကျွန်တော် သေသေချာချာ မမေးလိုက်မိလို့ပါ"

သူ ပျာပျာသလဲ တောင်းပန်တော့ ဆရာကြီးက လက်ကာပြသည်။

"ကျွန်တော်က ပညာရေးအဖွဲ့ အစည်းအဝေးတွေ တက်နေရတော့ ဒီကောင့်ကို သိနေတာ၊ ဒီကောင်က လူဆိုး၊ တစ်တန်းကို နှစ်နှစ်လောက် ပုံမှန် တက်နေတာ။ ကျွန်တော်တို့ အောက်တန်းမှာကတည်းက နောက်ဆုံးသုံးခါကျလို့ ကျောင်းထွက်ရမယ့် အခေါက်မှာ ခိုးချတာမိလို့ အပြတ် ကျောင်းထုတ်လိုက်ရတာ အဲဒါကို ဒီကောင်က အိမ်မပြန်ဘူး။ သူ့မိဘတွေကိုတော့ ကျောင်းဆက်တက်နေသယောင်ယောင် ပြောထားတယ် ထင်တယ်၊ ၂၀၂ ဆိုတာက ကောင်မကလေး။ အဲဒီ ကောင်မလေးက ပထမ နှစ်တုန်းက ဂုဏ်ထူးတောင် ထွက်သေးတယ်။ ဒုတိယနှစ်ကျတော့ နှစ်ကျပြီး သူတို့အတန်းထဲရောက်လာတဲ့ ဒီကောင်နဲ့တွေ့ပြီး ကြိုက်တာ၊ အဲဒီမှာ ပျက်တာပဲ၊ ကောင်မလေးလည်း ဒီကောင့်အကျင့်တွေကူးပြီး စာမေးပွဲတွေ တဝုန်းဝုန်းကျ၊ ကျောင်းတော့ မထွက်ရသေးဘူး။ ထွက်ရတော့မယ့်ပုံတော့ ပေါက်နေတာပေါ့လေ၊ အခု ဒီမှာပဲ အတူနေကြတယ်။ ဒီကောင်က ကန်သာဈေးထဲမှာ ငွေတိုးချစားသတဲ့။ ကောင်မလေးက ၁၀ တန်း ဂိုက်လုပ်တယ်။ ပုံစံကြည့်ရတာတော့ ကောင်မလေးက ဒီကောင့်ကို ထောက်ပံ့နေရပုံပဲ။ မိဘတွေသာ သိရင် ရင်ကျိုးမှာ။ ခက်တာက ပြောမပြလို့လည်း မဖြစ်ဘူး။ ဒါနဲ့ မိဘပါ ခေါ်ခိုင်းလိုက်တာ။ ဒီကောင် ပေါ်လာတာပဲ"

ဌာနမှူးက စကားအရှည်ကြီးပြောပြီး မောသွားဟန်ဖြင့် ရေခဲသေတ္တာထဲမှ ရေသန့်တစ်ဘူး ထယူ၍ သူ့ရှေ့က ဖန်ခွက်ထဲ ငှဲ့ထည့်သည်။

"မိဘသိရင် ဘာဖြစ်မယ် မသိဘူးနော်"

သူက တိုးတိုးညည်းတော့ ဌာနမှူးက ရယ်သည်။

"ခွဲမှာပေါ့ဗျာ၊ ကျွန်တော်သာ မိဘဆိုလည်း ဒီလိုပဲ လုပ်မှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ခြိန်းတာလေးဘက်က နာပြီးသားဆိုပေမယ့် ဒီလိုကောင်မျိုးလက်ထဲ ကိုယ့်သမီး တစ်ဘဝလုံး ထိုးအပ်ဖို့ကျတော့ ပိုနာတာပေါ့။ ရေဆေးသင့် ဆေးရမှာပဲ"

အဲသည့်အချိန်မှာပင် တံခါးမှန်ကို ခေါက်သံ တဒေါက်ဒေါက် ပေါ်လာပြန်သည်။

"ဝင်ခဲ့ပါ"

ကောင်ကလေးက ရှေ့မှ ဝင်လာသည်။

ကောင်မကလေးက ဖြူဖြူသွယ်သွယ်၊ ဆံပင်ရှည်ရှည်၊ ခေါင်းငုံ့ထား သည်။ ကောင်ကလေးနောက်မှ တွန့်ဆုတ် တွန့်ဆုတ် အမူအရာဖြင့် ဝင်လာသည်။

"မင်းက ပန်းဖြူသင်းလား"

ဌာနမှူး၏ အေးစက်စက်မေးသံအဆုံးတွင် သူ့ရင်ထဲက နှလုံးသား တစ်ခုလုံး အေးစက်တုန်ယင်သွားပါသည်။

(၁၂)

ပန်းဆိုလျှင်လည်း ပွင့်လန်းပါမှ။

ငုံတုန်းဖူးတုန်းတော့ မခူးဆွတ်သင့်။ အလှတရားကို တန်ဖိုးမထား တတ်ရာကျမည်။

ခက်တာက အဲသည့်အတွေးနှင့်ပင် သိပ်လှသည့်ပန်းကလေးတစ်ပွင့် နွမ်းသွားတာ သူ မြင်လိုက်ရသည်။

မလန်းခင် နွမ်းသွားတာမျိုးပေါ့။

သရဖူမဂ္ဂဇင်း
၂၀၁၀၊ ဖေ

* * *

www.burmeseclassic.com

www.burmeseclassic.com

# နှလုံးသားကောက်ရိုးမျှင်

## (၁)

ရှိသမျှသော သက်ရှိသက်မဲ့ အရာမှန်သမျှတို့သည် မိမိကိုသာ ဗဟိုပြု၍ ကျင်လည်လှည့်ပတ် သွားလာနေကြသည် ဟူသော အယူအဆမျိုး များဖြင့် . .

ကိုယ့်ကိုယ်ကိုယ်ပဲ မနားတမ်း၊ မလျှော့တမ်း ထိုင်ချစ်နေတတ်သူတွေ တစ်နေ့တခြား တိုးပွားလာသည့် ခေတ်ကာလကြီးတွင် . . .

'သက်နိုင်'ဆိုသည့် ကောင်ကလေးတစ်ယောက်ကို ချစ်သူလောကကြီးမှာ တစ်ဦးတစ်ယောက်မှမရှိတာ သက်နိုင် ဘာမှစောဒက တက်မနေသင့်ပါ။

သက်နိုင် ဖေဖေက သက်နိုင် မေမေကို ပြောသည်။

"ဟောဒီ ကမ္ဘာလောကကြီးထဲမှာ မင်း ရှိနေတယ်ဆိုတာကိုတောင် ငါ မသိချင်ဘူး။ မင်း မွေးထားတဲ့ ငါ့သား ဟုတ် မဟုတ် ငါ မသိနိုင်တဲ့ကောင် ရှိနေလား၊ မရှိနေလားလည်း ငါ မသိချင်ဘူး" တဲ့။

သက်နိုင် မေမေက သက်နိုင်ကို ပြောသည်။

"အခု မေမေတို့ သွားနေမယ့်အိမ်က သိပ်ချမ်းသာပြီး သိပ်အထက်တန်းကျတဲ့အိမ်နော်။ သား စည်းကမ်းရှိရှိနေရမယ်၊ မေမေနဲ့ လက်ထပ်လိုက်ပြီဆိုတော့ ဦးမင်းထင်ကိုလည်း ဖခင်တစ်ယောက်လို ဆက်ဆံရမယ်၊ ဒယ်ဒီလို့ပဲ ခေါ်ရမယ်။ အဲဒီမှာနေရင်း အဆင်မပြေရင် သားဘွားဘွားတို့နဲ့ သွားနေရမှာ၊ မေမေကတော့ လိုက်လာမှာ မဟုတ်ဘူး. . . "တဲ့။

သက်နိုင် ဘွားဘွားက သက်နိုင်ကို ပြောသည်။

"မင်းအမေကိုလည်း တို့သမီးအဖြစ် အသိအမှတ် မပြုတော့ဘူး မင်းကိုလည်း မြေးမတော်နိုင်တော့ဘူး။ အဲဒီအိမ်မှာပဲ မင်းထင်နဲ့ ပျော်သည် အောင်နေ။ ဒီမှာလာနေဖို့ တို့လည်း ချောင်လည်တာ မဟုတ်ဘူး။ မင်းအမေကလည်း မင်းထင် ထောက်ပံ့စာနဲ့တော့ မင်းကို ဘာမှပို့ပေးမှာ မဟုတ်ဘူး" တဲ့၊

www.burmeseclassic.com

www.burmeseclassic.com



သက်နိုင် ကျူရှင်တက်နေသောဝိုင်းမှ ဝိုင်းဆရာမက သက်နိုင်ကို ပြောသည်။

"မင်း မေမေလုပ်ပုံကြောင့် ဒီဝိုင်းက တခြားမိဘတွေက သူတို့ကလေး တွေကို မင်းနဲ့အတူတူ ပေးမတက်ချင်တော့ဘူးတဲ့။ မင်းက စာတော်တဲ့ ကျောင်းသား ဆိုရင်လည်း မင်းဘက်က ဆရာမ ခံပြောပါတယ်။ အခု မင်းကလည်း မလှုပ်တလှုပ်နဲ့ နှစ်ကုန်ရင် အတန်းတက်ဖို့တောင် မသေချာဘဲ ဆရာမပဲ နာမည်ပျက်မယ့်သူမျိုး ဖြစ်နေတယ်။ မင်းတို့ ပြောင်းသွားတဲ့နား နီးတဲ့ဝိုင်းပဲ ရှာကြည့်ပါကွာ"တဲ့။

သက်နိုင် ဘာမှစောဒက မတက်ပါ။

တစ်ခုပဲ ရှိပါသည်။

အဲသည့်အချိန်က သက်နိုင် အသက်က ၉ နှစ်သာ ရှိပါသေးသည်။

(၂)

"မောင်လေး ထမင်းမစားရသေးဘူး မဟုတ်လား"

ချောင်တစ်ချောင်ထဲတွင်ကုပ်၍ ငြိမ်ငြိမ်ကလေးထိုင်နေသော သက်နိုင်တစ်ယောက် မေးခွန်းမေးလာသော ၁၂ နှစ်အရွယ် မိန်းကလေးကို တစ်ချက်၊ အပေါ်ထပ်ဆီမှ ပျံ့လွင့်လာသော အော်သံဟစ်သံများဆီ တစ်ချက် ငဲ့စောင်းကြည့်ရင်းက ခေါင်းညိတ်ပြသည်။

မိန်းကလေးက ရယ်သည်။

"အပေါ်က အသံတွေနဲ့ ကြောက်နေတာ မဟုတ်လား။ ထားသာ ထားလိုက်။ မမ မာမီ မသေခင်တုန်းကလည်း ဒယ်ဒီနဲ့မာမီ ဒီလိုပဲနေ့တိုင်းနီးနီး အော်နေကြတာပဲ။ မောင်လေး မေမေနဲ့မှ မဟုတ်ဘူး။ ကိုယ်စားစရာရှိတာစား လာ. . . မမ လိုက်ပြင်ပေးမယ်"

ဦးမင်းထင်သမီး သက်သက်ဆွေက မလှပါ။

အသားညိုညို အရုပ်ခပ်ပြတ်ပြတ်ပါပဲ။

သို့သော် ထိုတဒင်္ဂတွင်တော့ သက်နိုင် မျက်လုံးထဲတွင် သက်သက်ဆွေ သည် နတ်သမီးကလေးတစ်ပါးအလား အောက်ပလျက် ရှိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၃)

သက်နိုင် ၉ တန်း အရောက်တွင် ဦးမင်းထင်က သက်နိုင် မေမေကို ပြောသည်။

"သက်နိုင်က စာလည်း သိပ်စိတ်မဝင်စားတဲ့အတူတူ တို့အလုပ်ထဲ သွင်းထားပြီး အလုပ်နားလည်အောင် သင်ထားပေးပါလား။ အတန်းပညာတွေ တတ်လည်း ပိုက်ဆံရှာမရတဲ့ခေတ်ကြီးထဲမှာ ပိုက်ဆံရှာတဲ့ပညာတတ်လည်း အမြတ်ပေါ့"

သက်နိုင် မေမေက ဖြေသည်။

"၁၀ တန်းလောက်အထိတော့ စောင့်ကြည့်ပါဦး ကိုရယ်။ ၁၀ တန်း တစ်နှစ်တည်းနဲ့ မအောင်ရင်တော့ ဆက်မဖြေခိုင်းတော့ဘူးလို့ ခိုင်လည်း စဉ်းစားထားပြီးသားပါ"

အဲသည့်စကားတွေကို ထိုအချိန်က အိမ်အတွင်းလှေကားမှ အတူ ဆင်းလာသည့် သက်နိုင်ရော၊ သက်သက်ဆွေပါ လုံးစေ့ပတ်စေ့ ကြားလိုက်ကြ ရပါသည်။

(၄)

အဲသည့်ညက သက်နိုင် စာမကျက်ဘဲ စာအုပ်ကိုရှေ့ချ၍ ငူငူငိုင်ငိုင် ထိုင်နေမိသည်။ သမီးရင်း သက်သက်ဆွေက မကြာခင် ဘွဲ့ရတော့မည်။ မောင်းပါသား သက်နိုင်က ၉ တန်းနှင့် ကျောင်းထွက်ရမတဲ့။

တွေးကြည့်လျှင်တော့ မခံချင်စရာ။

သို့သော် မခံချင်ခံချင်၊ ခံချင်ခံချင် ဦးမင်းထင် ပြောသလို သက်နိုင် စာစိတ်မဝင်စားတာတော့ အမှန်ပင်ဖြစ်သည်။

စာကြည့်ရန် စားပွဲမှာ ထိုင်လိုက်တိုင်းမှာ သက်သက်ဆွေ တစ်ယောက် ဘာ လွဲ၍ သူ့ကိုချစ်သူ၊ ဂရုစိုက်သူ တစ်ယောက်မှ မရှိသော လောကကြီး အကြောင်းကိုသာ စိတ်က ရောက်သွားသည်။

ယုတ်စွအဆုံး ကျောင်းတွင်ပင် သူ့ကို ရင်းရင်းနှီးနှီး ပေါင်းသူ မရှိ။ ဦးမင်းထင်ထက် အများကြီးဆင်းရဲသော မိဘများက မွေးလာ သည့် အတန်းသူအတန်းသားများကပင် သက်နိုင်ကို မတူသလိုမတန်သလို

www.burmeseclassic.com



ဆက်ဆံကြသည်။ အဲသည့်မျက်လုံးတွေက အိမ်ပြန်လျှင် သက်နိုင်ရင်ထဲမှာ ဟီးလေးခို လိုက်ပါလာကြသည်။ စာကြည့်စားပွဲထိုင်လျှင် စာအုပ်ပေါ် ခုန်ဆင်း၍ စောင့်နေကြသည်။

သည်တော့ သက်နိုင် စာတွေကို စိတ်မဝင်စား။

စာတွေကလည်း သက်နိုင်ကို စိတ်ဝင်စားပုံမပေါ်၊ သက်နိုင်ခေါင်းထဲ ရောက်လာပြီးချိန်တွင်လည်း ငြိမ်ငြိမ်မနေ။ ဟိုလူးသည်ခါနှင့်၊ သူတို့ ဘာတွေလဲ ဆိုတာ သိဖို့ကြိုးစားနေသော သက်နိုင် သိခွင့်မရခင်မှာတင် ပြန်ထွက်သွားကြသေးသည်။

ကျောင်းတကယ်ပဲ ထွက်လိုက်ရကောင်းမလား။

အတွေးများ ရှုပ်ယှက်ခတ်နေစဉ်အတွင်း တံခါးခေါက်သံဖွဖွနှင့် သက်သက်ဆွေ ဝင်လာသည်။

၁၈ နှစ်အရွယ်တွင် သက်သက်ဆွေ နည်းနည်းလှလာသည်၊ အရပ်ရှည်လာသည်။ မပြင်မဆင် မခြယ်မသနေတတ်တာကတော့ ငယ်ငယ်က အတိုင်း။

## (၅)

"မောင်လေးက ဘာလို့ စာစိတ်မဝင်စားတာလဲ"

သက်နိုင် ပခုံးတွန့်ပြသည်။

"ဘာအရေးကြီးလို့လဲ မမရယ်၊ ကျွန်တော့်ဖေဖေဆိုရင် တက္ကသိုလ်က ဆရာ၊ ပညာတွေ အများကြီးတတ်တယ်၊ ပိုက်ဆံကျ မရှိဘူး။ မေမေက ဖေဖေ့ကို ထားပြီး မမ ဒယ်ဒီနောက် လိုက်သွားတာပဲ။ မမ ဒယ်ဒီ ပြောတာ မှန်ချင်မှန်နေမှာ"

ပြောနေရင်းက သက်သက်ဆွေလက်ထဲတွင် ဝတ္ထုစာအုပ်အဟောင်း တစ်အုပ် ကိုင်ထားသည်ကို သက်နိုင်သတိထားမိသည်။

"ဘာစာအုပ်လဲ မမ"

"ဗီရိုရှင်းရင်း ထွက်လာတာလေ။ ဝတ္ထုစာအုပ်အဟောင်းပါ၊ တက္ကသိုလ် ဘုန်းနိုင်ရဲ့ 'လွမ်းပါလေရစ် သည်သောင်ပြဦး'တဲ့ မောင်လေး ဖတ်မလား"

www.burmeseclassic.com

www.burmeseclassic.com



သက်နိုင် ခေါင်းခါပြသည်။

"အနုအလှတွေဖတ်ရင် စိတ်ပျော့ညံ့တတ်တယ်တဲ့ မမရဲ့"

"အံမယ်. . . ဖတ်ပဲကြည့်ပါဦး"

သက်သက်ဆွေ စာအုပ်ကိုထားခဲ့သည်။

(၆)

ကလေးဘဝက စိတ်ဒဏ်ရာဒဏ်ချက်များ ပြင်းပြင်းထန်ထန် ခံစားခဲ့ရသူတစ်ဦး အရွယ်ရောက်တော့ စိတ်ပညာ အဓိကလေ့လာနေသည့် တက္ကသိုလ်ကျောင်းသားတစ်ဦး ဖြစ်လာသည်။ အစ်ကိုဖြစ်သူ ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်သဖြင့် သူ့စိတ်ဒဏ်ရာဟောင်းများ ပြန်ထကြွလာသည်။

လေ့လာဆည်းပူးနေသော အဆင့်မြင့်ပညာများ။

လေးစားအားကျရသော ဆရာများ။

ခင်မင်နှစ်လိုဖွယ် တက္ကသိုလ်မှ သူငယ်ချင်းများ။

တည်ငြိမ် ငြိမ်းချမ်းစွာ လှပသော အစ်မအရွယ် မေတ္တာရှင်တစ်ဦး။

နောက်ဆုံး တက္ကသိုလ်ကျောင်းသားကလေး ဆောက်တည်ရာ ကမ်းစပ်ကို ရှာဖွေတွေ့ရှိသွားသည်။

ကောင်းလိုက်တာ မမရယ်။

သက်နိုင် ၁၀ တန်း အောင်အောင် ဖြေတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

(၇)

သက်နိုင် ၁၀ တန်းကို လေးဘာသာဂုဏ်ထူးနှင့် အောင်မြင်သည့် သတင်းအတွက် ဝမ်းသာသူ ရှားပါးပြီး အံ့ဩသူ များနေသည်။

သက်နိုင်၏ မေမေ ကိုယ်တိုင်ပင်လျှင် ပါးစပ်အဟောင်းသားနှင့် တိတ်ဆိတ် ငြိမ်သက်နေသည်။

ဦးမင်းထင်ကတော့ မပီမသပြုံးသည်။

"မင်းက ဘာဖြစ်ချင်တာလဲ"

"ဆရာဝန်ပဲ ဖြစ်ချင်ပါတယ် ဦး"

www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းထင်ကို ဒယ်ဒီဟု ခေါ်ခိုင်းသည့် သက်နိုင် မေမေ၏ အစီအစဉ် မအောင်မြင်ခဲ့။

"ဒီမြို့ကနေဆိုရင် မင်း မကွေးမှာ သွားနေရမှာနော်"

"ကျွန်တော် သိပါတယ်"

ဦးမင်းထင် ခေါင်းတဆတ်ဆတ်ညိတ်သည်။

"အေးလေ. . . အဲဒီလိုပဲ လုပ်ကြတာပေါ့"

ဟု ပြောသည်။

အပေါ်ထပ်ကို တက်လာတော့ အောင်စာရင်းထွက်ပြီးကတည်းက ဘယ်သူ့ဆီကမှ မရသေးသော လှိုက်လဲဝင်းပသည့်အပြုံးနှင့် သက်သက်ဆွေက စောင့်နေသည်။

လက်ထဲမှာလည်း လက်ထိုးဆွယ်တာကလေး ထင်သည်။

"မောင်လေးဖို့ ဂုဏ်ပြုလက်ဆောင်လေ။ မကွေးက နွေဆိုသိပ်ပူပြီး ဆောင်းဆို သိပ်အေးသတဲ့။ ဒါ. . . မမ ကိုယ်တိုင် ထိုးထားတာ"

"မမက ကျွန်တော် အဲသလိုအောင်မယ်ဆိုတာ ဘယ်လိုလုပ်ကြိုသိသလဲ"

သက်သက်ဆွေက မျက်လုံးကလေးများ ပိတ်အောင်ရယ်၍ ဆွယ်တာကို သက်နိုင်၏ ကျောပြင်တွင် ကပ်၍ တိုင်းကြည့်သည်။

"ကြိုတော့ ဘယ်သိမလဲ မောင်လေးရယ်၊ ယုံကြည်ထားတာလေ"

သည်စကားလေးက ရင်ထဲကို နွေးခနဲ စီးဝင်သည်။

(၈)

ဆရာက သက်နိုင်ကို စတွေ့သည်ဟု ပြောရမည်လား၊ သက်နိုင်က ဆရာ့ကို စတွေ့သည်ဟု ပြောရမည်လား။

မကွေးဆေးတက္ကသိုလ် နောက်ဆုံးနှစ်အရောက်တွင် တွေ့ဆုံမှုတစ်ခု ဖြစ်ခဲ့သည်။

ဆရာက သက်နိုင်ကို သတိထားမိသည်မှာ စာကြိုးစားသလောက် ပေါင်းသင်းဆက်ဆံရေးကောင်းပြီး အမြဲရွှင်လန်းတက်ကြွနေတတ်သည့် ကျောင်းသားခေါင်းဆောင်တစ်ယောက်အဖြစ် နှစ်လိုခင်မင်ခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သက်နိုင်က ဆရာ့ကို သတိထားမိသည်ကတော့ စာသင်ကောင်း သလောက်၊ စေတနာကောင်းသလောက် ထာဝစဉ် ဒေါသတကြီး ဆူပူ ကြိမ်းမောင်းနေတတ်သည့် ဆရာအဖြစ် သတိထားမိခဲ့ခြင်း ဖြစ်သည်။

"ကျွန်တော်တို့ကတော့ ဆရာ့စေတနာကိုသိတော့ ဆရာဆူလည်း ချစ်နေတာပဲ။ ဒါပေမယ့် သူများတွေက ဆရာ့ကို လူဆိုးကြီးလိုလုပ်ပြီး ပြောဆိုနေတာတွေ ကြားရတော့လည်း မခံချင်ဘူး။ ဆူတာ နည်းနည်း လျှော့ပါလား ဆရာ"

ဆရာက သူချစ်သော တပည့်မို့ စိတ်မဆိုးဘဲ မင်းအဘိုး ဟုပြောကာ ရယ်နေသည်။

"နည်းနည်းပါ ဆရာရဲ့၊ ဆရာ နည်းနည်းလေးလျှော့ရင် ဆရာ့ကို ချစ်တဲ့လူတွေ အများကြီး ဖြစ်လာမယ်"

"သက်နိုင်ရယ် ချစ်တဲ့လူတွေ အများကြီးရှိတာ ဘာကောင်းလို့လဲ"

"ဟာ. . . ဆရာကလည်း"

"ဟုတ်တယ်လေကွာ. . မင်း အခုစဉ်းစားကြည့်။ ငါ ခေါက်ခနဲများ သေသွားရင် ငါ့မှာချစ်တဲ့လူတွေ အများကြီးရှိတာ ကောင်းသလား၊ မရှိတာ ကောင်းသလား"

သက်နိုင် စိတ်ရှုပ်စွာ ခေါင်းကုတ်သည်။

"မသိဘူးလေ ဆရာရဲ့"

"မရှိတာ ကောင်းတာပေါ့ကွ၊ ရှိရင် သူတို့လည်း ပူဆွေးသောက ရောက်၊ ငါလည်း နှောင်ကြိုးတွေ တွယ်နေပြီး ဘဝကူးမကောင်း"

သက်နိုင် ဟက်ဟက်ပက်ပက်ရယ်သည်။ ဆရာက ကြံကြံဖန်ဖန်ဟု ပြောမိသည်။ ဆရာက ပြုံး၍ ပြန်မေးသည်။

"မင်းလည်း အတန်းထဲမှာ ပေါ်ပြူလာဖြစ်လို့ Man of the year (တစ်နှစ်တာ အထင်ရှားဆုံးကျောင်းသား)ဆုတောင် ရခဲ့ဖူးသေးတာပဲ။ အဲသလို ချစ်တဲ့ခင်တဲ့ လူတွေ များနေတဲ့ဘဝကို မင်း စိတ်ထဲမှာ မင်းအတွက် ကောင်းတော့ အရေးပါတယ်လို့ မင်း ထင်သလား"

သက်နိုင်မျက်နှာ တွေဝေသွားသည်။

"ဆရာရယ် ကျွန်တော်က အမြဲတမ်း အဲသလို လူချစ်လူခင် များနေ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ မဟုတ်ဘူး ဆရာရဲ့။ ကျွန်တော့်ဘဝမှာ ချစ်မယ့်ခင်မယ့်သူဆိုတာ တစ်ယောက်ဆို တစ်ယောက်မှမရှိလို့ မျက်နှာချင်းဆိုင်စရာဆိုလို့ တောင်နံရံကြီးတစ်ခုပဲရှိတဲ့ ဘဝမျိုးနဲ့ ကြီးလာရတာ"

သက်နိုင်က သူ့ဖေဖေနှင့်မေမေ အိမ်ထောင်ရေး မသာယာခဲ့ပုံများနှင့် မေမေ နောက်အိမ်ထောင်ပြုတာနှင့် ပတ်သက်၍ သူမျက်နှာငယ်ခဲ့ရပုံများကို ပြန်ပြောပြတော့ ဆရာက စိတ်မကောင်းစွာ စုတ်သပ်သည်။

"နောက်တော့ ရေနစ်နေတဲ့သူမှာ ကောက်ရိုးတစ်စတွေ့သလိုမျိုး ကျွန်တော့်ကို ချစ်မယ့်လူ၊ ဂရုစိုက်တတ်တဲ့လူ တစ်ယောက်ဆို တစ်ယောက်တည်း တွေ့ခဲ့တာ။ အဲဒီ ကောက်ရိုးကလေးကိုဆွဲပြီး ကျွန်တော် တက်လာခဲ့တာ ဆရာရဲ့"

ဆရာ့ကို မမ အကြောင်း ပြောပြမိသည်။

ဆရာက ခေါင်းတဆတ်ဆတ်ညိတ်သည်။

"ဒါကြောင့် မင်းက ဘဝမှာ အချစ်ခံရဖို့ အရေးကြီးတယ်လို့ ခံယူထားတာကိုး။ ဟုတ်ပါရဲ့ မင်းဘဝမှာတော့ အဲသည် အချစ်ခံလိုက်ရတာလေးက ဘဝတစ်ခုလုံးအတွက် အရေးပါတဲ့ အလင်းရောင်လည်း ဖြစ်၊ အားလည်း ဖြစ်ခဲ့တာကိုး။ တော်တော် ချစ်စရာကောင်းတဲ့ ကလေးမ။ စိတ်ကောင်းစေတနာလည်း ရှိ ဉာဏ်လည်း ကောင်း။ တကယ့်မေတ္တာရှင်ကလေးပါပဲ"

သက်နိုင်ရင်ထဲ နွေးခနဲ ခံစားရသည်။

"မမက သိပ်မလှပါဘူး၊ ဒါပေမယ့် ကျွန်တော့်အတွက်ကတော့ မမက မေခလာနတ်သမီးလိုပါပဲ"

ဆရာက ပြုံးသည်။

"အတန်းထဲမှာ မင်းကို စိတ်ဝင်စားတဲ့ မိန်းကလေးတွေ အများကြီး ရှိနေလျက်သားနဲ့ မင်း အခုထက်ထိ ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားတာ ကရော အဲဒီ မမနဲ့များ ဆိုင်နေမလား"

"ဟာ. . . ဆရာကလည်း"

သက်နိုင်မျက်နှာ သွေးရောင်လွှမ်းသွားသည်။

"ဟ. . . ငါ ပွင့်ပွင့်လင်းလင်း သိချင်တာလေကွာ။ မင်းက မင်း မမကို ချစ်တာ မင်း အပေါ် မေတ္တာထားတတ်တဲ့ အစ်မတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



အားကိုးတွယ်တာတဲ့ စိတ်မျိုးနဲ့ ချစ်တာလား။ ဒါမှမဟုတ် အသက်သုံးနှစ်ပဲကြီးတဲ့ အပျိုမကလေးတစ်ယောက်ကို လူပျိုကလေးတစ်ယောက်က ချစ်သလိုမျိုး ချစ်တာလား။ ဒါက မင်း ငါ့ကိုတင် ပွင့်လင်းရမှာ မဟုတ်ဘူး။ မင်းကိုယ်မင်းပါ ပွင့်လင်းရတော့မှာ"

သက်နိုင် သက်ပြင်းချသည်။

"ကျွန်တော် တကယ်ကို မသိပါဘူး. . . ဆရာရယ်၊ မမနဲ့ စတွေ့ခဲ့တဲ့အချိန်အထိ ကျွန်တော့်ကို ဘယ်သူကမှ မချစ်ခဲ့၊ ဂရုမစိုက်ခဲ့ဘူးဆိုတော့ ကျွန်တော်လည်း မမကို သိပ်တွယ်တာခဲ့ပါတယ်။ အစ်မတစ်ယောက်လိုလား၊ နောက်တစ်မျိုးလား ပြောနိုင်ရအောင် မေတ္တာမှာ အဲသလို နှစ်မျိုးနှစ်စား တကယ် ရှိ၊ မရှိလည်း မသိပါဘူး။ ဆရာ သိရင် ပြောပြပါလား"

သည်တစ်ခါတော့ ဆရာငိုင်သွားပါသည်။

(၉)

လက်ထောက်ဆရာဝန်ဘဝတွင် သက်နိုင် ပြည်နယ်မြို့ကြီးတစ်မြို့တွင် စတင်တာဝန် ထမ်းဆောင်ရသည်။

ဆရာဝန် ပေါက်စကလေးပေမယ့် သွက်လက်ချက်ချာ၍ လူချစ်လူခင် များသော သက်နိုင်တစ်ယောက် ညနေကိုယ်ပိုင်အချိန်တွင် ဖွင့်သောဆေးခန်းကလေးပါ အောင်မြင်၍ မိခင်ကြီးကိုပင် အသေးသုံးရန် ငွေပြန်ပို့နိုင်တန်တော့နိုင်ဖြစ်လာသည်။

ထိုစဉ်တွင်ပင် သက်သက်ဆွေကို သူ့ဖခင်က အိမ်ထောင်ချပေးတော့မည်ဟု သတင်းရသည်။

တုန်ရီချောက်ချားသော ရင်ခုန်သံနှင့် သက်နိုင် မြို့ပြန်ခဲ့သည်။

(၁၀)

သက်သက်ဆွေက အုတ်ခုံကလေးမှာထိုင်ရင်း အသံတိတ်ငိုကြွေးနေသည်။ နီရဲမို့အစ်နေသော မျက်ခွံများကြောင့် သက်သက်ဆွေ ငိုနေသည်မှာ သည့်အရင်ရက်တွေကတည်းက ဖြစ်ကြောင်း သက်နိုင် ရိပ်မိပြီး စိုးကြိတ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငြင်းပစ်လိုက်ပါလား မမရာ"

သက်သက်ဆွေက ငိုလျက်က ခေါင်းခါသည်။

"ငြင်းတာပဲ မောင်လေးရယ်၊ ဒယ်ဒီ့အကြောင်းလည်း မင်း သိပါတယ်"

သက်နိုင် အကြာကြီး စဉ်းစားနေသည်။ ပြီးမှ. . .

"ထွက်ပြေးဗျာ မမ"

"ဘယ်ကို ပြေးရမှာလဲ"

သက်နိုင် ယတိပြတ်ဆုံးဖြတ်ချက် ချလိုက်သည်။

"ကျွန်တော်နဲ့ လိုက်ခဲ့၊ မမကို ကျွန်တော် တစ်သက်လုံးစောင့်ရှောက်မယ်၊ မမဟာ ကျွန်တော့်အစ်မဆိုရင်လည်း ဟုတ်တယ်၊ ကျွန်တော့်ရဲ့ ပထမဦးဆုံး ချစ်ဖူးတဲ့လူလည်း ဟုတ်တယ်၊ ကျွန်တော် အချစ်ဆုံးလူလည်း ဖြစ်တယ်၊ မမ ကျွန်တော်နဲ့ မနေရဲဘူးလား"

ကိုယ်ကလေး သိမ့်ခနဲ တုန်ခါသွားသည်။

မျက်ရည်လည်ရွဲနှင့် မော့ကြည့်သည်။

"ပြောလေ မမ"

ဖြေးညင်းစွာ ခေါင်းခါသည်။

"ချစ်တယ်ဆိုတာ ဘာလဲ၊ မမလည်း သေသေချာချာ မသိပါဘူး မောင်လေးရယ်၊ မောင်လေးကိုတော့ မမ ဒယ်ဒီ့ထက်တောင် ချစ်ပါတယ်၊ ဒါပေမယ့် မောင်လေးရယ်"

သက်သက်ဆွေက အံကြိတ်သည်။

"မင်းအဖေက ဘယ်သူလဲကွယ်၊ မင်း သေသေချာချာ သိပြီးပြီလား"

သက်နိုင်နားဝသို့ မိုးကြိုးခွင်းသည့်နှယ် ရှိလေ၏။

(၁၁)

"ကျွန်တော့်ဖေဖေ အမှန်က ဘယ်သူလဲဟင်"

ဆိုသည့်မေးခွန်းကို မေမေက တိတ်ဆိတ်စွာကျလာသော မျက်ရည်များဖြင့် တုံ့ပြန်သည်။

"ပြောပါ မေမေရယ်၊ ကျွန်တော် သိမှဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



အချိန်အတန်ကြာအောင် ဆက်လက်ငိုကြွေးနေပြီးမှ မေမေတ မော့ကြည့်၍ တိုးတိုးကလေးမေးသည်။

"သားက ဘာလုပ်ချင်လို့လဲ"

သက်နိုင် အံကြိတ်လိုက်သည်။

"မေမေ. . . မေမေ့ယောက်ျားကို သွားပြောလိုက်မှာတော့ စိုးရိမ်တယ်။ ဒါပေမယ့် ကျွန်တော့်အတွက် အဲဒီအဖြေက သိပ်အရေးကြီးနေတော့ မေမေ့ကို ပြောပြရမှာပဲ"

သက်နိုင် မသိမသာ မျက်နှာလွှဲလိုက်သည်။

"မမ သိပ်စိတ်ဆင်းရဲနေတယ် မေမေ၊ မေမေတို့ စီစဉ်တဲ့လူကို သူ မယူနိုင်ဘူး။ ကျွန်တော် မမကို ချစ်တယ်။ မမဟာ ကျွန်တော့်ဘဝမှာ ကျွန်တော့်ကို ပထမဦးဆုံး ချစ်ခဲ့၊ ဂရုစိုက်ခဲ့တဲ့သူပဲ။ မမကို ကျွန်တော် ခေါ်သွားတော့မယ်။ မမကလည်း ကျွန်တော့်ကို ချစ်တယ်တဲ့။ ဒါပေမယ့် ကျွန်တော်နဲ့ သူ အဖေတစ်ယောက်တည်း ဖြစ်နေမှာတော့ သူ စိတ်ပူနေတယ်"

မေမေက တိတ်ဆိတ်စွာ ဆက်လက်ငိုကြွေးနေပါသည်။

## (၁၂)

ငို၍ဝတော့ မေမေ လက်ကိုင်ပဝါနှင့် မျက်ရည်သုတ်သည်။ ပြီးတော့ သက်နိုင်ကို မျက်နှာချင်းဆိုင်သည်။

"သားထင်တာ တစ်ဝက်မှားတယ်သား"

"ဘာလဲ မေမေ"

"သားဘဝမှာ သားကို ပထမဦးဆုံးချစ်ခဲ့၊ ဂရုစိုက်ခဲ့တဲ့သူက သမီးလေး သက် ဆိုတာလေ။ အဲဒါတစ်ဝက်မှားတယ်သား၊ သားဘဝမှာ သားကို တကယ် ပထမဦးဆုံး စ ဂရုစိုက်ခဲ့တာ သမီးလေးပါပဲ။ ဒါပေမယ့် ပထမဦးဆုံး စ ချစ်ခဲ့တာက မေမေ ပါကွယ်၊ မေမေက သားကို မွေးလိုက်ပြီး သားငိုသံကလေး ဝါးခနဲ ထွက်လာကတည်းက ချစ်ခဲ့ရတာပါ"

မေမေက ပင့်သက်တစ်ချက်ရှိုက်သည်။

"ချစ်သလောက် ဂရုစိုက်ခဲ့သလားဆိုတော့လည်း သားမှန်ပါတယ်၊ မစိုက် ဖြစ်ခဲ့ပါဘူး။ အဲဒါတွေဟာ မေမေ တစ်ကိုယ်ကောင်းဆန်လို့ အတ္တကြီး

www.burmeseclassic.com

www.burmeseclassic.com



လို့၊ ကိုယ့်ခံစားချက်ကိုပဲ ကိုယ် အမြဲဦးစားပေးခဲ့မိလို့။ ဒါပေမယ့် ဒါတွေဟာ သားကို မချစ်ခဲ့လို့တော့ မထင်လိုက်ပါနဲ့ သားရယ်။ အဲဒါ မေမေပါပဲ၊ မေမေ့ပုံစံပါပဲ။ မေမေ့ပုံစံကို မေမေ မပြင်နိုင်ခဲ့လို့ သားကိုချစ်ပေမယ့် သားဘဝမှာ မေမေ့လောင်းရိပ်ထိုးခဲ့ရတယ်။ သမီးလေးဟာ သားဘဝမှာ ကောက်ရိုးတစ်မျှင်လို တကယ်ပဲ ကယ်တင်နိုင်ခဲ့ပါတယ်။ ဒီအတွက် ဆုလာဘ်ကတော့ မေမေတောင် မရခဲ့တဲ့ သားရဲ့မေတ္တာတွေ သူ အကုန်ရသွားတာပဲပေါ့"

မေမေက ခဏနား၍ အဝေးသို့ ငေးကြည့်သည်။

"သားနဲ့သမီးသာ တကယ်ထွက်သွားရင် မေမေ ကိုမင်းထင်နဲ့ရော သူ့ အသိုင်းအဝိုင်းနဲ့ပါ ရင်ဆိုင်ရတော့မှာပဲ။ အခန့်မသင့်ရင် နဂိုကမှ ယိုင်နဲ့နေတဲ့ မေမေတို့ အိမ်ထောင်ရေး ပြိုကွဲသွားနိုင်တယ်။ ဒါပေမယ့် အမေတစ်ယောက်အနေနဲ့ ဒီအချိန်မှာ မေမေ ဘက်တစ်ဖက်တည်းကို ရွေးရတော့မှာပဲ"

မေမေက သက်နိုင်ကို မော့ကြည့်သည်။

"သားဖေဖေက အခု သားဖေဖေလို့ သား သိထားပြီးသား ဖေဖေပါပဲ ကွယ်။ ကိုမင်းထင်နဲ့က အဲဒီတုန်းက ခင်ရုံပါပဲ။ သားဖေဖေက မေမေ့ကို မတရားစွပ်စွဲခဲ့တာပါ။ ကဲ. . . ကဲ. . . သား သမီးလေးဆီ စိတ်ဖြောင့်ဖြောင့် သာ သွားပေတော့"

သက်နိုင် ကြောင်အမ်းအမ်းနှင့် ထရပ်သည်။

"ကျေးဇူးပဲ မေမေ"

မေမေ့ပါးကို နမ်း၍ နှုတ်ဆက်မည်ဟု သူစိတ်ကူးမိလိုက်သေးသည်။ နောက်တော့ မနမ်းဖြစ်။ ယောင်ချာချာနှင့် တစ်ဖက်သို့ လှည့်၍ ထွက်လာခဲ့တော့သည်။

**Fashion Image**

၂၀၁၀၊ မတ်

* * *

www.burmeseclassic.com

www.burmeseclassic.com

# ရင်မှာအနှစ်

(၁)

သည်မျက်လုံးလေးတစ်စုံက တစ်လျှောက်လုံး လွှဲသွားသည်ရယ်လို့ မရှိ။

မျက်တောင်မခတ် ဟုဆိုလျှင်တော့ ပိုရာကျမည်။ မျက်နှာမလွှဲတာတော့ အသေအချာ။

ကိုဖေဦး ညွှန်ကြားသင်ပြနေတာ စုစုပေါင်း တစ်နာရီလောက်ကြာသည်။ သတင်းသမား သစ်လွင်မောင်မယ်လူငယ်ကလေးတွေက ၃၀ လောက်။

အတွေ့အကြုံရင့် လူလတ်ပိုင်း နာမည်ရ ဂျာနယ်သမားတစ်ဦးဖြစ်သော ကိုဖေဦး၏ ရှင်းလင်းချက်များကို အားလုံးက စိတ်ဝင်တစားဖြင့် လိုက်လံမှတ်သားနေကြတာတော့ ဟုတ်ပါရဲ့။ ဒါပေမယ့် သည်မျက်လုံးလေးတစ်စုံလို လုံးဝ မျက်နှာမလွှဲတာတော့ အဲသည့်မိန်းကလေးတစ်ဦးသာ ရှိသည်။

ခက်ရချည့်ကွယ်။

အသားက လတ်လတ်၊ မျက်ခုံးက ထူထူ၊ ဖြောင့်စင်းချွန်မြသော နှာတံ၊ သပ်ရပ်လွန်းသဖြင့် ဆေးရေးခြယ်ထားသလို ဖြစ်နေသည့်နှုတ်ခမ်းတစ်စုံ၊ တောက်ပ စူးရှသော မျက်လုံး၏အကြည့်ကို လွှဲဖယ်ရန်ကြိုးစားရခက်သည့်အထဲမှာ သဘာဝဆန်လွန်းသော အလှကပါ ဖမ်းစားထားပြန်သည်။

တော်ပါပြီကွယ်. . .

မိန်းမလှကလေးတစ်ယောက်ကြောင့် ရင်မခုန်ပါရစေနဲ့တော့။

"ကဲ. . . အားလုံးပဲ ကျွန်တော် ပြောတာတွေထဲက ပြန်မေးခိုင်းနိုင်ဆွေးနွေးဖို့ နာရီဝက်တိတိ အချိန်ပေးပါမယ်။ ကျွန်တော်တို့ မီဒီယာ ရှေ့(ပ်)လက်အောက်က ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေမှာ ဆက်အလုပ်လုပ်ကြတဲ့ အခါလည်း ကျွန်တော်နဲ့က အထိအတွေ့ ဆက်ရှိနေကြမှာပါ။ အချိန်မရွေး

www.burmeseclassic.com

www.burmeseclassic.com



လည်း မရှင်းတာရှိရင် မေးနိုင်ပါတယ်။ ဒီနေ့ကတော့ ပွဲမဝင်ခင်လိုမျိုး ဖြစ်တော့ စိတ်ထဲမှာ မရှင်းတာရှိရင် အကြွေးမထားစေချင်ပါဘူး"

နောက်တန်းမှ ယောကျ်ားလေးတစ်ယောက် လက်ထောင်သည်။ စောစောက မျက်နှာလှလှကလေး ပထမဦးဆုံးအကြိမ် လှည့်ကြည့်သည်။

"သတင်းသမားက သတင်းရေးတဲ့နေရာမှာ ထင်မြင်ချက်မပေးရဘူး ဆိုတာပါ ဆရာ၊ ကျွန်တော်တို့မှာ သုံးသပ်ချက်ပေးဖို့ တာဝန်မရှိဘူးလား"

ခေါင်းညိတ်၍ လူငယ်ကိုထိုင်ရန် လက်ပြလိုက်သည်။

"ဒီလိုပါ. . . သုံးသပ်ချက်ဆိုတာက နှစ်မျိုးရှိပါတယ်။ ပထမတစ်မျိုးက 'ပတ်ပလစ် အိုပီနီယမ်'ပေါ့။ ကိုယ့်ကိုယ်ကိုယ် သာမန်ပြည်သူအများနဲ့ တစ်တန်း တစ်စားတည်း ခံစားကြည့်ပြီး အဲသည့်ကိစ္စမျိုးမှာ ပြည်သူအများ သုံးသပ်ရမယ့် အတိုင်း ချရေးပြတာပါ။ ဒါက ရေးခွင့်ရှိပါတယ်။ ဒါတောင်မှ ဘယာ မောဟကင်းဖို့ သတိထားရပါမယ်။ ပုဂ္ဂိုလ်တစ်ဦး၊ ဌာနတစ်ခု၊ အသိုင်းအဝန်းတစ်ခုကို သုံးသပ်တော့မယ်ဆိုရင် ကိုယ့်မှာ ကြည်လင်တဲ့ သာမန်ပြည်သူတစ်ယောက်ရဲ့အမြင် ရှိရပါမယ်။ ကိုယ့်ကိုယ်ရေးကိုယ်တာ ခံစားချက်ရှိနေတဲ့သူက ရေးရင် ဆန္ဒစွဲ မကင်းနိုင်ဘူး။ အဲဒီအခါမှာ ဖတ်ရသူတွေကို မလိုလားအပ်တဲ့ ခံစားချက်တွေဘက်ကို တွန်းပို့တတ်ပါတယ်။ နောက်တစ်မျိုးက 'ဖရော်ဖက်ရှင်နယ် အိုပီနီယမ်'လို့ခေါ်တယ်။ ကျွမ်းကျင်သူရဲ့ သုံးသပ်ချက်။ သတင်းသမားကျွမ်းကျင်တာ သတင်းပါပဲ။ သတင်းတွေ အများကြီးကို မျိုးဆက်အဆင့်ဆင့်နဲ့ချီပြီး လေ့လာထားတဲ့ သူတစ်ယောက်ဟာ ဖြစ်ရပ်တစ်ခုအပေါ်မှာ ဖြစ်ဖူးခဲ့တာတွေနဲ့ ခြုံငုံသုံးသပ်တဲ့ အခါမျိုးမှာ သတင်းသမားကိုယ်တိုင် 'ပရော်ဖက်ရှင်နယ် အိုပီနီယမ်' ပေးနိုင်ပါတယ်။ ပန်းချီနဲ့ပတ်သက်တဲ့ သုံးသပ်ချက် ပေးချင်ရင်တော့ ပန်းချီဆရာ တစ်ယောက်ကို အင်တာဗျူးပြီး ပေးရမှာပဲ။ ဒါတောင် ကိုယ်သွားသုံးသပ်မယ့် အကြောင်း အရာကို ဆွေးနွေးနိုင်လောက်တဲ့ 'ပရော်ဖက်ရှင်နယ်'ကို ခေါ်ရမှာနော်။ အဲသလိုမှ မဟုတ်ဘဲ ကိုယ်ကဝင်ပြီး သည်လိုနေရာမှာ အဝါရောင်အစား အနီရောင်လေးသုံးမှ မှန်မယ်လို့ ဝင်ရေးရင် တစ်ဖက်က ပညာရှင်တို့ မထေးမခန့်လုပ်ရုံသာမကဘဲ ကိုယ့်သတင်းရဲ့ လေးနက်မှုကိုလည်း သူများက ဟာသ လုပ်ပစ်လိုက်နိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



အားလုံး ခေါင်းတဆတ်ဆတ် ညိတ်ပြသည်။

"အဆိုးဆုံးကတော့ သုံးသပ်ချက်ပေးတာပါဆိုပြီး လိုရင်'ပို့'လိုက် မလိုရင် 'ချ'လိုက် လုပ်တာပါပဲ။ ကျွန်တော်တို့တစ်တွေ ရေးတာကို ဖတ်နေတဲ့ စာဖတ်ပရိသတ်က 'သိချင်စိတ်'တစ်ခုတည်းနဲ့ ဖတ်တာပါ။ အမှန်ကိုပဲ သိချင်တာပါ။ ကျွန်တော်တို့ကိုလည်း အမှန်တွေ ရေးမယ်လို့ပဲ ယုံကြည်ပြီး ဖတ်တာပါ။ ဒါကို ကျွန်တော်တို့က 'ပို့'လိုက်၊ 'ချ'လိုက်လုပ်နေရင် သူတစ်ပါးရဲ့ ယုံကြည်မှုကို စော်ကားတာပါပဲ။ ရေတိုမှာ ပွဲဆူတုန်း ခဏအောင်မြင်သလို ဖြစ်တတ်ပေမယ့် ရေရှည်မှာ စာနယ်ဇင်းကျင့်ဝတ် မမြဲတဲ့သူ ရေးတဲ့စာတွေက ညှိုးမှိန်တတ်ပါတယ်။ ကျွန်တော်ပြောတာ ယုံပါ။ 'ဖေဦး' ဆိုတဲ့နာမည်နဲ့ နှစ်ပေါင်း ၂၀ နီးနီး ကျွန်တော် သတင်းဆောင်းပါးတွေ ရေးနေခဲ့တာ တစ်ခါမှ လျှမ်းလျှမ်းတောက် နာမည်မကြီးခဲ့ပေမယ့် ကျွန်တော့်ကို ပါစေချင်တဲ့ အဖွဲ့တွေ အမြဲတမ်း အများကြီး ရှိနေတာရယ်။ ဒီ'မီဒီယာ'အုပ်စုက ကျွန်တော့်ကို တာဝန်ခံစာတည်း ခန့်ခဲ့တာရယ်၊ ဒါတွေအားလုံးဟာ ကျွန်တော် သုံးသပ်ချက်ပေးတာ တော်လို့လို့ မထင်ပါနဲ့။ သုံးသပ်ချက်မပေးသင့်တဲ့နေရာမှာ မပေးလို့ရယ်၊ သုံးသပ်ချက် ပေးတဲ့နေရာမှာ စည်းကမ်းရှိလို့ရယ်ပါပဲ"

လူငယ် ၃၀ စလုံး လက်ခုပ်သံများ ညံသွားသည်။

ဟိုမိန်းမလှလေးကတော့ လက်ခုပ်ကို ဖွဖွမျှတီးရင်း သူ့ကိုပြုံး၍ ငေးကြည့်နေပါသည်။

(၂)

"သမီး ခက်. . . တဲ့ဗျ"

ကိုဖေဦး ပြသော စာမျက်နှာ အခင်းအကျင်းများကို ကွန်ပျူတာ ခန်းသားပြင်မှ ရွှေ့ပြောင်းကြည့်နေရင်းက စာတည်းချုပ်က ပြောသည်။

"ဘယ်သူ့ကို ပြောတာလဲ. . . ဆရာ"

ကိုဖေဦးက အူကြောင်ကြောင်ပြန်မေးတော့ စာတည်းချုပ်က ရယ်သည်။

"ခင်ဗျား ဖြတ်လျှောက်သွားတိုင်း ငေးငေးကြည့်နေတတ်တဲ့ ကျွန်တော့် အစည့်မကလေးလေ။ ခင်ဗျားဂျာနယ်ဘက်မှာ မရေးဘူး။ ကျွန်တော်တို့

www.burmeseclassic.com



ဒီဘက်က မဂ္ဂဇင်းမှာ တွေ့ဆုံခန်းတွေ ရေးတယ်။ ကလောင်နာမည်က 'သမီးခက်'တဲ့။ နာမည် ရင်းက 'မမျိုးမေ'တဲ့။

"ဘယ်တုန်းက ဗေးကြည့်လို့လဲ. . . ဆရာ၊ ကျွန်တော် မသိပါဘူး"

စာတည်းချုပ်က ခေါင်းမော့၍ ရယ်သည်။

"မသိချင်ယောင်ဆောင်မနေပါနဲ့ဗျာ၊ ခင်ဗျား လက်ချာပေးနေတုန်းက ကျွန်တော် ဘေးမှာ ကြည့်နေတာ၊ အဲဒီတုန်းကတည်းက စိုက်ကြည့်နေတာ ကျွန်တော် တွေ့သားပဲ၊ အစက အသိတွေ မှတ်နေတာ၊ နောက်မှ သူက ပေါင်းတလည် ဇာတိဆိုတော့ ခင်ဗျားနဲ့ ဆက်စပ်စရာအကြောင်း သိပ်မရှိဘူး တွေးမိတာ။ ရုပ်ကလေးကလည်း ဒီလောက်လှတာ ခင်ဗျား သတိမထားမိစရာ အကြောင်းမရှိပါဘူး"

ဟုတ်ပါပြီ။ ဟိုကောင်မကလေးပါပဲ။

"ကျွန်တော်က ၄၀ အရွယ် အိမ်ထောင်သည်။ မိန်းကလေးလှလှလေး လိုက်သတိထားမိနေရမယ့်သူမှ မဟုတ်တာ"

"ဓာတ်သိချင်း မသိမသာ နှက်လိုက်မိသော်လည်း စာတည်းချုပ်က စိတ်မဆိုးဘဲ ခပ်အစ်အစ်ရယ်သည်။

"သတိမထားမိရင်လည်း အခုထားလိုက်တော့။ ကျွန်တော် ခင်ဗျားကို အပ်မလို့။

"ဘာအတွက်လဲ. . . ဆရာ"

"ခင်ဗျားထည့်နေကျ အထူးဆောင်းပါးလိုဟာမျိုးဗျာ။ လူတွေအများ ကြီးကို အင်တာဗျူးပြီး တစ်ခုခု အထိမ်းအမှတ် ရေးတာမျိုး၊ အဲဒါမျိုး ခင်ဗျားဂျာနယ်မှာ လေ့ကျင့်ခန်းသဘောမျိုး ရေးခိုင်းစမ်းပါ။ သင်လည်း သင်ပေးလိုက်။ သူက ဒီဘက်မှာ အလုပ်သိပ်ကြိုးစားတာရယ်၊ အများနဲ့လည်း အဆင်ပြေအောင် နေတတ်တာရယ်၊ အရုပ်အရှင်းကင်းတာရယ်နဲ့ တော်တော် နာမည်ကောင်းရနေတယ်။ ရေးတာ သားတာ ဒီထက် တိုးတက်လာအောင် ပိုအရေးကြီးတဲ့တာဝန်တွေ ပေးလို့ရမှာ။ အမ်ဒီ ကိုယ်တိုင်က သတိထားမိပြီး ခင်ဗျားကို ရိကွက်စ်လုပ်ခိုင်းတာ"

ဘုရားရေ။



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ရေးနေ့ အထူးဆောင်းပါး ရေးခိုင်းလိုက်သည်။ ပြုံးပြုံးတလေး ခေါင်းညိတ်ပြန်သွားသည်။

လာပြတော့ ကိုဖေဦး ဖျားသွားသည်။

သပ်ရပ်ရှင်းလင်းသော တင်ပြချက်များက အပိုအလိုမရှိ ခေတ်ပုံတွေတ သမိုင်းဝင်ရှားပါးခေတ်ပုံတွေပါ ပါသည်။ အင်တာနက်က ရတာဆိုပဲ။ ရှေးမီနောက်မီ လူကြီးများကိုလည်း ဗျူးထားသည်။

Valentine Day.

ကောင်းနေတုန်းပါပဲ၊ ဆောင်းပါးကြမ်းကို ဖတ်ကြည့်ရင်း မိမိ၏ ခေပြေလည်သော အိမ်ထောင်ရေးအကြောင်း တွေး၍ပင် တနုံ့နုံ့ဖြစ်မိသည်။

အဖေများနေ့။

အဲသည်မှာ ပြဿနာ စတာပါပဲ။

(၄)

မိမိဂျာနယ်မှာ ရံဖန်ရံခါမှ လာရေးသူဖြစ်ပေမယ့် ရင်းနှီးနွေးထွေးသွန်းသော ဟန်ပန်ကလေးကြောင့် ချက်ချင်းပင် ရင်းနှီးသွားခဲ့သည်။

ညီမ အငယ်ဆုံးကလေးသာ ဖြစ်လိုက်ပါတော့ဟုလည်း တွေးမိသည်။

ဟုတ်သည်လေ. . . ညီမ အငယ်ဆုံးကလေးသာဆိုလျှင် သည်ချစ်စရာကောင်းသည့် မိန်းကလေးကို သူများ အကဲ့ရဲ့လွတ်အောင် ချစ်နိုင်၊ အလိုလိုက်နိုင်၊ စောင့်ရှောက်နိုင်မည် မဟုတ်ပါလား။

ယခုတော့ ပြဿနာတွေ လုံးလည်ချာလည် လိုက်နေသော အိမ်ထောင်ရေးတစ်ခုနှင့် ကင်းကင်းရှင်းရှင်း မဖြစ်နိုင်သေးသော ယောကျာ်းကြီးတစ်ဦးနှင့် သူထက် ၁၅ နှစ်တိတိငယ်သော မိန်းမပျိုကလေးတစ်ဦး။

ကံစွဲရှိလို့ နှစ်ယောက်တွဲ အပြင်ထွက်မိလျှင်တောင် မသင်္ကာစကားများတို့ ၆ ရက်လောက် ဖြေရှင်းယူနေရသည်။

တော်သေးတာပေါ့။

မမျိုးမေကလေးကလည်း လှသလောက် တည်ငြိမ်ပေလို့။

မိမိတစ်ယောက်ကလွဲလျှင် ကြီးကြီးငယ်ငယ်၊ လွတ်လွတ် မလွတ်

www.burmeseclassic.com

www.burmeseclassic.com



လွတ်၊ ဘယ်ယောက်ျားကလေးနှင့်မှ သိပ်ရင်းရင်းနှီးနှီး ဆက်ဆံတာမတွေ့ရ။

မိန်းကလေးလှလှမှန်သမျှ စိတ်ဝင်တစားလေ့လာတတ်သည့် စာတည်းချုပ် ကပင် မနာလိုစွာ သတိထားမိခဲ့သေးသည်။

အဲဒါ ဆန်းနေတာပါ။

မမျိုးမေသည် အိမ်ထောင်သည် ယောက်ျားကြီးတစ်ယောက်ကို စိတ်ဝင်စားနိုင်သည့် မိန်းကလေးမျိုး မဟုတ်တာ သေချာလှသည်၊ မိမိကိုတော့ ဘာကြောင့်များ စတွေ့ကတည်းက ရင်းရင်းနှီးနှီး၊ နွေးနွေးထွေးထွေး ရှိနေရ သလဲဆိုတာ တော်တော် ကြာအောင် အဖြေရှာမရ။

အဖေများနေ့ အထူးဆောင်းပါးရေးခိုင်သည့်နေ့ကျမှ ရေးတေးတေး ဖြစ်လာသည်။

(၅)

"ဆောရီးပါ. . . ဆရာ အဲဒီဆောင်းပါးတော့ သမီးနဲ့ မဖြစ်ပါဘူး"

ကိုဖေဦး မျက်မှောင်ကြုတ်သည်။

"ဘာလို့လဲ. . . သမီး"

အံ့ကလေး မသိမသာကြိတ်သည်။

"ကမ္ဘာပေါ်မှာရှိသမျှ အဖေတွေ အားလုံးကို သမီး လေးစားရိုသေ ပါတယ် ဆရာ၊ သမီး အဖေအရင်းကိုတော့ သမီး မရိုသေ မလေးစားပါဘူး နာမည်ရင်း မမျိုးမေကိုတော့ ဖေဖေ့နာမည်ရင်းက မျိုးပါလို့ တမင်မဖေ့ နာမည် ဒေါ်ခက်ခက်စိုး ကိုယူပြီး 'သမီးခက်'လို့ ကလောင်နာမည် ယူထားတာပါ"

ကိုဖေဦး သက်ပြင်းချမိသည်။

"ဘယ်လိုပြောလိုက်တာပဲ. . . သမီးရယ်၊ အဖေဟာ အဖေပေါ့"

အောက်နှုတ်ခမ်းကလေးကို တင်းတင်းကိုက်သည်။

"ခွင့်လွှတ်ပါဆရာ၊ သမီး မှားချင် မှားနေလိမ့်မယ်ဆိုတာ သမီးသိပါ တယ်၊ သမီးက ပရော်ဘလမ်ချိုင်းလ်(ပြဿနာများနှင့် ကြီးပြင်းခဲ့ရသော ကလေး)ပါ။ သမီး တွေးတာခေါ်တာ လွဲချင်လွဲနေမှာပါ ဒါပေမယ့် ဆရာပဲ သင်ပေးခဲ့တာလေ။ ကိုယ်ရေးကိုယ်တာ ခံစားချက်ရှိနေတဲ့ ကိစ္စကို မရေးရ ဘူးဆိုတာ။ သမီး မရေးပါရစေနဲ့'

www.burmeseclassic.com

www.burmeseclassic.com



(၆)

စတည်းချုပ်က တွေးတွေးဆဆ ခေါင်းညိတ်သည်။

"အမျိုးသမီး ကိစ္စပဲဗျ"

ကိုဖေဦး နားမလည်။

"ဘာ အမျိုးသမီး ကိစ္စလဲ. . . ဆရာ"

"သမီးခက်ရဲ့အဖေလေ၊ သူ့သမီး စိတ်နာနေတာ အမျိုးသမီး ကိစ္စပဲ"

"ဆရာ ဘယ်လို လုပ်သိသလဲ"

စာတည်းချုပ်က ရှက်ရယ်ရယ်သည်။

"ကျွန်တော်လည်း ဒီကိစ္စမျိုးမှာ အားနည်းချက်ရှိတာ ခင်ဗျား အသိပဲ၊ ဟိုတစ်လောက နယ်က နံပါတ် ၃ လိုက်လာပြီး ပိုက်ဆံတောင်းတာ ခင်ဗျား ကြားမှာပေါ့"

ကိုဖေဦး အားတုံ့အားနာ ခေါင်းညိတ်ပြသည်။

"သမီးခက်က မေးတယ်ဗျ၊ ဆရာနဲ့ သူ တရားဝင် လက်ထပ်ထားတာ မို့လို့လား. . . တဲ့။ ကျွန်တော်က အဲဒါနဲ့ စာချုပ်နဲ့ လက်ထပ်တဲ့ကိစ္စက မြန်မာ့ရိုးရာ ထုံးထမ်းစဉ်လာ ဥပဒေမှာ မလိုအပ်ဘူး။ အကြင်လင်မယား အနေနဲ့ ပေါင်းသင်းနေထိုင်တယ် ဆိုတာ အများသိရင် မယားအခွင့်အရေး တောင်းပိုင်ခွင့်ရှိတယ်။ အနောက်တိုင်းမှာတော့ လက်ထပ်ထိမ်းမြားပြီးမှ လင်မယား အခွင့်အရေး ရှိတယ်။ တစ်ယောက်မကွဲ ဘဲလည်း တစ်ယောက်က ယူခွင့်မရှိဘူး. . . . လို့ ရှင်းပြလိုက်တယ်"

"အဲဒါနဲ့"

"အဲဒါ သူက ရယ်တယ်။ ဒါဆိုရင်တဲ့ အနောက်တိုင်းလိုသာဆိုရင် သူ့မှာ မိထွေးတစ်ယောက်မှ မရှိဘူးပေါ့တဲ့။ မြန်မာလိုသာဆိုရင်တော့ သူတ မိထွေးသူငွေးပဲ တဲ့"

ရှင်းပြီ။

အဖေက မိန်းမပွေသူ။

သမီးက အဖေ့ကို တည်ကြည်စေချင်သူ။ ဒါကြောင့် အဖေ့အား မြစ်ရတာ ဂုဏ်မယူနိုင်။ 'အဖေများနေ့'ဆောင်းပါးကို မရေးချင်။

အဖေ့ထက် အနည်းငယ် သာငယ်မည့် ကိုဖေဦးတွင် သူ့အဖေမှာ

www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရသော တည်ကြည်မှုကို တွေ့ရသည်။ ဒါကြောင့် လေးစားခင်မင်တာ။

ရှင်းပါပြီ. . . မိန်းကလေးရယ်။

"ခင်ဗျားကိုတောင် တောင်းပန်ရဦးမယ်ဗျာ။ ခင်ဗျားအကြောင်း သူ မေးလို့ နည်းနည်း ဖြေလိုက်မိတယ်။ ခင်ဗျား ခွင့်ပြုချက် မရဘဲနဲ့ပေါ့"

"ဘာများလဲ. . . ဆရာ"

"သူက ဆက်မေးတယ်။ ဒါဆို ဆရာဦးဖေဦးဇနီးက ဆရာ့ကိုပစ်ထား ခဲ့တာ နှစ်နှစ်တောင်ရှိပြီဆို။ ဆရာပြောတဲ့ ဥပဒေအရဆိုရင် ဆရာဦးဖေဦးက လူလွတ် ပြန်ဖြစ်ပြီပေါ့နော်"

ကိုဖေဦးမျက်နှာ အထားရခက်သွားသည်။

"ဒီကောင်မလေးက ဘယ်ကသိသွားလဲ မသိဘူး"

"ခင်ဗျားကို စိတ်ဝင်စားလို့ စုံစမ်းတာနေမှာပေါ့"

"ဆရာကလည်း"

"ဆရာက မလည်းနဲ့ ကျွန်တော်ကတော့ ပြောလိုက်တယ်။ ၃ နှစ်ဆို ဖြစ်ပြီ၊ ကိုဖေဦး တစ်ဖက်သတ် ကွာရှင်းခွင့်လျှောက်လို့ရတယ်လို့၊ ဒါပေမယ့် သူ့မိန်းမကတော့ ကိုဖေဦး အခုကွာပေးခိုင်းလည်း ကွာပေးမှာပဲနဲ့ တူတယ်လို့"

"ဟာဗျာ"

"ဘာ ဟာဗျာလဲ၊ ကျွန်တော်က အမှန်အတိုင်းပြောတာပဲ။ ပြီးတော့ ခင်ဗျားတို့ နှစ်ယောက်စလုံးအကြောင်း သိနေတာ။ အသက်နည်းနည်း ကွာတာ ကလွဲရင် ဘာမှ သဘောမတူစရာ မရှိဘူး"

"ဟာ. . . ဆရာရယ်၊ တော်ပါ. . . တူမ အရွယ်ကလေးပါ"

စာတည်းချုပ်က ရယ်သည်။ ကိုဖေဦးကတော့ မျက်နှာလှလှကလေး ကို ကွက်ခနဲ မြင်ယောင်မိရင်း ရင်ခုန်သွားသည်။

(၇)

ဆာကူရာတာဝါ အထပ် ၂၀ ရှိ သီရိပစ္စယာကဖေး မှန်ပြတင်းက နေ ရန်ကုန်မြို့ရှုမျှော်ခင်းကို ငေးနေသော မိမိထက်အနည်းငယ် အသက်ကြီး မည်ဟု ထင်ရသည့် လူစိမ်းကို ကိုဖေဦး စိတ်မရှည်စွာ တိတ်ဆိတ်စောင့်ဆိုင်း ငေးကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိ လက်ကိုင်ဖုန်းနံပါတ်ကို ဘယ်ကရသည်လဲ မသိ၊ ဘာအကြောင်း ပြောချင်မှန်းလည်း မသိ၊ ဆရာ ဆောင်းပါးတစ်ပုဒ် ရမှာပါ. . . ဟုဆို၍သာ သူ ချိန်းရာ လာရသည်။ သူ့ကို ဘယ်သူမှန်းလည်း ကိုဖေဦး မသိပါ။

"နာမည် ဘယ်လိုခေါ်သလဲ မသိဘူး"

တိတ်ဆိတ်မှုကို စိတ်မရှည်စွာဖြင့် ကိုဖေဦး ဖြိုခွင်းလိုက်တော့ လူစိမ်းက လှည့်ကြည့်၍ ရယ်ပြသည်။

"ကျွန်တော်က ကျော်ကျော်မျိုးပါ။ ပဲ အရောင်းအဝယ် လုပ်ပါတယ်"

ကတ်ပြားသေးသေးကလေးတစ်ခုကို လှမ်းပေးသည်။

"ပဲ အရောင်းအဝယ်လုပ်တယ်ဆိုပေမယ့် ကျွန်တော် စာလည်း ဖတ်ပါ တယ်၊ ခုတစ်လောတော့ ဆရာကိုဖေဦး စာတွေ အဖတ်များနေတာပေါ့ဗျာ"

ကတ်ပြားကလေးကို အစအဆုံး ဖတ်ကြည့်သော်လည်း မိမိနှင့် သည်လူစိမ်း ဆက်စပ်နိုင်သည့် အကြောင်းတရားကို ကိုဖေဦး စဉ်းစား၍ မရ သေး။

"ကျွန်တော်က စျေးကွက်နဲ့ ပတ်သက်တဲ့ ဆောင်းပါးမျိုးတော့ မရေးပါဘူး"

"ကျွန်တော် သိပါတယ်၊ အခုက အဖေများနေ့ ဆောင်းပါးရေးဖို့ အချက်အလက်တချို့ ကူညီပေးချင်လို့ပါ"

ကိုဖေဦး အနည်းငယ် အံ့သြသွားသည်။

"ဘယ်လိုလုပ်. . . ."

"ကျွန်တော်က. . . သမီးခက်ရဲ့ အဖေပါ"

ဦးကျော်ကျော်မျိုး ဟုတ်တာပေါ့။ 'မျိုး'. . . တဲ့။

(၈)

"ကျွန်တော် ဆရာနဲ့လာတွေ့တာ သမီး မသိပါဘူး။ သိလည်း မသိစေချင်ဘူး"

ဦးကျော်ကျော်မျိုးက မျက်နှာလွှဲ၍ တိုးတိုးပြောသည်။ ကိုဖေဦး တစ် ယောက်တော့ နားလည်ရခက်စွာ တွေဝေနေဆဲ။

"သမီး ကျွန်တော့်အကြောင်း ဘာတွေ ပြောထားသလဲတော့ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



မသိဘူး။ ဘာပဲပြောပြော မှန်တာပဲ ပြောရမှာပါ။ သမီးက ညာတာ သိပ်မုန်းတဲ့လူပါ။ သူ ပြောတာတွေ အားလုံး အမှန်တွေပဲ ဖြစ်မှာပါ"

ဦးကျော်ကျော်မျိုးက ခြောက်ကပ်ကပ်ရယ်သည်။ အရွယ်တင်နုပျိုသလောက် ချောမောလှပသော မျက်နှာနှင့် မလိုက်ဖက်သော ကြေကွဲဆွေးမြည့်မှုကို တွေ့ရသည်။

"ယောကျ်ားဆိုတာ အခွင့်အရေးရရင် မရှောင်နိုင်တဲ့ လူချည်းပါပဲ သမီးရယ်လို့ ကျွန်တော်က ဆင်ခြေတက်တော့ သမီးက အရင်က ဖေဖေ့ကို ကြည့်ပြီး အဲသလိုပဲ ထင်ခဲ့တာ. . . တဲ့။ အခု ရေပက်မဝင်အောင် တည်ကြည်တဲ့ ယောကျ်ားမျိုးလည်း လောကမှာရှိတာ သူ သိပြီတဲ့"

ကိုဖေဦး မျက်မှောင်ကြုတ်သည်။ ဦးကျော်ကျော်မျိုးက သူ့ကို မေးငေ့ါပြသည်။

"ခင်ဗျားလေ. . ခင်ဗျားကို ကျွန်တော့်သမီးက အဲသလောက် အထင်ကြီး လေးစားတာ"

ကိုဖေဦး အာစေးမိနေဆဲ။

(၉)

အတန်ကြာအောင် နှစ်ယောက်စလုံး တိတ်ဆိတ်ငြိမ်သက်နေကြပြီးမှ ကိုဖေဦး အသက်ဝင်လာသည်။

"ဒါနဲ့ ဦးကျော်ကျော်မျိုး ကျွန်တော့်ကို တွေ့ချင်ရတဲ့ ကိစ္စက. . ."

"ကျွန်တော် ပြောပြီးပြီလေ အဖေများနေ့ ဆောင်းပါးရေးဖို့များ အထောက်အကူ ဖြစ်မလားလို့"

ဦးကျော်ကျော်မျိုးက သိပ်သည်းစွာ ပြုံးသည်။

"တာဝန်မကျေတဲ့ အဖေတစ်ယောက်ရဲ့ ခံစားချက်လိုဟာမျိုးပေါ့ဗျာ ဒါလည်း အဖေများနေ့ဆောင်းပါးမှာ ရေးလို့ရတာပဲ၊ အဖေဟာ အဖေပဲပေါ့ အဲသလို အဖေတစ်ယောက်မှာလည်း သမီးရှေ့ရေးကို ပူတတ်တဲ့စိတ်မျိုး ရှိကြောင်းပေါ့"

ကိုဖေဦး ဘာပြန်ပြောရမှန်း မသိသေး။

"သူ့ အပျိုဖော်ဝင်စမှာ ကျွန်တော် ရှုပ်ခဲ့ပွခဲ့တဲ့ ဇာတ်ထုပ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာတာ။ သူ ကျွန်တော့်ကို သိပ်မုန်းသွားတယ်လေ၊ အစပိုင်းတော့ ကျွန်တော် ရင်နာမိတယ်။ ဆန္ဒကို ဆင်ခြင်တုံတရားနဲ့ မထိန်းကွပ်တတ်လို့ ကျွန်တော် မှားခဲ့မိတာတွေ အများကြီးပဲ။ ခုလည်း မှားကောင်းနေတုန်းပဲ။ ဒါပေမယ့် သမီးကိုတော့ ချစ်တယ်။ ကျွန်တော့်ကို သမီး မုန်းတယ်ဆိုတာ သိတော့ စိတ်ထိခိုက်တယ်။ ဒါပေမယ့် နောက်ပိုင်းကျတော့ ကျွန်တော် တွေးမိတယ်။ သမီး ကျွန်တော့်ကို မုန်းနေတာပဲ ခပ်ကောင်းကောင်းလို့"

"ဘယ်လို"

"ရှင်းပါတယ်ဗျာ၊ ကျွန်တော့်လုပ်ရပ်တွေကို မုန်းနေတဲ့သမီးက ကျွန်တော့်လို ယောက်ျားမျိုးကို ဘယ်တော့မှ အထင်ကြီးမှာ။ တွယ်တာမှာ မဟုတ်တော့ဘူးလေ။ အဲဒါ သမီးရှေ့ရေးအတွက် ရင်အေးစရာပေါ့။ အဲဒီ ရလဒ်ကလေးတစ်ခုအတွက် သမီးမုန်းတာ ခံရမယ်ဆိုရင်လည်း တခြား ဘယ်နေရာမှာမှ တာဝန်မကျေခဲ့တဲ့ အဖေတစ်ယောက်အနေနဲ့ ကျွန်တော် ခံသင့်တယ် ထင်တာပဲ"

ကိုဖေဦး ပထမဦးဆုံးအကြိမ် ဦးကျော်ကျော်မျိုးကို လေးစားစိတ် ပေါ်လာသည်။

ဦးကျော်ကျော်မျိုးက သက်ပြင်းချသည်။

"ကျွန်တော် ထင်တဲ့အတိုင်းပါပဲ။ သမီးက ကျွန်တော်နဲ့ ဆန့်ကျင်ဘက် ဖြစ်တဲ့ ခင်ဗျားနဲ့တွေ့တော့ ကျောက်ခဲဖြစ်နေတဲ့ သူ့အသည်း အရည်ပျော် တော့တာပါပဲဗျာ"

ကိုဖေဦး ပါးစပ်အဟောင်းသား ဖြစ်သွားပါသည်။

(၁၀)

"အမြဲတမ်း ငြိမ်နေ၊ မှိုင်နေတဲ့သမီး၊ ဒီနှစ်ထဲမှာ ဘယ်လောက်ပြောင်း လဲသွားခဲ့တယ်ဆိုတာ သိဖို့ အရင်တုန်းက သမီးကို ခင်ဗျား မြင်ဖူးမှ သိ မယ်. . . ကိုဖေဦး။ ကျွန်တော် သိတယ်။ သမီး တစ်ယောက်ယောက်နဲ့ တွေ့နေပြီလို့။ စုံစမ်းလိုက်တော့ ခင်ဗျား ဖြစ်နေတယ်။ ခင်ဗျားဟာ ဘာတယ့် လူကောင်းတစ်ယောက်ပါ ကိုဖေဦး။ သူ့အဖေ ကျွန်တော်တောင် ခင်ဗျားရဲ့ သိက္ခာတရားရှေ့မှာ မျက်လွှာချ စကားပြောရမယ့် လူစားတစ်ယောက်ပါ။

www.burmeseclassic.com



ခင်ဗျား ကျွန်တော့်သမီးကို ဘယ်လို သဘောထားလဲ ကျွန်တော် မသိဘူး။ ဒါပေမယ့်ဗျာ"

ဦးကျော်ကျော်မျိုးက အားတုံ့အားနာ မျက်နှာဖြင့် မော့ကြည့်သည်။

"သမီးလေး ရှင်လန်းတက်ကြွနေတာ လောကကြီးမှာ သူ့အဖေ စိတ်ဓာတ်နဲ့ ပြောင်းပြန်ယောကျ်ားမျိုးလည်း တကယ်ရှိတယ်လို့ ယုံကြည်သွားလို့ပဲ။ ခင်ဗျား အဲဒီ သူ ယုံကြည်လေးစားတဲ့ ပုံစံအတိုင်းပဲ အမြဲနေသွားပါလား ဗျာ"

ကိုဖေဦးက မျက်မှောင်ကြုတ်သည်။

"ဦးကျော်ကျော်မျိုး ဘာကို ဆိုလိုတာလဲ"

ဦးကျော်ကျော်မျိုး ခေါင်းငုံ့၍ တိုးတိုးဆက်ပြောသည်။

"သမီးက ခင်ဗျားကို ချစ်တာ မဟုတ်ဘူး။ သူ့အဖေမှာ မတွေ့ရတဲ့ စိတ်ဓာတ်ကိုတွေ့လို့ လေးစားရင်းက တွယ်တာလာတာ၊ ခင်ဗျား ဒါကို နားမလည်ဘဲ မနေဘူး။ နားလည်ရက်သားနဲ့ အဲဒီအချက်ပေါ်မှာ မူတည်ပြီး အိမ်ထောင်ရေး ပြဿနာတစ်ခုတောင် မပြတ်သေးတဲ့ သမီးရဲ့ဦးလေးအရွယ် လူကြီးတစ်ယောက်အနေနဲ့ သမီးကို စဉ်းစားရင် သူ ထင်တဲ့ ရေပက်မဝင် အောင် တည်ကြည်တဲ့ယောကျ်ား လောကကြီးမှာ တကယ်မရှိဘူး ဖြစ်သွားလိမ့် မယ်"

"ဘာဗျ"

ရှက်စိတ်၊ ဒေါသစိတ်တို့ဖြင့် နေရာမှ ဝုန်းခနဲ ထရပ်မိသည်။

ဦးကျော်ကျော်မျိုးက မော့မကြည့်ဘဲ တိုးတိုးဆက်ပြောသည်။

"ကျွန်တော့်လို လူမျိုးတစ်ယောက်က ခင်ဗျားလို လူမျိုးတစ်ယောက် ကို ဒီလို မပြောသင့်ဘူးဆိုတာ ကျွန်တော် သိပါတယ်ဗျာ။ ပြောနေဖို့လည်း လိုချင်မှ လိုမှာပါ။ ဒါပေမယ့် ဘယ်လောက် စာရိတ္တကောင်းကောင်း မကောင်းကောင်း အဖေစိတ် ရှိသေးတဲ့ အဖေတစ်ယောက်ဟာ သူ့သမီး ဘဝ လုံခြုံရေးအတွက် လိုအပ်ရင် သူ့သမီး ကိုယ်တိုင် မုန်းတာတောင် ခံနိုင်သေး တာ၊ ခင်ဗျား စိတ်ဆိုးမှာ ကြောက်လို့တော့ ကျွန်တော် မပြောရဲဘဲ မနေသင့် ဘူးလို့ ဆုံးဖြတ်ပြီးမှ လာခဲ့တာပါဗျာ"

ဦးကျော်ကျော်မျိုး စကားစ ပြတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာပြန်ပြောရမည်ကို စကားလုံး ရှာမတွေ့သည့်အတူတူ ဟုသဘော ထားကာ ကိုဖေဦးလည်း လှည့်ထွက်ခဲ့ပါသည်။

(၁၁)

မမျိုးမေက ဂျာနယ်ကို စားပွဲပေါ် ချပြီး ကိုဖေဦးကိုကြည့်၍ ဝင်းပစွာ ပြုံးသည်။

"ကောင်းလိုက်တာ ဆရာရယ်၊ ဆရာကိုယ်တိုင် ရေးလိုက်တော့ အကောင်းဆုံးပဲ"

ကိုဖေဦးက ပြုံး၍သာနေသည်။

"ဆရာ့မှာ သားသမီးမရှိပေမယ့် အဖေတွေ နေရာကနေ ဆရာ ခံစား တတ်လိုက်တာနော်"

ကိုဖေဦး ရယ်သည်။

"ဆရာ့မှာ မွေးထားတဲ့ သားသမီးအရွယ် မရှိပေမယ့်၊ ဆရာ့ သား သမီးအရွယ် လူငယ်တွေ အားလုံးကို ဆရာ့သားသမီးတွေလို သဘောထားပါ တယ်"

မမျိုးမေ မျက်မှောင်ကြုတ်သည်။

"ဘာဖြစ်လို့လဲ. . . ဆရာ"

"ဆရာက စာပေသမားလေ။ စာပေသမားဆိုတာ လူတွေအားလုံးကို ဆွေမျိုးရင်းချာလို သဘောထားပြီး ကောင်းတဲ့လမ်းကလေးတွေ ပြပေးချင်တာ၊ မကောင်းတဲ့လမ်းကလေးတွေ ကွင်းပေးချင်တာ။ အထူးသဖြင့် လူငယ်တွေကို သွေးရင်းသားရင်းလို စောင့်ရှောက်ချင်တာ။ လုပ်ဆောင်နိုင်စွမ်းသာ ကွာချင် ကွာမယ်။ စေတနာကျတော့ အတူတူပါပဲကွယ်"

မမျိုးမေက ယဲ့ယဲ့ပြုံးသည်။

"ဒါဆို. . . သမီးကိုရော၊ ဆရာ ဘယ်လိုသဘောထားသလဲ"

ကိုဖေဦးက တုံ့ဆိုင်းခြင်းမရှိဘဲ ဖြေသည်။

"သမီးကလေး အရင်းလိုပါပဲကွယ်၊ သမီးကတော့ သမီးအလိမ္မာ ကလေးပေါ့"

မမျိုးမေ အပြုံး မသိမသာ လျော့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကလေးငုံ့၍ တိုးတိုးဖြေသည်။
"ကျေးဇူးတင်ပါတယ်. . . ဆရာ"

ကလျာမဂ္ဂဇင်း
၂၀၀၀၊ မေ

* * *

www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာအစုံး

(၁)

ရှေ့ကို တည့်တည့်ကြည့်၊ လှည့်မကြည့်နဲ့။

မျက်လွှာလည်း မချနဲ့။

မျက်နှာလည်း မပျက်နဲ့။ လှည့်လည်း ရန်မတွေ့နဲ့။ ပြုံးလည်း မပြုံးမိစေနဲ့။ အမူအရာ ဘာမှ မပြနဲ့။

လှည့်ရန်တွေ့ရင် အငြိုးအတေးထားပြီး ကိုယ့်ကိုအရှက်တကွဲဖြစ်အောင် ရန်ရှာတတ်တယ်။ ပြုံးနေရင် ကျေနပ်တာပဲဆိုပြီး အခွင့်အကောင်းယူပြီး လမ်းပိတ် နှောင့်ယှက်တာမျိုး လုပ်တတ်တယ်။

နွေးနွေး. . . မြန်မာစာဌာနမှ လက်ထောက်ကထိက တီချယ်ငြိမ်းပြောသော စကားများကို လုံးစေ့ပတ်စေ့ မှတ်မိနေသည်။ လိုက်လည်း ထိုက်နာပါသည်။

ပိုင်စိုးဆင့်. . . သူ့ဘေးက လိုက်စကားပြောနေသည်ကို ယောင်၍မျှပင် လှည့်မကြည့်။ ရှေ့တည့်တည့် 'သစ္စာလမ်း'ကိုသာ ကြည့်၍ သုတ်သုတ်လျှောက်နေသည်။

ဒါပေမယ့် တီချယ်ငြိမ်းရယ်။

ရင်ထဲက တလှပ်လှပ်ခုန်နေတာကို ဘယ်လို လုပ်ရမလဲဆိုတာတော့ ဘာဖြစ်လို့ သင်မပေးလိုက်ရတာလဲ။

လိုက်စကားပြောနေသူက တခြားသူမဟုတ်။

လပေါင်းများစွာ နွေးနွေး တစေ့တစောင်း ခိုးဝှက်ကြည့်ရင်း ရင်ခုန်မိခဲ့ရသူ ဖြစ်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(၂)

နွေးနွေး ဆေးတက္ကသိုလ် စတက်တော့ အသက်က ၁၆ နှစ် မပြည့်တပြည့်။ အရပ်က ၅ ပေကျော်ရှိသာ။ ကြည့်လိုက်လျှင် ဘယ်လိုမှ ဆေးတက္ကသိုလ် ကျောင်းသူနှင့်မတူ။ ကလေးလေးနှင့်သာ တူနေသည်။

ထိုသို့ ကလေးလေးနှင့် တူနေသော ဆေးကျောင်းသူ အသစ်စက်စက်လေးကို မြန်မာစာဆရာမ အပျိုကြီး တီချယ်ငြိမ်းက မြင်မြင်ချင်း၊ သိသိချင်းမှာပင် သမီးလေးလို၊ ညီမ အငယ်ဆုံးလေးလို ချစ်မိခဲ့လေသည်။

ပုံကသာ ကလေးပုံပေါက်နေသည် မဟုတ်၊ နွေးနွေး ပြောတာဆိုတာ နေတာထိုင်တာ၊ တွေးတာခေါ်တာ အားလုံးကလည်း ကလေးလေးနှင့်ပဲ တူနေသည်။ ဒါကြောင့်လည်း တီချယ်ငြိမ်း စိတ်ပူစွာဖြင့် အစစအရာရာ ကိုယ့်ညီမ အရင်းလေးလို သင်ကြားသလို သင်ကြားနေမိခဲ့ခြင်းဖြစ်သည်။

"တီချယ်ကလည်း ကြဲကြဲဖန်ဖန် သမီးလိုပုံကို ဘယ်သူက လိုက်ရည်းစားစကား ပြောမှာမို့လို့လဲ"

နွေးနွေးက ရယ်၍ ပြန်ပြောခဲ့သေးသည်။

မှန်လည်း မှန်ပါသည်။

အရွယ်ရောက်ပြီးသား အပျိုလေးပုံ ဘယ်တုန်းကမှ မထွက်သော နွေးနွေးသည် ယောကျ်ားလေးတွေ ပါးစပ်ဖျားမှာ ဆွေးနွေးစရာ ခေါင်းစဉ် ဘယ်တုန်းကမှ မဟုတ်ခဲ့ပါ။

တကယ် လိုက်အပြောခံရသည့်အချိန်ကျတော့ လိုက်ပြောသူက ဘယ်လိုမှ ထင်မထားလောက်အောင်ပင် အပျိုလေးတွေ ပါးစပ်ဖျားမှာ ရေပန်းအစားဆုံး 'ပိုင်စိုးဆင့်' ဖြစ်နေခဲ့လေသည်။

(၃)

တခြားအတန်းဖော် ကျောင်းသူလေးတော်တော်များများ နည်းတူပင် နွေးနွေးတစ်ယောက် ပိုင်စိုးဆင့်နှင့် စာသင်ဆောင်များအလယ် လျှောက်ရစ်လူသွားလမ်းမှာ ဆုံတိုင်း ရင်ခုန်ခဲ့ရဖူးပါသည်။

"ကင်း. . . တဲ့ဟ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကင်းလဲ၊ ကိုက်တတ်တဲ့ကင်းလား"

သူငယ်ချင်း အေးအေးနွယ် ပြောတုန်းကတော့ ပိုင်စိုးဆင့်ကို နွေးနွေး ရင်မခုန်သေး။ ရယ်စရာပင် ပြန်လုပ်မိပါသေးသည်။

"အေး. . . ရယ်စရာ လုပ်မနေနဲ့။ ဒီကင်းက လက်မ၊ ခြေမကိုက်တဲ့ ကင်း မဟုတ်ဘူး၊ ရင်ထဲဝင်. . . နှလုံးသားကို ကိုက်မယ့်ကင်း"

"အလဲ့"

နွေးနွေး ရယ်နေမိသည်။ ပြီးမှ. . .

"ကျောင်းစတက်တာမှ နှစ်လ ရှိသေးတယ်။ သူ့ကို ဘယ်သူက ကင်းပေးလိုက်တာတုန်း။ ပြီးတော့ ဘာမိတ်ဆုံစားပွဲမှလည်း မလုပ်ရသေး၊ ငါတို့လည်း ဘာမှ မဲမပေးရသေးဘဲနဲ့"

"တို့အတန်းကပေးတာ မဟုတ်ဘူးဟေ့. . . သူ့အတန်းက ပေးတာ"

"သူ့အတန်း. . . ဟုတ်လား"

အေးအေးနွယ်က စိတ်ပျက်လက်ပျက် ခေါင်းခါသည်။

"နွေးနွေးရယ်. . . တီချယ်ငြိမ်း၊ စိတ်မချတာလည်း မပြောနဲ့၊ နင်က လောကကြီးမှာ တကယ့်ကို ဘာဆိုဘာမှ ပတ်ဝန်းကျင်ကို မလေ့လာဘူး၊ ကလေးမှ တကယ့် ကလေးလေးပဲ။ ဒီကောင်က တို့ထက် နှစ်တန်းကြီးတယ်၊ ကျောင်းတစ်နှစ် အထုတ်ခံထားရလို့ အခု တို့အတန်းနဲ့ ပြန်လာတက်နေရတာ၊ အဲဒီအတန်းတုန်းက၊ အဲဒီအတန်းက အစ်မတွေက 'ကင်း'ပေးခဲ့တာတဲ့"

ဩော်. . . ရုပ်လေး ချောသလောက် စည်းကမ်းတကျ မနေတတ်သည့် အစ်ကို ပါလား။ အဲသည်တုန်းကတော့ သည်မျှသာ တွေးမိသည်၊

အရပ်က ၅ ပေ၊ ၈လက်မခန့် အသားက မကွေးမှာ အနေကြာတာ တောင် ဆွတ်ဆွတ်ဖြူနေဆဲ။ မျက်ခုံးကောင်းကောင်း၊ မျက်လုံးတောက်တောက်၊ အဝေးမှ လှမ်းကြည့်လိုက်လျှင်ပင် ထင်းခနဲ မြင်သာလောက်အောင် ချောသည့် ယောကျ်ားလေးတစ်ဦး၊ နွေးနွေးတို့ အတန်းထဲ ရောက်လာသည်ကို အခြား မိန်းကလေးများ တီးတိုးတီးတိုး သဖန်းပိုး စထိုးကြချိန်က နွေးနွေး ဘာမှ မနေခဲ့ပါ။

ခက်သည်က အဲသည် ကင်းဆိုသည့်ကောင်လေးက တစ်ချက် တစ်ချက်မှာ အဝေးကနေ နွေးနွေးကို ငေးမော၍ နေတတ်သည်လေ၊

www.burmeseclassic.com

www.burmeseclassic.com



ဒါကို အေးအေးနွယ်က တံတောင်လေးတွတ်၍ စပြခါစက နွေးနွေး အံ့ဩရုံသာ အံ့ဩသည်။ ဘယ်လိုမှ မခံစားရ။

"နွေးနွေး ပိုင်စိုးဆင့်က နင့်အကြောင်းတွေ မေးမေးနေတယ်နော်"

ပိုင်စိုးဆင့်လိုပင် မကွေးဇာတိကျောင်းသူတစ်ဦးက လာပြောချိန်မှာ တော့ တစ်ခါမှ ရင်မခုန်ဘူးသေးသည့် အပျိုလေး၏ နှလုံးသားငုတ်တိုင် အရင်းမှ နဲ့တဲ့တဲ့ ဖြစ်လာသည်။

တစ်လလောက်ပဲ ကြာပါသည်။

ပိုင်စိုးဆင့် ဘာသိဘာသာ ပြန်ဖြစ်သွားသည်။ နွေးနွေးကိုလည်း ငေးကြည့်မနေတတ်တော့။ လမ်းတွေ့လျှင်တောင် ဘာသိဘာသာ။ နွေးနွေး အကြောင်းတွေလည်း ဘယ်သူ့ကိုမှ မမေးတော့။

"ရည်းစား သိပ်များတာတဲ့ဟ။ တစ်ပြိုင်နက်တောင် နှစ်ယောက် တွဲဖူးတယ်တဲ့။ အခုတော့ လက်ရှိမရှိဘူး ပြောတာပဲ။ အလေးအနက် ထားမနေပါနဲ့ဟာ"

အေးအေးနွယ်ကပြောတော့ မျက်စောင်းထိုး၍ ထားစရာလားဟု အငေါ် တူးခဲ့သေးသော်လည်း ရင်က တလှပ်လှပ်ခုန်သည်။

အဲသည့်နောက်ပိုင်းမှာ သူ့ကို ငေးငေးကြည့်မနေတတ်တော့သော ပိုင်စိုးဆင့်ကို သူက ပြန်ပြန်ခိုးကြည့်တတ်လာသည်။

ကြည့်မိတိုင်းလည်း ရင်တလှပ်လှပ်ခုန်သည်။

(၄)

အေးအေးနွယ်က မျက်မှောင်ကြုတ်သည်။

"ဒီကောင် ဘာလုပ်တာလဲ"

နွေးနွေးက အေးစက်နေသော လက်ဖဝါးနှစ်ဖက် အချင်းချင်း ဆုပ်နယ်နေရင်းက မျက်ခုံးပင့်ကြည့်သည်။

"ဘာလဲဟ. . . လူပျိုကလေးက အပျိုလေးကို ရည်းစားစကား လိုက်ပြောတာ ဘာလုပ်တာလဲမေးလို့ ငါ ဘယ်လို ပြောရမှာလဲ"

အေးအေးနွယ် ခေါင်းခါသည်။

"ငါ ပြောရင် နင် စိတ်မဆိုးနဲ့ နွေး။ နှစ်နိုင်ငံ ပြည်မြို့မှာ အထ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်ခဲ့တုန်းက ငါ သုံးခါလောက် စကားလိုက်ပြောခံရဖူးတယ်။ နှင့်အတွက်က ဒါပထမဆုံး မဟုတ်လား။ အဲဒါ နှင်မလှလို့တော့ မဟုတ်ဘူး။ ကလေးလေးနဲ့ တူနေတာ။ နှင်က ကလေးလေးလို ချစ်စရာကောင်းတာ။ ယောကျ်ားလေးတစ်ယောက်က နှင့်ကို ချစ်သွားဖို့ဆိုတာ ရင်းရင်းနှီးနှီး သူငယ်ချင်းလို ပေါင်းသင်းဆက်ဆံပြီးမှဆိုရင် ဘယ်သူမဆို ဖြစ်နိုင်တယ်။ ငါ အံ့ဩမှာ မဟုတ်ဘူး။ ပိုင်စိုးဆင့်က မကွေးက။ နှင်နဲ့လည်း စကားတောင် ပြောဖူးတာ မဟုတ်ဘူး။ ပြီးတော့ ရွှေပိုင်းတုန်းကလည်း နှင့်ကို စိတ်ဝင်စား သလိုလို အိုက်တင်တွေပေးပြီးမှ ပြန်ခပ်တည်တည် လုပ်ထားတာ"

နွေးနွေး အောင့်သက်သက်နှင့် ငြိမ်သက်နေမိသည်။

ဒါကို ရိပ်မိသော အေးအေးနွယ်က နွေးနွေး ပခုံးလေးကိုဖက်၍ ရယ်သည်။

"အံမယ် . . . မိန်းမ စိတ်ကောက်သွားတာပေါ့လေ၊ ငါက နှင့်ကို ချစ်လို့ စိတ်ပူတာပါဟယ်၊ နှင်လည်း ဒီကောင့်ကို နည်းနည်း ဒိန်းတပ်တပ် ဖြစ်နေတယ်ဆိုတာ ငါ သိပါတယ်။ ဒါပေမယ့် ချစ်သူရှာတယ်ဆိုတာ တို့ မိန်းကလေးတွေအတွက်တော့ ဘဝတစ်ခုလုံး လက်တွဲသင့်တဲ့လူ ဟုတ်မဟုတ် ချင့်ချိန်စဉ်းစားပြီးမှ ရင်ခုန်ရတာဟဲ့။ 'ဒိန်းတပ်တပ်'နောက်လိုက်ရအောင် ဘင်ခရာအဖွဲ့နဲ့ စစ်ရေးပြ လမ်းလျှောက်တာမှ မဟုတ်တာ၊ လာ . . . ငါတို့ တီချယ်ငြိမ်းနဲ့ သွားတိုင်ပင်ကြရအောင်"

နွေးနွေး မျက်လုံးလေး ပြူးသွားသည်။

"ဟဲ့ . . မလုပ်နဲ့၊ တီချယ်က ငါ့ပဲ ဆူမှာ"

"အဆူမခံချင်ရင် နှင် အဲဒီကောင်ကို ပြန်ကြိုက်ဖို့ မစဉ်းစားနဲ့တော့ နှင့် အသက်က ၁၆ နှစ်၊ ငါ့အသက်က ၁၇ နှစ်၊ တို့ဦးနှောက်လေးတွေ တို့အတွေးအခေါ်လေးတွေနဲ့ ဒီလောက်အရေးကြီးတဲ့ကိစ္စကို ဆုံးဖြတ်ရင် မှားဖို့ ခွန်ဖို့က ထိထိုးသလို ဘုရားရှိခိုးပြီး ဆုံးဖြတ်ရမယ့် ကိစ္စ။ အခု နှင်က ပြန်ကြိုက်ချင်ချင် ဖြစ်နေတာ မဟုတ်လား၊ ငါ သိပါတယ်ဟယ်၊ နှင် တီချယ့်ကို ချစ်လို့ . . လေးစားလို့ သူ သင်ပေးသလို ဘာမှ ပြန်မပြောဘဲ အောင် နေခဲ့သေးတာ၊ အရေးကြီးတဲ့ကိစ္စ ဆုံးဖြတ်တော့မှ တီချယ်ကို ချန်ထားပါနဲ့၊ တီချယ်ကလည်း လူငယ်တွေ ဆုံးဖြတ်သမျှ မှားတယ်ဆို ပြီး အမြဲလိုက်ဆူနေတဲ့

www.burmeseclassic.com



လူကြီးမျိုးမှ မဟုတ်တာ။ နင့်ခံစားချက်ကို လေးလေးစားစား နားထောင်ဆွေးနွေးမှာပါ။

နွေးနွေး ငြင်း၍ မရတော့။ ပခုံးတွန့်၍ နေရာမှထသည်။

(၅)

တီချယ်ငြိမ်းက ခေါင်းတဆတ်ဆတ် ညိတ်၍ အေးအေးနွယ် ပြောသမျှ နားထောင်နေသည်။ တစ်ချက်တစ်ချက်မှာ နွေးနွေးကိုကြည့်၍ ပြုံးပြသည်။ သူတို့ ပြောတာတွေ နားထောင်ပြီးတော့မှ တွေးတွေးဆဆ ပြောသည်။

"တီချယ်လည်း အတန်း ဝင်ရဦးမယ်၊ မနက်ဖြန် စနေနေ့၊ တီချယ့်အဆောင်မှာ ကော်ရည်ခေါက်ဆွဲ ချက်မလို့၊ သမီးတို့နှစ်ယောက် လာပါလား။ အဲဒီကျမှ ဆက်ပြောကြတာပေါ့"

တစ်ခုခုပါ။

တီချယ် ထုတ်မပြောပြသေးဘဲထားတာ တစ်ခုခု ရှိကို ရှိရမည်ဟု နွေးနွေးရော၊ အေးအေးနွယ်ပါ ရိပ်မိလိုက်ကြပါသည်။

သောကြာနေ့ညကိုတော့ ရှည်လျားစွာ ဖြတ်သန်းရဦးမည်ပေါ့။

(၆)

တီချယ်ငြိမ်းပြောမည့် စကားများကို သိချင်စိတ်စောနေသဖြင့် ကော်ရည်ခေါက်ဆွဲ ဘယ်လို နေသည်ကိုပင် စားရင်းသတိမထားမိ။

"သမီး နွေးနွေး. . . နေကောင်းရဲ့လား"

"ကောင်းပါတယ် တီချယ်"

"ကောင်းတယ်သာ ပြောတာ။ သမီး ငါးပိချက်တောင် တစ်ခါမှ ခပ် မထည့်ဘူး"

နွယ်နွယ်က ခေါက်ဆွဲသီးအောင်ရယ်တော့ နွေးနွေးက ရှက်ကိုး ရှက်ကန်းဖြင့် နွယ်နွယ့်လက်မောင်းတစ်ဖက်ကို ရိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဟ. . . ငါ ငါးပိမကြိုက်လို့ မစားတာကို"

တီချယ်ငြိမ်းကပါ လိုက်ရယ်သည်။

"ငါးပိထက် အရေးကြီးတာ စိတ်ရောက်နေလို့ မဟုတ်လား။ ကဲ. . . လာ လာ. . . သမီးကို တီချယ် ပြစရာရှိတယ်"

သူငယ်ချင်း နှစ်ယောက်သား တီချယ်ငြိမ်းခေါ်ရာသို့ လိုက်ခဲ့သည်။

တီချယ်ငြိမ်းက အဆောင်တွင်းမှထွက်၍ အဆောင်ဘေးမြက်ခင်းပေါ် လျှောက်သွားသည်။ ပြီးတော့ရပ်၍ အဆောင်ခေါင်မိုးပေါ် ညွှန်ပြသည်။

"ဟိုးခေါင်မိုးမှာ အုတ်ကြွပ်ကွဲနေတဲ့နေရာ သုံးလေးနေရာ တွေ့လားကွယ့်"

သူငယ်ချင်း နှစ်ယောက်ပြိုင်တူ ခေါင်းညိတ်ပြသည်။ နွေးနွေးက. . .

"မိုး မယိုဘူးလား. . . တီချယ်" ဟု မေးသည်။

"ယိုတာပေါ့. . . တီချယ့် အိပ်ခန်းတည့်တည့်ပဲ မိုးတွင်းဆို ရေဇလုံတွေ ခံထားရတယ်"

"ဘာလို့ မလဲသေးတာလဲ တီချယ်"

"ကျန်တဲ့ အုတ်ကြွပ်ချပ်တွေကလည်း ဆွေးနေတာကိုးကွဲ့။ ဒီအပေါ် လူတက်ရင် တက်လေ ကွဲလေဖြစ်မှာ။ တစ်ခေါင်မိုးလုံး လဲဖို့ကျတော့လည်း အိမ်ရှင်တွေက တစ်နှစ်လုံးငှားရင်ရမယ့် ပိုက်ဆံလောက်ကုန်မှာဆိုတော့ နှမြောတာပေါ့ကွယ်။ တီချယ်ကလည်း ကိုယ့်ကြောင့်ဖြစ်တာဆိုတော့ ပြောရမှာ အားနာနေတာပေါ့"

သူငယ်ချင်း နှစ်ယောက်စလုံး မျက်လုံးလေး ဝိုင်းကြသည်။

"တီချယ့်ကြောင့်. . . တီချယ်က ဘာလုပ်လို့လဲ"

တီချယ်ငြိမ်းက ရယ်သည်။

"အမှန်တော့ တီချယ်က ဘာမှ မလုပ်ပါဘူးကွယ်"

(၃)

တီချယ်ငြိမ်း အဲသည့်အဆောင်မှာ ငှားနေသည်မှာ ၃ နှစ်ရှိပြီဟု ဆိုသည်။ သည်တက္ကသိုလ် စဖွင့်ကတည်းက ဆိုပါစို့။

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာဖြစ်တာက လွန်ခဲ့သည့် နှစ်နှစ်။

အဲသည်တုန်းက တီချယ်ငြိမ်း စာမေးပွဲခန်းစောင့် တာဝန်ကျသည်။ ပထမ အမ်ဘီဘီအက်စ် နောက်ဆုံးအတန်းတင် စာမေးပွဲပါ။

အဲသည့်နေ့က သိပ်မအေးပါဘဲနှင့် ကျောင်းသားတော်တော်များများ အိတ်ကပ်တွေ အများကြီးပါသော ဂျာကင်တွေ ဝတ်ထားကြသည်။ အိမ်သာက လည်း ခဏခဏ သွားကြသည်။ ဖြစ်ချင်တော့ တီချယ်ငြိမ်း တာဝန်ယူရသည့်အခန်းတွင် စောင့်နေသော ဆရာအားလုံးက ဆရာမတွေ ဖြစ်နေသည်။

မတတ်နိုင်ပါ။

အိမ်သာထဲတွင်ကြာသော ကျောင်းသားကိုလိုက်၍ လောရသည်။ စာမေးပွဲခန်းထဲက အိတ်ကပ်များများနှင့် ကျောင်းသားတွေကို သတိထားစောင့်ကြည့်ရသည်။ နောက်တော့ ကျောင်းသားတစ်ယောက်ကို ခိုးကူးသော စာရွက်နှင့် ပက်ပင်းမိသည်။

ဖမ်း၍ စာစစ်မှူးဆီလိုက်ခဲ့ရန်ပြောတော့ ငြင်းဆန်သည့်အပြင် မချေမငံ ပြန်ပြောသည်။ စာစစ်မှူးကို သွားခေါ်လာပြီး တရားဝင် အပ်နှံရသည်။

BURMESE CLASSIC

နောက်တစ်နေ့တွင် ပါမောက္ခချုပ်က ကျောင်းသားကိုခေါ်တွေ့ပြီး ကျောင်းတစ်နှစ် ထုတ်ပယ်လိုက်သည်။

ပြဿနာက အဲသည်မှာ ပြီးမသွား။

အဲသည့်ညကျမှ စသည်။

(၈)

"ဝုန်း . . . ဒုန်း . . . ဒုန်း . . . ဒုန်း"

ည ၁၁နာရီ ထိုးပြီးခါမှ တီချယ်ငြိမ်းတို့တစ်ဆောင်လုံး လန့်နိုးလာကြသည်။

"ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

"ခဲတွေ တီချယ်၊ အိမ်ရှေ့မှာ ခဲတွေနဲ့ လာပေါက်နေကြတယ်"

တစ်ဆောင်တည်းနေ ကျောင်းသူများ တုန်လှုပ်ချောက်ချားစွာ တီချယ်ငြိမ်း ကို ပြေးဖက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . . ဘယ်လို ဖြစ်နေတာလဲ။ ဒီအိမ်မှာ ဘယ်သူမှ မင်္ဂလာ မဆောင်ဘူးကွ"

အိမ်ရှင်ဦးလေးကြီးက ထွက်အော်သည်။

မေ့ပစ်လိုက်သင့်ကြပြီဖြစ်သည့် ထုံးစံဓလေ့များထဲတွင် အပါအဝင် ဖြစ်သော မင်္ဂလာဆောင်ပါက သတို့သား၊ သတို့သမီးအိမ်ကို ခဲနှင့်ဝိုင်းပေါက်ပြီး ခဲဖိုးတောင်းခြင်းသည် တကယ်တော့ အကြမ်းဖက်ငွေညှစ်သမားများ၏ လုပ်ရပ်နှင့် အဆင့်အတန်းချင်း သိပ်မကွာလှ။ ဒေသအများစုမှာလည်း မလုပ်ကြတော့။ ရွှေမီ နောက်မီဖြစ်သော အိမ်ရှင်များက ကြုံဖူးဟန်တူသည်၊ အဲဒါကို အရင်စဉ်းစားကြသည်။

တီချယ်ငြိမ်းကတော့ သိသည်။ ဒါ ဘယ်သူ့လက်ချက်ဆိုတာ. . .၊

ဖက်ထားသော ကျောင်းသူလေးများကို တွန်းဖယ်၍ အဆောင်ရှေ့မှာ ရဲရဲဝံ့ဝံ့ လျှောက်သွားသည်။ လက်ထဲက လက်နှိပ်ဓာတ်မီးနှင့် လှမ်းထိုးသည်။

BURMESE CLASSIC

"ဟာ. . . ဆရာမကွ။ ပြေး. . . ပြေး"

ခဲစွမ်းသတ္တိပြနေသည့် လူငယ်လေးများ ဒရောသောပါး ထွက်ပြေး၍ မှောင်ရိပ်ထဲတွင် ပျောက်ကွယ်သွားသည်။

လက်နှိပ်ဓာတ်မီး ထိုးထိုးချင်း မျက်နှာပေါ်တည့်တည့်ကျသွားသည့် မျက်နှာတစ်ခုကိုသာ သဲကွဲစွာ မြင်လိုက်ရပါသည်။

ထိုမျက်နှာကလည်း တီချယ်ငြိမ်းသိသော မျက်နှာ ဖြစ်နေသည်၊

(၉)

"ခိုးချတဲ့ ကျောင်းသားပေါ့။ ဟုတ်လား တီချယ်"

တီချယ်ငြိမ်းက ပြုံး၍ ခေါင်းညိတ်ပြသည်။

"တီချယ် မတိုင်ဘူးလား"

ပြုံး၍ ခေါင်းခါပြပြန်သည်။

"သူက တစ်နှစ်ကျောင်းထုတ်ခံ ထိထားတာလေ။ အဲဒါ သူ့အပြစ်ကို သူ့အပြစ်လို့ မမြင်ဘဲ တီချယ့်ကို လာရန်ငြိုးဖွဲ့တာ။ တီချယ်သာတိုင်ရင် သူ အပြီးကျောင်းထွက်ရမှာ။ တစ်သက်လုံး ဆရာဝန်ဖြစ်မှာ မဟုတ်တော့ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



အခုလည်း ဒီလိုပုံနဲ့ဆို ဖြစ်ဖို့တော့ မလွယ်ဘူးပေါ့လေ။ ဒါပေမယ့် ကိုယ့်ပယောဂကြောင့်တော့ လူငယ်တစ်ယောက် တက်လမ်းအညွန့်မကျိုးစေချင်ဘူး။ အိမ်ရှင်ကတော့ ရဲတိုင်တာပေါ့လေ။ တီချယ်ကတော့ ဘယ်သူ့ဘယ်ဝါ မကွဲပြားဘူးလို့ပဲ ဖြေလိုက်တယ်"

"လူကြီးသူမတွေရဲ့ မေတ္တာစူးမှာ မကြောက်ကြဘူးနော်"

နွေးနွေးက တိုးတိုးရေရွတ်သည်။ အေးအေးနွယ် စဉ်းစားမိသွားပြီး အလန့်တကြား မော့ကြည့်သည်။

"ဟာ. . . တီချယ်၊ ပိုင်စိုးဆင့်ပေါ့၊ ဟုတ်လား"

တီချယ်ငြိမ်း သက်ပြင်းချသည်။

"ဟုတ်တယ်"

နွေးနွေးမျက်လုံးများ ပြာဝေသွားပါသည်။

"ဒါဆို နွေးနွေးကို တီချယ် အရမ်းချစ်မှန်းသိလို့ တမင်လုပ်တာပေါ့ ဟုတ်လား"

အေးအေးနွယ်က အလန့်တကြားမေးသည်။

"ဖြေရခက်ပါတယ်ကွယ်၊ နွေးနွေးက တီချယ်ရဲ့ မြန်အောင်မှာ ကျန်ခဲ့တဲ့ ညီမအငယ်ဆုံးလေးနဲ့ တစ်ရွယ်တည်းဆိုတော့ တီချယ်က ညီမအရင်းလေးလို ချစ်တာလည်း အားလုံးသိနေကြတာပဲ။ အဲဒါနဲ့ မဆိုင်ဘဲ သူ နွေးနွေးကို တကယ် ချစ်တာလည်း ဖြစ်ချင်ဖြစ်မှာပဲ။ ဒါပေမယ့် သမီး ရယ်. . ."

တီချယ်ငြိမ်းက နွေးနွေးကို လှည့်ကြည့်သည်။

"တကယ်ချစ်တာ ဖြစ်တော့ရော ဒီလို ဆင်ခြင်တုံတရားမျိုးနဲ့ ယောကျ်ားလေးတစ်ယောက်ကို သမီးက လက်တွဲဖော်အဖြစ် ရွေးသင့်လို့လား။ စဉ်းစားပါဦး"

နွေးနွေး မျက်ရည်ဝိုင်းလာပါသည်။

"တီချယ်ရယ်. . ."

"ပြောပါ သမီး"

"လူဆိုတာ တစ်ခါမှားယုံနဲ့ အမြဲလူဆိုးဖြစ်မယ်လို့တော့ ပြောရခက်ပါတယ်၊ သူ့ကို ပြုပြင်ဖို့ အခွင့်အလမ်း မပေးရတော့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"နွေးနွေး"

အေးအေးနွယ်က ဝင်ဟန့်သည်။ တီချယ်ငြိမ်း လက်တားမြသည်။

"နွေးနွေးပြောတာ မှန်ပါတယ်၊ မှားမှန်းသိပြီး ပြုပြင်သွားတဲ့ယောက်ျားလေးတွေ အများကြီးပါပဲ။ ခက်တာက တီချယ်တို့ နွေးနွေးတို့ မိန်းကလေးတွေဆိုတာ အဲသလို လူမျိုးရဲ့ ဘေးမှာနေပြီး သူ ပြုပြင်လာပါစေလို့ နေ့တိုင်းဘုရားရှိခိုး ဆုတောင်း နေမယ့်ဘဝမျိုးနဲ့ ကိုယ့်ဘဝကို စတေးပစ်လို့ မဖြစ်သေးဘူးလေ။ သူ တကယ် ပြောင်းလဲသွားတာကို မျက်ဝါးထင်ထင် မြင်ရပြီးတာတောင် ပြန်မဖောက်ပါဘူးဆိုတဲ့ အထောက်အထား မရမချင်း စောင့်ရမယ့်အမျိုး မဟုတ်ဘူးလား"

နွေးနွေးမှာ ပြန်ပြောစရာ စကားမရှိတော့ပါ။

(၁၀)

၅ နှစ်ကျော် ကြာမြင့်ခဲ့ပြီ။

တီချယ်ငြိမ်းလည်း ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်သို့ ကထိက ရာထူးဖြင့် ရာထူးတိုး ပြောင်းရွှေ့သွားခဲ့ပြီ။

နွေးနွေးနှင့် အေးအေးနွယ်တို့လည်း ဆရာဝန်တွေ ဖြစ်ကြပြီ။

အလုပ်ဝင်ဖို့ စောင့်နေဆဲ အေးအေးနွယ်က ပြည်မှ အထူးကု ဆေးခန်းတစ်ခု၊ နွေးနွေးက မင်းဘူးရှိ 'နဂါးနီ အထူးကုဆေးရုံ'တို့တွင် လက်ထောက်ဆရာဝန် အဖြစ် ဝင်အလုပ်လုပ်နေကြပြီ။

ပိုင်စိုးဆင့်က ပထမနှစ်တွင်ပင် နှစ်ခါကျ၍ ကျောင်းထွက်သွားပြီး မကွေးတွင်ပင် ဆိုင်ကယ်ပွဲစား ဖြစ်နေသည်ဟု ကြားရသည်။

မင်းဘူးနှင့် မကွေး၊ တံတားကြီး ကူးလိုက်လျှင် အိမ်ဦးနှင့် ကြမ်းပြင်မို့ သူနှင့် နွေးနွေး ဆုံဖြစ်ပါသည်။

ပိုင်စိုးဆင့်က လူချောလေး မဟုတ်တော့ပြီ။

နေလောင်ထားသော အသားအရေ၊ ဆံပင်မွဲခြောက်ခြောက် တွမ်း အမြဲဝါးနေ၍ နီးမြန်းသော သွားတွေနှင့် သူ့ရုပ်မှာ 'ကင်း'တကော် 'ဘီလူး' တစ်ကောင်နှင့် ပိုတူနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မြင်တော့ နွေးနွေး ငယ်ငယ်တုန်းကလို ရင်မခုန်တော့။

သူကလည်း နွေးနွေးကို မမှတ်မိ။

မှတ်မိမတဲ့လား။

နွေးနွေးက ကျောင်းတက်နေရင်းကို အရပ်ထပ်ထွက်လာသည်။ အရွယ် ရောက်လာသည်။ ဆရာဝန်မလေး ဖြစ်လာချိန်တွင်တော့ ဆရာဝန်မ လှလှကလေးဟု သမုတ်ခံနေရလေပြီ။

ပြည်တော်သာလမ်းတွင် တစ်ခါ၊ ဗိုလ်ချုပ်လမ်းတွင် တစ်ခါ သူနှင့် နွေးနွေး တည့်တည့်တိုးသည်။ သူက နွေးနွေးရှေ့က အမှုမဲ့ အမှတ်မဲ့ပင် ဖြတ်သွားသည်။

နွေးနွေးကို သိယောင်မပြ။

သည်တော့ နွေးနွေး သူ တစ်သက်လုံး သိချင်ခဲ့သည့် ပဋ္ဌာ၏ အဖြေကို လည်း ဘယ်တော့မှ သိခွင့်မရနိုင်တော့ပါ။

ပိုင်စိုးဆင့်. . . နွေးနွေးကို တကယ်ချစ်ခဲ့သလား ဆိုတာကိုပေါ့။

ဇီဝကမဂ္ဂဇင်း
၂၀၁၀၊ ဧ

ဆန္ဒမွန်ဖြင့် . . .
လက်ာရည်ကျော်

www.burmeseclassic.com